
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

၈၉၅.၈၃
ကြီးကျေ
ချစ်ခြင်းမေတ္တာ/ကြီးကျေ၊ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၃၊
၂၄၄ စာ၊ ၁၂.၅ x ၁၈.၃ စင်တီ၊
(၁) ကြီးကျေ

ဖြန့်ချိရေး ။ အောင်မြင်စာပေ၊ ၂၀၁၃ ရန်ကုန်၊ (အောက်ထပ်)၊ အမှတ်(၅၀၀)၊ ပထမထပ်အကြီး



# ဒေသနာလက်ဆောင်

❖ "မှန်"ကြည့်တဲ့အခါ
"မှန်"ဘက်ကလည်း အမှန်ထင်တာပဲ၊
ကြည့်တဲ့သူဘက်ကလည်း အမှန်မြင်တာပါပဲ၊
အထင်နဲ့အမြင်ကြားမှာတော့
ကွာခြားမှုတစ်ခု ရှိနိုင်ပါတယ်၊

❖ ပုလဲဆိုတာ
ကမာကောင်ရဲ့ အသွေးအသားတွေက
ဖြစ်လာတဲ့ ရတနာပါ၊
မျက်ရည်ဆိုတာ
နှလုံးသားထဲက ဖြစ်လာတဲ့ ရတနာပါပဲ၊

❖ ချစ်ခြင်းမေတ္တာတရားသည်
ဘဝအသက်ရှင်မှုနှင့်
သေဆုံးမှု ကြားကာလအတွင်းမှာ
အကောင်းဆုံး အဖော်မွန်ပင် ဖြစ်ပါတယ်၊

www.burmeseclassic.com



❖ နာကြည်းမှုများနောက်တွင်
ဖြစ်ပေါ်လာသော နှစ်သက်ကြည်နူးမှုမှာ
ချစ်သူတို့အတွက်
ချိုမြိန်သော နားလည်မှုများပင် ဖြစ်ပါတယ်၊

❖ အလှပေါ်မှာ တည်ဆောက်ခဲ့တဲ့
ချစ်ခြင်းမေတ္တာဟာ
အလှပျက်ပြယ်သွားတဲ့အခါ
ခမ်းခြောက်ညှိုးနွမ်းသွားတတ်ပါတယ်၊

❖ အချစ်သည်
ဘဝ၏ အလင်းရောင်ဟု ဆိုပါလျှင်
အချစ်မဲ့သောဘဝတွင်
အမှောင်ထဲ လျှောက်ရသကဲ့သို့
ရှိပေလိမ့်မည်၊



❖ အလှဆိုတာ
ချစ်သူတွေမှာပဲ တွေ့နိုင်ပါတယ်၊
အလှတရားရဲ့ အနှစ်သာရကို မသိရင်
စစ်မှန်တဲ့ ချစ်သူကိုလည်း
ရှာတွေ့ဖို့ မလွယ်လှပါဘူး၊

❖ တောင်ပေါ်က နှင်းပွင့်တွေ
ရေပြင်ပေါ်က ရေမြှုပ်တွေ
တစ်ရေးနိုး အိပ်မက်ထဲက ချစ်သူ
ဘယ်သူဖြစ်ဖြစ်
အချစ်စစ်အတွက်တော့ ထာဝရ မဖြစ်နိုင်ပါဘူး။

❖ ချစ်သူရဲ့ မျက်နှာဥယျာဉ်မှာ
ဆူးရှိတဲ့ နှင်းဆီပန်းတွေလည်း ပွင့်တယ်၊
အေးမြတဲ့ နှင်းကြာပန်းလည်း ပွင့်တတ်ပါတယ်၊
ပြုံးစပျိုးထောင်သူအပေါ်မှာ မူတည်ပါတယ်၊

www.burmeseclassic.com

# ဒသမနှလက်ဆောင်

❖ မနေ့က ပွင့်ခဲ့တဲ့ အပြုံးတွေဟာ
ဒီနေ့ရောက်တော့ ကွယ်ပျောက်သွားကြတယ်၊
ဒီနေ့မှာ ဖြစ်ပေါ်တဲ့
အပြုံးပန်းပွင့်တွေဟာလည်း
မနက်ဖြန်မှာ ကွယ်ပျောက်သွားရဦးမှာပါ။


❖ ချစ်သူရဲ့အလှကို
မျက်စိဖြင့် ကြည့်ပါ။
ချစ်သူရဲ့ ချစ်ခြင်းမေတ္တာကို
စိတ်ဖြင့် ခံစားကြည့်ပေးပါ။

❖ နားလည်မှုဆိုတာ
ချစ်ခြင်းမေတ္တာနဲ့ နီးစပ်ပါတယ်၊
တစ်ကိုယ်ကောင်း ဆန်မှုကတော့
ချစ်ခြင်းမေတ္တာနှင့်
ဆန့်ကျင်ဘက်ဖြစ်ပါတယ်။

# ဤဝတ္ထုတွင် ပါဝင်သောအခန်းများ


အခန်း(၁) ပရလောက သရဲလား၊ လူမွေးသည့် သရဲလား
အခန်း(၂) သည်းခြေလာတောင်းသည့်မြွေသရဲ
အခန်း(၃) မျက်ရည်ဝဲခဲ့ရသည့် အလှူပွဲ
အခန်း(၄) ထူးဆန်းသည့် ပုံပန်းသဏ္ဌာန်ရှိသော သရဲ
အခန်း(၅) သဖင်နီနှင့် မဟာမြိုင်ဆေးတော်
အခန်း(၆) တောနက်ထဲမှ ပလ္လင်ပျောက်ဘုရား
အခန်း(၇) အမေရေယဉ်နှင့် တွေ့ကြုံရခြင်း
အခန်း(၈) မဟာမြိုင်ဆေးတော်နှင့် ထူးခြားမှုများ
အခန်း(၉) တောနက်ထဲမှ အမှတ်မထင် ကယ်တင်ရှင်
အခန်း(၁၀) မြလေးခင်နှင့် ဝမ်းတွင်းစုန်းပညာ
အခန်း(၁၁) အမေရေယဉ်၏ ဘဝရုပ်ပုံလွှာ
အခန်း(၁၂) တောစိုးနတ်ကြောင့် တစ်ပွဲစားဘဝ ရောက်ရသူ
အခန်း(၁၃) ဝဋ်ကြွေးရှိသော ဒဏ်ပြန်ခံရခြင်း
အခန်း(၁၄) ဂုဏ်ဝေကိုးဖော် ဆိုသည်များမှာ
အခန်း(၁၅) နေရာမဲ့နေသော ပြိတ္တာလောကသားများ
အခန်း(၁၆) တစ်ပွဲစား၏ နောင်တတရား

www.burmeseclassic.com







## အခန်း(၁)

# ပရလောက သရဲလား
# လူမွေးသည့် သရဲလား

မဟာမြိုင်သစ်တောကြီးမှာ မြန်မာနိုင်ငံအလယ်ပိုင်း၌ရှိသော သစ်တောကြီးများထဲတွင် လူသိများလှသော သစ်တောတစ်တောဖြစ်သည်။

အထက်ပိုင်းတလျှောက်တွင် နာဂတောင်တန်း သစ်တောကြီးများရှိပြီး အနော်က်ဘက် တကြောမှာလည်း မြင့်မားသော တောင်တန်းကြီးများက ကာဆီးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် ရွှေလီသစ်တောကြီးများ ရှိကြပြီး၊ အင်္ဂလိပ်များ အုပ်စိုးစဉ် အချိန်ကာလတလျှောက်လုံးတွင် ရွှေလီသစ်တောများအတွင်းမှ ကျွန်းသစ်တန်ပေါင်းများစွာ သစ်အလုံးပေါင်းများစွာ ထုတ်ယူပြီး မြန်မာနိုင်ငံမှ နိုင်ငံခြားသို့ သယ်ယူကြလေသည်။

အင်္ဂလိပ်များ အုပ်စိုးစဉ်က ကျွန်းသစ်များကိုသာ အဓိကထားထုတ်လုပ်ပြီး အခြားသစ်များကို သင့်သလောက်သာ ထုတ်ယူကြသည်။

ပေမမီသော သစ်ပင်များကို ခုတ်လှဲခြင်း မပြုကြပေ။ ယခုအချိန်ရောက်တော့မှသာ သစ်ပင်မှန်သမျှအားလုံး ခုတ်လှဲကာ ပြည်ပသို့ တင်ပို့ ရောင်းချနေခြင်း ဖြစ်သည်။ သတင်းစာများတွင် ဆောင်ပုဒ်ကလေးတစ်ခု အမြဲတွေ့နေရသည်။

"သစ်တောနှင့်သစ်ပင်
ချစ်ခင်တဲ့လူမျိုး၊
သစ်ပင်ကို နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး"

ဆိုသော ဆောင်ပုဒ်ပင်ကလေးပင်ဖြစ်သည်။

မြန်မာနိုင်ငံမှာ နေထိုင်ကြသူများမှာ သစ်ပင်ကို ချစ်ခင်ကြတာတော့ မှန်ပါသည်။

သို့သော် ရွှေတိုက်စိုးလောက်အောင် သစ်တောမှန်သမျှ ပြောင်တလင်းခါအောင် ခုတ်ယူရောင်းချနေသည်ကတော့ ပြည်သူများ မဟုတ်ပေ။





သစ်ပင်ရောင်းချပြီး ရွှေတိုက်စိုးသူများလည်း မဟုတ်ကြပေ။ ရွှေတိုက်စိုးသူများက လူနည်းစုများသာလျှင် ဖြစ်ပေသည်။

စိုက်သည့်လူကစိုက်ပြီး ခုတ်တဲ့သူက တွင်တွင်ခုတ်ရောင်းနေမှတော့ နောင်တွင် သစ်တောများကို မြင်တွေ့ရတော့မည် မဟုတ်တော့ပါချေ။

ကျွန်တော့်ဘဝ၏ ငယ်ရွယ်စဉ်အချိန်ကာလတလျှောက်တွင် သစ်တောကြီး အတော်များများထဲသို့ ရောက်ခဲ့ဖူးသည်။ ရွှေလီသစ်တော၊ မဟာမြိုင်သစ်တော အပါအဝင် မြစ်ဝကျွန်းပေါ် ဒေသဘက်မှာရှိသော ပြင်ဒရယ်သစ်တောကြီးများထဲမှာ နှစ်အတော်ကြာကြာ နေထိုင်ခဲ့ရဖူးသည်။

သို့ကြောင့် သစ်တောများကို ချစ်သည်။ သစ်တောများအကြောင်းကို ကောင်းကောင်းသိခဲ့သည်။

ယခုအချိန်ရောက်မှ . . ပြင်ဒရယ်သစ်တောများအကြောင်းကို သိလို ရေးလိုသဖြင့် သွားရောက်ကြည့်မည်ဆိုပါက ဖောင်ဝင်မြစ်မှသည် ကဒုံကနီ ရောက်သည်အထိ သစ်တောများကို တွေ့ရတော့မည် မဟုတ်တော့ဘဲ လယ်ကွင်းများ ရွာများသာ တွေ့ရပေတော့မည်။ ယခုကာလ လူငယ်များအား . . .

"တစ်ချိန်က ဒီနေရာမှာ အထိကရ သစ်တောကြီးများ ရှိဖူးသည်" ဟုပြောပြလျှင် လက်ရှိအခြေအနေနှင့်တော့ ယုံနိုင်မလွယ်တော့ပါချေ။

လွန်ခဲ့သော နှစ်ပေါင်းတစ်ရာလောက်ကတော့ မဟာ



www.burmeseclassic.com

www.burmeseclassic.com



မြိုင်သစ်တော၊ ရွှေလီသစ်တော၊ ပြင်ဒရယ်သစ်တောကြီးများမှာ အထိကရသစ်တောကြီးများ စာရင်းဝင် ဖြစ်ခဲ့ကြသည်။

ထို့ပြင် အရှေ့ရိုးမဟုခေါ်သော ရှမ်းရိုးမတောင်တန်းကြီးနှင့် သစ်တောကြီးများ၊ အလယ်ရိုးမဟုခေါ်သော ပဲခူးရိုးမတောင်တန်းကြီးနှင့် သစ်တောကြီးများ၊ အနောက်ရိုးမဟုခေါ်သော ရခိုင်ရိုးမတောင်တန်းကြီးနှင့် သစ်တောကြီး စသည်တို့မှာလည်း 'အထိကရ'သစ်တောကြီးများဖြင့် ဖုံးလွှမ်းထားသော. . မြစိမ်းရောင် နေရာများပင် ဖြစ်ကြလေသည်။

သို့ကြောင့် ကျွန်တော်ရေးသော ဝတ္ထုအတော်များများမှာ သစ်တောကြီးများရှိသေးသော လွန်ခဲ့သောနှစ်ပေါင်း တစ်ရာနီးပါးမှ ဖြစ်ပျက်ခဲ့သော အကြောင်းအရာတို့ကို အခြေခံကာ. . ရေးသားခဲ့ခြင်းပင် ဖြစ်ပေသည်။

ယခုဝတ္ထု အခြေခံသော အချိန်ကာလမှာ "၁၉၃၀"ခုနှစ် အချိန်ကာလ ဖြစ်ပေသည်။

လွန်ခဲ့သော နှစ်ပေါင်း ရှစ်ဆယ်ကျော်၊ ကိုးဆယ်နီးပါး အချိန်လောက်က မဟာမြိုင်သစ်တောကြီးမှာ 'အထိကရ' သစ်တောကြီးအဖြစ်နှင့်သာ တည်ရှိပေသေးသည်။

ကျွန်း၊ အင်၊ ကညင်၊ ပိတောက်၊ တောင်သရက်၊ ပျဉ်းကတိုး၊ အင်ကြင်း၊ တောင်သရက်၊ သစ်ရာ၊ မဟော်ဂနီအစရှိသော သစ်ပင်ကြီးတို့မှာ အပင်ချင်းဆက်၊ ကိုင်းချင်းယှက်ကာ ရှိနေသောကြောင့် နေပြောက်မထိုးလောက်အောင် မှိုင်းညို့နေသော နေရာများဖြစ်ကြသည်။





သစ်တောကြီးများအထဲတွင် မဟာမြိုင်သစ်တောကြီးမှာ လူသိများသော နေရာတစ်နေရာအဖြစ် ပါဝင်လေသည်။

မဟာမြိုင်တောကြီး လူသိများရသော အကြောင်းများထဲတွင် အခြားထူးခြားသော အကြောင်းအရာများလည်း ရှိပေသည်။

မဟာမြိုင်တောကြီးအတွင်းမှာ အလောင်းတော်ကဿပလိုဏ်ဂူတော်ရှိခြင်း၊ ပိဿနိုးအရှင်သခင် ပန်ထွာဘုရင်မ ကြီးစိုးရာနေရာဖြစ်ခြင်းနှင့် မဟာမြိုင်ဆရာတော်ကြီးအပါအဝင် ထွက်ရပ်ပေါက်ဆရာတော်ကြီးများ ပျော်မွေ့ရာနေရာ ဖြစ်သောကြောင့်လည်း လူသိများရခြင်း ဖြစ်ပေသည်။ ထို့ပြင်. . .

မောက္ကတော်ရွာမှာ မဟာမြိုင်တောစပ်၌ ရှိနေသောကြောင့်လည်း အပါအဝင်ဖြစ်သည်။

"ပျော်လိုမင်းကင်း၊ စားလိုတောင်တွင်း၊ သေလိုမောက္ကတော်"

ဟူသော စာချိုးအတိုင်း ပျော်ရွှင်စရာ နေရာမျိုးကို နေလိုလျှင် မင်းကင်းသို့သွားပါ. . .

စားသောက်စရာ ကောင်းကောင်းစားသောက်လိုလျှင် တောင်တွင်း(တောင်းတွင်းကြီးမဟုတ်ပါ)သို့သွားပါ. . .

သေချင်ရင်တော့ စိန်မစားနဲ့ မောက္ကတော်ကိုသာသွားဟူသော အကြောင်းအရာများကြောင့် မောက္ကတော်ရွာကို လူသိများသလို မဟာမြိုင်တောအကြောင်းကိုလည်း လူသိများရခြင်းပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ပျော်လိုမင်းကင်း၊ စားလိုတောင်တွင်း၊ သေလိုမောက္ကတော်'အကြောင်းကို 'မောက္ကတော်ဝက်ပါ'ဝတ္ထုရှည်၌ ပြည့်စုံစွာ ရေးသားဖော်ပြပေးခဲ့ပြီးဖြစ်ပေသည်။

မောက္ကတော်ရွာမှာ ချင်းတွင်းမြစ် အထက်ပိုင်းမှာရှိပြီး မုံရွာမြို့မှပင် (၈၆)မိုင်ခန့်ဝေးသည်။

မင်းကင်းမြို့နယ်အတွင်း၌ ပါဝင်ပြီး မဟာမြိုင်တောကြီးရဲ့ အရှေ့ဘက် ချင်းတွင်းမြစ်ကမ်းနံဘေးမှာပင် မေးတင်လျက် တည်ထားသော ရွာဖြစ်သည်။

ချင်းတွင်းမြစ်ထဲမှာ သွားလာနေသော သင်္ဘောများ ဝင်ရောက်ဆိုက်ကပ်သော သင်္ဘောဆိပ်ရှိသော ရွာကြီးတစ်ရွာလည်း ဖြစ်သည်။

အင်္ဂလိပ်လက်ထက်ကပင် သစ်ထုတ်လုပ်ရေးစခန်းများ အခြေချခဲ့သဖြင့် လူအဝင်အထွက်များသော သင်္ဘောဆိပ်ရှိသည့် ရွာကြီးတစ်ရွာဖြစ်သည်။

မောက္ကတော်ရွာ စည်ကားရခြင်း အကြောင်းမှာ ၎င်းရွာနှင့် တစ်ဆက်တည်း ရှိနေကြသည့် ရွာကြီးများကြောင့်လည်း ပါသည်။

မောက္ကတော်ချောင်းတစ်လျှောက်တွင် ချောင်းဝပိုင်းဘက်မှာ မောက္ကတော်ရွာရှိပြီး၊ အတွင်းဘက်မှာတော့ ပိတ်ချင်းတောရွာ၊ ကျွန်းတောရွာ၊ ရွာမရွာ၊ ရွာတော်ရွာစသောရွာများ အစဉ်အတိုင်း ရှိနေကြသည်။

ထို့ပြင် တောထဲတွင် မိမိအစုနှင့်မိမိ နေကြသော ရွာစု ရွာငယ်ကလေးများလည်း ရှိကြပေသေးသည်။

ထိုရွာကြီးရွာငယ်များ၌ နေထိုင်ကြသူတို့မှာ စီးပွားရေး အဆင်ပြေ ချောင်လည်ကြသူများ ရှိကြသလို စီးပွားရေး မချောင်လည်ကြသော်မှ စားသောက်ရန်အတွက်တော့ မပူပန်ရသော အခြေအနေမျိုးမှာ ရှိကြလေသည်။

အချို့က ဆန်စပါးစိုက်ပျိုးနိုင်သော လယ်လုပ်ကြသည်။

အချို့က သီးနှံစိုက်ပျိုးသော ခြံများလုပ်ကြသည်။

အချို့ကျတော့လည်း မဟာမြိုင်တောအတွင်းသို့ဝင်ကာ အမဲလိုက်ခြင်း၊ အချို့ကပျားရည်၊ သစ်ခွ၊ သစ်စေး၊ အင်တွဲ၊ ပွဲ့လျက်၊ ကင်ပွန်းသီး၊ အင်ဥ၊ ဝဥ၊ ပရဆေးဖက်ဝင်အပင်များ ရှာဖွေခြင်းဖြင့် ဝင်ငွေရကြသည်။

တောထဲမှ ရှာဖွေရသော ပစ္စည်းများကို သင်္ဘောအဝင်အထွက်ရှိသော မောက္ကတော် ကမ်းနားဈေးသို့ သွားရောက်ရောင်းချခြင်း၊ အခြားစားသောက်စရာများ၊ အဝတ်အထည် အသုံးအဆောင် ပစ္စည်းများနှင့် လဲလှယ်ယူခြင်းဖြင့် နှစ်ဦးနှစ်ဖက် အဆင်ပြေကြသည်။

မဟာမြိုင်တောစပ်၌ နေကြသော ရွာအများစုမှ လက်လုပ်လက်စားများကတော့ မိမိတို့ လုပ်အားသာရင်းပြီး အခြားအရင်းအနှီးမလိုသော တောတွင်းမှ သယံဇာတပစ္စည်းများ ရှာဖွေရောင်းချခြင်းဖြင့် သူတို့အတွက် စားဝတ်နေရေး မခက်ခဲသော့ပေ။

သို့သော် တောထဲမှ ပစ္စည်းများ ရှာဖွေယူရာမှာလည်း







www.burmeseclassic.com

www.burmeseclassic.com



အလကားရသည်ဆိုသော်လည်း မည်သည့်အရာမှ လွယ်လွယ်ကူကူတော့ မရနိုင်ကြပေ။

ရွာမှလူများ ဈေးသို့ ပစ္စည်းများ လာရောက်ရောင်းချလျှင် လိုချင်သောပစ္စည်းများ မှာကြသည်။

ဝက်ဝံသည်းခြေ၊ စပါးကြီးသည်းခြေ၊ ဆတ်ချိုနု၊ ဝက်တောင်းမာန်စွယ်၊ သင်းခွေချပ်အမြှီတေ စသည်တို့ မှာကြသည်။

အချို့ကလည်း ရှားပါးသော သစ်ခွပန်းမျိုးများ မှာကြသည်။ ထိုကဲ့သို့ အမှာရှိသော ပစ္စည်းများရလျှင် ဈေးကောင်းရသဖြင့် တောတက်သူများက တောထဲရောက်သောအခါ. . ထိုပစ္စည်းများကို ဦးစားပေး ရှာဖွေကြလေသည်။

သို့သော် တစ်ခါတစ်ရံ အန္တရာယ်များနှင့် တွေ့ကြုံကြရလေသည်။

မဟာမြိုင်တောစပ် တစ်နေရာမှာ ရွာစုဖွဲ့နေသော ရွာတစ်ရွာရှိသည်။

သူတို့နေသော ရွာကို လွယ်လွယ်ကူကူ ကျတ်ကုန်းရွာ အမည်ပေးထားကြသည်။

တစ်နေ့သ၌ ထိုရွာမှ လူသုံးယောက်တို့သည် အမဲလိုက်ရန်အတွက် တောထဲဝင်လာကြသည်။

မောင်ရွှေ၊ မှတ်ကြီးနှင့် ငထင်တို့ ဖြစ်ကြလေသည်။

"မှတ်ကြီး. . ဟိုဈေးက ကုန်သည်တွေက စပါးကြီးသည်းခြေ မှာလိုက်တာ သေချာလို့လား"

မောင်ရွှေက မေးလိုက်သည်။





"သေချာပါတယ်ကွ၊ ငါ တစ်နေ့က ဆတ်သားခြောက်တွေ သွားရောင်းတော့ သေသေချာချာ မှာလိုက်တာပါ"

"ရရင် ဘယ်လောက်ပေးမတဲ့လဲ"

"ညှို့ကြိုးနဲ့ သည်းခြေတွဲရက်သား ပါလာရင် သုံးရာပေးမတဲ့"

"ဟင်. . သုံးရာတောင် တကယ်ပေးမတဲ့လား"

"ပေးမှာမို့ သေသေချာချာ မှာလိုက်တာပေါ့ဟ"

သုံးရာဆိုသောငွေမှာ မနည်းလှပေ။

အကယ်၍ တစ်ယောက်တစ်ရာပင် ရသည်ထားဦး၊ ဖြစ်လောက်သော ငွေကြေးပမာဏပင် ဖြစ်ပေသည်။

ထိုခေတ်အချိန်အခါက ဆန်တစ်ပြည်လျှင် တစ်မတ်၊ အဝတ်တစ်ထည် ဝယ်သည့်အခါ တစ်မတ်၊ ငါးမူးထက် ပိုမပေးရပေ။

အခေါက်ရွှေ တစ်ကျပ်သားဝယ်လျှင် ငွေကျပ်(၅၀)ဝန်းကျင်သာ ရှိသည်။

ကျွန်းသစ် ဆိုက်မျိုးစုံ အလိုရှိသဖြင့် သစ်ခွဲစက်များမှာ ဝယ်ယူသည့်အခါ လေးဆယ်၊ ငါးဆယ်ဖိုး ဝယ်ပါက ကျွန်းသစ်အိမ်တစ်လုံး ဆောက်နိုင်လောက်အောင် ရသည်။

သို့ကြောင့် ငွေတန်ဖိုးရှိလှသော အချိန်အခါ၌ စပါးကြီးသည်းခြေတစ်လုံးကို ငွေသုံးရာပေးမည် ဆိုသောအခါ. . မက်လောက်စရာ အနေအထားမျိုး ဖြစ်နေကြခြင်း ဖြစ်၏။

"ငွေသုံးရာဆိုတာ ငါတို့လို တောထဲတောင်ထဲမှာနေ



www.burmeseclassic.com

www.burmeseclassic.com



သူတွေအတွက်ကတော့ မက်လောက်စရာပဲ”

“မက်လောက်စရာပေါ့ဟ၊ ငွေသုံးရာသာရရင် ငါတို့ သုံးယောက် တစ်ယောက်တစ်ရာစီ ခွဲယူရင် မနည်းလှဘူး၊ ခြွေ ခြွေတာတာစားရင် တစ်မိုးတော့ အသာလေးပဲ”

“ဒါဖြင့်လည်း ကြိုးစားပြီး ရှာဖွေကြရမှာပေါ့၊ တောထဲ မှာတော့ စပါးကြီးမြွေက ပေါပါတယ်”

ဤသို့ဖြင့် ကျွတ်ကုန်းရွာသားများ ဖြစ်ကြသော မောင် ရွှေ၊ မှတ်ကြီးနှင့် ငထင်တို့ သုံးယောက်တို့သည် လိုအပ်သော ပစ္စည်းများ ယူဆောင်ပြီး မဟာမြိုင်တောတွင်းသို့ ဝင်ခဲ့ကြလေ သည်။

ထိုတောသည် တောကြမ်းဖြစ်သည်။ တောထဲသွား သည့်အခါ ဘုရားစာ တရားစာ ရွတ်သွား၍ မရပေ။ ဆဲဆိုသော စကား၊ ကြမ်းတမ်းသော စကားများ ပြောဆိုသွားမှသာ အဆင် ပြေသည်။

သို့ကြောင့် သုံးယောက်သား၊ တောထဲရောက်သည်နှင့် စရိုက်ကြမ်းကြမ်းနှင့်ပင် ရေရွတ်ပြောဆို သွားကြလေသည်။

တောတွင်းတစ်နေရာသို့ ရောက်သောအခါ တစ်ချုံဝင် တစ်ချုံထွက် လိုက်လံရှာဖွေကြရုံမကပဲ တောင်ပို့၊ သစ်ခေါင်း တွင်းပေါက် ကျင်းပေါက်များပါမကျန်၊ နေရာအနှံ့ လိုက်လံရှာ ဖွေကြသော်လည်း အခြားမြွေဆိုးမြွေဟောက်များသာ တွေ့ရ ပြီး စပါးကြီးမြွေတော့ မတွေ့ကြရပေ။

“တောက်. . စပါးကြီးမြွေ လိုချင်လို့ လိုက်ရှာတော့





တစ်ကောင်မှ မတွေ့ဘူး”

“ဒီအချိန်က နေပူပြင်းတော့ တောထဲမှာ ရှိချင်မှရှိမယ်၊ စပါးကြီးမြွေက အများအားဖြင့် ရေနဲ့နီးတဲ့နေရာ၊ ရေရှိတဲ့နေရာ တွေမှာ အနေများတယ်”

“ဒါဖြင့် ဟိုဘက်မှာ လျှိုတစ်ခုရှိတယ်၊ အဲဒီလျှိုထဲမှာ ရေအိုင်တွေလည်းရှိတယ်၊ အဲဒီဘက် ဆင်းကြည့်ကြရအောင်”

ဟု တိုင်ပင်ပြီး သုံးယောက်သား လျှိုအတွင်းသို့ ဆင်း ခဲ့ကြသည်။

တောင်ကြားနှစ်ခုတွင် ဖြစ်နေသော လျှိုမှာ သိပ်တော့ မနက်လှပေ။ သို့သော်. . သစ်ပင်ခြုံနွယ်များ ပိတ်ဆီးနေသော ကြောင့် အောက်သို့မမြင်ရပေ။

၎င်းတို့သည် နွယ်ကြိုးများကို အသုံးပြုပြီး တဖြည်းဖြည်း နှင့် အောက်သို့ ဆင်းသွားကြရာ ရေအိုင်များရှိသော အောက် ဘက်သို့ ရောက်သွားကြသည်။

တောင်ကြားနှစ်ခုလည်းဖြစ်. . သစ်ပင်ချုံနွယ်များက လည်း ပိတ်နေသောကြောင့် အလင်းရောင်မရှိဘဲ မှောင်နေလေ သည်။

သုံးယောက်သား ရေအိုင်ရှိရာသို့ ရောက်သောအခါ အနီးပတ်ဝန်းကျင်တစ်ဝိုက်သို့ လိုက်ကြည့်ကြရာ တစ်နေရာ ရောက်သောအခါ ရေစပ်တစ်နေရာတွင် ထူးခြားသော ခြေရာ အချို့ကို တွေ့ကြရလေသည်။

ခြေရာများမှာ လူခြေရာပင် ဖြစ်သော်လည်း. . ပုံပန်း



www.burmeseclassic.com

www.burmeseclassic.com



သဏ္ဍာန်က လူခြေရာနှင့် သိပ်တော့ မတူလှပေ။

မျောက်ဝံ သို့မဟုတ် လူဝံခြေရာမျိုးနှင့်တော့ အနည်းငယ်ဆင်သည်။

မဟာမြိုင်တောထဲမှာတော့ မျောက်ဝံတော့ ရှိချင်ရှိနိုင်သော်လည်း လူဝံရှိသည်တော့ မကြားမိပေ။

သို့သော် အခြားတောများနှင့် ဆက်စပ်မှု ရှိနေသောကြောင့်လည်း နယ်ကျော်ပြီး ရောက်ချင်လည်း ရောက်လာနိုင်ပေသည်။

တစ်နေရာရောက် ကမ်းစပ်နှင့် မနီးမဝေးနေရာမှ ထူးခြားသော အသံအချို့ ကြားလိုက်ရသဖြင့် လှမ်းကြည့်လိုက်သောအခါ သစ်ပင်များနောက်မှ သူတို့ရှိရာသို့ ချောင်းကြည့်နေသော မျက်နှာတစ်ခုကို တွေ့လိုက်ကြရသည်။

မြင်လိုက်ရသည်က သိပ်တော့မသဲကွဲလှပေ။

သို့သော် လူဝံမျက်နှာ၊ မျောက်ဝံမျက်နှာမျိုးနှင့်တော့ မတူပေ။

ဆံပင်ရှည်များက မျက်နှာပေါ် ဖုံးကျနေပြီး မျက်နှာပုံပန်းသဏ္ဍာန်က သရဲသဘက်တစ်ကောင်နှင့် တူလှလေသည်။

ထိုကဲ့သို့သော ကြောက်စရာကောင်းသော မျက်နှာကို တွေ့လိုက်ရတော့ သုံးယောက်သား အံ့ဩသွားကြသည်။

ကြည့်နေရင်းမှာပင် သစ်ပင်ကြားမှ ထွက်ကြည့်နေသော မျက်နှာကြီးက ပြန်ပျောက်သွားလေသည်။

သစ်ပင်များနောက်သို့ ဝင်သွားဟန် ရှိလေသည်။





"နေ့ခင်းကြောင်တောင် ငါတို့ကို သရဲခြောက်နေတာလား"

"ငါတော့ သရဲခြောက်တယ်လို့ မထင်ဘူး၊ မျက်နှာက လူဝံမျက်နှာလိုလို မျောက်ဝံမျက်နှာလိုလိုပဲ"

"စောစောက တွေ့လိုက်ရတာက လူဝံမျက်နှာလည်း မဟုတ်ဘူး၊ မျောက်ဝံမျက်နှာလည်း မဟုတ်ဘူး၊ သရဲမျက်နှာမှ သရဲမျက်နှာပဲ၊ ဒီနေရာ ဒီတောတွေက ဒီလောက်ကြမ်းနေမှတော့ နေ့ဘက်ရော ညဘက်ပါ သရဲက လာခြောက်ရင် ခြောက်မှာပဲ"

"သရဲဆိုရင်တော့ သွေးရှိုးသားရိုး သရဲမျိုး မဟုတ်တော့ဘူး"

မှတ်ကြီးစကားကြောင့် ကျန်နှစ်ယောက်မျက်နှာမှာ ရှုံ့မဲ့သွားကြလေသည်။

"သရဲဆိုမှတော့ ရိုးရိုးသရဲ၊ ဆန်းဆန်းသရဲရယ်လို့ ရှိနေသေးလို့လား"

"ငါပြောတဲ့အဓိပ္ပါယ်က အဲဒါမျိုး မဟုတ်ဘူးကွ၊ မောက္ကဆော်၊ ပိတ်ချင်းဝဲတော၊ ကျွန်းတော၊ ရွာတော်၊ ရွာမရွာတွေမှာ နန်းမတွေ၊ ဆယ့်နှစ်ကြိုးကဝေတွေ ရှိကြတယ်၊ စုန်းကဝေတွေက ဖုတ်ကောင်တွေ၊ သရဲသဘက်တွေကို ခိုင်းစေဖို့ မွေးထားကြတယ်၊ အဲဒီအထဲမှာမှ ရွာတော်ရွာက ဒေါ်မင်းဇာဆိုတာ နာမည်ကြီးလှပေါ့"

"မင်းပြောတဲ့ စုန်းမကြီးအကြောင်း ကြားဖူးပါတယ်ကွာ၊



www.burmeseclassic.com

www.burmeseclassic.com



သူတာ ရွာတော်ရှင်မ ဖြစ်နေမှတော့ သရဲသဘက်တွေ မွေးထား
တာ ဘာဆန်းသလဲ"

"စောစောက တွေ့လိုက်တာ သရဲခြောက်တာ မဟုတ်
ဘူးဆိုရင် စုန်းကဝေတွေ မွေးထားတဲ့ သရဲသဘက်ပဲ ဖြစ်မှာပေါ့"

ဟု အချင်းချင်း ထင်ရာမြင်ရာ ပြောဆိုနေကြလေ
သည်။ ပရလောကမှာ ဆန်းကြယ်လှသည်။

လူတို့ဉာဏ် တစ်ထွာတစ်မိုက်ဖြင့် လိုက်၍ အဖြေရှာ၍
မရနိုင်သောအရာများ ရှိကြသည်။

'ပရလောက'ဟူသော ဝေါဟာရအောက်မှာပင် အမျိုး
အမည်ပေါင်း များစွာတို့ ရှိကြပေသည်။

(၃၁)ဘုံသားတို့တွင် ပရလောကသား အရေအတွက်
က ပို၍များလှလေသည်။

ငရဲ၊ တိရိစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် စသော
ပါယ်လေးဝဘုံမှာပင် ပရလောကဘုံက ထက်ဝက်ခန့် ပါဝင်နေ
သည်။

သို့ကြောင့် သူတို့ တွေ့လိုက်ရသော သရဲမျက်နှာသည်
လူမွေးထားသော သရဲလား. . . ပရလောကမှ သရဲလားဆို
သူတို့အနေဖြင့် မသိနိုင်ကြသည်မှာ. . ထူးဆန်းလှသည်တော့
မဟုတ်ပါချေ။







# အခန်း(၂)

# သည်းခြေလာတောင်းသည့် မြွေသရဲ

မောင်ရွှေ၊ မှတ်ကြီးနှင့် ငထေင်တို့သုံးယောက်မှာ လှိုဏ်ထဲ
ချောက်တော့မှ မမျှော်လင့်ဘဲ သရဲမျက်နှာနှင့်လူကို တွေ့လိုက်
ရသဖြင့် ရှေ့ဆက်သွားရမလား၊ နောက်ပြန်လှည့်ရင် ကောင်းမ
လားဟု ချီတုံချတုံ ဖြစ်နေကြသေးသည်။

သို့သော်. . သူတို့အတွေးထဲ ဝင်လာသော ကြောက်ရွံ့
စိတ်ကို 'ငွေသုံးရာ'ဟူသော လောဘစိတ်က တွန်းလှန်ပြီးဖျက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုက်သောအခါ တဖန်ပြန်ပြီး သတ္တိရှိလာကြပြန်လေသည်။

သို့ကြောင့် ရှေ့သို့ ဆက်သွားကြသည်။

တစ်နေရာရောက်သောအခါ ထူးခြားသော အသံကို ကြားရသည်။ အခြားမဟုတ်ပေ။

ရေအိုင်ထဲမှရေများ ပက်ထုတ်နေသော အသံဖြစ်သည်။

သို့ကြောင့် သုံးယောက်သား နေရာမှာရပ်ပြီး နားစွင့်လိုက်ကြသည်။

တဗွမ်းဗွမ်းနှင့် ရေပက်ထုတ်နေသော အသံများ သူတို့ရောက်နေသော နေရာနှင့် တောတစ်တောသာခြားသော နေရာလောက်မှ ကြားနေရခြင်း ဖြစ်သည်။

"ဟိုဘက်နားမှာ ရေပက်သံတွေ ကြားနေရတယ်"

"စောစောက မြင်လိုက်တဲ့ သရဲများ ရေအိုင်ထဲက ငါး[illegible] တွေဖမ်းဖို့ ရေပက်နေတာလား"

"မပြောတတ်ဘူး၊ သွားကြည့်ကြမလား"

"ဖြစ်ပါ့မလား. . တော်ကြာ"

"ဘာကြောက်စရာ ရှိသလဲ. . ငါတို့က သုံးယော[illegible] တောင်ပဲ၊ နောက်ပြီး နေ့ဘက်အချိန်ကြီး"

"ဒါဖြင့်လည်း သွားကြည့်ကြတာပေါ့"

ဟုပြောဆိုကာ သုံးယောက်သား ရေပက်နေသော အသံကြားရသည့် ဘက်သို့ တက်လာကြသည်။

သစ်တောတစ်တော လွန်သောအခါ ရေအိုင်တစ်အိုင်[illegible]





ရှိရာသို့ ရောက်သွားကြသည်။

ထိုရေအိုင်မှာတော့ လူတစ်ယောက်မှ မတွေ့ရပေ။

မြွေတစ်ကောင် အိုင်ပက်နေသည်ကိုသာ လှမ်းမြင်ကြရသည်။ မြွေမှ နည်းနည်းနောနော မဟုတ်ပေ။

လုံးပတ်ကြီးသလို အလျားကလည်း အတော်ရှည်လျားသည်။

ပေနှစ်ဆယ်ကျော်လောက် ကျယ်သောရေအိုင်ကို ဟိုဘက်ကမ်းနှင့် သည်ဘက်ကမ်း အမြီးနှင့်ဦးခေါင်း လှမ်းချိတ်ကာ ပုခက်သဖွယ် အိကျနေသော ကိုယ်လုံးဖြင့် ရေအိုင်ထဲမှ ရေများကို ပက်ထုတ်နေခြင်း ဖြစ်သည်။

မြွေ၏ ကိုယ်လုံးကြီးကို ဟန်ချက်ညီညီဖြင့် လှုပ်ယမ်းနေသည်မှ ပုခက်လွှဲနေသကဲ့သို့ တူလေသည်။

"ဟန်ကျပြီဟေ့၊ ဟိုမှာ အိုင်ပက်နေတာ စပါးကြီးမြွေပဲ၊ အကောင်အတော်ကြီးတယ်"

"သည်းခြေရော ညှို့ကြိုးပါ ရအောင်ယူရမယ်၊ နောက်ပြီး အရေခွံလည်း ဈေးကောင်းရတယ်၊ ခွာယူရမယ်"

"ဒီကောင်ကြီးက အတော်ကြီးတယ်၊ ငါတို့သုံးယောက်တည်းနဲ့ နိုင်ပါ့မလား"

"တို့သုံးယောက် တက်ညီလက်ညီရှိရင် ရပါတယ်၊ ငါက ဒီလိုအကောင်ကြီးမျိုးတွေ ဖမ်းဖူးပါတယ်"

ဟု မောင်ရွှေက ပြောလိုက်သည်။

သူတို့သုံးယောက်တွင် မောင်ရွှေက ခေါင်းဆောင်သ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် သူပြောသမျှကို ကျန်နှစ်ယောက်က လက်ခံကြသည်။

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

"ဒူ အိုင်ပက်နေတာ ပက်ပစေဦး၊ ရေအိုင်ထဲက ရေ ကုန်သွားတော့မှ မြွေရောင်းပါ ဖမ်းယူရမယ်"

မောင်ရွှေက အားရပါးရ ပြောလိုက်သည်။

တကယ်တော့. . ထိုသို့ပြောခြင်းမှာ တောစည်းကမ်း ဖောက်ခြင်းပင် ဖြစ်သည်။

မြို့မှာလည်း မြို့စည်းကမ်း၊ တောမှာလည်း တောစည်း ကမ်း၊ ရွာမှာလည်း ရွာစည်းကမ်းရှိသည်။

တောတွင်းဝင်ရောက်ပြီဆိုလျှင် သစ်ပင်ပဲခုတ်ခုတ်၊ အမဲပဲလိုက်လိုက် တောနှင့်သက်ဆိုင်သော စည်းကမ်းတို့ကို လိုက် နာကြရသည်။

အချို့တောများတောင်များသို့ ဝက်သားအမဲသား စား သောက်ခြင်း၊ ယူဆောင်ခြင်း မပြုလုပ်ရပေ။

အချို့နေရာများတွင် ဆဲဆိုကြမ်းတမ်းသော စကားမျိုး မပြောမဆိုရပေ။ အချို့တောများတွင် လင်စုံမယားဖက် အတူ မနေရပေ။

အချို့နေရာများတွင် ထိုတောမှ အခြားပစ္စည်း မဆို ထားနှင့်. . သစ်ရွက်ကြွေတစ်ရွက်၊ သစ်ကိုင်းခြောက်တစ်ခု ကောက်ယူသွား၍ မရပေ။

မဟာမြိုင်တောလို နေရာမျိုးကတော့. . . တောထဲမှာ ဘုရားစာ တရားစာ ရွတ်ဆိုသွား၍ မရပေ။





ထိုကဲ့သို့ ရွတ်ဆိုသွားပါက တောစိုးနတ်များ နှောင့် ယှက်ကြသဖြင့် ဘေးအန္တရာယ်ဆိုးများနှင့် ကြုံတွေ့ကာ အသက် သေဆုံးကြရသည်။

ထိုတောတွင်းမှ ဖြတ်သွားလျှင် ဆဲဆိုသော ကြမ်းတမ်း သော စကားမျိုး ပြောဆိုသွားမှ ဘေးအန္တရာယ်ကင်းပြီး အ ဆင်ပြေသည်။

အချို့တောများတောင်များပေါ်သို့ လူ(၉)ယောက်မ သွားရပေ။ အကယ်၍ (၉)ယောက်ဖြစ်နေပါက ကျောက်ခဲတစ် လုံး ယူသွားကာ (၁၀)ယောက်အမှတ်ဖြင့် သွားလာကြရသည်။

နေရာဒေသ အသီးသီးမှာတော့ သူ့နေရာနှင့်သူ စရိုက် အသီးသီး ရှိကြပေသည်။

သို့သော် မုဆိုးတို့လိုက်နာရမည့် စည်းကမ်းများက တော့ နေရာမရွေး အတူတူပင် ရှိကြလေသည်။

အမဲသားကောင် တောကောင်တို့ကို ပစ်ခတ်ဖမ်းဆီး ရာတွင် လိုက်နာရမည့် အချက်အချို့ ရှိကြသည်။

မိတ်လိုက်နေသောအချိန်၊ ကိုယ်ဝန်ဆောင်ထားသော အချိန်၊ သားပေါက်ပြီးစအချိန်၊ နာမကျန်းဖြစ်နေသောအချိန်နှင့် ၎င်းတို့ ဝမ်းစာရှာဖွေနေသော အချိန်တွင် ဝင်ရောက်မနှောက် ယှက်ရ၊ မလုယက်ရပေ။

ယခုတော့ မောင်ရွှေတို့ သုံးယောက်မှာ စပါးကြီးမြွေ ဝမ်းစာရှာဖွေနေသော အချိန်တွင် ၎င်းရှာဖွေသော အစာကို လည်း လုယက်၊ စပါးကြီးမြွေကိုလည်း သတ်ဖြတ်ရန်ကြံစည်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြခြင်း ဖြစ်သည်။

ဦးစွာ မောင်ရွှေက စေခိုင်းသဖြင့် လက်မောင်းလုံးခန့် ရှိသော သစ်သားခွတိုင် အတော်များများကို ရှာဖွေခုတ်ယူကြသည်။

တစ်ဖက်က နှစ်ပေကျော်က အရှည်ထားပြီး အဖျားချွန်ထားသည်။

ကျန်တစ်ဖက်ကတော့ တစ်ပေလောက်သာ အတိုထားသည်။

ထိုခွချွန် အတော်များများကို စုဆောင်းထားပြီးမှ မြွေရှိသော နေရာအနီးသို့ သယ်ယူသွားကြလေသည်။

စပါးကြီးမြွေမျိုးက လူကို ကြောက်ရွံ့တတ်သည့်မြွေမျိုး မဟုတ်သဖြင့် ရေပက်နေသော မြွေကတော့ လူသုံးယောက် ရောက်လာသော်လည်း လုံးဝဂရုမစိုက်ဘဲနှင့် သူ့အလုပ်သူ လုပ်နေလေသည်။

ရေအိုင်အတွင်းမှာတော့ ရေကနည်းသွားပြီ ဖြစ်သဖြင့် အတွင်းမှာရှိသော ငါးများပင် ပေါ်စ ပြုနေလေပြီ။

ထိုအခြေအနေကို အခွင့်ကောင်းယူကာ သုံးယောက်သား အနီးသို့ကပ်သွားပြီးနောက် သုံးယောက်သား အနီးသို့ ကပ်သွားပြီးနောက် သစ်ပင်မှာပတ်ထားသော မြွေ၏အမြီးပိုင်းကို ဖြေ၍ အောက်သို့ဆွဲချသည်။

လွယ်လွယ်နှင့်တော့ မရပေ။

မြွေကိုယ်လုံးမှာ ချောနေသည်ကတစ်ကြောင်း၊ ရေနှင့်





ရွှံ့များ ပေနေသောကြောင့် ရုတ်တရက် ဆွဲမရဘဲ ရှိလေသည်။

သို့ကြောင့် ဦးခေါင်းဘက်သို့သွားကာ ဦးခေါင်းကို ဖြုတ်ချသည်။

ဦးခေါင်းပိုင်းက ကိုင်ရတာ လွယ်သဖြင့် လွယ်လွယ်နှင့်ပင် အောက်သို့ဖြုတ်ချနိုင်လေသည်။

မြေပေါ်သို့ ရောက်သောအခါ မြွေက သူတို့ကို ပတ်လေတော့သည်။

ထိုသို့ ပတ်လာသည်ကို ရှောင်ရင်းနှင့် မြွေကိုယ်ပေါ်သို့ သစ်သားခွဖြင့်ဖိကာ မြေထဲသို့ အချွန်ဖြင့် စိုက်သွင်းကြသည်။

တစ်ယောက်က ဦးခေါင်းဘက်မှ ကိုင်သည်။

ကျန်နှစ်ယောက်က အလယ်နှင့် အမြီးပိုင်းဘက်မှ ကိုင်သည်။

သစ်သားငုတ်တိုင်များဖြင့် ငြိမ်အောင်ဖိထားသော်လည်း မြွေက အကောင်လည်းကြီး၊ အလုံးကလည်း ထွားသဖြင့် သန်မာလှသည်။

မြေကြီးထဲသို့ နှစ်တောင်ခန့်ဝင်အောင် စိုက်သွင်းထားသော တုတ်တိုင်များပင် မကြာခဏ ကျွတ်ထွက်လာလေသည်။

မောင်ရွှေက ဦးခေါင်းဘက်၊ ငထင်က အလယ်နေရာမှာနေပြီး၊ မှတ်ကြီးက အမြီးပိုင်းနေရာမှနေကြပြီး မြွေကို သစ်သားငုတ်များဖြင့် ဖိနှိပ်ချုပ်နှောင်ရန် ကြိုးစားနေရင်းမှပင် အမြီးဘက်မှ စိုက်သွင်းထားသော ငုတ်တိုင်အချို့ ကျွတ်ထွက်သွားကာ မှတ်ကြီးမှာ လဲကျသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူလဲသွားသည်နှင့် မြွေအမြီးက ကြိုးဖြင့် ရစ်ပတ်သကဲ့သို့ မှတ်ကြီးက တစ်ကိုယ်လုံးကို ရစ်ပတ်လေတော့သည်။

ရစ်ပတ်မှု အားကောင်းသောကြောင့် တစ်ကိုယ်လုံး မလှုပ်သာအောင် ဖြစ်သွားလေတော့သည်။

"ငါ့ကို . . ကယ်ကြပါဦးဟ"

ထိုသို့အော်သဖြင့် ကျန်နှစ်ယောက်က ငုတ်စိုက်နေရာမှ မှတ်ကြီးရှိရာသွားကာ ကူကြရသည်။

ထိုအချိန်မှာပင် ဦးခေါင်းပိုင်းမှ စိုက်ထားသော ငုတ်တိုင်များ တစ်ချောင်းပြီးတစ်ချောင်း တဖြောင်းဖြောင်းနှင့် ကျွတ်ထွက်ကြလေသည်။

မြွေက တစ်ကိုယ်လုံး လွတ်သွားသည်နှင့် . . မှတ်ကြီး တစ်ကိုယ်လုံးကို တစ်ရစ်ပြီးတစ်ရစ် ရစ်ပတ်ကာ ဆွဲဆန့်လိုက်လေတော့သည်။

"ဗျစ် . . ဗျစ် . ."

"ဗျစ် . . ဗျစ် . ."

"ဂွပ် . . ဂွပ် . . ဂွပ် . ."

"အား . . ငါ့ကို ကယ်ကြပါဦး သေရတော့မယ်"

မြွေပတ်သံ၊ ဆွဲဆန့်သောအသံ၊ အရိုးကျိုးသံ၊ မှတ်ကြီး၏ ငယ်သံပါအောင် အော်ဟစ်သံများက ပတ်ဝန်းကျင် တစ်ဝိုက်မှာ တစ်ဆက်တည်း ပေါ်ထွက်လာလေတော့သည်။

ထိုအခြေအနေကို မြင်တော့ မောင်ရွှေနှင့် ငထင်တို့ နှစ်ယောက်မှာ ထွေထွေထူးထူး စဉ်းစားမနေအားတော့ဘဲ ဓား





ဖြင့် မြွေဦးခေါင်းကို ဖြတ်ပစ်သည်။

ခေါင်းပြတ်သွားသောအခါ သွေးများပန်းထွက်လာသည်မှာ နီရဲသွားလေသည်။

သို့သော် မြွေက မသေသေးပေ။

ဦးခေါင်းပြတ်သွားသော်လည်း အသက်မသေသေးသောကြောင့် မှတ်ကြီးကို အော်သံပျောက်သွားသည်အထိ ဆွဲပတ်လိုက်လေတော့သည်။

ကျန်နှစ်ယောက်ကလည်း မြွေကိုယ်လုံးကို ပဲသီးကို ဓားဖြင့် ဖြတ်သကဲ့သို့ အပိုင်းပိုင်း အတစ်တစ်ဖြစ်အောင် ဖြတ်တောက်ပစ်ကြရသည်။

နောက်ဆုံးမှာတော့ မြွေလည်းသေ၊ မှတ်ကြီးလည်း သေလေတော့သည်။

ကျန်နှစ်ယောက်မှာလည်း မှတ်ကြီးအတွက် စိတ်မကောင်း ဖြစ်သော်လည်း မတတ်နိုင်ကြတော့ပေ။

မှတ်ကြီးအလောင်းကို တောတွင်းတစ်နေရာမှာပင် မြေကျင်းတူးကာ မြှုပ်နှံလိုက်ရပေသည်။

မြွေပတ်ခံရသော မှတ်ကြီးမှာ တစ်ကိုယ်လုံး အရိုးများ ကျိုးကျေလျှက်ရှိနေပြီး အဝတ်ဖပ်ကဲ့သို့ ဖြစ်နေသည်။ အရေညှစ်ထားသော ကြိုးချောင်းကဲ့သို့ ပျော့ခွေနေလေပြီ။

မှတ်ကြီးအလောင်းကို မြေမြှုပ်ပြီးတော့မှ မြွေရှိရာသို့ ပြန်လာသည်။

မြွေမှာ ဦးခေါင်းမရှိပဲ နှစ်ပိုင်းသုံးပိုင်း ပြတ်နေသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း မသေသေးပေ။

မိကျောင်းနှင့် စပါးကြီးမြွေတို့မှာ ဝမ်းတွင်းမှ သည်းခြေကို မထုတ်မချင်း ဘယ်လိုပင် သတ်သော်လည်း မသေသော တိရိစ္ဆာန်များ ဖြစ်ကြသည်။

မောင်ရွှေနှင့် ငထင်တို့မှာ မြွေ၏ ဝမ်းဗိုက်ထဲမှ သည်းခြေနှင့် ညှို့ကြိုးကို ရှာဖွေထုတ်ယူခြင်း သားရေချပ်များကို ခွာယူခြင်း၊ ပြုလုပ်ပြီးနောက် အသားပိုင်းအချို့ကိုပါ သယ်ယူပြီး ရွာသို့ ပြန်သွားကြလေသည်။

စောစောက ဆူညံနေသော ပတ်ဝန်းကျင်တစ်ဝိုက်မှာ ယခုတော့ ပြန်လည်ငြိမ်သက်သွားလေပြီ၊

ရေခမ်းစပြုနေပြီဖြစ်သော ရေအိုင်ကလေးအနီးမှာတော့ သွေးကွက်များ သွေးညှီနံ့များ မြွေအပိုင်းအပြတ်များနှင့် သရဏဂုံမတင်ပဲ မြေမြှုပ်ထားခဲ့သော လူသေအလောင်းတို့သာ ကျန်ခဲ့လေတော့သည်။

ကိစ္စက ထိုနှင့်မပြီးပေ။

မောင်ရွှေနှင့် ငထင်တို့ ထွက်သွားပြီး မရှေးမနှောင်းမှာပင် ထိုနေရာသို့ လူတစ်ယောက် ရောက်လာလေသည်။

သာမန်လူတော့ မဟုတ်ပေ။

လူပင်ဆိုသော်လည်း လူရုပ်မရှိတော့ဘဲ ဘီလူး၊ သရဲရုပ်ပေါက်နေသည့် လူတစ်ယောက်ပင် ဖြစ်သည်။

အရပ်အမောင်းက (၆)ပေခန့်မြင့်သည်။

ကိုယ်လုံးက ထွားကျိုင်းလှသည်။





တစ်ကိုယ်လုံးမှာ မျှောက်ဝံ၊ လူဝံများကဲ့သို့ အမွေးရှည်များ ရှိသည်။

ကိုယ်ပေါ်မှာတော့ အရောင်အဆင်း မရှိတော့သည့် ချင်ကြမ်းအင်္ကျီနှင့် ဘောင်းဘီပွကြီး ဝတ်ဆင်ထားသည်။

လက်တံ ခြေတံများက ရှည်ပြီး လက်သည်းရှည်များရှိသည်။

မျက်နှာသွင်ပြင်ကတော့ သရဲ၊ သဘက်တစ်ကောင်ကဲ့သို့ ကြောက်စရာ ကောင်းလှသည်။

နားရွက်နှစ်ဘက်က သာမန်ထက်ပိုကြီးပြီး ဘေးသို့ ကားထွက်နေသည်။

ဆံပင်ရှည်များက မျက်နှာပေါ် အုပ်ကျနေသည်။

မုတ်ဆိတ်မွေး ပါးသိုင်းမွေးများကတော့ ရင်ဘတ်အထိ ရှည်လျားစွာ ကျနေသည်။

မျက်လုံးနှစ်လုံးက သာမန်လူတစ်ယောက် မျက်လုံးမျိုးနှင့် မတူတော့ပဲ နီရဲနေပြီး အပြင်သို့ ပြူးထွက်နေသည်။

နှာခေါင်းက ပွသည်။

ပါးစပ်ပေါက်က သာမန်ထက်ပိုကျယ်ပြီး သွာများက အပြင်သို့ ငေါထွက်နေသည်။

တစ်ကိုယ်လုံး ခြုံကြည့်လိုက်လျှင်တော့ သာမန်လူတစ်ယောက်နှင့် လုံးဝမတူတော့ဘဲ ဘီလူးသဘက်တစ်ကောင်နှင့်သာ ပိုတူလေတော့သည်။

ထိုလူက စောစောကနေရာ ရောက်လာသောအခါ



www.burmeseclassic.com

www.burmeseclassic.com



အပိုင်းပိုင်းအတစ်တစ် ဖြစ်ကျန်ခဲ့သော မြွေအသားပိုင်းများကို ကောက်ယူကာ ထိုင်စားနေသည်။

ထိုသို့စားတော့မှ ပါးစပ်ထဲမှ အစွယ်နှင့်တူသော သွားများက ပေါ်လာလေသည်။

ထိုသူသည် မြွေသားများကို ကုန်စင်အောင်စားသောက်ပြီးတော့မှ မှတ်ကြီးအလောင်း မြှုပ်ထားသော မြေပုံရှိရာသို့ ထသွားလေသည်။

မြေပုံနားရောက်သောအခါ မြေသားကို လက်ဖြင့် ဖယ်ပစ်ရာ၊ မကြာသေးခင်ကမှ မြှုပ်ထားခဲ့သော မှတ်ကြီးအလောင်းက ပြန်ပေါ်လာသည်။

ထိုသို့ ပေါ်လာသောအခါ အလောင်းကို လက်ဖြင့်ပုတ်ကာ ပါးစပ်မှလည်း ပြောသည်။

"ထ. . ထ၊ ပြန်ထတော့ မင်းက ဒီနေရာမှာ နေရမှာ မဟုတ်ဘူး ငါနဲ့ နေရမှာ၊ ငါ့နောက်က လိုက်ခဲ့ပေတော့"

ဟုပြောဆိုရာ မကြာခင် အလောင်းက မျက်လုံးပြန်ပွင့်လာသည်။

ပြီးတော့ ဖြည်းဖြည်းချင်း ထထိုင်လာသည်။

ကိုယ်ပေါ်မှာ တင်နေသော မြေကြီးများကို လက်ဖြင့်ဖယ်ကာ နေရာမှထရပ်သည်။

တစ်ကိုယ်လုံးမှ မြွေညှစ်ခံထားရသဖြင့် အရိုးများ ကျိုးကြေနေသော်လည်း မတ်တပ်ရပ်နိုင်သည်။

သို့သော် ခါးမခိုင်သကဲ့သို့ ဒယိမ်းဒယိုင် ဖြစ်နေသည်





ထို့နောက်မှာတော့ ရှေ့မှထွက်သွားသူနောက်သို့ ဒယိမ်းဒယိုင်နှင့် လိုက်သွားလေတော့သည်။

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ပြီး ညအချိန်ရောက်သောအခါ ငထင်နေသောအိမ်သို့ သရဲလာခြောက်သဖြင့် ထကြည့်သောအခါ ဆံပင်ဖားလျားချပြီး မတ်တပ်ရပ်နေသော မိန်းမတစ်ယောက်ကို တွေ့ရသည်။

မှောင်နေသောကြောင့် သဲသဲကွဲကွဲတော့ မမြင်ရပေ။

"နင် ဘယ်သူလဲ၊ သရဲလာခြောက်တာလား၊ ငါက သရဲကြောက်ဘူး"

ငထင်က လှမ်းပြောလိုက်သည်။

"သရဲလာခြောက်တာ မဟုတ်ဘူး၊ ငါ့ဆီက ယူသွားတဲ့ သည်းခြေ ပြန်ပေးပါ၊ ငါ့မှာ ကလေးတွေရှိတယ်"

ထိုစကားကြောင့် လန့်သွားသည်။

"နင်. . နင်က ဘယ်သူလဲ၊ ငါတို့ သတ်ခဲ့တဲ့ မြွေလား"

"ဟုတ်တယ်"

"နင့်ရဲ့ သည်းခြေက မရှိတော့ဘူး၊ ယူသွားပြီ"

ငထင်က ကြောက်ကြောက်လန့်လန့်ဖြင့် ပြန်ပြောလိုက်သည်။

"ငါ့သည်းခြေ မရှိတော့ရင်. . နင့်သည်းခြေ ယူသွားရမယ်"

"ဟာ. . ဒီလိုတော့ မလုပ်ပါနဲ့"

သို့သော် အမှောင်ရိပ်ထဲမှာ ရပ်နေသော မိန်းမက



www.burmeseclassic.com

www.burmeseclassic.com



ရှေ့သို့ တဖြည်းဖြည်း တိုးလာလေသည်။

ငထင်မှာ တဲတစ်လုံးဖြင့် တစ်ယောက်တည်းနေသူဖြစ်

ရာ အကူအညီ ပေးမည့်သူ မရှိပေ။

ညဥ့်နက်ပိုင်း အချိန်တွင် ငထင်နေသော တဲဘက်

စူးစူးဝါးဝါးအော်သံများကို အခြားတဲ့များက ကြားကြရသော်

လည်း အချိန်မတော်ကြီး ဖြစ်သဖြင့် မည်သူမျှ မထွက်ဝံ့ကြပေ

နောက်တော့ အော်သံများ ပျောက်သွားတော့သည်

နောက်တစ်နေ့ရောက်တော့မှ ထိုတဲရှိရာသို့ သွားကြည်

သောအခါ တဲရှေ့မှာ ခွေခွေလေး လဲကျသေဆုံးနေသော ငထ

အလောင်းကိုသာ တွေ့ရတော့သည်။

တစ်ကိုယ်လုံး သွေးများ စွန်းပေနေသဖြင့် အသေအ

ချာကြည့်တော့မှ ငထင်၏ ဝမ်းဗိုက်တစ်ခုလုံး ပွင့်ထွက်နေပြ

ဝမ်းထဲမှ ကလီစာများ အပြင်သို့ ထွက်ကျနေသည်ကို ထိတ်လ

ဖွယ်ရာ တွေ့ကြရသည်။

အဘယ်ကြောင့် ထိုကဲ့သို့ ရုပ်ပျက်ဆင်းပျက်ဖြစ်က

သေဆုံးနေရခြင်း ဖြစ်သည်ကိုတော့ ကျတ်ကုန်းရွာသားများ မ

နိုင်ကြပါချေ။







# အခန်း(၃)

# မျက်ရည်စခဲ့ရသည့် အလှပွဲ

မဟာမြိုင်တောကြီး၏ အစပ်၊ မောက္ကတော် ချောင်းဖျား

ဘက်တွင် ရွာအချို့ရှိရာ ရွာတော်ရွာလည်း အပါအဝင် ဖြစ်ပေ

သည်။

ရွာတော်ရွာမှာ ရှေးဟောင်းရွာတစ်ရွာဖြစ်သလို ရွာ

တော်နှင့် ပတ်သက်သည့် လူသိများသော အကြောင်းအရာ များ

ရှိပေသည်။

ထိုအကြောင်းအရာများထဲတွင် မြလေးခင်နှင့် ပတ်



www.burmeseclassic.com

www.burmeseclassic.com



သက်သည့် အကြောင်းအရာများလည်း အပါအဝင်ဖြစ်သည်။

မြလေးခင်မှာ ရွာတော်ရွာမှ မိန်းမချောတစ်ဦး ဖြစ်သည်။

အသက်(၂၅)နှစ် ဝန်းကျင်အရွယ်ခန့် ရှိနေပြီ ဖြစ်သော်လည်း ချစ်သူပင် မရှိသေးသူ တစ်ဦးဖြစ်သည်။

မြလေးခင်မှာ ရုပ်ရည်ချောမောလှပပြီး ဆင်းရဲချို့တဲ့၍လား၊ ဆိုတော့လည်း မဟုတ်ပေ။

ရွာတော်အိမ်တွင် ရှေးအခါကပင် ဆောက်ထားခဲ့သော နှစ်ဆောင်ပြိုင်အိမ်ကြီးနှင့် တင့်တောင့်တင့်တယ် နေနိုင်သူတစ်ဦး ဖြစ်သည်။

သို့သော် မြလေးခင်မှာ မိဘနှစ်ပါးတော့ မရှိကြတော့ပေ။ သူမငယ်စဉ်ကတည်းကပင် ကွယ်လွန်သွားခဲ့ကြပြီဖြစ်သည်။

ယခုအခါမှာတော့ အဖွားဖြစ်သူ ဒေါ်မင်းဇာနှင့် အတူနေထိုင်လေသည်။

ထိုအိမ်ကြီးတွင် ဒေါ်မင်းဇာအပြင် မောင်တော်စပ်သူ ဦးနက်ကျော်လည်း ရှိပေသေးသည်။

ဒေါ်မင်းဇာက အသက်(၆၀)ကျော် အရွယ်ရှိပြီး မောင်ဖြစ်သူ ဦးနက်ကျော်က အသက်(၅၀)ကျော် အရွယ်ခန့် ရှိလေသည်။

မြလေးခင်နှင့်ပါမှ ထိုအိမ်တွင် သုံးယောက်သာ နေကြလေသည်။

မြလေးခင်တို့နေသော နှစ်ဆောင်ပြိုင်အိမ်ကြီးမှာ...





မြလေးခင်မိဘများ ရှိစဉ်ကပင် ဆောက်ထားခဲ့သော ရှေးလက်ရာဖြင့် ဆောက်ထားသော အိမ်ကြီး ဖြစ်သည်။

ထိုအိမ်ကြီးမှာ နေကြသော ဒေါ်မင်းဇာတို့ မိသားစုသုံးယောက်မှာ အခြားသူများနှင့် ရောရောထွေးထွေး မနေဘဲ သီးခြားနေကြသူများ ဖြစ်သည်။

ဒေါ်မင်းဇာကိုတော့ တစ်ရွာလုံးက စုန်းကဝေပညာသည် တစ်ယောက်အဖြစ် သတ်မှတ်ထားပြီး ဦးနက်ကျော်ကိုတော့ တစ်ပွဲစားမှော် ပေါက်မြောက်ပြီးသူဟု အားလုံးက ယူဆထားလေသည်။

လွန်ခဲ့သော(၁၀)နှစ်ခန့်ကတော့ ဦးနက်ကျော်ကိုယ်တိုင်တောထဲဝင်ပြီး အမဲလိုက်သော အလုပ်များ လုပ်လေသည်။

နောက်ပိုင်းတော့ မလုပ်တော့ပေ။

ထိုရွာမှသော်လည်းကောင်း၊ အခြားရွာများမှသော်လည်းကောင်း၊ အမဲလိုက်သူများကို လမ်းညွှန်ပေးသော အလုပ်သောက်သာ လုပ်တော့သည်။

နောက်ပိုင်းတော့ ဦးနက်ကျော်ကို သိပ်မတွေ့ကြရတော့ပေ။

တချို့ကတော့ ဦးနက်ကျော်အား တစ်ပွဲစားဘဝဖြင့် တောထဲရောက်သွားပြီဟု ထင်ကြေးပေး ပြောဆိုကြလေသည်။

သူတို့ ထင်မည်ဆိုက ထင်စရာပါပေ။

ယခင်ကဆိုလျှင် ဦးနက်ကျော်အား ရွာထဲမှသော်လည်းကောင်း၊ တောထဲမှာသော်လည်းကောင်း သွားလာနေသည်ကို



www.burmeseclassic.com

www.burmeseclassic.com



[illegible]သော်လည်း နောက်ပိုင်းမတွေ့ကြရတော့ပေ

ချွေးမှာ ရေးသားခဲ့သည့်အတိုင်း မြလေးခင်မှာ အရွယ်
[illegible]ကောင်း၊ ရုပ်ရည်ကလည်း ချောမောလှပသူ ဖြစ်
[illegible] ယခုထိ အပျိုစင်ဘဝနှင့်သာ ရှိနေရခြင်းမှာ အကြောင်း
ရှိသည်။

ဒေါ်မင်းဇာနှင့် ဦးနက်ကျော်တို့အား ကြောက်ရွံ့နေ
သောကြောင့်ပင် ဖြစ်သည်။

ထိုသို့ ဖြစ်ကြရခြင်းမှာလည်း အကြောင်းအရာအ
ရှိခဲ့ဖူးပေသည်။

မြလေးခင် အသက်(၂၀)အရွယ်လောက်က ရွာမရွာ
မောင်ကျော်ဆိုသူ လူတစ်ယောက်နှင့် ချစ်သူဘဝ ရောက်ခဲ့
ဘူးသည်။

လက်ထပ်တော့မည့်ဆဲဆဲရောက်မှ ယောကျ်ားယော
ဘက်မှ မိဘဆွေမျိုးများ သိသွားပြီး ဖျက်သဖြင့် ပျက်ခဲ့ရသည်

မကြာခင်မှာ ဝမ်းရောဂါ ဖြစ်သဖြင့် ထိုမိသားစု အချို
တစ်ယောက်ပြီးတစ်ယောက် သေဆုံးသွားခဲ့ကြသည်။

အားလုံးကတော့ ဒေါ်မင်းဇာတို့ လက်ချက်သာ ဖြ
မည်ဟု တစ်ထစ်ချ ယုံကြည်ကြသည်။

နောက်. . သုံးနှစ်ခန့်ကြာတော့ ပိတ်ချင်းတောရွာ
မောင်ပန်းသာဆိုသူနှင့် ချစ်သူဖြစ်ကြပြန်လေသည်။

နှစ်ဦးသဘောတူ လက်ထပ်တော့မည့် အချိန်နီးတော့
မောင်ပန်းသာက သစ္စာဖောက်သွားပြီး အခြားအမျိုးသမီး





ယောက်နှင့် လက်ထပ်လိုက်လေသည်။

သို့သော် မောင်ပန်းသာတို့ လင်မယားမှာ ကံမကောင်းခဲ့ကြပေ။

မင်္ဂလာဆောင်ပြီး ရက်ပိုင်းအတွင်းမှာပင် ချင်းတွင်းမြစ်အရှေ့ဘက်ကမ်းသို့ လှေဖြင့်ကူးသွားကြစဉ် လှေနစ်သဖြင့် နှစ်ယောက်စလုံး အသက်သေဆုံးသွားခဲ့ကြသည်။

သူတို့အကြောင်းနှင့်သူတို့ သေဆုံးရခြင်း ဖြစ်သော်လည်း အတော်များများကတော့ မြလေးခင်တို့ လက်ချက်မကင်းဟု ယူဆကြလေသည်။

"ဒေါ်မင်းဇာဆိုတာ ရွာတော်ရှင်မ တစ်ဦးပဲ၊ စုန်းပညာလည်း အတော်တတ်တယ်၊ သူ့ရဲ့မောင်ဆိုတာ သရဲတစ်ပိုင်း ဘီလူးတစ်ပိုင်း ဖြစ်နေတဲ့ တစ်ပွဲစားတစ်ယောက် ဖြစ်နေတဲ့ သတင်းကို နည်းနည်းလေးတောင် သတင်းမကြားမိကြဘူးလား"

"ဟုတ်ပါရဲ့. . ဒီလောက် ရွာချင်းဆက်နေတာတောင် ဒီသတင်းတွေ မကြားမိတာ အံ့ပါရဲ့၊ အခုတော့ စုန်းမကြီးရဲ့မြေးကိုမှ သွားပြီးထိတော့ အသက်သေကြရပြီ"

"ငါတို့ သားတွေရှိရင်တော့ သေသေချာချာ မှာထားရမယ်၊ မိန်းမယူချင်ရင်တောင် ရွာတော်ရွာက မိန်းမတော့ ဘယ်တော့မှ မယူနဲ့လို့ တစ်ခါတည်း မှာထားရမယ်"

ဟု အချင်းချင်း ပြောဆိုနေကြလေသည်။

ဘာပဲဖြစ်ဖြစ် ထိုကဲ့သို့သော အကြောင်းတိုက်ဆိုင်မှုများ ဖြစ်ခဲ့ရပြီး၊ နောက်ပိုင်းမှာတော့ ထိုအနီးတစ်ဝိုက်မှာ ရှိကြသော



www.burmeseclassic.com

www.burmeseclassic.com



ရွာများမှ ကာလသားများမှာ မြလေးခင်ကိုတွေ့လျှင် ချစ်ရေးဆိုဖို့ မဆိုထားနှင့် ဝေးဝေးမှပင် ရှောင်ပြေးကြလေသည်။

လှပဝေသော ပန်းတစ်ပွင့်ပင် ဖြစ်စေကာမူ အဆိပ်ပြင်းသော ပန်းကဲ့သို့ ဝေးဝေးမှ ရှောင်ဖယ်သွားကြခြင်း ဖြစ်ပေသည်။ မြလေးခင်ကတော့ ထိုအကြောင်းများကို သိပ်မသိရှာပေ။

သူမနှင့် ပတ်သက်သူများမှာ တိုက်တိုက်ဆိုင်ဆိုင် ဆိုသလိုပင် ကံကြမ္မာဆိုးများနှင့် ကြုံတွေ့ကြရသောကြောင့် စိတ်မကောင်းတော့ ဖြစ်နေမိသည်။

ယခုနောက်ပိုင်းမှာတော့ မြလေးခင်မှာ နောက်ထပ်လူတစ်ယောက်နှင့် ချစ်သူဘဝ ရောက်နေကြပြန်လေသည်။ သူမ၏ ချစ်သူမှာ ကျွန်းတောရွာမှ ရင်မောင်ဆိုသူပင် ဖြစ်သည်။

ရင်မောင်က အသက်(၃၀)ဝန်းကျင် အရွယ်ခန့်ရှိပြီး မိဘဆွေမျိုး အသိုင်းအဝိုင်း တောင့်တင်းသူ ဖြစ်သည်။

ရင်မောင်ဖခင် ဦးပန်းမြိုင်မှာ ကျွန်းတောရွာမှ ရွာလူကြီးဖြစ်သည်။ လယ်ပိုင် ခြံပိုင်နှင့် စီးပွားရေး တောင့်တင်းကြသည်။

မိခင်ဖြစ်သူက ဒေါ်လှရုံဖြစ်ပြီး ရင်မောင်မှာ အစ်မဖြစ်သူ မယ်မြိုင်နှင့် ညီမဖြစ်သူ မယ်ကြိုင်တို့ ရှိကြသည်။

မယ်မြိုင်က (၃၀)ကျော်အရွယ် အပျိုကြီးဖြစ်ပြီး ညီမဖြစ်သူ မယ်ကြိုင်ကတော့ အသက်(၂၀)ကျော်သာ ရှိသေးသည်။

၎င်းတို့မိသားစုက စီးပွားရေးလည်း ချောင်လည်၊ ဆွေမျိုးအသိုင်းအဝန်းလည်း တောင့်တင်းကြသဖြင့် မာနကြီးကြသည်။ ရင်မောင်ကတော့ ထိုမိသားစုဝင်တစ်ဦးပင် ဖြစ်သော်





လည်း ၎င်းတို့နှင့် မတူဘဲ ရိုးရိုးအေးအေးပင် နေတတ်သူတစ်ဦး ဖြစ်လေသည်။

မြလေးခင်နှင့် အလှူပွဲတစ်ခုမှာ တွေ့ကြရာမှ စွဲလန်းမှု ဖြစ်မိသောကြောင့် နောက်ပိုင်း ချစ်သူဘဝရောက်အောင် အမျိုးမျိုး ကြိုးစားခဲ့ခြင်း ဖြစ်လေသည်။

မြလေးခင်ကတော့ 'တစ်ခါသေဘူး၊ ပျဉ်ဖိုးနားလည်' ဆိုသကဲ့သို့ သူမနှင့်ပတ်သက်ပါက တစ်စုံတစ်ခု ဖြစ်မည်စိုးသောကြောင့် အတန်အတန် ငြင်းပယ်ခဲ့လေသည်။

သို့သော်လည်း ရင်မောင်က နည်းအမျိုးမျိုးသုံးကာ မရမနေ ကြိုးစားခဲ့သဖြင့် နောက်ပိုင်း အတော်ကြာမှ ချစ်သူအဖြစ် လက်ခံခဲ့ခြင်း ဖြစ်သည်။

ချစ်သူဘဝရောက်တော့လည်း မြလေးခင်က ရင်မောင်အပေါ်၌ သစ္စာရှိခဲ့လေသည်။

တစ်နေ့တော့ ရွာတော်ရွာရှိ နှစ်ယောက်သား ချိန်းတွေ့နေကျ နေရာလေးမှာ နှစ်ယောက်သား တွေ့ကြတော့ ရင်မောင်က ပြောသည်။

"မြလေး ငါတို့နှစ်ယောက် ချစ်သူတွေဘဝ ရောက်ခဲ့ကြတာ အတော်ကြာခဲ့ပြီဆိုတော့ ဒီအတိုင်းပဲ နေသွားကြတော့မှာလား၊ ငါကတော့ လူကြီးမဘတွေကို အသိပေးပြီး တောင်းရမ်းလက်ထပ်ပြီးတော့ အတူတူ နေချင်လှပြီ"

"ကျွန်မလည်း ကိုရင်မောင်လိုပါပဲ၊ ဒါပေမယ့် ကျွန်မတို့ လက်ထပ်ဖို့ကိစ္စက အဆင်ပြေပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့် မပြေရမှာလဲ"

"ကိုရင်မောင် မိဘဆွေမျိုးသားချင်းတွေသိရင် ကျွန်မနဲ့ သဘောတူလက်ခံပါ့မလား"

"ဘာကြောင့် သဘောမတူရမှာလဲ၊ မြလေးမှာ ဘာတွေ အပြစ်ရှိနေလို့လဲ၊ ဘယ်လိုချို့ယွင်းချက်တွေ ရှိနေလို့လဲ"

"ကျွန်မတို့ သတင်းတွေက ဟုတ်တာတွေရော မဟုတ်တာတွေပါ ဒီတစ်နယ်လုံးမှာ ပြန့်နေတာဆိုတော့"

"ဘယ်သူတွေ ဘာတွေပဲပြောပြော ကိုယ်ကတော့ အယုံအကြည် မရှိဘူး၊ ဘယ်သူတွေ ဖျက်လို့မှလည်း ပျက်မှာမဟုတ်ဘူး"

"ကိုရင်မောင် သဘောကိုတော့ ကျွန်မသိပါတယ်"

ထိုအခါ ရင်မောင်က မြလေးခင်၏ လက်ကလေး တစ်ဖက်ကို ကိုင်ပြီး ပြောသည်။

"အခု ကိုယ်လာတာ တခြားမဟုတ်ဘူး၊ မြလေးကို ပြောစရာ ရှိလို့ပါ"

"ဘာများလဲဟင်"

"လာမယ့် နတ်တော်လပြည့်နေ့ကျရင် ကိုယ်တို့အိမ်မှာ အလှူပွဲရှိတယ်၊ အဲဒါ မြလေးလာခဲ့ဖို့ ပြောတာပါ"

"ကျွန်မလာလို့ ဖြစ်မယ်မထင်ပါဘူး၊ ကိုရင်မောင်ရယ်"

"ဘာကြောင့် မဖြစ်ရမှာလဲ"

တော်ကြာ လူတွေက ကျွန်မကို တစ်မျိုးမြင်ပြီး ပြောကြလိမ့်မယ်၊ နောက်ပြီး ကိုရင်မောင်ရဲ့ မိဘအသိုင်းအဝိုင်းကရော





ကျွန်မလာမှာကို သဘောကျပါ့မလား"

"ဘာကြောင့် သဘောမကျရမှာလဲ. . ၊ သူတို့ ချွေးမလောင်း ဘယ်လောက်ချော ဘယ်လောက်လှတယ်ဆိုတာ မြင်သွားရင် ပိုတောင် သဘောကျသွားကြမှာပါ"

မြလေးခင်က အတော်ကြာအောင် စဉ်းစားနေသောအခါ. . ရင်မောင်က မကျေမနပ်ဖြင့် ထပ်ပြောပြန်သည်။

"ကိုယ့်အလှူပွဲကိုမှ မြလေးမလာဘူးဆိုရင် ကိုယ်ကတော့ ဘယ်နည်းနဲ့မှ ကျေနပ်မှာ မဟုတ်ဘူး"

"ဒီလိုဆိုရင်လည်း အလှူနေ့ရောက်တော့ ကျွန်မတို့ လာခဲ့ပါ့မယ်"

ဟု စိတ်လေးလေးနှင့်ပင် ကတိပေးလိုက်လေသည်။

ရင်မောင်ကတော့ မြလေးခင်ထံမှ ထိုကဲ့သို့ ကတိရသဖြင့် အကျေနပ်ကြီး ကျေနပ်က ပြန်သွားလေတော့သည်။

ထိုအကြောင်းအား အဖွားဖြစ်သူ ဒေါ်မင်းဇာအား ပြောပြသောအခါ သိပ်လက်မခံချင်ပေ။

"နင် သွားလို့ အအဆင်ပြေမယ် မထင်ဘူး၊ လူတွေအတော်များများက ငါတို့မိသားစုတွေအပေါ်မှာ မကောင်းဆိုးဝါးတွေလို့ ထင်မြင်နေကြတာ၊ တော်ကြာဟိုရောက်တော့မှ လူကြားထဲမှာ အရှက်ရနေပါဦးမယ်"

"ကျွန်မလည်း သိပါတယ် အဖွားရယ်၊ ဒါပေမယ့် ဆက်ဆက်လာပါ့မယ်လို့ သူ့ကို ကတိပေးလိုက်ပြီးမှ မသွားရင် တစ်မျိုးထင်နေမှာ စိုးရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မင်းဇာက မြလေးခင်နှင့် ရင်မောင်တို့ နှစ်ယောက်ကို သိတန်သလောက် သိသော်လည်း ဘာမှတော့ ဝင်ရောက်စွက်ဖက်ပြောဆိုခြင်း မရှိပေ။

"တစ်ခုခု ဖြစ်လာမှာစိုးလို့ ငါက တားတာပါ၊ တကယ်လို့ တစ်ခုခုဖြစ်ရင် ငါက နားလည်ခွင့်လွှတ်ပေးနိုင်ပေမယ့် . . နင့်ဘကြီး သိသွားရင် သည်းခံမှာ မဟုတ်ဘူး"

"သူ မသိစေရပါဘူး အဖွားရယ်၊ ပြောတဲ့စကားက လွန်ခဲ့ပြီးပြီဆိုတော့ ကျွန်မ သွားပါရစေ"

ဟု ထပ်မံခွင့်ပန်လေသည်။

ထိုအခါ ဒေါ်မင်းဇာက ထွေထွေထူးထူး ဘာမှမပြောတော့ပေ။

ရင်မောင်နှင့် ချိန်းထားသော လပြည့်နေ့ ရောက်သောအခါ မြလေးခင်သည် သူမနှင့် ရင်းနှီးသော အေးမူဆိုသော မိန်းကလေးတစ်ယောက်ကိုပါ အဖော်ခေါ်ပြီး ကျွန်းတောရွာသို့ သွားလေသည်။

ချောင်းရိုးတစ်လျှောက် တစ်ရွာနှင့်တစ်ရွာ ဆက်နေသည် ဆိုသော်လည်း ရွာချင်းကူးသော နေရာများမှာတော့ သစ်တောများ ရှိနေသည်။

ရင်မောင့်ဖခင် ဦးပန်းမြိုင်မှာ ကျွန်းတောရွာ၏ ရွာလူကြီးဖြစ်သည်ကတစ်ကြောင်း၊ စီးပွားရေး ချောင်လည်ဖြိုး ပေးနိုင်ကမ်းနိုင်သူတစ်ဦးလည်း ဖြစ်သည့်အပြင် . . . ဆက်ဆံရေးပါကောင်းမွန်သူ ဖြစ်သဖြင့် ဇင်းပြုလုပ်သော အလှူပွဲသို့ ရပ်ဝေး





ရပ်နီးမှ မိတ်ဆွေအတော်များများ လာရောက်ကြလေသည်။

ရွာလူကြီးကတော် ဒေါ်လှရုံမှာလည်း လာသမျှ ဧည့်သည်တို့ကို ဧည့်ခံကျွေးမွေးရာတွင် လိုလေသေးမရှိအောင် စီမံဆောင်ရွက်ပေးနေရလေသည်။

သမီးဖြစ်သူ မယ်မြိုင်နှင့် မယ်ကြိုင်တို့မှာလည်း အစွမ်းကုန် မွမ်းမံခြယ်သထားပြီး ထိုလိုအခွင့်အခါသင့်သော အချိန်မျိုးတွင် သင့်တော်သောသူမျိုးနှင့် တွေ့လိုတွေ့ငြား မျှော်လင့်ချက်ကိုယ်စီဖြင့် ရပ်ဝေးရပ်နီးမှလာကြသော ဧည့်သည်တို့ကို ဧည့်ခံကြိုဆိုနေကြလေသည်။

ထိုအချိန်မှာပင် မဏ္ဍာပ်သို့ မြလေးခင် ရောက်လာလေသည်။ မြလေးခင်ကိုမြင်တော့ လူအတော်များများမှာ အံ့သြသွားကြဟန်ဖြင့် ဝိုင်းကြည့်ကြသည်။

ကွမ်းစား၊ ဆေးသောက်ရင်းနှင့် အချင်းချင်း စကားဆက်ဆံ ပြောမကုန်အောင် ရှိနေကြသဖြင့် မဏ္ဍာပ်တစ်ခုလုံး ဆူညံနေသော အသံများမှာ မီးကိုရေဖြင့် ဖျမ်းလိုက်သကဲ့သို့ အပြိုင်တည်း ငြိမ်ကျသွားလေသည်။

မျက်လုံးများကလည်း မြလေးခင်ရှိရာသို့သာ မသိမသာ ရောက်နေကြသည်။

အကြောင်းမသိသော ရပ်ဝေးမှလာသည့် ဧည့်သည်တို့မှာ အခြားသူများနှင့်မတူ တစ်မူထူးခြားစွာ ချောမောလှပသူ ဖြစ်သဖြင့် မသိမသာ အကဲခတ်ကြည့်ကြသည်။

တွေ့ဖူးမြင်ဖူး၊ သတင်းကြားဖူးသူတွေကတော့ အမြင်



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးဖြင့် ကြည့်ကြခြင်း ဖြစ်သည်။

မဏ္ဍာပ်ပေါက်ဝမှ လာသမျှ ဧည့်သည်များကို ဆီးကြို နှုတ်ဆက်ကာ နေရာချပေးနေသော မယ်မြိုင်နှင့် မယ်ကြိုင်တို့က တော့ မြလေးခင် အကြောင်းကို ကောင်းစွာသိထားကြသူများ ဖြစ်ကြသဖြင့် ယခုကဲ့သို့ ရောက်လာခြင်းကို များစွာအံ့ဩနေကြ ဟန်ရှိသည်။

စိတ်ထဲမှလည်း မကျေမနပ် ဖြစ်သွားကြသည်။

ပထမတော့ သူတို့ ညီအစ်မလောက် ချောမောလှပသူ မရှိသလိုဖြင့် တပြုံးပြုံးဖြစ်နေကြရာ မြလေးခင် ရောက်လာ သောအခါ နေရောင်ရောက်လာသဖြင့် လရောင် မှိန်သွားရသ ကဲ့သို့ ဖြစ်ကာ စောစောက သူတို့ ညီအစ်မနှစ်ယောက် ရှိရာသို့ သာ မျက်လုံးအကြည့်များ ရောက်နေကြသည့် လူပျိုကာလသား တို့မှာ မြလေးခင်ရောက်လာသောအခါ မြလေးခင်ရှိရာသို့သာ အကြည့်အားလုံး ရောက်သွားသဖြင့် မိန်းမတို့သဘာဝ မကျေ မနပ် ဖြစ်ကြခြင်းသာ ဖြစ်ပေသည်။

မြလေးခင်ကတော့ ထိုအရာများကို ဂရုမစိုက်ဘဲ.. မဏ္ဍာပ်အပေါက်ဝ ရောက်သောအခါ မယ်ကြိုင်နှင့် မယ်မြိုင် တို့ကိုတွေ့လျှင် ဝတ္တရားအရ ပြုံးပြနှုတ်ဆက်သည်။

ထိုအခါ မယ်မြိုင်နှင့် မယ်ကြိုင်တို့ နှစ်ယောက်စလုံး တို့မှာ မသိဟန်ဆောင်နေကြလေသည်။

ထိုအခိုက်မှာပင် ရင်မောင်က အနားရောက်လာပြီး မြလေးခင်တို့နှစ်ယောက်ကို လာခေါ်တော့မှ အသက်ရှူချောင်





သွားလေတော့သည်။

မြလေးခင်ကို ရင်မောင် ခေါ်သွားသည်ကို မိခင်ဖြစ်သူ ဒေါ်လှရုံကလည်း လှမ်းမြင်လိုက်သဖြင့် သမီးနှစ်ယောက်ရှိသော နေရာ ရောက်လာပြီး တိုးတိုးတိတ်တိတ်မေးသည်။

"ရင်မောင် ခေါ်သွားတာ ဘယ်သူလဲဟဲ့"

"အို အမေကလည်း ဒါတောင် မသိဘူးလား၊ ရွာတော် ရွာက မြလေးခင်ဆိုတာ သူပေါ့"

ထိုသို့ ပြောသော်လည်း ဒေါ်လှရုံက လူကြီး ဖြစ်သဖြင့် ဝေဇဝါ ဖြစ်နေသေးသည်။

"မြလေးခင်ဆိုတာ"

"မြလေးခင်ဆိုတာ ရွာတော်ရှင်မကြီး ဒေါ်မင်းဇာရဲ့ မြေး လေ၊ ဒါတောင် မသိဘူးလား"

"ငါကတော့ ဘယ်သိပါ့မလဲအေ၊ ဒါထက် သူက ဘယ် သူဖိတ်လို့ လာတာလဲ"

"ဘယ်သူရှိရမလဲ၊ အမေ့သား ရင်မောင်ဖိတ်လို့ ရောက် လာတာ ဖြစ်မှာပေါ့၊ အမေ့သားတော့ ကိုယ့်သေတွင်း ကိုယ်တူး နေပြီ"

"ဘယ်လိုဖြစ်လို့လဲ"

"မြလေးခင်နဲ့ ယူဖို့ကြံတဲ့လူတိုင်း သေတာ.. ဘယ်နှ ယောက် ရှိနေပြီလဲ၊ သူလည်း ဘယ်နေရာမှာ သေမလဲ၊ စောင့် သာ ကြည့်နေပေတော့"

"အိုး.. အလှူအတန်း လုပ်နေတဲ့အချိန်မှာ မင်္ဂလာမရှိ



www.burmeseclassic.com

www.burmeseclassic.com



တဲ့စကားတွေ ဘာကြောင့် ပြောနေရတာလဲ၊ ဒါပေမယ့် နင့်အဖေကိုတော့ အကျိုးအကြောင်း ပြောပြထားရမယ်၊ သိရက်သားနဲ့ မပြောရင် ငါတို့အပြစ် ဖြစ်နေလိမ့်မယ်”

ဟု သားအမိသုံးယောက် တိုးတိုးကြိတ်ကြိတ် တိုင်ပင်ပြီးနောက် ဒေါ်လှရှုံက ထိုနေရာမှ ပြန်ထွက်သွားလေသည်။

ထိုသို့ပြောဆိုနေသည်ကို ရင်မောင်ကတော့ မသိရှာပေ။ မြလေးခင် အနားမှာသာ လိုလေသေးမရှိအောင် ဧည့်ခံရင်း စကားပြောနေလေသည်။

“မြလေး လာမှလာပါ့မလားလို့ စိတ်ပူနေတာ၊ အခုလို ရောက်လာတော့ သိပ်ပြီး ဝမ်းသာတာပဲ”

မြလေးခင်ကတော့ ပြုံးရုံသာ ပြုံးနေလေသည်။

ရင်မောင်က အနားလာထိုင်ပြီး ရေပက်မဝင်အောင် စကားပြောနေသော်လည်း မလေးခင်ကတော့ ပြုံးပြရုံ ခေါင်းညိတ်ပြရုံလောက်သာ ပြုလုပ်လေသည်။

ထိုအခြေအနေကို ဦးပန်းမြိုင်ကမြင်တော့ စိတ်ထဲမှ မကျေမနပ် ဖြစ်သွားသည်။

သို့ကြောင့် အနားရောက်လာပြီး ပြောသည်။

“ရင်မောင် ဟိုမှာ တခြားဧည့်သည်တွေကိုလည်း နေရာထိုင်ခင်း ချပေးဦးလေ”

“ဟုတ်. . ဟုတ်ကဲ့ အဖေ”

ဟု ပြောကာ နေရာမှ ထသွားလေသည်။

ဦးပန်းမြိုင်ကတော့ မြလေးခင်ကို တစ်ချက်သာကြည့်





ပြီး ထိုနေရာမှ ပြန်ထွက်သွားလေသည်။

မကြာမီ ထိုနေရာသို့ မယ်မြိုင်ရောက်လာပြီး မြလေးခင် အနားမှာ ဝင်ထိုင်သည်။

“ဟိုဘက်ရွာက မြလေးခင် ထင်ပါရဲ့”

“ဟုတ်ပါတယ် မမ”

“အခုလို ငါတို့အလှူကိုလာပြီး အားပေးတာ ကျေးဇူးတင်ပါတယ်အေ၊ နွေကျရင်လည်း နောက်ထပ် မင်္ဂလာပွဲတစ်ပွဲ လုပ်ဖို့ရှိသေးတယ်၊ အဲဒီကျရင်လည်း လာခဲ့ဦးနော်”

ထိုသို့ ပြောသဖြင့် ရေယောင်ပြီး ခေါင်းညိတ်ပြလိုက်ရသည်။

“တခြားမင်္ဂလာပွဲတော့ မဟုတ်ပါဘူး၊ ငါတို့ရဲ့ မောင်ရင်မောင်က ဟိုဘက်ရွာက မိန်းကလေးတစ်ယောက်နဲ့ မင်္ဂလာဆောင်ဖို့ လူကြီးချင်းတွေ ပြောဆိုထားပြီးပြီမို့ မင်္ဂလာပွဲရက်ကျရင် ဆက်ဆက်လာခဲ့ဦးနော်”

“ဟုတ်. . ဟုတ်ကဲ့”

ထိုသို့ ပြန်ပြောသောအခါ မယ်မြိုင်လည်း အောင်မြင်သူအပြုံးမျိုးဖြင့် ပြုံးကာ ထိုနေရာမှ ပြန်ထသွားလေသည်။

မြလေးခင်လည်း ထိုနေရာမှာ ကြာရှည် ဆက်မနေချင်တော့သဖြင့် ထပြန်ရန် ပြင်လေသည်။

ထိုအခြေအနေကို မြင်တော့ ရင်မောင်က ကပျာကယာ အနားရောက်လာပြီး မေးသည်။

“မြလေး . . ပြန်. . ပြန်တော့မလို့လား”



www.burmeseclassic.com

www.burmeseclassic.com



မြလေးခင်က မျက်စိမျက်နှာ မကောင်းစွာဖြင့် ခေါင်း ညိတ်ပြသည်။

"ထမင်းတောင် မစားရသေးဘူး၊ နေပါဦးလား"

"ကျွန်မကိုယ်လက် မအီမသာဖြစ်လာလို့ ပြန်တော့မယ်"

ဟုပြောပြီး မဏ္ဍာပ်အပြင်သို့ ထွက်လာတော့ ရင်မောင် က နောက်မှ လိုက်ပို့ပေးသည်။

"ဟိုမှာ ဧည့်သည်တွေကို ဧည့်ခံဖို့ ရှိသေးတယ်၊ ကျွန်မ မှာ အဖော်ပါလာပါတယ်၊ နေခဲ့ပါတော့"

ဟု ပြောကာ ထိုနေရာမှ ခပ်သုတ်သုတ်ပြန်ထွက်လာ လေတော့သည်။

အလာတုန်းကနှင့် မတူဘဲ အပြန်မှာတော့ သူမမျက် ဝန်းမှာ မျက်ရည်ကြည်များ ရစ်ဝဲလျက် ပါလာလေသည်။







# အခန်း(၄)

## ထူးဆန်းသည့် ပုံပန်းသဏ္ဌာန်ရှိသော သဲရဲ

အချိန်က နေ့လည်ပိုင်းပင် ရှိသေးသော်လည်း ရွာချင်း ကူးသည့် တောလမ်းခရီးမှာတော့ လူသွားလူလာ ပြတ်နေလေ သည်။

လူသွားလမ်းကလေးသာရှိပြီး နံဘေးတစ်ဖက်တစ်ချက် တော့ ချုံများ သစ်ပင်ကြီးများက အုပ်မိုးလျက် ရှိနေကြသည်။

မြလေးခင်နှင့် အေးမူတို့ နှစ်ယောက်တည်း တောလမ်း



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ပြန်လာတော့ လမ်းတစ်လျှောက်လုံးမှာ လူသွားလူလာ မတွေ့ရဘဲ ရှိနေသည်။

ထိုအခိုက်မှာပင် နောက်ဘက်မှ ခြေသံလိုလို တောတိုး လာသောအသံလိုလို ကြားရသဖြင့် အေးမူက မကြာခဏ လှည့် ကြည့်လေသည်။

သူ လှည့်ကြည့်တော့လည်း ထူးထူးခြားခြား ဘာမှမ တွေ့ရပေ။

"နင် ဘာကြည့်နေတာလဲ"

အေးမူကိုကြည့်ပြီး မြလေးခင်က မေးသည်။

"နောက်ဘက်က ခြေသံလိုလို ကြားရလို့ မမ"

"တောတိရိစ္ဆာန်တွေ ဖြစ်မှာပေါ့"

အေးမူက ပြောသော်လည်း မြလေးခင်ကတော့ တ စက်ကလေးမှ ကြောက်ရွံ့ဟန်မရှိဘဲ ရှေ့သို့ဆက်သွားရာ အေး လည်း ကြောက်ရွံ့စွာနှင့်ပင် နောက်မှလိုက်သွားရသည်။

စောစောက ခြေသံလိုလို ကြားရသည်က သူတို့ နောက်ဘက်မှ ဖြစ်လေသည်။

တကယ်တွေ့ရတော့ သူတို့အရှေ့ဘက်မှ ဖြစ်သည် တောထဲမှ လူသုံးယောက် ထွက်လာခြင်း ဖြစ်သည် သုံးယောက်စလုံး လူမိုက်ရုပ် ပေါက်နေပြီး အရက် နေကြဟန်လည်း ရှိသည်။

ထိုနေရာက လမ်းဘေးတစ်ဖက်တစ်ချက်တွင် သ ထူထပ်သော နေရာဖြစ်သည်။





လမ်းပေါ်မှာရပ်နေကြသော လူသုံးယောက်ကိုမြင် တော့ အေးမူမှာ မျက်နှာပျက်ပြီး များစွာထိတ်လန့်ကြောက်ရွံ့ သွားလေသည်။

မြလေးခင်ကတော့ အရက်မူးနေသူ သုံးယောက်ကို တွေ့သော်လည်း နည်းနည်းလေးမှ ဟန်အမူအရာ မပျက်ပါဘဲ နှင့် ခြေလှမ်းမှန်မှန်နှင့်သာ ဆက်လျှောက်သွားသည်။

လူသုံးယောက်နှင့် မနီးမဝေးရောက်တော့မှ ရပ်လိုက် သည်။

"ဘာကြောင့် လမ်းပိတ်ထားတာလဲ"

"မင်းက သိပ်ချောသိပ်လှတော့ ပြောစရာစကားရှိလို့ အမင်လာစောင့်နေတာပေါ့ကွာ"

ဟု တစ်ယောက်က ပြောသည်။

"ပြောစရာစကားရှိရင် အိမ်ကိုလာပြော၊ ဒီနေရာမှာ တော့ ရှင်တို့ပြောတာကို နားထောင်ဖို့ အချိန်မရှိဘူး"

ဟု လေသံမာမာနှင့်ပင် ပြန်ပြောလိုက်သည်။

ထိုအခါ နှုတ်ခမ်းမွှေးကားကား ရုပ်ကြမ်းကြမ်းနှင့် လူ တစ်ယောက်က ရှေ့သို့တိုးလာသည်။

"ငါ့နာမည် ဖိုးထင်လို့ခေါ်တယ်၊ ငါက အခုလို မာနကြီး တဲ့ မိန်းမမျိုးမှ ပိုပြီးသဘောကျတာ"

ဟု ပြောပြောဆိုဆိုနှင့် ရှေ့တိုးလာရာ မြလေးခင် အနား ရောက်ခင်မှာ ခြုံထဲမှထွက်လာသော လက်မည်းကြီး တစ်ဖက် က ဖိုးထင်ကို ဆွဲယူသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အား. . ."

သတ်တားရား ခြေကားရားနှင့် ကြွက်ကို ၄က်သုတ်သ ဲ့သို့ ပါသွားသော ဖိုးထင်မှာ မြို့များနောက်ရောက်တော့ အသံ ပျောက်သွားတော့သည်။

ထိုအခါ အတူပါလာသော နှစ်ယောက်တို့မှာ အခြေအ နေမကောင်းမှန်း သိကြသဖြင့် ထိုနေရာမှ ထွက်ပြေးကြလေ သည်။ တစ်ယောက်သာလွတ်ပြီး တစ်ယောက်က မလွတ်တော့ ပေ။

ကျွန်းတောရွာမှာတော့ အလှူကိုစ ပြီးပြီဖြစ်သဖြင့် မဏ္ဍာပ်ထဲမှာ ပစ္စည်းများပင် သိမ်းနေကြလေပြီ။

ထိုအချိန်တွင် ဦးပန်းမြိုင်ရှိရာသို့ လူတစ်ယောက် ပြေး ရောက်လာသည်။ တောထဲမှ မောကြီးပန်းကြီး ပြေးထွက်ခဲ့ရဟန် တူလေသည်။

"သာခင် ဘာဖြစ်လာတာလဲ"

သာခင်ဆိုသူက ဦးပန်းမြိုင်အနီးသို့ ကပ်ကာ အကျိုးအ ကြောင်း ပြောပြလိုက်သဖြင့် မျက်လုံးပြူးသွားလေသည်။

ထို့နောက် အလုပ်လုပ်နေသူ အချို့ကိုပါ တစ်ပါတည် ခေါ်သွားပြီး တောထဲလိုက်သွားကြလေသည်။

တစ်နေရာရောက်တော့ သစ်ပင်များကြားမှာ လဲေ သော ဖိုးထင်နှင့် မောင်ငွေတို့ နှစ်ယောက်ကို တွေ့ရသည်။

အသက်မသေကြသေးသော်လည်း သတိမရတော့ဘေ တစ်ကိုယ်လုံး အညိုအမည်း စွဲနေပြီး ခြေလက်တို့မှာ မလှုပ်နိုင်





အောင် ဖြစ်နေကြသည်။

သို့ကြောင့် နှစ်ယောက်စလုံးကို ဝါးကပ်များဖြင့် ရွာသို့ သယ်ယူသွားပြီးနောက် ဆေးဆရာခေါ်ကာ ဆေးကုပေးရလေ သည်။

"သူတို့နှစ်ယောက်စလုံး နလံမထူနိုင်အောင် လုပ်ထား တာ ဘယ်သူ့လက်ချက်လဲ"

ဦးပန်းမြိုင်က တိုးတိုးတိတ်တိတ်မေးသည်။

"ကျွန်တော်လည်း မသိဘူး၊ စကားပြောနေတုန်း ချုံထဲ က လက်မည်းကြီးတစ်ဖက် ထွက်လာပြီး ဆွဲသွားတာပဲ"

"ဟင်. ."

ထိုစကားကြောင့် ဦးပန်းမြိုင်ကိုယ်တိုင် အံ့ဩထိတ်လန့် သွားသည်။ သာခင်ဆိုသူက ပြောပြသည်။

"ဆရာကြီး မသိဘူးလား၊ မြလေးခင်ဆိုတဲ့ မိန်းကလေး က တခြားမဟုတ်ဘူး၊ ဟိုဘက်ရွာက ရွာတော်ရှင်မကြီးရဲ့ မြေးပဲ"

"ဟင်. . ."

"သူ့မြေးကို နှောက်ယှက်ဖို့ ကြံစည်တာကို ရွာတော်ရှင် မကြီး သိသွားလို့ တပည့်တပန်းတွေလွှတ်ပြီး နှိပ်စက်တာဖြစ် မယ်"

ထိုစကားကြောင့် ဦးပန်းမြိုင်ကိုယ်တိုင် ထိတ်လန့်တုန် လှုပ်သွားလေသည်။

ညအချိန် မိသားစုများစုံတော့ ဒေါ်လှရှိက မေးသည်။

"ကိုပန်းမြိုင် ရှင် နေ့လည်တုန်းက ဘာတွေလုပ်ပြီး ဘာ



www.burmeseclassic.com

www.burmeseclassic.com



တွေဖြစ်ခဲ့တယ်ဆိုတာ သေသေချာချာ ပြောပြပါဦး”

“တခြားတော့ မဟုတ်ပါဘူးကွာ၊ ရင်မောင်နဲ့ ပတ်သက်နေတဲ့ မိန်းကလေးကို ငါက သေသေချာချာ မသိဘူး၊ ဒါကြောင့် ဘယ်ရွာကလဲ ဘယ်ကိုပြန်တာလဲ သိချင်လို့ ဖိုးထင်တို့ကို နောက်ကလိုက်ပြီး စုံးစမ်းခိုင်းခဲ့တာပါ”

“ဒါပေမယ့် တော်ခိုင်းတဲ့လူတွေ သုံးယောက်စလုံးက အရက်မူးနေကြပုံရတယ်၊ မူးမူးရူးရူးနဲ့ မတော်တာတွေ ပြောဆိုလို့ ဟိုက လုပ်သွားတာ ဖြစ်မှာပေါ့”

“နေစမ်းပါဦး၊ အဲဒီမိန်းကလေးက ဘယ်ရွာကလဲ ဘယ်သူ့သမီးလဲ”

ထိုသို့ မေးသဖြင့် ဒေါ်လှရှုံက မီးသေနေသော ပြောင်းဖူးဖက် ဆေးပေါ့လိပ်ကို မီးညှိဖွာရင်း ပြောလိုက်သည်။

“တော်ကလည်း. . ရွာလူကြီး လုပ်နေပြီး ဘယ်ရွာမှာ ဘယ်သူတွေနေတယ်တောင် မသိဘူးလား”

“ငါ့လို ငါ့ရွာလူကြီးကိုတော့ တစ်နယ်လုံးက သိကြမှာပေါ့၊ ငါကတော့ တစ်နယ်လုံးကို ဘယ်သိပါ့မလဲ”

ဟု ဟန့်ပါပါပြောလိုက်ရာ ဒေါ်လှရှုံက ဆေးပေါ့လိပ်ဖွာရင်းမှ မျက်စောင်းတစ်ချက် ထိုးလိုက်သည်။

“အရေးထဲမှာ. .”

“ကဲ. . လိုရင်းသာ ပြောပါကွာ”

“အဲဒီမိန်းကလေးက တခြားမဟုတ်ဘူး၊ ရွာတော်ရွာက ရွာတော်ရှင်မကြီး ဒေါ်မင်းဇာရဲ့ မြေး၊ မြလေးခင်တဲ့”





“ဟင်. .”

“ဟင်မနေနဲ့ တော့်သားရင်မောင်က အဲဒီမိန်းကလေးနဲ့မှ မေတ္တာရှိနေပုံရတယ်”

“အို:. . ဒီလိုတော့ ဘယ်ဖြစ်ပါ့မလဲ”

“တော်ကသာ မဖြစ်ဘူး ပြောနေတယ်၊ ရင်မောင်ကတော့ တန်းတန်းစွဲ ဖြစ်နေပုံရတယ်”

ထိုအခါ အနားမှာရှိနေကြသော မယ်မြိုင်နှင့် မယ်ကြိုင်တို့ကပါ မီးလောင်ရာ လေပင့်ဆိုသလို ဝင်ရောက်ပြောဆိုကြလေသည်။

“အမေကလည်း ရင်မောင်ကရိုးတော့ ဟိုက ဆေးဝါးအစီအရင်တွေသုံးပြီး အမိဖမ်းထားသလားမှ မသိတာ”

“အို. . ဘာပဲဖြစ်ဖြစ် ကျွန်မအစ်ကိုကိုတော့ ဒီလိုစုန်းမတစ်ယောက်နဲ့ ဘယ်လိုမှ သဘောမတူနိုင်ဘူး”

“ဒီတော့ ဘယ်လိုလုပ်ရင် ပိုကောင်းမလဲ”

ဦးပန်းမြိုင်က မိသားစုများ သဘောကို မေးလိုက်သည်။

ထိုအခါ ဒေါ်လှရှုံက ဝင်ပြောသည်။

“တော့်သားကို ဒီအတိုင်းထားလို့တော့ ဘယ်နည်းနဲ့မှ မဖြစ်တော့ဘူး၊ ကြာရင် ဟိုမိန်းကလေး ဆွဲဆောင်ရာ ပါသွားရင် အနှုတ်ရ ခက်လိမ့်မယ်၊ ဒီတော့ သင့်မြတ်တဲ့ မိန်းကလေး တစ်ယောက်နဲ့ အမြန်ဆုံး နေရာချပေးရင် မကောင်းဘူးလား”

“အဲဒီအကြံကောင်းတယ် အမေ၊ မြန်မြန်စီမံပြီး ဒီနွေရာသီ နေရာချပေးလိုက်ပါ”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုနေကြလေသည်။

ထိုသို့ ပြောဆိုတိုင်ပင်နေသည်ကိုတော့ ရင်မောင်တစ်ယောက် မသိရှာပေ။

မိသားစုလေးယောက် တိုင်ပင်နေကြစဉ် ခြံဝန်းထဲမှ ခွေးဟောင်သံများ ကြားလာရသည်။

ခွေးများက သာမန်ဟောင်ခြင်းမျိုး မဟုတ်ပဲ ဆူးဆူးဝါးဝါး ဟောင်နေခြင်း ဖြစ်သည်။

ခဏကြာတော့ အိမ်အနောက်ဘက်မှာနေသော အလုပ်သမား တဲရှိရာဘက်မှ ဆူဆူညံညံအသံအချို့ ကြားရသဖြင့် ဦးပန်းမြိုင်က နံရံမှာချိတ်ထားသော နှစ်လုံးပြူးသေနတ်ကို ဖြုတ်၍ ပြတင်းပေါက်တံခါး ဖွင့်ကြည့်သည်။

"ဘာဖြစ်တာလဲဟေ့"

"တဲအနောက်ဘက်ကို အပေါ်အပါး ထွက်သွားတာ လူမည်းကြီး ရပ်နေတာတွေ့လို့ ဆရာကြီး"

ဟု ပြောသဖြင့် ဦးပန်းမြိုင်ကိုယ်တိုင် သေနတ်ကိုင်ကာ အိမ်အောက်သို့ ဆင်းသွားကာ အလုပ်သမားများပြသော နေရာသို့ သွားကြည့်လေသည်။

ရွာတန်းမှာ ချောင်းရိုးအတိုင်း အလျားလိုက် ဆောက်ထားသောကြောင့် ရွာတန်းအနောက်ဘက်တွင် သစ်တောများ ရှိသည်။

သစ်တောနှင့် တစ်ဆက်တည်းရှိသဖြင့်. . အိမ်များ ဆောက်ထားသောနေရာမှာ သစ်တောစပ်မှာပင် ရှိသည်။





အလုပ်သမားများ ပြသောနေရာမှာ အိမ်သာရှိသော နေရာနှင့် မနီးမဝေး တောစပ်၌ဖြစ်သည်။

"ဘယ်သူမြင်တာလဲ"

"ကျွန်တော်မြင်တာပါ"

သာခင်ကပြောသည်။

"ဘယ်လိုပုံပန်းသဏ္ဌာန်လဲ"

"အမှောင်ထဲမှာဆိုတော့ သိပ်မသဲကွဲဘူး၊ မျောက်ဝံလိုလို. . လူဝံလိုလို ပုံမျိုးပဲ"

"ဒီလိုဆိုရင် မျောက်ဝံ၊ လူဝံ ဖြစ်ချင်ဖြစ်မှာပေါ့. . ၊ မကောင်းဆိုးဝါးတော့ ဟုတ်မယ်မထင်ဘူး"

ဟု ပြောဆိုနေစဉ် သာခင်တို့နေသော တဲဘက်မှ အော်သံများ ပေါ်ထွက်လာသည်။

၎င်းတို့နေသော နေရာမှာလည်း ဦးပန်းမြိုင်ပိုင်သော ခြံဝန်းအတွင်း၌ပင် ဖြစ်သည်။

ဦးပန်းမြိုင်က ၎င်းထံမှာ အလုပ်လုပ်နေသူများကို ခြံဝန်းထဲမှာပင် တဲများဆောက်ပြီး နေထိုင်ခွင့် ပြုထားခြင်း ဖြစ်သောကြောင့် တဲတစ်ခုံနှင့်တစ်လုံး မဝေးလှပေ။

ကြားရသောအသံက သာခင်နေသော တဲဘက်မှဖြစ်သည်။

သာခင်၏ မိန်းမအော်သံဖြစ်သည်။

"ကယ်ကြပါဦးရှင်. . လာကြပါဦး၊ ဒီမှာ ကိုသာခင်ကို မကောင်းဆိုးဝါးကြီး လာသတ်နေပါတယ်၊ ကယ်တော်မူကြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ထိုအော်သံက စူးစူးဝါးဝါး ဟောင်နေသော ခွေးဟောင်သံများနှင့် ရောထွေးပေါ် လာခြင်း ဖြစ်သည်။

သို့ကြောင့် အသံကြားရာဘက်သို့ သွားကြလေသည်။

သာခင်နေသည့်တဲရောက်တော့ မြင်ကွင်းက မကောင်းလှပေ။

တဲပေါက်ဝမှာပင် သာခင်တစ်ယောက် ရုပ်ပျက်ဆင်းပျက်ဖြင့် အသက်ပျောက်နေချေပြီ။

သာခင် မိန်းမကတော့ ကြောက်ရွံ့ထိတ်လန့်ခြင်း ဝမ်းနည်းကြေကွဲခြင်းဖြင့် ငိုကြွေးနေလေသည်။

နေ့လည်ပိုင်းက တောထဲမှာ အန္တရာယ်တစ်ခုဖြင့် တွေ့သဖြင့် သတိမေ့နေရာ အိမ်သို့ပြန်သယ်လာကြခြင်း ဖြစ်သည်။

အိမ်ရောက်တော့ ဆေးဆရာခေါ်ပြီး ကုပေးရာ သတိပြန်ရလာကာ အတန်အသင့် သက်သာရာ ရလာပြီဖြစ်၏။

ယခုတော့. .

"ဘယ်လိုဖြစ်တာလဲ"

"ကျွန်မလည်း ခဏအိပ်ပျော်သွားပါတယ်၊ အိမ်ပေါ်တက်လာတဲ့ ခြေသံကြားတော့မှ လန့်နိုးလာပြီး ကြည့်လိုက်တော့ သရဲသဘက်တစ်ကောင်လို လူတစ်ယောက် အိမ်ပေါ် တက်လာတာ တွေ့ရပါတယ်"

"နင့်စကားကလဲ၊ ရှင်းအောင်ပြောစမ်းပါ မိတုတ်ရယ် လူဖြင့်လူ သရဲဖြင့်သရဲပေါ့"

ဦးပန်းမြိုင်က စိတ်မရှည်စွာ မေးလိုက်သည်။





"ဒီ. . ဒီလိုပါ အဘရယ်၊ လူတော့ လူပါပဲ၊ တစ်ကိုယ်လုံး အရိုးတွေ မရှိတော့တဲ့အတိုင်း မြွေတစ်ကောင်လို တွန့်လိမ်တက်လာပြီးတော့ ကိုသာခင်ကို သတ်သွားခဲ့တာပါ"

မိတုတ်စကားကြောင့် မီးတုတ်မီးတိုင်များထွန်းပြီး ထိုနေရာတစ်ဝိုက်သို့ လိုက်လံရှာဖွေကြသော်လည်း အန္တရာယ်ပေးသွားသူကိုတော့ မတွေ့ကြရပေ။

ကိစ္စက ထိုနှင့်မပြီးသေးပေ။

ဖိုးထင်နေသော တဲဘက်မှလည်း စူးစူးဝါးဝါး အော်သံများ ကြားရပြန်သဖြင့် ထိုတဲရှိရာသို့ သွားကြရပြန်သည်။

"ဘာဖြစ်နေကြတာလဲ"

"ကယ်ပါဦး ဆရာကြီးရယ်၊ ဆရာကြီးမကယ်ရင်တော့ ဒီည သေရပါတော့မယ်"

ဖိုးထင်က နေရာမှ မထနိုင်သေးသောကြောင့် ငိုသံပါကြီးဖြင့် လှမ်းပြောနေလေသည်။

"ဒီမှာရော ဘာတွေ ဖြစ်နေလို့လဲ"

"သာခင်တဲဘက်က အော်သံကြားလို့ ကျွန်တော်လည်း အိပ်ဝံ့တာနဲ့ ထထိုင်နေတုန်း အိမ်ပေါ်ကို သရဲသဘက်ကြီး တက်လာလို့ပါ"

"ဘယ်လိုတက်လာတာလဲ၊ မြွေတစ်ကောင်လို အရိုးကျိုးနေတဲ့ သရဲလား"

ဦးပန်းမြိုင် စိတ်မရှည်စွာ မေးလိုက်သည်။

"မြွေနဲ့မတူဘူး၊ ဝမ်းဗိုက်ကြီးတစ်ခုလုံး ပွင့်ထွက်နေပြီး



www.burmeseclassic.com

www.burmeseclassic.com



အသဲမှာ အူတွေမရှိတော့တဲ့ သရဲဗျ"

"ဟင်. . ."

ကြားရသူများမှာ မျက်လုံးပြူးသွားကြလေသည်။

တောရွာများမှာ နေကြသူများမှာ သရဲမခြောက်ခံဘူးသူ အတော်ပင်ရှားသည်။

ပရလောကသားတို့ ဖန်ဆင်းပြသော ပုံပန်းသဏ္ဍာန် အမျိုးမျိုးတို့ကိုလည်း တွေ့ဖူးမြင်ဖူးခဲ့ကြသည်။

သို့သော် ယခုကဲ့သို့ ထူးဆန်းစွာ လာခြောက်သည့် သရဲ မျိုးတော့ မမြင်ဘူး၊ မကြားဘူးကြသေးပေ။

တစ်ကိုယ်လုံး အရိုးအဆစ်များ ကျိုးကြေနေသဖြင့် ခွေ တစ်ကောင်ကဲ့သို့ တက်လာသော သရဲ။

ဝမ်းဗိုက်တစ်ခုလုံး ဟောင်းလောင်းပွင့်နေပြီး အတွင်း ကလီစာများမရှိသည့် သရဲမျိုးတော့ မတွေ့ဖူးကြသေးပေ။

သို့သော်. . . ထိုညတစ်ညလုံးတော့ ဘယ်သူမှ မအိပ်နိုင် ကြသဖြင့် သတိဖြင့် နေကြရသည်။

ဦးပန်းမြိုင်ကိုယ်တိုင် နှစ်လုံးပြူးသေနတ်ကိုင်ကာ စောင့် နေသော်လည်း နောက်ထပ်ခြောက်လှန့်ခံရခြင်းတော့ မရှိကြ တော့ပါချေ။







# အခန်း(၅)

# သရဲနှင့် မဟာမြိုင်ဆေးတော်

အချိန်မှာ ပြာသိုလပြည့်ရက်သို့ နီးလာချေပြီ။

ဆောင်းရာသီ ရောက်ခဲ့ပြီဖြစ်သဖြင့် မြောက်ပြန်လေနှင့် အတူ ဆောင်းနှင်းပွင့်များ ပါလာကြလေပြီ။

ထို့အတူ အအေးဓါတ်များကလည်း မဟာမြိုင်တောကြီး တစ်ခုလုံးသို့ ဖုံးလွှမ်းထားလေပြီ။

ဆောင်းရာသီ ရောက်လာပြီဆိုလျှင် တောတောင်များ



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ပန်းအချို့ စတင်ပွင့်လာကြပြီဖြစ်သည်။

မိုးရာသီ တလျှောက်လုံး လေဒဏ်မိုးဒဏ် ခံခဲ့ရသော သစ်ပင်ပန်းပင်တို့မှာ ဆောင်းရာသီ ရောက်ပါက ပွင့်လန်းရန် အားယူလာကြပြီး နွေဦးပေါက်ရာသီသို့ ရောက်သောအခါ အ စွမ်းကုန် ပွင့်လန်းလာကြမည် ဖြစ်တော့သည်။

တောတောင်ထူထပ်သော နေရာများတွင် နတ်တော် ပြာသိုလရောက်လျှင် အအေးဒဏ်ကို အလူးအလဲ ခံကြ လေသည်။

ဟိမဝန္တာနှင့်နီးသော မြောက်ဖျားဒေသများ၌ဆိုမူ တ နေ့လုံး နေရောင်ခြည် မမြင်ရဘဲ မီးဖိုများ အနီးမှာပင် နေကြ လေသည်။

ဆောင်းရာသီ၌ များစွာအေးသည် ဆိုသော်လည်း မြေ တွင်းဓါတ် ပူသဖြင့် သစ်ပင်များ ရွက်ဟောင်းချသည်။

နွေရာသီ၊ တပေါင်း၊ တန်ခူးလ ရောက်သောအခါ အပြင်ပူသော်လည်း မြေတွင်းဓါတ် အေးပြီဖြစ်သောကြောင့် ဆောင်းရာသီ၌ အရိုးပြိုင်းပြိုင်းဖြစ်နေသော သစ်ပင်တိုင်းလို ရွက်နုသစ်များ ဝေလာကြလေတော့သည်။

သို့ကြောင် နွေဦးပေါက်ရာသီ ရောက်လာပြီ ဆိုပါ သစ်ပင်တိုင်းမှာ ရွက်သစ်နုဝေတို့ဖြင့် လှပတင့်တယ်စွာ ရှိနေ ပေတော့သည်။

ရေခဲတောင်တန်းများပေါ်မှာဆိုလျှင်တော့ ရေခဲ အရည်ပျော်ကြချိန် ဖြစ်သဖြင့် ရောင်စုံတောင်ဇလပ်ပန်းတို့





စွာ တွေ့မြင်ရသော အချိန်လည်းဖြစ်သည်။

သို့ကြောင့် တောင်တန်းများပေါ်မှာ နေကြသော တိုင်းရင်းသားများအဖို့ ပန်းတောင်တန်းကြီးများကို မြင်တွေ့ရသော အချိန်အခါလည်း ဖြစ်သည်။

ထိုရာသီမျိုးတွင် ရေခဲတောင်များပေါ်တွင် ရေခဲပြင်အောက် နှစ်မြုပ်ပျောက်ကွယ်နေသော ဆေးပင်များလည်း ရှာဖွေတွေ့ရှိနိုင်ကြသည်။

ခန်းတောက်မြစ်၊ မချစ်ဥ၊ မရှော့ရွက်စသော ဆေးပင်တို့မှာ ရေခဲများ အရည်ပျော်ကျသော အချိန်မျိုးမှာမှ ရှာဖွေတွေ့နိုင်ကြသည်။

ရေခဲများ အရည်ပျော့ကျသော အချိန်တွင် ဝါးတောကြီးများ၌လည်း မျှစ်နုများ ပေါက်စအချိန်ဖြစ်သောကြောင့် မျှစ်နုကြိုက်သော ကတိုးကောင်များလည်း လာရောက်စားသောက်ကြသည်။

ကတိုးကောင်မှရသော 'ကတိုးမွှေး'မှာ တန်ဖိုးရှိသော မွှေးရည်းတစ်မျိုး ဖြစ်သည်။

ဆေးဖက်လည်း ဝင်သည်။

ခန်းတောက်မြစ်၊ မချစ်ဥ၊ ကတိုးမွှေး စသည်တို့ကို ရှာဖွေရသော ဒေသခံတို့အတွက် ထိုအချိန်ရာသီ ရောက်ပါက ဝင်ငွေကောင်းသော အချိန်အခါမျိုး ဖြစ်ကြသည်။

ဆောင်းရာသီတွင် မြေတွင်းအပူရှိန် များသဖြင့် ရွက်ဟောင်းများ ကြွေကျသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မျိုးတွင် သစ်ပင်အတော်များများမှာ ပန်းမပွင့်ကြပေ။

ဆောင်းရာသီ နှစ်သက်သော ပန်းတို့မှာ သစ်ခွမျိုးနွယ် ပန်းပင်တို့ပင် ဖြစ်သည်။

ဆောင်းရာသီ ရောက်လာလျှင် တောတောင်များမှာ သစ်ခွမျိုးနွယ်ဝင် ပန်းပေါင်းစုံ ပွင့်လန်းဝေဆာကြလေသည်။

ထိုကဲ့သို့ ရာသီရောက်ပါက သစ်ခွရှာဖွေသူ (သစ်ခွမုဆိုး)များ တောတောင်များထဲ ဝင်ရောက်ကာ အလိုရှိသော သစ်ခွပန်းများ ရှာဖွေကြလေသည်။

ရှေးနှစ်ပေါင်း တစ်ရာခန့်က မဟာမြိုင်သစ်တောကြီးများမှာ ယခုမြင်တွေ့နေရသော အခြေအနေမျိုးနှင့် မတူဘဲ လူတိုးမပေါက်သာအောင် မှိုင်းညို့နေအောင် ကောင်းလှသည်။

သစ်ခွပန်းစသော သယံဇာတတို့မှာလည်း များစွာပေါများလှသည်။

သို့ကြောင့် သစ်ခွပန်းရှာဖွေသူတို့ ဝင်ရောက်ကြသည်။

သစ်ခွပန်း ရှာဖွေကြရာမှာတော့ နှစ်မျိုးနှစ်စား ရှိကြသည်။

တချို့က သစ်ခွပန်းပင်တို့ကို ရှာဖွေရောင်းချရန်အတွက်ဖြစ်ပြီး အချို့ကျတော့ ဂမုန်းမျိုးနွယ်ဝင် ဆေးဖက်ဝင်အပင်များကို လာရောက်ရှာဖွေကြခြင်း ဖြစ်သည်။

ယခုအခါမှာတော့ မဟာမြိုင်သစ်တောကြီး၏ တစ်နေရာတွင် လူ(၅)ယောက်တို့ ရောက်နေကြကာ အရိပ်ကောင်း





သော သစ်ပင်ရိပ်တစ်နေရာ၌ နားရင်း ပါလာသည့် အစားအသောက်များကို စားသောက်ရင်း စကားပြောနေကြသည်။

ထိုငါးယောက်မှာ အခြားသူများ မဟုတ်ကြပေ။

ဆရာကြီး သူရဇ္ဇ ဦးဇန်ကောင်း တို့မှာ ဆေးအစီအရင်ပြုလုပ်ရန်အတွက် သဇင်နီရှာဖွေရန်အတွက် ရန်ကုန်မြို့မှ တကူးတက ရောက်လာကြသူများ ဖြစ်သည်။

နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက်ကတော့ "ရွာမရွာ"မှာ နေကြပြီး ဒေသခံများ ဖြစ်ကြလေသည်။

၎င်းတို့သုံးယောက်မှာ တစ်ရွာတည်းသား ဖြစ်သလို ညီအစ်ကိုရင်းပမာ ခင်မင်ကြသူများလည်း ဖြစ်ကြလေသည်။

သုံးယောက်စလုံး အသက်(၂၅)နှစ်ဝန်းကျင်အရွယ်ခန့်ရှိကြပြီး တောအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုသူများဖြစ်ကြသည်။

အမဲလိုက်သော အလုပ်မျိုးမဟုတ်ဘဲ အခြား သစ်ခွပန်းဂမုန်းပင်များ၊ ဆေးဖက်ဝင်အပင်များ ရှာဖွေရောင်းချသောအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသူများဖြစ်သည်။

နီမောင်တို့မှာ ဆရာကြီး သူရဇ္ဇ ဦးဇန်ကောင်းတို့ နှစ်ယောက်နှင့် ရှေးကခင်မင်ခဲ့ကြသူများ ဖြစ်ကြလေသည်။

ဆရာကြီး သူရဇ္ဇသော်လည်းကောင်း၊ ဦးဇန်ကောင်းသော်လည်းကောင်း၊ တစ်ခါတစ်ရံ နှစ်ယောက်တွဲ၍သော်လည်းကောင်း၊ မဟာမြိုင်သစ်တောကြီး အတွင်းသို့ ဆေးပင်များ ရှာဖွေကြရန်အတွက်သော်လည်းကောင်း၊ အမိဌာန် ဝင်ရန်အတွက်

www.burmeseclassic.com



သော်လည်းကောင်း လာရောက်ကြရာ ထိုသို့လာရောက်ကြသည့်အခါတိုင်း နီမောင်တို့ သုံးယောက်အား လမ်းပြအဖြစ် အဖော်အဖြစ် ခေါ်ကြလေသည်။

နီမောင်တို့မှာလည်း ထိုကဲ့သို့ ဆရာကြီးတို့နှင့်အတူ လိုက်ခွင့်ရသည်ကိုပင် များစွာကျေနပ်ဝမ်းသာနေကြလေသည်။

အဘယ်ကြောင့်ဆိုသော် သူတို့အတွက် တန်ဖိုးမဖြတ်နိုင်သည့် အတွေ့အကြုံများ ရသောကြောင့် ဖြစ်သည်။

ယခုလည်း ဆရာကြီးတို့က နီမောင်တို့နေသော ရွာသို့ တကူးတက ရောက်လာပြီး ခေါ်သဖြင့် အခြားအလုပ်များကို နားခဲ့ကြပြီး လိုက်လာကြခြင်း ဖြစ်သည်။

ယခုတော့ မဟာမြိုင်တောနက်ထဲ ရောက်ကြပြီး တစ်နေရာတွင် နားရင်း၊ စားရင်းသောက်ရင်းနှင့် စကားပြောနေကြခြင်းဖြစ်သည်။

ဆရာကြီးသူရဋ္ဌမှာ အသက်(၆၀)ကျော်အရွယ် ရောက်နေပြီ ဖြစ်သော်လည်း ပြဒါးပြာစသော ဆေးကောင်းများ သုံးစွဲခဲ့ရသဖြင့် ကျန်းမာသန်စွမ်းမှု ရှိလေသည်။

ထို့ကြောင့် တောတောင်များထဲတွင် လူငယ်များနှင့် သွားလာရာတွင် နှောင့်နှေးမှု မရှိလှဘဲ အတူတကွပင် သွားလာနိုင်သူ ဖြစ်လေသည်။

ဆရာကြီး သူရဋ္ဌက. . .

"နီမောင်တို့ သုံးယောက်လည်း ငါတို့ရောက်လာပြီဆိုတာနဲ့ လိုက်ပြီး အကူအညီပေးကြရတယ်၊ အလုပ်အကိုင်ပျ





အတော်ပျက်ကြမှာပဲ"

ဟုပြောသည်။

"ဒီလိုတော့ မဟုတ်ပါဘူး ဆရာကြီးရယ်၊ ဆရာကြီးတို့ကို လိုက်ပြီးအကူအညီပေးရတာ ငွေရတာမရတာထက် ကုသိုလ်လည်းရ၊ ဗဟုသုတတွေလည်း အများကြီးရပါတယ်၊ ဒီလိုရတာတွေက ငွေရတာထက်ပိုပြီး ကျွန်တော်တို့မှာ ပိုပြီးအကျိုးရှိပါတယ်"

နီမောင်စကား ကြားသောအခါ ဆရာကြီးသူရဋ္ဌ ခေါင်းတစ်ချက် ညိတ်ပြလေသည်။

"လောကမှာ လူငယ်လူရွယ်တွေအတွက် ငွေထက်ပိုပြီး တန်ဖိုးရှိတာတွေ ရှိကြတယ်၊ အတွေ့အကြုံ ဗဟုသုတတွေဆိုတာ ငွေထက်ပိုပြီး တန်ဖိုးရှိကြတယ်"

"ဟုတ်ကဲ့"

"ငွေကရပြီးရင် မသုံးတတ်တဲ့သူဆိုရင် ချက်ချင်းပြန်ကုန်သွားတတ်တာမျိုးပဲ အတွေ့အကြုံ ဗဟုသုတဆိုတာ ဘယ်တော့မှ မကုန်တော့ဘူး၊ ဒါပေမယ့် သူ့ကို ဒီအတိုင်းပစ်ထားလို့တော့ ဘာမှဖြစ်လာမှာ မဟုတ်ဘူး"

"ဟုတ်ကဲ့. . ဆရာကြီး"

"အတွေ့အကြုံဗဟုသုတ ရထားပြီးရင် ဝီရိယ၊ လုံ့လ၊ ကြိုးစားအားထုတ်ခြင်းတွေနဲ့ ပေါင်းစပ်ပေးရတယ်၊ ဒါမှသာ အကျိုးကျေးဇူးကို ခံစားကြရတယ်"

"ကျွန်တော် သဘောပေါက်ပါတယ် ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဆရာကြီးက ကွမ်းဝါးနေရင်းမှ ခေါင်းတစ်ချက် ညိတ်ပြလေသည်။

"ဒါပေမယ့် တစ်ခုရှိသေးတယ်၊ ဒီလို ကြိုးစားအားထုတ်တဲ့ အခါမှာလည်း ရိုးသားဖြူစင်ဖို့နဲ့ စေတနာကောင်းမှုလေးတွေလည်း ဖြည့်စွက်ပေးရသေးတယ်၊ ဒါမှ ပိုပြီးပြည့်စုံတာ၊ ပန်းပုရုပ်တုတစ်ခုကို ကြိုးစားထုလုပ်ပြီးတဲ့နောက်မှာ စေတနာနဲ့ ဖြည့်စွက်ပြီး အရောင်တင်ပေးလိုက်တဲ့အခါကျမှ ပန်းပုရုပ်တုလေး ပိုပြီးလှပလာသလိုမျိုးပေါ့"

"ဟုတ်ကဲ့ ဆရာကြီး၊ ဆရာကြီး ပြောပဲ့ကို ကျွန်တော် သဘောပေါက်ပါတယ်၊ ကြိုးစားပါ့မယ်"

"ဒီလိုပဲ ဆေးကုနေတဲ့ ငါတို့တတွေမှာလည်း စေတနာ ထားတတ်ဖို့က အတော်ကလေး အရေးကြီးပြန်တယ်၊ ဆေးဝါး အမယ်အစပ်တွေ ပြည့်စုံရုံတင်မကဘူး၊ ဆေးဖော်တဲ့အခါမှာ စေတနာရှေ့ထားပြီး မေတ္တာပွားပေးနိုင်မှ ဆေးအာနိသင်ပိုပြီး ထက်မြက်နိုင်တယ်၊ ဆေးတစ်ကျပ်သားဆိုရင် ဆေးအမယ် သုံးမတ်သား၊ စေတနာက တစ်မတ်သား ထည့်တော့မှ ပြည့်စုံ လိုမျိုးပေါ့"

"ဟုတ်ကဲ့ ဆရာကြီး"

"လောကမှာ လူတွေဟာ ဆင်းရဲခြင်းနဲ့ မကင်းကြဘူး ဒါပေမယ့် လူဆင်းရဲနေပေမယ့် စေတနာ မဆင်းရဲတဲ့သူ စေတနာရဲ့ အကျိုးကျေးဇူးကြောင့် တစ်နေ့ကျရင် ဆင်းရဲခြင်း လွတ်ကင်းချမ်းသာနိုင်ကြတယ်"





နီမောင်တို့သုံးယောက်မှာ ဆရာကြီးပြောပြသော စကားများကို နားထောင်ရသည်နှင့် စိတ်ထဲမှာ များစွာအား တက်လာမိသကဲ့သို့ ခံစားရလေသည်။

အချိန်မှာ မွန်းလွဲပိုင်းသို့ ရောက်နေချေပြီ။

ဆောင်းရာသီဖြစ်သဖြင့် နေရောင်ခြည်ကို ကောင်းစွာ မမြင်ကြရပေ။

ကောင်းကင်မှာ နေ၏အလင်းရောင်က အားပျော့စွာ ရှိလေရာ သစ်တောအတွင်းမှာတော့ အပူရှိန်ပင် မရောက်တော့ပေ။

နီမောင်တို့သုံးယောက်က တောတွင်းသို့ သွားလာနေကျဖြစ်သဖြင့် မီးဖိုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ အစားအသောက်များကို အဆင်ပြေအောင် စီစဉ်ပေးနိုင်ကြသည်။

စားရင်းသောက်ရင်းနှင့်ပင် နီမောင်က သိလိုသောအချက်ကို မေးလိုက်သည်။

"ဆရာကြီးတို့ ဒီတစ်ပတ် မဟာမြိုင်တောထဲလာကြတာ ဘယ်လိုပစ္စည်းမျိုး အလိုရှိလို့ လာတာပါလဲ"

"မဟာမြိုင်ဆေးတော်ကြီး ဖော်စပ်ဖို့ ရည်ရွယ်ချက်နဲ့ ရောက်လာကြတာပါပဲ"

"မဟာမြိုင်ဆေးတော်ကြီးလို့ ဘာကြောင့်ခေါ်တာလဲ ဆရာကြီး"

"ရှေးဆရာကြီးတွေအဆက်ဆက် ထွက်ရပ်လမ်းကြမြန်း သွားကြတဲ့ ပုဂ္ဂိုလ်တွေ အဆက်ဆက်ကတည်းက. . ဒီလို ဆေး



www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးမျိုး အလိုရှိရင် ဒီမဟာမြိုင်တောကြီးအတွင်းမှာ လာရောက်ဖော်စပ်ခဲ့ကြလို့ 'မဟာမြိုင် ဆေးတော်ကြီး'လို့ ခေါ်ကြတာပဲ"

ဟု ရှင်းပြသည်။

နီမောင်စိတ်ထဲမှာတော့ ထူးထူးခြားခြား ဆေးတော်ကြီးအကြောင်းကို စိတ်ဝင်စားမိလေသည်။

"ဒီဆေးတော်ကြီးက ဘယ်လိုအစွမ်းသိဒ္ဓိမျိုးတွေ ရရှိစေနိုင်သလဲ ဆရာကြီး"

"ဉာဏ်ရှိသလောက် သုံးမယ်ဆိုရင်တော့ သိဒ္ဓိအတော်များများ ရစေတာပေါ့။ သုံးတတ်ရင် သိဒ္ဓိဆယ်ပါး ပြည့်စုံစေတယ်ပေါ့"

"အဓိက ဘယ်လိုဆေးပင်တွေကို ရှာဖွေမှာလည်း ဆရာကြီး"

"သဇင်နီ တွေ့အောင်ရှာရမယ်"

ထိုစကားကြောင့် သုံးယောက်စလုံး အံ့ဩသွားကြလေသည်။

သူတို့သုံးယောက်မှာ တောမှာမွေး၊ တောမှာကြီးပြီး . . တောထဲမှာ ကျင်လည်ကျက်စားခဲ့ကြသူများ ဖြစ်သဖြင့် ဂမုန်းပင်၊ ဆေးပင်များအကြောင်းကို အတော်များများ သိထားကြသူများ ဖြစ်သည်။

သို့သော် . . . ယခု ဆရာကြီးပြောပြသည့် သဇင်နီကိုတော့ မြင်ဖူးတွေ့ဖူးဖို့ မဆိုထားနှင့် ကြားပင်မကြားဖူးသေးပေ





"သဇင်နီဆိုတာ ရှိသလား ဆရာကြီး"

ထိုအခါ ဆရာကြီးက ကွမ်းယာများကို ပါးစပ်တွင်းမှ ထွေးထုတ်ပစ်နေသဖြင့် အနီးမှာထိုင်နေသည့် ဦးဗန်ကောင်းက ဝင် ဝင်ပြောပြသည်။

"ရှိတာပေါ့ကွာ၊ သဇင်ဆို . . သစ်ခွမျိုးနွယ်ဖြစ်သလို ဂမုန်းမျိုးနွယ်ထဲမှာလည်း ပါတယ်၊ ဂမုန်းမျိုးနွယ်တွေထဲမှာ သိဒ္ဓိရှိတဲ့ ဂမုန်းဖြူ ဂမုန်းနက်၊ ဂမုန်းနီ စသောတွေ ရှိသလို သဇင်ဖြူ သဇင်ဝါ၊ သဇင်နီတွေလည်း ရှိတာပေါ့"

"အဘပြောမှပဲ ကြားဖူးတော့တယ်၊ တောထဲသွားလာနေတာလည်း ကြာပါပြီ၊ သဇင်နီဆိုတာ တစ်ခါမှ မတွေ့ဖူးသေးတော့ ရှိတယ်လို့တောင် သတိမထားမိပါဘူး"

"ဘယ်တွေ့ပါ့မလဲ၊ သဇင်နီဆိုတာ နတ်ဝှက်ပန်းပဲ၊ သာမန်ရှာလို့တော့ ဘယ်တွေ့ပါ့မလဲ၊ ဂမုန်းဖြူ ဂမုန်းနီ၊ ဂမုန်းနက်၊ တော့ သိဒ္ဓိရှိတဲ့ ဂမုန်းပင်တွေကို သာမန်လူတွေ မတွေ့အောင်လို့ နတ်တွေက ဝှက်ထားလေ့ရှိတယ်၊ သဇင်နီဆိုတာလည်း သိဒ္ဓိရှိတော့ နတ်တွေက ဝှက်ထားကြတော့. . သာမန်ရှာဖွေရုံနဲ့တော့ ဘယ်တွေ့နိုင်ပါ့မလဲ"

"ဘယ်လိုနတ်တွေက ဝှက်ထားတာလဲ အဘ"

စောထီးက ဝင်မေးလိုက်ခြင်း ဖြစ်သည်။

"သက်ဆိုင်ရာ တောစိုးနတ်တွေပေါ့ကွယ်၊ မင်းတို့ ရှင်းအောင် ပြောပြရရင်တော့ ဒီနယ် ဒီတောကိုဝင်ရင် ပန်ထွာရှင်မနဲ့ အမေရေယဉ်နတ်တွေကို ပူဇော်ခွင့်တောင်းရတယ်၊ သူတို့နဲ့



www.burmeseclassic.com

www.burmeseclassic.com



သက်ဆိုင်ရာနေရာတွေ ဖြစ်နေလေတော့ သူတို့ ခွင့်မပေးရင် ဘာမှလုပ်လို့ မရဘူး”

“ဒါကတော့ မှန်ပါတယ် အဘ”

“ပြီးတော့မှ ဆေးတော်နဲ့သက်ဆိုင်တဲ့ ဒေဝီတွေကို ပင့်ဖိတ်ပြီးတော့ ခွင့်တောင်းသမှ ပြုကြရတယ်”

“ဒေဝီက ဘယ်နှပါးလောက် ရှိသလဲ အဘ”

ထိုစကားကို ဝင်မေးသူမှာ ငမဲအောင်ပင်ဖြစ်သည်။

ဦးဗန်ကောင်းကလည်း ကွမ်းတမြုံ့မြုံ့ ဝါးနေရာမှ စိတ်ရှည်လက်ရှည် ပြန်ရှင်းပြလေသည်။

“ဒေဝီတွေကတော့ အများကြီး ရှိတာပေါ့၊ ဆေးတော်နဲ့သက်ဆိုင်တဲ့ ဒေဝီတွေကတော့ သိပ်မများလှပါဘူး၊ ဒေဝီ(၇)ပါး၊ ဒေဝီ(၉)ပါး၊ ဒေဝီ(၁၂)ပါးဆိုပြီး ရှိကြတယ်၊ သဇင်နီဆေးပါဝင်တဲ့ မဟာမြိုင်ဆေးတော်ကြီး ဖော်စပ်တဲ့အခါမှာတော့ သူရဿတီမယ်တော်ဒေဝီ အပါအဝင် ဒေဝီ(၁၂)ပါးထံမှာ ခွင့်ပန်ကြရတယ်၊ ဒါကြောင့်. . ဒေဝီ(၁၂)ပါးဆေးတော်လို့လည်း ခေါ်ကြတယ်”

“အခုလို ရှင်းပြပေးမှပဲ သဘောပေါက်ရတော့တယ် အဘရယ်”

“ဒီလိုပေါ့ကွာ၊ မသိတဲ့ကိစ္စကို သိချင်မှတော့ သိတဲ့လူတွေ့တဲ့အခါ မေးမှ သိရတော့မှာပေါ့. . ၊ ကဲ. . ကဲ. . စားပြီးသောက်ပြီးရင် ခရီးဆက်ကြရဦးမယ်၊ ဒီကနေ့ည တည်းခိုဖို့နေရာချပြီးရင်တော့ သက်ဆိုင်ရာပုဂ္ဂိုလ်တွေကို ပင့်ဖိတ်ပြီး ခွင့်





တောင်းမေးမြန်းရဦးမယ်၊ ကဲ. . . သွားကြရအောင်”


ဟု ပြောဆိုပြီး စားသောက်နေခြင်းများကို လက်စသိမ်းကြပြီးနောက် ထိုနေရာမှ ထွက်ခဲ့ကြလေတော့သည်။

တောတွင်းမှာတော့ အမှောင်ရိပ်များ သမ်းစပြုလာချေပြီ။



www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၆)

# တောနက်ထဲမှ ပလ္လင်ပျောက်သူများ

နီမောင်တို့ ငါးယောက်သားမှာ စကားတပြောပြောနှင့် တောထဲ နေရာအနှံ့သို့ သွားလာကာ အလိုရှိသော ဆေးဖက်ဝင် ပစ္စည်းများကို ရှာဖွေကြသည်။

အချို့လည်း ရသည်။

အချို့လည်း မတွေ့ရသေးပေ။

သဇင်နီဆေးတော်၌ ပါဝင်သော ဆေးအမည်များမှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း လွယ်လင့်တကူ ရှာဖွေနိုင်သော ပစ္စည်းမျိုးတော့ မဟုတ်ပေ။

သဇင်နီ၊ ဇလပ်နီ၊ ဂမုန်းနီစသော နံ့သာငါးမျိုး၊ ပုဏ္ဏရိပ်ကြာ၊ ကြွက်ဆူပ်ရာ၊ ဇီဝဖျူ့ဝမျိုး၊ ပိတောက်မှို၊ သပွမြွေ၊ သည်းခြေညှို့ကြိုး၊ ပရုပ်နံ့ရှိန်၊ ဖုန်းမသိမ်၊ ရွှေချိန်မွေးကတိုး၊ စုန်ဆန်ယူရေကြိတ်ညက်စေ၊ ပေါင်းထွေတစ်ဆယ့်ငါးမျိုးဟူ၍ ရေးသားထားသည်။

စာချိုးအတိုင်း ရေရလျှင်. . .
သဇင်နီ၊ ဇလပ်နီ၊ ငါးမည်နံ့သာမျိုး
ပုဏ္ဏရိပ်ကြာ၊ ကြွက်သရာ၊ ဇီဝဖျူ့ဝမျိုး၊
ပိတောက်မှိုပေ၊ သပွမြွေ၊
သည်းခြေညှို့နှင့်ကြိုး. . ။
ပရုပ်နံ့ရှိန်၊ ဖုန်းမသိမ်၊ ရွှေချိန်မွှေးကတိုး
စုန်ဆန်ယူရေ၊ ကြိတ်ညက်စေ၊ ပေါင်းထွေ ဆယ့်ငါးမျိုး
ဟူ၍ ရှိပေသည်။

ထိုဆေးတို့၏ အစိပ္ပါယ်များနှင့် ဆေးတော်စီရင်ပုံအကျဉ်းကို ရှေ့အခန်းတွင် ရေးသားဖော်ပြပေးပါမည်။

ထိုဆေးတော်၌ ပါဝင်သော ပစ္စည်းများထဲတွင် သဇင်နီ မြွေ၏ ညှို့ကြိုး သည်းခြေ၊ ဇီဝိဖျူ့ဝမျိုးဟုခေါ်သော. . ကျားခြေလျှာ၊ စသည်တို့မှာ တိုက်တိုက်ဆိုင်ဆိုင် တွေ့ရသောအခါ ကြိုတင်စုဆောင်းထားမှ ရနိုင်သောပစ္စည်းများ ဖြစ်ကြလေသည်။

သို့ကြောင့် ဆေးတော်တစ်ဖုံ ပြီးမြောက်စေရန် မလွယ်





ကူသကဲ့သို့ အကယ်၍ ပြီးမြောက်ပါကလည်း ဉာဏ်ရှိသလို သုံးစွဲသောအခါ အကျိုးများစေသော သဇင်နီဒေဝီဆေးတော်၊ သို့မဟုတ် မဟာမြိုင်ဆေးတော်ကြီးပင် ဖြစ်ပေတော့သည်။

ရှေးအခါကတော့ ဆေးဖော်တော့မည်ဆိုလျှင် ဆရာကြီးများက ယုံကြည်စိတ်ချရသော တပည့်အချို့ကို ခေါ်ဆောင်ကာ မဟာမြိုင်တောတွင်းသို့ လာရောက်ကြရသည်။

အဘယ်ကြောင့်ဆိုသော်. . .

မဟာမြိုင်တောကြီးထဲတွင် ၎င်းတို့အလိုရှိသော ဆေးဖော်ဝင်ပစ္စည်း အစုံအလင် ရနိုင်စေသောကြောင့်ပင် ဖြစ်၏။

သို့သော် အချိန်တိုတိုနှင့် လွယ်လွယ်ကူကူ ရသည်တော့ မဟုတ်ကြပေ။

အဆင်မသင့်ပါက တောထဲမှာပင် လပေါင်းများစွာကြာသည်အထိ နေကြရသည်။

အလိုရှိသောပစ္စည်း မရမချင်း စိတ်ရှည်ရှည်နှင့် စောင့်ဆိုင်းရှာဖွေကြရသည်။

အချို့လည်း ရက်၊ လ ကြာသောအခါ ရာသီဥတုဒဏ်၊ ငှက်ဖျားဒဏ်၊ တောတိရိစ္ဆာန်တို့ ရန်မူသောဒဏ်၊ တောစိုးမိစ္ဆာတို့ နှောင့်ယှက်သောဒဏ်ကြောင့် အသက်သေသူသေကြသည်။

အချို့လည်း မနေနိုင်တော့သဖြင့် ထွက်ပြေးကြရသည်လည်း ရှိကြလေသည်။

ဆရာကြီး သူရဌကတော့ ထိုကဲ့သို့ ဆေးတော်ကြီးများ ဖော်စပ်ရာတွင် ကျွမ်းကျင်နှံ့စပ်မှုရှိသူ ဖြစ်သဖြင့် အချို့ဆေးဖက်



www.burmeseclassic.com

www.burmeseclassic.com



ဝင်ပစ္စည်းတို့ကို အလျင်းသင့်ပါက ကြိုတင်စုဆောင်း ထားရေ
သည်။

ဥပမာ စပါးကြီးသည်းခြေ၊ ညှို့ကြိုးတို့မှာ ရရှိရန်မလွ
ကူလှပေ။

ရှေ့အခန်းများ၌ ရေးသားဖော်ပြခဲ့သည့်အတိုင်း ည
ကြိုးနှင့် သည်းခြေရနိုင်ရန်အတွက် စပါးကြီးမြွေကို ရှာဖွေသ
ဖြတ်ရသည်။

ထိုသို့ သတ်ဖြတ်ရာမှာလည်း များစွာအန္တရာယ်များ
သည်။

အဆင်မသင့်လျှင် မိမိတို့ အသက်ပင် ပြန်ပေးရသ
အခါ ပေးရသည်။

ထို့ပြင် သိဒ္ဓိရှိသော ဆေးတော်ဖော်စပ်ရာမှာ မြွေ
ကောင်ကိုသတ်ဖြတ်ပြီး သည်းခြေနှင့်ညှို့ကြိုး ယူရသည်မှာလ
မသင့်လျော်လှပြန်ပေ။

သို့ကြောင့် အခြားသူများထံမှ ပံ့သကူပစ္စည်းမျိုး
အောင် ရှာဖွေဝယ်ယူ စုဆောင်းထားရသည်။

ကျားလျှာရဖို့ကတော့ ထို့ထက်ပို၍ ခက်ခဲသည်။

မည်သည့်ကျားကမှ ၎င်းပါးစပ်ထဲမှလျှာကို အဖြတ်ခံ
အတွက် ကြည်ကြည်ဖြူဖြူ ထုတ်ပေးကြမည် မဟုတ်ပေ။

ထို့ကြောင့် ကျား၏လျှာကို အလိုရှိပါက ထိုကျ
သတ်ဖြတ်ယူမှသာ ရရှိနိုင်ပေသည်။

ဆေးစီရင်မည့် သူများကတော့ မုဆိုးတစ်ယောက်





တောထဲဝင်ပြီး ကျားကိုသတ်ဖြတ်ရန်လည်း မဖြစ်ပေ။

သို့ကြောင့် ပံ့သကူလျှာရစေရန် ကြိုးစားရှာဖွေထားရ
သည်။

တောထဲတောင်ထဲ လှည့်လည်သွားလာနေသူများအ
တွက်တော့ စပါးကြီးသည်းခြေ၊ ညှို့ကြိုး၊ ကျားလျှာတို့မှာ မမျှော်
လင့်ပဲ ရရှိတတ်ပေသည်။

မုဆိုးများ သတ်ဖြတ်လာသော မြွေတစ်ကောင်မှ ညှို့
ကြိုးနှင့် သည်းခြေကိုသော်လည်းကောင်း၊ ကျား၏လျှာကိုသော်
လည်းကောင်း ဝယ်ယူရရှိနိုင်ကြလေသည်။

ထိုအရာများက သတ္တဝါများနှင့် ပတ်သက်သည့် ပစ္စည်း
များ ဖြစ်သလို သဇင်နီကဲ့သို့သော သဘာဝပန်းများကို ပြည့်စုံ
အောင် ရရှိရန်မှာလည်း ခက်ခဲလှသည်။

နတ်တော် ပြာသိုလ ရောက်ပြီဆိုလျှင် . တောထဲမှာ
သဇင်ပန်းများ လှိုင်လှိုင်ပွင့်ကြသည်။

သဇင်ဖြူ၊ သဇင်ဝါတို့ကို တွေ့နိုင်သော်လည်း သဇင်နီ
ကတော့ တွေ့ရန်ခက်ခဲသည်။

'နတ်ဝှက်ပန်း'ဖြစ်သဖြင့် အလွယ်တကူ ရှာဖွေ၍ မတွေ့
နိုင်ကြပေ။

ဂမုန်းပင်များထဲမှာလည်း အခြားဂမုန်းများထက် သိဒ္ဓိ
ရှိသော ဂမုန်းဖြူ၊ ဂမုန်းနက် စသည်တို့မှာ ရှာဖွေတွေ့ရှိရန်ခက်ခဲ
လှသည်။

နတ်များက ဝှက်ထားသဖြင့် မတွေ့နိုင်ကြပေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာ၌လည်း ကြာရှည်မနေကြပေ။

သုံးနှစ်ပြည့်သည်နှင့် လူသူဝေးသော ဟိမဝန္တာတောင်သို့ ရွှေ့ပြောင်းသွားကြသည်။

ဟိမဝန္တာမှာ သုံးနှစ်ပြည့်သောအခါ မူလနေရာသို့ ပြန်ရောက်လာကြသည်။

တဆက်တည်း ဆေးဝိဇ္ဇာလမ်းစဉ်သို့ လိုက်လိုသော သူတော်စင်တို့အတွက် ဆေးဝိဇ္ဇာလမ်းစဉ်ကို ပြီးမြောက်စေတတ်သော ဆေးပင်အမျိုးမျိုးရှိရာ ထိုအထဲမှ သိဒ္ဓိရှိသော ဆေးပင်သုံးမျိုးကို ဖော်ပြပေးပါမည်။

ထိုဆေးပင်သုံးမျိုးမှ တစ်မျိုးမျိုးကို ရသည်ရှိသော် ဆေးဝိဇ္ဇာအဖြစ်သို့ ရောက်စေနိုင်ပါသည်။

သို့သော်လည်း သာမန်အတိုင်း လိုက်လံရှာဖွေလို့တော့ ဘယ်နည်းနှင့်မှ တွေ့နိုင်မည်မဟုတ်ပေ။

တောစောင့်နတ်များနှင့် ဝိဇ္ဇာဇော်ဂျီ တပသီတို့က ကွယ်ဝှက်ထားသောကြောင့် မတွေ့နိုင်ပေ။

ဆေးပင်များကိုတွေ့လိုပါက. . အင်းကောင်း၊ ဂါထာကောင်းများကို အသုံးပြုလျက် ရှာဖွေမှသာ တွေ့ရှိနိုင်ပေသည်။

ဆေးဝိဇ္ဇာမိုရ်အဖြစ်သို့ ရောက်စေနိုင်သော ဆေးပင်သုံးမျိုးတို့မှာ

(၁) ဆေးဘုရင်နှင့် ဆေးမိဖုရားဆေးပင်၊

(၂) ဆေးမင်းဧကရာဇ် ဆေးပင်၊

(၃) ဆေးမင်း စက္ကဝတ္တိဆေးပင်၊





တို့ ဖြစ်ကြလေသည်။

ဆေးဘုရင်နှင့် ဆေးမိဖုရား ဆေးပင်တို့မှာ စုံတွဲပေါက်လေ့ရှိသည်။

အခြားတပါးသော သစ်ပင်တို့နှင့် ရောနှောမပေါက်ဘဲ သီးခြားနေရာများ၌သာ ပေါက်လေ့ရှိသည်။

အပင်၏ ပုံသဏ္ဍာန်မှာ လယ်တောများ၌ တွေ့ရများသော ဉာဏ်ပင်နှင့် အရွက်အခက် ပုံသဏ္ဍာန်တူသည်။

အမြင့်မှာ ဉာဏ်ပင်လောက် မမြင့်ဘဲ သုံးပေခန့်သာ မြင့်သည်။

အပွင့်ပွင့်သောအခါ ဆေးဘုရင်ပင်မှတစ်ပွင့်၊ ဆေးမိဖုရားပင်မှတစ်ပွင့် စုစုပေါင်း နှစ်ပွင့်သာ ပွင့်တတ်လေသည်။

တောင်ကုန်းမြင့်သောနေရာ၊ လူသူမရောက်သောနေရာ အညစ်အကြေး မစွန့်ဘူးသော အရပ်တို့၌သာ ပေါက်ရောက်လေ့ရှိသည်။

ထိုဆေးပင်ကို တွေ့နိုင်သောလမှာ (၁၂)လရာသီအတွက် ဆေးပေါင်းခသော တန်ဆောင်မုန်းလ တစ်လ၌သာ ပေါက်ရောက်လေ့ရှိသည်။

အခြားလများ၌ မတွေ့ရပေ။

ထိုတစ်လ၌သာလျှင်. . အင်းကောင်း၊ ဆေးကောင်း၊ ဂါထာန်ကောင်းများဖြင့် ရှာဖွေပါက တွေ့ရှိနိုင်ပေသည်။

ထိုဆေးပင်ကိုရသော် ဆေးပင်နှစ်ပင်စလုံး ယူ၍ ပြုလုပ်ပါး ညက်စွာ ထောင်းရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် ဆေးတောင့်ကလေးများ ပြုလုပ်ကာ ခြောက်သွေ့စွာ ထားရသည်။

သီလဆောက်တည်ခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်း၊ သက်သတ်လွတ်စားသောက်ခြင်း၊ သရဏဂုံထုံခြင်းတို့ကို အာရုံပြု၍ ဆော ရွက်ကာ ဆေးတော်ကို တစ်နေ့တစ်တောင့် မှန်မှန်စားပါက ဆေးကုန်သည်နှင့် ဆေးဝိဇ္ဇာမိုရ်ဘဝသို့ ပြီးမြောက်အောင်မြ စေပါသည်။

ဆေးမင်းဇေရာဇ် ဆေးပင်မှာ အရွက်သုံးရွက်သ ထွက်သည်။ အရွက်၏ ဝမ်းဘက်၌မူ နေရောင်ထိသော ပတ္တမြာ အရောင်ကဲ့သို့သော်လည်းကောင်း၊ ဟင်္သပြဒါးကဲ့သို့သော လည်းကောင်း ရဲရဲနီနေသည်။

ကျောဘက်၌မူ လရောင်ထိသော ဘော်ငွေရောင်အ ဆင်းကဲ့သို့ ဖြူဖွေးသော အဆင်းရှိသည်။

အရွက်၏ ကျောဘက်၌ရှိသော ရွက်ကြောယက်ကလေ များမှာ ဆန်းကြယ်စွာ ရေးခြယ်ထားသော ပန်းချီပုံကဲ့သို့ များ လှပတင့်တယ်မှုရှိကာ လှပလေသည်။

အရွက်သုံးရွက်တို့၏ ဝမ်းဘက်တွင် နီရဲပြီး ကျောဘ တွင် အဖြူရောင် ဖြစ်သကဲ့သို့ ပင်စည်တစ်ခုလုံးမှာလည်း နီရဲ လေသည်။

အရွက်တို့ လှသလို အပင်ကလည်း လှသည်။

အပင်အမြင့်မှာ လက်လေးသစ်ခန့်သာရှိသည်။လူသူ ရောက်အပေါက်နည်းပြီး အညစ်အကြေး မစွန်းဘူးသော ထေ





ဘုန်းထိပ်၊ ဘုရားကုန်းတော်များ၌သာ ပေါက်လေ့ရှိသည်။

ဆေးဘုရင်နှင့် ဆေးမိဖုရား အပင်တို့က တန်ဆောင်မုန်းလ၌ တစ်လလုံး တွေ့နိုင်သော်လည်း ဆေးမင်းဇေရာဇ် ဆေးပင်ကတော့ တပေါင်းလပြည့်နေ့ မွန်းတည့်သော အချိန်တစ်ချိန်၌သာ ရှာဖွေတွေ့နိုင်ကြသည်။

ထိုဆေးပင်ကို တွေ့ရှိရန်မှာ များစွာခက်ခဲလှသည်။ သီလစင်ကြယ်ခြင်း၊ အဓိဋ္ဌာန် ပြည့်မြောက်ခြင်း၊ အင်းကောင်း၊ ဂါထာကောင်း အတတ်တို့ကို ကျွမ်းကျင်မှသာ တွေ့ရှိနိုင်ပေသည်။

ဆေးပင်ကိုရသော် တစ်ပင်လုံးယူ၍ ညက်စွာကြိတ်၍ ဆေးတောင့်ကလေးများအဖြစ် ပြုလုပ်ထားရပါမည်။ သီလဆောက်တည်ခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်း၊ သက်သတ်လွတ်စားသောက်ခြင်း၊ သရဏဂုံ ထုံမွှန်းခြင်းများ အဆက်မပြတ် ပြုလုပ်ကာ ဆေးတော်ကို တစ်နေ့တစ်တောင့် စားသောက်ခြင်းဖြင့် ဆေးဝိဇ္ဇာမိုရ်အဖြစ်သို့ ရောက်ရှိစေနိုင်ပေသည်။

ဆေးမင်း စက္ကဝတ္တိဆေးပင်မှာ ဆေးမင်းဇေရာဇ်အပင်နှင့် အပင်ပုံသဏ္ဌာန်မှအစ အရောင်အသွေးပါ တူပေသည်။

ပေါက်ရောက်သော အရပ်ဒေသကသာ မတူခြင်းဖြစ်၏။ ဆေးမင်းဇေရာဇ်ပင်က မြေပြင်ပေါ်၌ ပေါက်သော်လည်း ဆေးမင်းစက္ကဝတ္တိကတော့ မြေပြင်ပေါ်၌ မပေါက်ပေ။

လူသူအရောက်အပေါက် နည်းလှပြီး တောင်ကုန်းထိပ်များ၌ပေါက်သော သစ်ပင်ကြီးများ၏ အမြင့်ဆုံး၌ရှိသော ဆိုင်း



www.burmeseclassic.com

www.burmeseclassic.com

အဖျားတို့၌သာ ပေါက်ရောက်လေ့ ရှိကြသည်။

တစ်နေရာ၌ လေးနှစ်ကြာမှသာ တစ်ကြိမ်တွေ့ရသည်။ ဆေးပင်မှာလည်း တပေါင်းလပြည့်နေ့ မွန်းတည့်ချိန် အချိန်တစ်ချိန်၌သာ တွေ့ကြရသည်။

နတ်များက ထိုဆေးပင်ကို လူတို့ မမြင်မတွေ့စေရန် မှတ်သားထားတတ်ကြပေသည်။

အင်းကောင်း၊ ဂါထာကောင်းတို့ကို အသုံးပြု၍ ရှာဖွေရရှိသောအခါ ဆေးပင်တစ်ပင်လုံးကို ယူ၍ ညက်စွာပြုကာ ဆေးတောင့်ကလေးများ ပြုလုပ်ထားရသည်။

နေ့စဉ် သီလဆောက်တည်ခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်း၊ သက်သတ်လွတ်စားခြင်း၊ သရဏဂုံတည်ခြင်းများ အဆက်မပြတ် ပြုလုပ်ကာ ရွှေစေ့ငယ်မျှလောက်သော ဆေးကို တစ်နေ့တစ်ကြိမ် မှန်မှန်သုံးစွဲပါက ဆေးဝိဇ္ဇာအဖြစ်သို့ အမှန်မသွေ ရောက်ရှိကြပေလိမ့်မည်။

သရဏဂုံ ထုံသည့်အခါ အသက်ရှူသွင်းသည့် အခါ၌. . .

"ဘုရား၊ တရား၊ သံဃာဂုဏ်တို့ကို ယုံကြည်ကိုးကွယ်ပါ၏ ဘုရား"

ဟု စိတ်ထဲမှ မှတ်ပါ။

လေကို ပြန်ထုတ်သောအခါ. . .

"လူနတ်ဝိဇ္ဇာအပေါင်းတို့ ချမ်းသာကြပါစေ"

ဟု အာရုံပြုပြီး ပြန်ထုတ်ပါ။





မေတ္တာပို့သည့်အခါ ဝိဇ္ဇာတို့ကို ထည့်သွင်းရခြင်းမှာ ဒိမိဆေးအစီအရင်ကိစ္စအား မနှောင့်မယှက် မဖျက်ဆီးစေရန် အတွက်ပင် ဖြစ်၏။

နီမောင်တို့ တတွေမှာ နေ့ဘက်အလင်းရောင် ရှိနေသေးသောအချိန်တွင် တောထဲလှည့်လည်ကာ အလိုရှိသော ဆေးပင်တို့ကို လှည့်လည်ရှာဖွေကြပြီး နေဝင်ချိန်ရောက်သော အခါမှတော့ ညဘက်နားရန်အတွက် နေရာရှာဖွေရလေတော့သည်။

ထိုသို့ ရှာဖွေရင်းနှင့် ချုံနွယ်ပိတ်ပေါင်းတို့ ပိတ်ဆီးနေသော ကုန်းမြင့်တစ်ခုပေါ်သို့ ရောက်သွားကြလေသည်။

အမှန်တော့ ကုန်းမြင့်ပေါ်သို့ တက်ရောက်ရှာဖွေခြင်းမှာ …ျာက်ဂူပေါက်တစ်ခုခု တွေ့လိုတွေ့ငြားဖြင့် တက်ရောက်ရှာ…ကြခြင်း ဖြစ်၏။

ရှေ့မှတောတိုးသွားသော စောထီးနှင့် ငမဲအောင်တို့က …များကို အသုံးပြုပြီး လမ်းသွားရန် မလွတ်သော ချုံနွယ်သစ်…တို့ကို ခုတ်ထွင်ဖယ်ရှားသွားကြလေသည်။

ကုန်းမြင့်အပေါ်ပိုင်း တစ်နေရာသို့ ရောက်သောအခါ …ကြားနှင့် မြေပေါ်ရှိ သစ်ရွက်ကြွေများအောက်၌ အုတ်ခဲ…က်ခဲ အပိုင်းအကျိုးတို့ကို တွေ့ကြရလေသည်။

"ဆရာကြီး ဒီနေရာမှာ အုတ်ခဲကျိုးတွေ အများကြီးပဲ"

ငမဲအောင်က လှမ်းပြောသည်။

"အဆောက်အဦးတစ်ခုခု ပြိုပျက်နေတာဖြစ်မယ်၊ အုတ်



www.burmeseclassic.com

www.burmeseclassic.com

ခဲကြိုးတွေကြားကသွားရင် သတိထားကြ၊ မြွေပါးကင်းပါး ရှိတတ်တယ်"

ဟု သတိပေးလိုက်သည်။

ထို့နောက် တဖြည်းဖြည်းနှင့် ရှေ့သို့ တိုးလာကြရာ . . ဝါးတောနှင့် သစ်ပင်များ ထူထပ်စွာရှိနေသည့်နေရာသို့ ရောက်ကြသောအခါ မမျှော်လင့်ဘဲ မြင်ကွင်းတစ်ခုကို တွေ့ကြလေသည်။

ထိုနေရာတွင် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ရှိနေသည်။ တင်ပလ္လင်ခွေ ထိုင်တော်မူနေသည့် ရုပ်ပွားတော်ဖြစ်ပြီး ဉာဏ်တော်က အတော်ကလေး မြင့်သည်။

ရုပ်ပွားတော်မှာ ဆေးရောင်များ မရှိတော့ပဲ နှစ်ပေါင်းများစွာ သစ်တောထဲမှာ ရောက်နေသောကြောင့် ရေညှိရေမှော်များကပ်ကာ အစိမ်းရောင်နှင့် အမည်းရောင်များ သမ်းနေလေသည်။

တစ်ကိုယ်လုံးမှာ အင်္ဂတေအချို့ အချပ်လိုက် ကွာကျနေသော်လည်း ဆိုးဆိုးဝါးဝါး ကျိုးပဲ့ပျက်စီးနေခြင်းမျိုးတော့ မဖြစ်သေးပေ။

ထူးခြားသော အချက်မှာ. . .

ရုပ်ပွားတော် အောက်ဘက်၌ ဘာမှမရှိတော့ပေ။

ယခင်က အောက်၌ ပလ္လင်ရှိခဲ့ဟန်တူသော်လည်း နှစ်ကာလ ကြာမြင့်ခဲ့သောကြောင့် အောက်ခံပလ္လင်တော်မှာ ပြိုပျက်ကျသွားခဲ့ခြင်း ဖြစ်ဟန်တူ၏။





ပလ္လင်တော် ပြိုပျက်ကျသွားသော်လည်း ဗုဒ္ဓရုပ်ပွားတော်ကြီးက သည်အတိုင်း ကျန်နေခဲ့ခြင်းမှာ အခြားတော့ မဟုတ်ပါချေ။

ဒူးတော်နှင့် အောက်ဘက်ရှိ နေရာများက သစ်ပင်များ ချုံနွယ်များပေါ်သို့ ချိတ်တင်နေခြင်းကြောင့်ပင် ဖြစ်ပေသည်။

ထူးဆန်းလိုက်တာ ဗုဒ္ဓရုပ်ပွားတော်ကြီးက အောက်မှာ ဘာမှမရှိဘဲ လေထဲမှာ ဒီအတိုင်း ရှိနေတယ်"

နီမောင်က တအံ့တဩ ရေရွတ်လိုက်သည်။

"ဒါ ပလ္လင်ပျောက်ဘုရားလို့ခေါ်တယ်"

ဦးဇန်ကောင်းက ဝင်ပြောလိုက်သည်။

"ပလ္လင်ပျောက်ဘုရားဆိုတာ ဘာလဲဟင်"

"ပလ္လင်ပျောက်ဘုရားဆိုမှတော့ ပလ္လင်ပျောက်နေလို့ခေါ်တာပေါ့ကွ၊ ဒီလို ထူးထူးဆန်းဆန်း ပလ္လင်ပျောက်နေတဲ့ ဘုရားမျိုး (၉)ဆူရှိတယ်၊ ပလ္လင်ပျောက်ဘုရား ကိုးဆူကို ပြည့်အောင် အဓိဋ္ဌာန်ဝင်ရင် သိဒ္ဓိပေါက်နိုင်တယ်"

"ပလ္လင်ပျောက်ဘုရား ကိုးဆူက ဘယ်နေရာတွေမှာ ရှိတာလဲဟင်"

ထိုအခါ ဦးဇန်ကောင်းက ပြောပြသည်။

ပလ္လင်ပျောက်ဘုရား ရှိသော နေရာများမှာ

(၁) အလောင်းတော် ကဿပလိုဏ်ဂူနှင့် နီးသော နေရာ၌ တစ်ဆူ

(၂) အောက်စက်တော်ရာ ရှိသောနေရာ၌ တစ်ဆူ


www.burmeseclassic.com

www.burmeseclassic.com



(၃) ဖိုလ်ဝင်တောင်ပေါ်၌ တစ်ဆူ
(၄) မဟာမြိုင်တောတွင်း၌ တစ်ဆူ
(၅) ကျိုက်ထီးရိုးတောင်ပေါ်၌ တစ်ဆူ
(၆) နွားလပို့တောင်၌ တစ်ဆူ
(၇) ကေလာသတောင်၌ တစ်ဆူ
(၈) အင်းတော်ကြီး ရွှေမဥ္ဇူဘုရားမြောက်ဘက်၌ တစ်ဆူ
(၉) အတွင်းဒီပါရုံဘုရား၌ တစ်ဆူ

စသည်တို့ ရှိကြပေသည်။

ထိုနေရာများမှာ တစ်နေရာနှင့် တစ်နေရာ သွားမည်ဆိုပါက ခရီးဝေးကွာလှသည် ဆိုသော်ငြားလည်း မြန်မာနိုင်ငံနယ်နိမိတ်အတွင်း၌ပင် ရှိကြသဖြင့် အမိဌာန် ဝင်လိုသူများအတွက် သွားရောက်နိုင်သော နေရာများပင် ဖြစ်သည်။

"အဘ. . အဲဒီ ပလ္လင်ပျောက်ဘုရားတွေ ရှိတဲ့နေရာမှန်သမျှ အနှံ့ရောက်ခဲ့ဖူးသလား"

ဖေထီးက ဝင်မေးလိုက်သည်။

"ငါက နေရာအနှံ့ လျှောက်ပြီးသွားလာနေတဲ့သူဆိုတော့ နေရာအတော်များများမှာရှိတဲ့ ပလ္လင်ပျောက်ဘုရားတွေရှိတဲ့ နေရာတွေကိုတော့ ရောက်ခဲ့ဖူးပါတယ်၊ မဟာမြိုင်တောနက်ထဲမှာရှိတဲ့ ပလ္လင်ပျောက်ဘုရားကိုတော့ အခု ကြုံကြိုက်လို့ ဖူးတွေ့ရတာပဲ"

ဟု ပြောပြသည်။





ထိုအခါ ဆရာကြီးက. . .

"ကြုံကြိုက်လို့ ဖူးရတာ မဟုတ်ဘူး ဦးဗန်ကောင်းရဲ့၊ ကျုပ်တို့ ကံထူးလို့ ဖူးရတာ၊ ပြောရရင်တော့ ဖူးချိန်တန်လို့ ဖူးရတာပေါ့ဗျာ"

ဟု ပြောသည်။

ထိုစကားကြားသောအခါ ဦးဗန်ကောင်းကလည်း တစ်ထွာလောက်ပြလျှင် တစ်တောင်လောက် မြင်တတ်သူမို့ ဤသို့ ပြန်ပြောလေသည်။

"ဆရာကြီး ပြောတဲ့အဓိပ္ပါယ်က တခြားအကြောင်းတစ်ခုရှိလို့ ကျွန်တော်တို့ ဒီနေရာ ရောက်လာကြတယ်လို့ ဆိုလိုတာလား"

"ခင်ဗျားလည်း ဂမ္ဘီရလောကမှာ အတော်နှံ့စပ်နေမှပဲ၊ ပြောရရင်တော့ မြေလျှောက်ဝိဇ္ဇာ အဆင့်မျိုးတောင် ရောက်နေမှပဲ၊ ဝိဇ္ဇာလောက ဂန္ဓာရီလောကမှာ အကြောင်းမရှိဘဲ အကျိုးဆိုတာမျိုးတွေ ရှိဘူးလို့လား"

"သဘောပေါက်ပါပြီ သဘောပေါက်ပါပြီ၊ အကြောင်းကြောင့် ရောက်လာပြီဆိုတော့ ဘယ်လိုအကြောင်းမျိုး ဖြစ်မလဲဆိုတာတော့ စိတ်ရှည်ရှည်နဲ့ စောင့်ကြည့်ရဦးတော့မှာပေါ့"

"ဒါပေါ့ဗျာ၊ ကျုပ်အထင်ပြောရရင်တော့ သိပ်ပြီးတောင် စောင့်ရမယ် မထင်ပါဘူး၊ ဒီကနေ့ညမှာ သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေ ချိန်းဖိတ်ထားပါတယ်၊ သူတို့ရောက်လာရင်တော့ သိသင့်တာတွေ သိကြရမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြလေသည်။

**နီမောင်တို့ သုံးယောက်ကတော့ ဆရာကြီးနှင့် ဦးဗ
ဆောင်းတို့နှစ်ယောက်** ပြောဆိုနေကြသော စကားများကို
**ကောင်းစွာ** နားမလည်ကြသဖြင့် ဘာမှဝင်မပြောကြတော့ဘဲ
နားထောင်ရုံသာ နားထောင်နေကြလေသည်။

ထို့နောက်မှာတော့ ပလ္လင်ပျောက်ဘုရားကြီးရှိသော
နေရာတစ်ဝိုက်မှာပင် လိုက်လံရှာဖွေကြရာ မနီးမဝေးနေရာ
မှာပင် အတန်အသင့်ကျယ်သော ကျောက်ဂူတစ်ခုကို တွေ့ရသ
ဖြင့် ထိုအထဲမှာပင် ဝင်ရောက်စခန်းချရန် ပြင်ဆင်ကြလေသည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့် နေဝင်ချိန်နီးပြီ ဖြ
သောကြောင့် အလင်းရောင်များ ပျောက်စပြုလာချေပြီ။

ထို့အတူ မြူနှင်းများ ဝေ့ဆိုင်းလာပြီးနောက် အအေး
ဓါတ်များပါ တစ်ပါတည်း ပါလာလေသည်။

ဆောင်းတစ်လ၏ ညချမ်းအချိန်အခါသို့ ရောက်ရှိ
ချေပြီ။







# အခန်း (၇)

# အမေရေယဉ်နှင့် တွေ့ကြရခြင်း

ညအချိန်ရောက်လာသောအခါ ကောင်းကင်ပေါ်၌ လရောင်ရှိသော်လည်း မြူနှင်းများ ဝေ့ဆိုင်းနေသဖြင့် အလင်းရောင် မရပေ။

တော၏အရိပ်များ ဖုံးလွှမ်းထားသော တောခြေတစ်ဝိုက်မှာတော့ ပို၍ အမှောင်ရိပ်များနေသောကြောင့် ပတ်ဝန်းကျင်ကိုပင် လှမ်းမမြင်ရပေ။



www.burmeseclassic.com

www.burmeseclassic.com



ညဦးပိုင်းအချိန် ရောက်သောအခါ မြူနှင်းများသာ မကဘဲ နှင်းစက်နှင်းပေါက်များပါ ကျလာသည်။

ကောင်းကင်ပေါ်မှ ရေသွန်ချသကဲ့သို့ မိုးစက်မိုးပေါက်များ ကျလာသကဲ့သို့ ဆင်းလာသော နှင်းရည်စက်တို့သည် သစ်ရွက်များပေါ်သို့ လာရောက်တင်သည်။

တဖြည်းဖြည်းနှင့် များလာသောအခါ နှင်းပေါက်များ အသွင်ဖြင့် အောက်သို့ပြုတ်ကျလာသည်။

အမြင့်မှ ပြုတ်ကျလာသော နှင်းရည်စက်တို့က အခြား သစ်ရွက်များပေါ်သို့ ကျသောအခါ 'တဖြောက်ဖြောက်'နှင့် အသံမျိုးစုံတို့မှာ သံစဉ်မညီသော ဂီတသံများသဖွယ် ပေါ်လာကြလေသည်။

ထို့အတူ အအေးဓါတ်က ပိုများလာသည်။

စောထီးနှင့် ငမဲအောင်တို့က ဂူတွင်းတစ်နေရာတွင် မီးဖိုတစ်ဖို ဖိုထားပြီး ထိုမီးဖိုပေါ်မှာ ဝါးဆစ်ပိုင်းများချိတ်ကာ ထိုဝါးဆစ်ပိုင်းများထဲမှာ ရေထည့်ပြီး ရေနွေးကျိုထားသည်။

ညစာအတွက် အစားအသောက်တို့ကို. . သူတို့နှစ်ယောက်ကပင် စီစဉ်ပြုလုပ်ပေးသည်။

ထွေထွေထူးထူးတော့ မဟုတ်ပေ။

သက်သတ်လွတ်ချက်ပြုတ်သော အစားအသောက်များပင် ဖြစ်သည်။

စားသောက်ပြီးသောအခါ ဆရာကြီးနှင့် ဦးဇန်ကောင်းတို့က ပုတီးတစ်ကုံးစီဖြင့် ပုတီးစိပ်ကြရန် ပြင်သည်။





ထိုအခါ နီမောင်က ဦးဇန်ကောင်းအနီးသို့ ကပ်လာကာ တိုးတိုးမေးလိုက်သည်။

"အဘ ပုတီးစိပ်တော့မလို့လား"

ဦးဇန်ကောင်းက လှည့်ကြည့်ပြီး ခေါင်းညိတ်ပြသည်။

"မဟာမြိုင်တောက ဘုရားစာ တရားစာတွေ ရွတ်ဖတ်ရင် မနှစ်သက်ဘူးလို့ ကြားဘူးလို့ပါ"

"မင်းက ကြောက်နေလို့လား"

"အဘတို့ ရှိနေတာပဲ မကြောက်ပါဘူး"

"ကောင်းတာလုပ်တာပဲကွာ၊ ဘာကြောက်စရာရှိသလဲ၊ တစ်ခုတော့ ရှိတာပေါ့၊ နေရာတိုင်းမှာတော့ ကိုယ်ထင်တဲ့အတိုင်း လုပ်ရဘူးပေါ့၊ သူ့အရပ်ဒေသမှာရှိတဲ့ ဓလေ့ထုံးစံတွေကိုတော့ လေးစားလိုက်နာကြရတာပေါ့၊ ဒီတောရောက်တော့လည်း မဟာမြိုင်နဲ့ သက်ဆိုင်တဲ့သူတွေကို ခွင့်တောင်းပန်ကြားပြီး လုပ်ရင် ဘာမှမဖြစ်ပါဘူး"

"ဒါဖြင့်. . ခွင့်တောင်းပြီးပြီပေါ့နော်"

ဦးဇန်ကောင်းက ခေါင်းညိတ်ပြသည်။

"ဒီတောထဲမှာ ဘုရားစာ တရားစာ ရွတ်သွားရင် အန္တရာယ်နဲ့တွေ့တာတို့၊ ကြမ်းကြမ်းတမ်းတမ်း ဆဲဆိုသွားမှ အန္တရာယ်ကင်းတယ် ဆိုတာကရော ဘယ်လိုသဘောလဲဟင်"

နီမောင်က အခွင့်ကြုံခိုက် သူသိချင်သော အကြောင်းအရာအချို့ကို မေးလိုက်လေသည်။

"ဘုရားစာ တရားစာ ရွတ်သွားတဲ့အခါ တော်စုံနတ်



www.burmeseclassic.com

www.burmeseclassic.com



တွေက နှောက်ယှက်တယ်ဆိုတာ သီလစမ်းတာပါ၊ အတုလား အစစ်လားသိရအောင် စမ်းကြတာပါ"

"ဘာဖြစ်လို့လဲဟင်"

"ပိသနိုးမြို့ ပျက်စီးရတာ . . ရဟန်းတု ရဟန်းယော ကြောင့် ပျက်စီးခဲ့ရတာ၊ ဒီမဟာမြိုင်တောက ပန်ထွာဘုရင်မ သက်ဆိုင်တဲ့နေရာတစ်ခုပဲ၊ ဒါကြောင့် သူ့ပိုင်နက်ထဲ ဝင်လာ သူတွေ ဘုရားစာ တရားစာ ရွတ်တာတို့ ဒီတောမှာ အဓိဋ္ဌာန် ဝင်တာတို့ရှိရင် သီလရှိတဲ့ပုဂ္ဂိုလ် စင်ကြယ်တဲ့ပုဂ္ဂိုလ်ဟုတ်မဟုတ် စမ်းကြတာပါ၊ ဒါပေမယ့် သူတို့ စမ်းတာတွေကတော့ ကြမ်း ပေါ့"

"ကြမ်းတာမှ တစ်ခါတစ်လေ၊ အသက်သေကြတာ တောင် ရှိတယ်လို့ ကြားဖူးတယ်"

"သီလစင်ကြယ်တဲ့ပုဂ္ဂိုလ်တွေလာပြီး တရားအားထု ရင် အနှောင့်အယှက် မပေးကြတဲ့အပြင် ပိသနိုးမယ်တော် ခေါ်ကြတဲ့ ပန်ထွာဘုရင်မကိုယ်တိုင် လာရောက်အကူအညီ ခဲ့တာတွေ ရှိပါတယ်၊ ဒီတောကနေ ကျင့်ကြံအားထုတ်ခဲ့ကြ ထွက်ရပ်ပေါက်ခဲ့ကြတဲ့ လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်တွေ ရှိခဲ့ကြ တယ်၊ မဟာမြိုင် ဆရာတော်ကြီးဆိုရင် ဝိဇ္ဇာလောကမှာ အ ကရ ရှိနေခဲ့တာပဲ"

ဟု စိတ်ရှည်လက်ရှည် ရှင်းပြပေးသောကြောင့် နီ လည်း နောက်ထပ်ဘာမှ ထပ်မမေးတော့ပေ။

ညဦးပိုင်းတော့ ဝေယျာဝစ္စကိစ္စများ ပြီးသည်နှင့်





နှင့် မနီးမဝေး အနွေးဓါတ်ရသောနေရာတွင် ဆရာကြီးနှင့် ဦးဘန်ကောင်းတို့က ပုတီးစိပ်နေကြလေသည်။

စောထီးနှင့် ငမဲအောင်တို့ နှစ်ယောက်မှာလည်း ထိုနေ ရာနှင့် မနီးမဝေးနေရာ၌ အိပ်ကြလေသည်။

နီမောင်ကတော့ မအိပ်ချင်သေးသဖြင့် မီးပုံဘေးမှာ ထိုင်ရင်း ရှာဖွေထားသော ထင်းခြောက်များနှင့် မီးအလျှံမပြတ် အောင် ထည့်ပေးရင်း ထိုင်စောင့်ပေးနေလေသည်။

ညအချိန်ရောက်သောအခါ တောတွင်းမှ ထူးခြားသော အသံမျိုးစုံတို့ ကြားလာရသည်။

လေနှင့်အတူပါလာသော မွှေးကြိုင်သင်းပျံ့သည့် ရနံ့ များကိုလည်း ရလာလေသည်။

တောထဲတွင် သစ်ခွပန်းမျိုးစုံ တောပန်းမျိုးစုံတို့ ရှိကြ ရာ ယခုလို အေးမြသော ဆောင်းရာသီတွင် ပန်းရနံ့များ ရ လာသည်ကတော့ အဆန်းတကြယ် မဟုတ်တော့ပေ။

ထိုအချိန်မှာပင် ဆရာကြီး သူရဇ္ဇက ပုတီးစိပ်နေရာမှ ထလာပြီး နီမောင် ထိုင်နေသော နေရာသို့ လာရပ်သည်။

"ဆရာကြီး အဓိဋ္ဌာန် ပြီးသွားပြီလား"

"မပြီးသေးပါဘူး၊ ဒါပေမယ့် မကြာခင် ဧည့်သည်တွေ ရောက်လာဦးတော့မှာမို့ ထလာတာ"

ထိုသို့ပြောသဖြင့် နီမောင်စိတ်ထဲမှာ အံ့ဩသွားမိလေ သည်။

သူ့အနေဖြင့် ဆရာကြီးတို့နှင့် အတူတူ သွားဖူးလာဖူး



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် ထွေထွေထူးထူးတော့ မမေးတော့ပေ။

အတန်ကြာတော့ သင်းပျံ့သော ပန်းရနံ့များက ပို့ရလာ သည်။

ထို့အတူ သူတို့ရှိနေသောဂူနှင့် မနီးမဝေးနေရာမှ ခြေ သံများ ကြားလာရသည်။

သိပ်မဝေးသောကြောင့် နီမောင်က လှမ်းကြည့်လိုက် သည်။

ဂူထဲမှာဖိုထားသော မီးရောင်က အပြင်ဘက်သို့ တစ် တဝက်ရောက်နေရာ မီးရောင်အောက်၌ဖြတ်သွားသော သတ္တဝ များကို လှမ်းမြင်လိုက်ရသဖြင့် မျက်လုံးပြူးသွားသည်။

အခြားမဟုတ်ပေ။

ကိုးတောင်ကျားကြီးနှစ်ကောင်ပင် ဖြစ်သည်။

ခဏကြာတော့ ပြန်ထွက်လာပြီး ဂူပေါက်ဝနှင့် မနီး ဝေးမှာ ဆောင့်ကြောင့်ထိုင်နေလေသည်။

၎င်းတို့အမူအယာမှာ ဂူအတွင်းမှာ ရှိနေကြသော လူများကို ရန်မူလိုဟန်မရှိဘဲ ကြောင်တစ်ကောင်ကဲ့သို့ အေး အေးဆေးဆေး အမူအယာဖြင့် ဆောင့်ကြောင့် လာထိုင်နေကြ ခြင်းပင် ဖြစ်၏။

"ဆရာကြီး တောကောင်နှစ်ကောင် ဟိုမှာရောက်နေ ကြတယ်"

"နေပါစေကွယ်၊ သူ့ဘာသာ ထိုင်နေတာပဲ၊ သက်ဆိုင် သူတွေ လာတော့မှာမို့ ရှေ့တော်ပြေးအနေနဲ့ ရောက်လာကြတာ





ဖြစ်မှာပေါ့"

ဟု အေးအေးဆေးဆေး ပြန်ပြောလေသည်။

ထိုမျှနှင့် မပြီးသေးပေ။

နောက်ထပ် ခြေသံလိုလို ကြားသဖြင့် အသံကြားရာ ဘက်သို့ လှမ်းကြည့်လိုက်သောအခါ တစ်ကိုယ်လုံး အမွေးစုတ် ဖွားဖြင့် တင်းပုတ်ထမ်းထားသော ဘီလူးနှစ်ကောင် ရောက်လာ ပြီး ဂူပေါက်ဝနှင့် မနီးမဝေးနေရာတွင် မားမားကြီး ရပ်နေကြ လေသည်။

"ဆရာကြီး . . ဟိုမှာ ဘီလူးကြီးနှစ်ကောင် ရောက်လာ ကြပြန်ပြီ"

"ရောက်ပစေပေါ့ကွယ်၊ သူတို့ တာဝန်ရှိတဲ့အတိုင်း လုပ် နေကြတာပဲ၊ သက်ဆိုင်သူတွေ ရောက်လာတော့မှာမို့ ရောက် လာကြတာ ဖြစ်မှာပေါ့"

ဟု ပြောပြလေသည်။

ကိုးတောင်ကျားနှစ်ကောင်နှင့် ဘီလူးနှစ်ကောင်တို့ ရောက်လာကြပြီး မကြာမီ နောက်ထပ်ခြေသံ ကြားရပြန်သဖြင့် ကြည့်သောအခါ ရှမ်းအမျိုးသမီးများ ဝတ်ဆင်လေ့ရှိသော အ ဝတ်အစားတို့ကို ဝတ်ဆင်ထားသော အမျိုးသမီး ရောက်လာ သည်ကို တွေ့ရသည်။

ထိုအခါ ဆရာကြီးက နီမောင်ကိုပါခေါ်ပြီး အပြင်သို့ ထွက်သွားလေသည်။ ဆရာကြီး ထွက်လာတာမြင်တော့ တင်း ပုတ်ထမ်းထားသော ဘီလူးနှစ်ကောင်ကလည်း မျက်ထောက်နီ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် လှမ်းကြည့်ကာ လှုပ်လှုပ်ရှားရှား ဖြစ်လာကြသည်။

ဆောင့်ကြောင့်ထိုင်နေသော ကျားနှစ်ကောင်ကလည်း နေရာမှ ထလာကြသည်။

ထိုအခါ အမျိုးသမီးက လက်ဖြင့် တစ်ချက်ဝှေ့ယမ်းပြလိုက်တော့မှ ပြန်ငြိမ်ကျသွားလေတော့သည်။

ဆရာကြီးကတော့ မနီးမဝေးနေရာရောက်အောင် လျှောက်သွားပြီးမှ မေးလိုက်သည်။

"အမေရေယဉ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ကျုပ်တို့ ပို့သပေးတဲ့. . မေတ္တာနဲ့ အမျှအတန်းတွေ ရပါရဲ့လား"

"ရပါတယ်၊ ဒီအတွက် ကျေးဇူးတင်ပါတယ်"

"ကျုပ်တို့လာတဲ့ကိစ္စကို တိုင်တည်အသိပေးထားပြီးပြီ သိထားပြီးပြီ ထင်ပါတယ်၊ အလိုရှိသော သဇင်နီနဲ့ ဆေးဖက်ဝင် ပစ္စည်းတွေကို ရရှိအောင် အကူအညီ ပေးစေလိုပါတယ်"

"အကူအညီ ပေးနိုင်ပါတယ်၊ ဒါပေမယ့် မေးစရာတွေ ရှိပါသေးတယ်"

"မေးပါ"

"သဇင်နီ ဆေးတော်ဆိုတာ သိဒ္ဓိအစွမ်း ထက်မြက်တာမို့ ဆေးတော်ပြီးပါက. . . အထက်လမ်းအတွက် သုံးမှာလား အောက်လမ်းအတွက် အသုံးပြုမှာပါလား"

"မေးထိုက်တဲ့ မေးခွန်းပါပဲ၊ ကျုပ်တို့က အထက်လမ်း





အတွက် အသုံးပြုပြီး ထွက်ရပ်လမ်းအထိသွားဖို့ ရည်ရွယ်ထားပါတယ်၊ ရည်ရွယ်ချက် မပြည့်မြောက်သေးခင်မှာတော့ ခုနစ်ရက်သားသမီးတွေရဲ့ ဒုက္ခတွေကို ကူညီကယ်တင်ပေးဖို့ ရည်ရွယ်ထားပါတယ်"

အမေရေယဉ်မေးသော မေးခွန်းမှာ မေးထိုက်သော မေးခွန်းပင် ဖြစ်ပေသည်။

အဘယ်ကြောင့်ဆိုသော်. . .

သဇင်နီဆေးတော်တွင် ပါဝင်သော ကျားလျှာနှင့် ညို့ကြိုးကြောင့် ဆေးကို ပီယသိဒ္ဓိအတွက် အသုံးပြုမည်ဆိုပါက ချောမောလှပသည့် မိန်းမပျိုအပေါင်းတို့ ပျက်စီးခြင်းသို့ ရောက်စေနိုင်သောကြောင့်ပင် ဖြစ်ပေသည်။

ထို့ပြင် သစ္စာမရှိသော ဣတ္ထိယသိုက်သမား ယောကျ်ားတို့က ထိုဆေးတော်ကို ရရှိပါက ငွေကြေးချမ်းသာသူ မိန်းမပျိုတို့ကိုရအောင် ကြံဆောင်နိုင်သည့် အစွမ်းရှိသောကြောင့်. . ထိုဆေးတော်မှာ မသမာသူတို့လက်ထဲ ရောက်သွားပါက မိန်းမပျိုတို့အတွက် အန္တရာယ်များလှသဖြင့် ထိုကဲ့သို့ မေးမြန်းခြင်းလည်း ဖြစ်သည်။

"ကျုပ်က နဝင်္ဂသီလကို ဆောက်တည်ထားခဲ့ပြီးဖြစ်လို့ မကောင်းသော အကြံအစည်နှင့် မမှန်သောစကားတို့ကို ပြောမည်၊ ပြုလုပ်မည် မဟုတ်ပေ၊ သို့ကြောင့် သင့်ဘက်က အကူအညီ ပေးနိုင်ရင်တော့ ပေးပါ"

"ဆရာကြီးရဲ့စကားကို ကျွန်မ ယုံကြည်ပါတယ်၊ ဟည



www.burmeseclassic.com

www.burmeseclassic.com



ကြည်ဖြောင့်မတ်တဲ့ လုပ်ငန်းစဉ်တွေကို လုပ်နေတယ်ဆိုတာ လည်း အားလုံးက သိကြပါတယ်၊ ဒါကြောင့် တောထဲရောက် လာကတည်းက ပိဿနိုးမယ်တော်ကြီးက အနှောင့်အယှက် မပေးခဲ့တာပါ"

"ဒီလိုအကူအညီပေးတဲ့အတွက် အားလုံးကို ကျေးဇူး တင်ပါတယ်၊ ပြုပြုသမျှခဲ့သော ကုသိုလ်ကောင်းမှု အဖို့ဘာဂ အစုစုတို့ကိုလည်း သင်တို့ကို အမျှအတန်း ဝေပေးပါတယ်"

"သာဓု . . သာဓု . . သာဓု"

ဟု သာဓုသုံးကြိမ် ခေါ်လေသည်။

ပြီးမှ စကားပြန်ဆက်ပြောသည်။

"နောက်တစ်ခုကတော့ အကူအညီ တောင်းရမယ့် ကိစ္စ ပဲ ဖြစ်ပါတယ်"

"ပြောပါ၊ အကူအညီပေးနိုင်တဲ့ ကိစ္စဆိုရင် ပေးပါ့မယ်"

"တခြားတော့ မဟုတ်ပါဘူး၊ ကျွန်မက ဆရာကြီးတို့ အလိုရှိတဲ့ သဇင်နီမှာရှိတဲ့နေရာကို ညွှန်ပြပေးပါ့မယ်၊ ဆရာကြီး ဘက်က တစ်ခုတော့ ပြန်လုပ်ပေးရပါမယ်၊ ဟိုမှာ မြင်နေရတဲ့ ရုပ်ပွားတော်ဟာ ပလ္လင်ပျောက် ဘုရားကိုးဆူမှာ တစ်ဆူပါဝင်ပါ တယ်"

ဆရာကြီးက သိနှင့်ပြီးသောအမူအယာဖြင့် ခေါင်းညိတ် ပြလိုက်သည်။

"ဒီရုပ်ပွားတော်ကို ပလ္လင်တော် ပြန်ထည့်ပြီး မွမ်းမံပြုပြင် ဆင်ပေးစေလိုပါတယ်"





"ပလ္လင်ပျောက်ဘုရားကို ပလ္လင်တော် ပြန်ထည့်ပေးလို့ ရနိုင်ပါသလား"

"ရပါတယ်၊ ပလ္လင်ပျောက် ဘုရားကိုးဆူစလုံးက အရင် ကတော့ ပလ္လင်တွေ ရှိခဲ့ကြပါတယ်၊ နှစ်ပေါင်းကြာတဲ့ အခါမှာ တော့ ရာသီဥတုဒဏ်နဲ့ မသမာတဲ့သူတွေ ဖျက်ဆီးခဲ့ကြတဲ့ဒဏ် ကြောင့် အခုလိုပျက်စီးပြီး ပလ္လင်ပျက်ခဲ့ရတာ ဖြစ်ပါတယ်"

"မှန်ပါတယ်"

"ပလ္လင်ပျောက် ဘုရားကိုးဆူစလုံးကို မူလအတိုင်း . ပလ္လင်တော်တွေ ပြန်ထည့်ပေးပြီးရင် သာသနာတော် ပွင့်လင်း သာဖို့ အကြောင်းတွေလည်း ရှိပါတယ်"

ဟု ပြောပြလေသည်။

"ဒီလို သိရတော့မှဖြင့် အကူအညီ ပေးပါ့မယ်၊ ဆေး တော်ကြီး စီရင်ပြီးတဲ့အခါမှာ ရုပ်ပွားတော်ကြီးကို မူလအခြေ အနေအတိုင်း ဖြစ်အောင် ပြုလုပ်ပေးပါ့မယ်လို့ ကတိပေးပါ တယ်၊ သင်တို့ကလည်း ဝိုင်းဝန်းအကူအညီပေးကြပါ"

"ပေးပါ့မယ်"

ထိုသို့ပြောပြီး သဇင်နီရှိသောနေရာကို ပြောပြလေ သည်။ ထိုနေရာသို့ ရောက်ပါက အနှောင့်အယှက်များ ရောက် လာပါက မည်သို့မည်ပုံ ပြုလုပ်ဆောင်ရွက်ရမည်ကိုပါ တစ်ပါ တည်း ပြောပြပြီးနောက် လာလမ်းအတိုင်း ပြန်သွားလေတော့ သည်။

ထိုသို့လှည့်ပြန်သွားသည်နှင့် ကျားနှစ်ကောင်နှင့် ကိုလှူး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ကောင်လည်း နောက်မှ လိုက်သွားကြလေသည်။

ပတ်ဝန်းကျင် တစ်ဝိုက်မှာတော့ သင်းပျံ့သောရနံ့များသာ ကျန်နှဲ့ခဲ့တော့သည်။

ထိုအခါမှ နီမောင်က တိုးတိုးမေးရသည်။

"အမေရေယဉ်ဆိုတာ နတ်မဟုတ်လား ဆရာကြီး"

"ဟုတ်တယ်လေ၊ မင်းတို့ တစ်နယ်လုံး ယုံကြည်ကိုးကွယ်နေကြတဲ့နတ် ရောက်လာတာတောင် မသိပြန်ဘူးလား"

"ဘယ်သိပါ့မလဲ ဆရာကြီးရယ်၊ အခုတောင်မှ ဆရာကြီး ပြောပြလို့ သိရတော့တာ၊ ဒါထက် သူတို့က ဒီလောက်အထိ မကျွတ်မလွတ်တဲ့ဘဝနဲ့ ရှိနေကြသေးသလား"

"ရှိတာတွေလည်းရှိ မရှိတဲ့နတ်တွေလည်း မရှိကြတော့ဘူးပေါ့ကွာ၊ ဒါပေမယ့် သူတို့နဲ့သက်ဆိုင်တဲ့ ကိုယ်ပွားဝိညာဉ်နတ်တွေကတော့ ရှိကြသေးတာပေါ့"

"ဒါဖြင့် အစစ်မဟုတ်ဘူးပေါ့နော်"

"ဒီလိုလည်း မဟုတ်ပြန်ဘူး၊ သူတို့နဲ့ သက်ဆိုင်နေတာဆိုတော့ မူလပုဂ္ဂိုလ်ရဲ့ ဟိတ်တွေ စိတ်တွေကတော့ အနည်းနဲ့အများ ပါဝင်နေတာပဲပေါ့"

"ဆရာကြီး ရှင်းပြတော့မှပဲ သဘောပေါက်ရတော့တယ်"

"ကိုင်း. . ဒီကနေ့ညတော့ သက်ဆိုင်ရာပုဂ္ဂိုလ်နဲ့ တွေ့ပြီးပြီဆိုတော့ အလုပ်နှစ်ခု တစ်ပြိုင်နက် လုပ်ရတော့မှာပေါ့၊ တစ်ခုက သဇင်နီ ဆေးတော်ကြီး စီရင်ဖို့ နောက်တစ်ခုက ပလ္လင်





ပျောက်ဘုရားကို ပြုပြင်ခွင့်ရတာပဲ၊ မကောင်းဘူးလား"

"ကောင်းပါတယ် ဆရာကြီး"

"လောကမှာ လူလိုမှနတ်လို၊ နတ်လိုမှ ဗြဟ္မာ. . ဆိုတဲ့စကားရှိတယ်၊ ဘယ်အရာမဆို မေတ္တာတရား ရှေ့ထားပြီးလုပ်ရင် အဆင်ပြေကြတာပါပဲ၊ ကဲ. . အပြင်ဘက်မှာ နှင်းတွေကျပြီး အေးလာပြီ၊ ဂူထဲပြန်ဝင်ကြရအောင်"

ဟု ပြောဆိုကာ နှစ်ယောက်သား ဦးခေါင်းများပေါ်မှာ တင်နေသော နှင်းမှုံနှင်းစက်တို့ကို လက်ဖြင့်သပ်ခါချပြီးနောက် ဂူအတွင်းသို့ ပြန်ဝင်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com







# အခန်း (၀)

# မဟာမြိုင်ဆေးတော်နှင့် ထူးခြားချက်များ

နောက်တစ်နေ့ နံနက်ပိုင်း အချိန်မှာတော့ နံနက်စာအတွက် အသင့်ပါလာသော အစားအသောက်များကို စားသောက်ကြပြီးနောက် ခရီးထွက်ကြလေသည်။

စားသောက်ရင်းနှင့်ပင် ဆရာကြီး သူရဇ္ဇက အကြောင်းစုံ ပြောပြထားသောကြောင့် ဦးဇန်ကောင်းတို့မှာလည်း မွှေးစွာစိတ်အားထက်သန်နေကြလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတာပေါ့ ဆရာကြီးရယ်၊ ဒီလိုနေရာမျိုးမှာ. . ဘုရားဖူးမြင်ခွင့်ရတာ ကောင်းတာပေါ့၊ တကူးတက လာရှာမယ် ဆိုရင်တောင် တွေ့ချင်မှ တွေ့ဦးမယ်၊ အခုတော့ တိုက်တိုက် ဆိုင်ဆိုင်ပါပဲ"

ဟု ပြောလေသည်။

ထို့နောက် ဂူထဲမှထွက်ကာ ညက အမေရေယဉ် ညွှန်ပြပေးခဲ့သော အနောက်ဘက်သို့ သွားကြလေသည်။

တစ်မိုင်ခန့် သွားသောအခါ တောင်ကုန်းတစ်ခုပေါ်မှ သုံးပင်ဆိုင် ပေါက်နေသော အထိကရ သစ်ပင်ကြီးသုံးပင်ရှိရာသို့ ရောက်သွားကြလေတော့သည်။

အင်ပင်၊ ကညင်ပင်နှင့် ကျွန်းပင်တို့ ဖြစ်သည်။

သုံးပင်စလုံး လုံးပတ်ရော အပင်အမြင့်မှာ တူကြသည်။

အကိုင်းအခက်များက တစ်ပင်နှင့်တစ်ပင် ယှက်နေရာ နေပြောက်မထိုးအောင် ရှိလေသည်။

"အရှေ့ဘက်မှာရှိတဲ့ ကညင်ပင်ကြီးပေါ်မှာ သဇင်နီရှိတယ်၊ ဒီလောက်မြင့်တဲ့နေရာကို တက်ယူဖို့ လွယ်ပါ့မလား"

ဟု ဆရာကြီးက မေးသည်။

ထိုအခါ စောထီးနှင့် ငမဲအောင်တို့က တက်တက်ကြွကြွနှင့်ပင် ဝင်ပြောကြသည်။

"ကျွန်တော်တို့နှစ်ယောက် ပါလာတာပဲ ဆရာကြီးရယ် စိတ်ပူစရာ မရှိပါဘူး၊ ကျွန်တော်တို့ နှစ်ယောက်က သစ်ပင်တက်တဲ့ နေရာမှာတော့ မျောက်တစ်ကောင် အရှုံးပေးရတဲ့ သူတွေပါ"





"သတိထားပြီး. . တက်ကြ"

ထိုသို့ပြောပြီး စောထီးနှင့် ငမဲအောင်တို့က သစ်ပင်ပေါ်တက်ရန် နွယ်ကြိုး၊ နွယ်ကွင်းများ၊ ပင်စည်တွင် စိုက်ရန်အတွက် သစ်သားချွန်တို့ကို တက်ညီလက်ညီ ပြုလုပ်ကြလေသည်။

ထိုအခိုက်မှာပင် တောထဲမှ ရသေ့တစ်ပါး ထွက်လာသည်။ အသက်အရွယ် ကြီးလှပြီဖြစ်သည်။

သူက နီမောင်တို့ကို မြင်တော့ မေးသည်။

"ဘာလုပ်နေကြတာလဲ"

"သစ်ပင်ပေါ် တက်မလို့ပါ"

"ဒီသစ်ပင်တွေပေါ်ကို တက်လို့မရဘူး၊ ဒီသစ်ပင်တွေက အထိကရ သစ်ပင်တွေပဲ၊ ဒီမှာရှိတဲ့ အစောင့်တွေကလည်း ကြမ်းတယ်၊ အပင်ပေါ်ကို ဘယ်သူမှ အတက်မခံဘူး၊ တက်တာနဲ့ တွန်းချလိမ့်မယ်"

ဟု ပြောသည်။

နီမောင်တို့က ဘာမှပြန်မပြောသောအခါ ဆက်ပြောပြန်သည်။

"ဒီလောက် အန္တရာယ်များတဲ့အလုပ်ကို ဘာအတွက်လုပ်ရမှာလဲ၊ မင်းတို့လိုချင်တဲ့ သဇင်နီက ဒီအပင်ပေါ်မှာ မရှိတော့ဘူး၊ ဝိဇ္ဇာတွေ ယူသွားပြီ"

ထိုသို့ ပြောနေသည့်တိုင် ဘယ်သူကမှ ဘာမှပြန်မပြောသောအခါ မကျေမနပ်ဖြင့် ရေရွတ်ပြောဆိုပြီးနောက် ထိုနေရာမှ ပြန်ထွက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောမရရင်တော့ လုပ်ချင်တာသာ လုပ်ကြပေတော့၊ သေတော့လည်း တပြုံကြီး သေကြရမှာပေါ့"

ဒင်းထွက်သွားတော့မှ နီမောင်က မေးလိုက်သည်။

"ဒီရသေ့က တစ်မျိုးပဲ"

"ရသေ့မှ မဟုတ်ပဲကိုးကွ"

ဦးဇန်ကောင်းက ဝင်ပြောသည်။

"ဒါဖြင့် ဘာလဲဟင်"

"အဲဒါ ဇော်ဂျီပဲလေ၊ ဇော်ဂျီက ရသေ့ယောင်ဆောင်လာတာ၊ သူ့လည်း ယူလို့မရဘူး၊ တခြားသူ ယူတော့မယ်ဆိုတော့လည်း မနှစ်သက်လို့ လာနှောင့်ယှက်သေးတယ်"

ဟု ပြောပြသည်။

ထိုအခါမှ နီမောင်တို့သုံးယောက်လည်း သဘောပေါက်သွားကြလေတော့သည်။

ဒင်းတို့မှာ သစ်ပင်ပေါ်တက်ရန်အတွက် ပြင်ဆင်နေကြစဉ်မှာပင် နောက်ထပ်အနှောင့်အယှက် အမျိုးမျိုးတို့လည်း တွေ့ရသေးသည်။

နေ့ခင်းအချိန်မှာ သစ်ပင်စောင့်သရဲ ရောက်လာပြီး နှောင့်ယှက်သေးသည်။ မျက်ထောက်နီကြီးဖြင့် လူအသွင်ဖြင့်ဆင်းကာ ရောက်လာခြင်း ဖြစ်၏။

"ဒီသစ်ပင်တွေက ငါတို့စောင့်ရှောက်နေရတဲ့ ငါတို့နဲ့သက်ဆိုင်တဲ့ သစ်ပင်တွေပဲ၊ ငါတို့ ခွင့်မပေးရင် မတက်ရဘူး"

"မင်းက ဘယ်သူလဲ"





"ဒီသစ်ပင်တွေကို စောင့်ရှောက်ပေးနေတဲ့သူပဲ"

"ဒါဖြင့် မင်းထက်တန်ခိုးရှိတဲ့ ပုဂ္ဂိုလ်က စေခိုင်းတာဆိုရင်ကော မင်း တားဝံ့မှာလား"

ဦးဇန်ကောင်းကမေးတော့ မျက်လုံးပြူးကြီးဖြင့် ကြည့်ကာ. . .

"ဘယ်သူလဲ"

"အမေရေယဉ်"

သူက မေးသောအခါ ဦးဇန်ကောင်းက တစ်ခွန်းသာ ပြန်ပြောလိုက်ရာ တီကောင်ကို ဆားဖြင့် ထိသကဲ့သို့ တွန့်ခနဲဖြစ်သွားပြီးနောက် တောထဲသို့ ပြန်ဝင်သွားလေတော့သည်။

ထိုကဲ့သို့ ဝင်သွားပြီး နောက်ထပ် အနှောင့်အယှက်များ မရောက်လာသောအခါမှ စောထီးနှင့် ငမဲအောင်တို့ နှစ်ယောက်က သစ်ပင်ပေါ်တက်ရန် ပြင်ကြလေသည်။

သစ်ပင်ကြီးသုံးပင်စလုံး အပင်က အတော်ကလေးမြင့်သလို လုံးပတ်ကလည်း အတော်ကြီးသည်။

အပေါ်မှာရှိသော ကိုင်းတစ်ခုဆီသို့ ရောက်ရန်ပင် ပေ(၆၀)ခန့် တက်ရပေသည်။

မြေပြင်မှ အောက်ဆုံးကိုင်းအထိ ပေ(၆၀)ခန့် မြင့်သော်လည်း ထိုကြားထဲမှာတော့ ဘာမှမရှိပေ။

သို့သော်လည်း စောထီးနှင့် ငမဲအောင်တို့အတွက်ကတော့ အခက်အခဲ မရှိလှပေ။

သူတို့အနေဖြင့် များဖွပ်သောအခါ ထိုထက်မြင့်သော



www.burmeseclassic.com

www.burmeseclassic.com



အပင်ကြီးများပေါ် သို့ပင် တက်ကြရသည်။

နှစ်ယောက်သား အဆင်သင့်ပြင်ပြီး သစ်ပင်ပေါ် တက်ကြသည်။

ဦးစွာ ပင်စည်တွင် သစ်သားချွန်များဖြင့် စို့ရိုက်သည် ပြီးမှ နွယ်ကြိုးဖြင့် သိုင်းချိတ်ကာ တစ်ဆင့်ချင်းတက်ကြခြင်း ဖြစ်သည်။

ပင်စည်မှာ နွယ်ကြိုးသိုင်းထားသဖြင့် အကယ်၍ ခြေ နင်းထားသော သစ်သားစို့ ပြုတ်ထွက်သော်မှ ပြုတ်မကျနိုင်ပေ

ကျွမ်းကျင်စွာဖြင့် တစ်ဆင့်ပြီးတစ်ဆင့် တက်သွား ခွဆုံကိုင်းရှိရာသို့ ရောက်သွားကြသည်။

ထိုကိုင်းတလျှောက်မှာတော့ အခြားသစ်ခွများကိုသာ တွေ့ရသော်လည်း သဇင်နီတော့ မတွေ့ရပေ။

သို့ကြောင့် နောက်တစ်ဆင့် ဆက်တက်ပြန်သည်။

နောက်ဆုံးမှာတော့ သစ်ပင်၏ ထိပ်ဆုံးကိုင်းသို့ ရော သွားကြလေသည်။

သစ်ပင်ထိပ်ဖျားတွင် ပေအတော်မြင့်နေပြီ ဖြစ်သ လေတိုက်သော ဒဏ်ကိုတော့ အတော်ခံရသည်။

အပေါ်ဆုံးကိုင်း တစ်နေရာမှာတော့ သူတို့အလိုရှိသော သဇင်နီပန်းခိုင်တို့ကို တွေ့ရပေပြီ။

သဇင်နီမှာ နီရဲနေခြင်းမျိုး မဟုတ်ဘဲ အဖြူရောင် ခိုင်တွင် အနီရောင် သမ်းနေခြင်းပင်ဖြစ်သည်။

ကြည့်လျှင်တော့ အဖြူရောင် မမြင်ရဘဲ အနီရော





အဖြစ်နှင့်သာ တွေ့ရလေသည်။

ပန်းခိုင်ရှိသော နေရာမှာ ကိုင်းဖျားဘက်၌ ရှိသဖြင့် နွယ်ကြိုးများ အားကိုးဖြင့် ခက်ခက်ခဲခဲ သွားပြီးမှ ရလေသည်။

နောက်ဆုံးတော့ အလိုရှိသော သဇင်နီကို ရခဲ့သဖြင့် အပင်အောက်သို့ ပြန်ဆင်းကာ ဆရာကြီးလက်သို့ ပေးလိုက်လေသည်။

ဤနေရာတွင် ကျွန်ုပ်၏စာဖတ်ပရိသတ်များ ဗဟုသုတ အလို့ငှာသော်လည်းကောင်း၊ သဇင်နီဆေးတော် သို့မဟုတ် ဟာမြိုင်ဆေးတော် စီရင်နည်းကို ဖော်ပြပေးလိုက်ပါသည်။

သဇင်နီဒေဝီ ဆေးတော်နှင့် ပတ်သက်၍ သိမှတ်ဖွယ် ရာများကို ဖော်ပြပါမည်။

သဇင်နီဒေဝီ ဆေးတော်ဆိုသည်မှာ ပီယနှင့် လာဘ် သပ်ပကာ အပွင့်အလန်းနှင့် ပတ်သက်၍ စတုမဟာရာဇ် ဂန္ဓဗ္ဗ တော်ကညာများ ဖြစ်ကြကုန်သော သူရဿတီဒေဝီမိခင်နှင့်တကွ ဒေဝီတစ်ကျိပ်နှစ်ပါးတို့၏ ဟိတ်တန်ခိုးများကိုဝင်၊ အစောင့် အရှောက်ကိုရင်း မဏ္ဍိုင်ပြုကာ ဂန္ဓာရီဝိဇ္ဇာပညာအရ စီရင်အပ် သော ဆေးတော်ဖြစ်ပေသည်။

ဆေးတော်၌ ပါဝင်သော မူရင်းဆေးစုများကို ဖော်ပြပါ မည်။

(သဇင်နီ၊ ဇလပ်နီ၊ ဂမုန်းနီစသော နံ့သာငါးမျိုး၊ ပုဏ္ဏ ရိတ်ကြာ၊ ကြ့ဿရာ၊ ဇိဝှဇ္ဇုမျိုး၊ ပိတောက်မှု၊ သပွမြွေ၊ သည်းခြေ ည်ကြီး၊ ပရုပ်နံ့ရှိန်၊ ဖုန်းမသိမ်၊ ရွှေချိန်မွှေးကတိုး၊ စုန်ညနံယူရေ

www.burmeseclassic.com



ကြိတ်ညက်စေ၊ ပေါင်းထွေတစ်ဆယ့်ငါးမျိုး။)

ပညာရှိများက ထိုသို့ စာချိုးထားခဲ့ကြသည်။

ရှေးဝိဇ္ဇာ ပညာရှင်များပြုသော အစီအရင်များကို ဆန်းစစ်ကြည့်သောအခါ ဆေးစုများထဲ၌ သဘာဝအားဖြင့် အာနိသင်ကြီးမားသော ပစ္စည်းများကို ဂမ္ဘီရ ပညာစခန်းတွင် ထည့်ပြီး စုပေါင်းထားပေသည်။

အထက်ဖော်ပြပါ သဇင်နီဒေဝီဆေးတော်၌ သဇင်နီ ဇလပ်နီတို့ချည်းပင်လျှင် သတ္တိထူးများနှင့် ပြည့်စုံနေပေပြီ။

ညှို့အား ဆွဲအားနှင့်ဆိုင်သော ဆေးစုထဲ၌ မြွေ၏ချ ညှို့ကြိုးများ ကျား၏လျှာများ စသည်အားဖြင့် . သဘာဝ (ဟိတ်)အင်အားများကို ထည့်သွင်းထားသည်။

ပီယသဒ္ဒိ၊ မနသိဒ္ဓိ၊ ကာယသိဒ္ဓိစသော ဆယ်ပါးသော သိဒ္ဓိမျိုးကို စီရင်ရာမှာ အချိန်၊ နက္ခတ်၊ ဆေးစု၊ အစီအမံ၊ ပရိ စသည့် အင်္ဂါရပ်များနှင့် ပြီးပြည့်စုံ မှန်ကန်အောင် ပြုလုပ်နိုင် မှသာ လိုရာကိစ္စများ ပြီးမြောက်နိုင်သည်ဟု ယုံကြည်အပ် သည်။

ဆေးစီရင်ရာတွင် တာဝန်ယူကြရမှုကိုလည်း သတိပြု ပါမည်။

- ဆေးစုရလိုသော ဂုဏ်းဝင် အစုရှင်များသည် ဆေး ရင်ရာမှာ ကုန်ကျအံ့သော ငွေများကို ပြည့်စုံလုံလောက်သည် အထိ ပါဝင်ထည့်ပေးရန် တာဝန်ယူကြရပေသည်။

- "ဦးစီးဆရာ" သည် အစီအရင်၏ ဦးစီးခေါင်းဆော





ဖြစ်၍ မူရင်းပါဝင်မည့် ဆေးစုများကို ဝယ်ယူရပါမည်။ ဝယ်ယူ၍ ရနိုင်ရန် ခက်ခဲသည့်"သဇင်နီ"ကဲ့သို့သော အဓိက ဆေးစုအ တွက် အသက်သတ်လွတ်စားပြီး (၄၉)ရက် သစ္စာအဓိဋ္ဌာန်ပြု ကာ ဥပုသ်များဆောက်တည်၍ ဆိုင်ရာတို့မှ တောင်းခံရပါမည်။ တစ်ကြိမ်မက တစ်ကျပ်သားရသည်အထိ ထပ်ကာထပ်ကာ အဓိဋ္ဌာန် ဝင်ရပါမည်။ တစ်ကျပ်သားရလျှင် ဆေးစီရင်နိုင်ပါ သည်။

လက်ထောက်ဆရာသည် (စတိ)ပြုရသည့် ကိစ္စအဝဝ တို့၌ တာဝန်ယူရပါသည်။ ရှေးဦးစွာ အကြောင်းသိပြီးဖြစ်သော မိမိ၏ သမီးတူမများထဲမှ အပျိုစင် စစ်စစ်ဖြစ်ပြီး ဓမ္မတာ ပန်းပွင့် ပြီးစ (၇)ရက်နေ့သမီး၊ (၇)ယောက်တို့ကို စုစည်းထားရပါမည်။ သရဖီ၊ ကံ့ကော်၊ သပြေ၊ ခရေ၊ အင်ကြင်း၊ မြလေး၊ သစ္စာတည်း ဟူသော ပန်း(၇)မျိုးကို ရာသီအားလျော်စွာ စုဆောင်း၍ အပျို စင်တို့အား ဘယ်လက်ဖြင့် ပန်ဆင်စေပြီး ညာလက်ဖြင့် ဆေးစု ပိတ်ဖြူထုတ်ထဲသို့ ထည့်စေရပါမည်။ သဇင်ဝါပန်းကိုလည်း ဆေးစုပိတ်ဖြူထုတ်ထဲသို့ ထည့်ရပါမည်။ အထက်ဖော်ပြပါ ပန်း (၇)မျိုးပေါင်း၏ အလေးချိန်သည် သဇင်ဝါပန်းတစ်မျိုးထဲ၏ အ လေးချိန်နှင့် တူညီစေရပါမည်။ ပန်းဥ၊ ပန်းနု၊ ပန်းမ၊ ပန်းညို တို့ကိုလည်း အမျှစီချိန်ပြီး ထပ်၍ထည့်စေရပါမည်။ ထို့နောက် သဇင်နီကို အနည်းဆုံး တစ်ကျပ်သားထည့်ပါ။ အဆိုပါ ဆေးစု များကို သန့်စင်သည့် ပိတ်ဖြူအသစ်ဖြင့် အထုပ်တစ်ထုပ်တည်း ဖြစ်သွားအောင် ထုပ်ထားရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်"ဆေးစုများ"ကို "စတိ"ပြုရပါမည်။

ကမ္ဘာပေါ်ရှိ မည်သည့်(၇)နေ့ သား/သမီးနှင့်မဆို၊ မည်သည့်အချိန် မည်သည့်နေရာ၌ပင်လျှင် တွေ့ရသည်ဖြစ်စေ မိ... အပေါ်မှာ စွဲလန်းစေသည့် ဆွဲငင်သောဓါတ်အား (Attractiv... Power)များ ပွင့်လာစေရန် ၎င်းဆေးစု ပန်းထုပ်ကို အမျိုးသမီ... များ ပန်ဆင်သွားသည့်သဘောဖြင့် ၎င်းတို့၏ ခေါင်းပေါ်တွ... တင်စေပြီးမှ အောက်ပါလေး၌ာနသို့ သွားစေရပါသည်။

* (၇)နေ့(၇)လီကျင်းပသော တန်ခိုးကြီး ဘုရားပွဲ မင်္ဂလာကိစ္စ၊
* (၇)နေ့(၇)လီကျင်းပသော တန်ခိုးကြီး ဘုန်းကြီး ပျံပွဲ(အမင်္ဂလာကိစ္စ)
* (၇)နေ့(၇)လီကျင်းပသောပွဲကြီးလမ်းကြီး မင်္ဂလာ ဆောင်(၇)ခု (ကာမဂုဏ်ကိစ္စ)
* လူပြတ်သောလမ်း(၄)ခွ၊ (ထင်ပေါ်မှု)ဤသို့သွား...

...တွင် သတိပြုဖွယ်ရှိပါသည်။နေ့စုံပါဝင်သည့်အတွ...

တနင်္ဂနွေနေ့သမီးသည် တနင်္ဂနွေနေ့ တစ်နေ့စီ (... ကြိမ် တာဝန်ယူရသည်။

အခြားသော နေ့သမီးတို့သည်လည်း သူ့နေ့နှင့်သူ... ရွက်ဆောင်ရပါသည်။

ဤသို့ ပန်းထုပ်ကို ရွက်သွားသည့် အမျိုးသမီးတို့သ... မိမိ၏ ခါးအောက်သို့ ပန်းထုပ်ကို မချရပေ။

ပုရိသယောကျ်ားများနှင့် မတော်တဆ တိုက်မိကြသ...





...အခါ "ဘာထုပ်ကြီးလဲ"ဟု အမေးရှိပါက "ပိယဆေး"ဟူ၍ ...တစ်ခွန်းတည်းသာ ဖြေခဲ့ရပါမည်။

အထူးသတိပြုရမည့် အချက်လည်း ရှိပါသေးသည်။

ဤဆေးကို စီရင်၍ မပြီးသေးမီ ကြားကာလမှာ ဆေး...ဖော်ရာတွင်ပါဝင်သည့်. . အမျိုးသမီး အပျိုစင်တစ်ယောက်...ယောက်က အိမ်ထောင်ပြု၍ အမျိုးသား တစ်ဦးဦးနှင့် ပေါင်း...သင်းသဖြင့်. . အပျိုရည် ပျက်သွားသည်ရှိသော် အလုံးစုံသော ...ဆေးအစီအရင်သည် ပျက်သွားစေတတ်ခြင်းကို အထူးဂရုပြုရ...ပါမည်။

ဆေးစီရင်ရာ ဌာနကို ဖော်ပြပါမည်။

ဦးစီးဆရာသည် မင်္ဂလာအခါ နက္ခတ်များကို ရွေးချယ်...ပြီးသည့် ကာလတွင် စေပိုင်ဆရာ(၇)နေ့မွေး၊ (၇)ယောက်တို့၏ ...ညီမှုဖြင့် အစီအရင်ပြုရာဌာနကို နံ့သာဖြူ/နီဖြင့် ပက်ဖျန်း၍ ...နှက်ချထားရပါမည်။

စေပိုင်ဆရာဆိုသည်မှာ ကာမေသုမိစ္ဆာစာရကံနှင့် ...သုရာမေရယကံနှစ်ပါးတို့ကို ထိမ်းရန် သစ္စာခံ၍ ဂမ္ဘီရပညာအရ ...စေပိုင်အာဏာကို ရယူထားသူဖြစ်သည်။

အချို့က ဆေးအစီအရင်ကို မဟာမြိုင်တောထဲတွင် ...သွားရောက်စီရင်ကြသည်။

သို့ဖြစ်၍ ဤဆေးကို "မဟာမြိုင်ဆေးတော်"ဟူ၍လည်း ...ခေါ်ကြသည်။

ဆေးစီရင်ရာ ဌာန၏ ပရိကံများကိုလည်း အတိအကျ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ရပါမည်။

ဆေးစီရင်ရာဌာနကို ရာဇမတ်(၃)ထပ် ကာရန်ရပါမည်။ ထိုသို့ မပြုနိုင်ပါက "ဝင်းခတ်"ထားရပါမည်။

အပြင်အထပ်(၁)တောင်၊

အလယ်ထပ် (၂)တောင်၊

အတွင်းထပ်(၃)တောင် မြင့်စေရပါမည်။

မုလေးပွား၊ ကုက္ကား၊ ကြက်လျှာများကို

အပြင်ထပ်က(၇၀)စီ၊

အလယ်ထပ်က(၅၀)စီ၊

အတွင်းထပ်က(၃၀)စီ တပ်ဆင်ရပါမည်။

"တောနှင့်မြို့ရွာ

ဝင်းပေါ်မှာ

ပိတာန် ဝင့်ကာမိုး"

ဆိုသည့်အတိုင်း ပိတ်ဖြူပိတာန် မျက်နှာကြက်ကို ဒ ပေါ်က ဖြန့်မိုးထားရမည်။

ဝင်းအောက်တွင် သဲဖြူ(သို့မဟုတ်)ပိတ်ဖြူ (မရနိုင်ပါမူ စက္ကူဖြူ အပြည့်ခင်းရပါမည်။

ဝင်ရန်ထွက်ရန် အပေါက်တစ်ပေါက်ကို သံလိုက်ဓါတ် တည်ရှိရာ မြောက်ဘက်သို့ လှည့်ထားရပါမည်။

ဤဆေးဖော်ရာတွင် အုန်းသီးတစ်လုံးနှင့် ငှက်ပျော (၂)ဖီး သို့မဟုတ် (၃)ဖီးပါဝင်သော ကန်တော့ပွဲ(၇)ပွဲ/(၉)ပွဲ (၁၂)ပွဲ စသည်ဖြင့် တတ်နိုင်သည့် အင်အားအလျောက် ပြင်ဆ





နိုင်ပါသည်။

ထိုကန်တော့ပွဲများမှာ ဘုရားငါးဆူနှင့်တကွ၊ အထက်ဆရာတော်များ အမှူးထား၍ ဂိုဏ်းရှင်၊ ဆေးရှင်၊ အကွရာရှင်အပေါင်း သူရဿတီနှင့် ဒေဝီတစ်ကျိပ်နှစ်ပါးတို့အတွက် ရည်မှတ်မှု ပြုရပါမည်။

ကန်တော့ပွဲများမှာ ထီး၊ တံခွန်၊ ကုက္ကား၊ မုလေးပွား၊ ကြက်လျှာနှင့် ယပ်များ ဖယောင်းတိုင်ထုပ်နှင့် မီးခြစ်တို့ ပါရမည်။

* သွားခွင့်လာရန်
လျှင်မြန်စေလို
ဝါယောကိုမူ
ဥာဏ်နှင့်ယူလော့။

* ပူသည်တစ်ချက်
ကျက်သည်တခြား
ကျော်ကြားစေမူ
တေဇောပြုလော့။

* ငြိမ်းမှုငြိမ်းရာ
အေးရာအေးကြောင်း
ပြုကြောင်းပျက်မူ
အာပေါပြုမှု၊

* ကြီးမှုတစ်တန်
ခိုက်ရန်အများ
လှုပ်ရှားမရှိ



www.burmeseclassic.com

ငြိမ်းဘိစေမူ
ပြုလေပထဝီ။

ဟူ၍သာ လက်ာအရ ဓာတ်(၄)ပါး၏ တန်ခိုးသတ္တိ အစုံ အလင် အကျိုးပြီးမြောက်စေခြင်း အလို့ငှာ အောက်ပါအတိုင်း ကပ်လှူထားပါသည်။

* ဝါယောဓါတ်အတွက် တံခွန်ကုက္ကား စသည်များ။
* တေဇောဓါတ်အတွက် ဖယောင်းမီး၊
* အာပေါဓါတ်အတွက် အုန်းသီးရေ၊
* ပထဝီဓါတ်အတွက် ငှက်ပျောသီး. . စသည်တို့ဖြစ်သည်။

ထို့ပြင် ကန်တော့ပွဲတွင် အောင်သပြေပန်း၊ ပန်း (မွှေးသည့်ပန်း) အမွှေးတိုင်၊ ဆီ၊ ဆားမပါသော လက်ဖက်ထုပ်၊ ဆေးလွတ်သည့် ကွမ်းယာများလည်း ထည့်ပါ။

ဘုရားပွဲနှင့် အထက်ဆရာတော်များ ပွဲများ၌ ဒိုးသက်န်း၊ (သို့မဟုတ်)တြိစုံသက်န်းများ ပါဝင်စေရမည်။

သူရဿတီဒေဝီပွဲ၌လည်း ဝတ်စုံပါဝင်စေ၍ အခြားသော ပွဲဟူသမျှ၌လည်း ပိတ်ဖြူ(၇)တောင်စီ ပါဝင်စေရပါမည်။

ဘုရားပွဲနှင့်အထက် ဆရာတော်ပွဲများ၊ သူရဿတီဒေဝီနှင့် ဒေဝီပွဲများ အသီးသီးတို့၏ရှေ့၌ သောက်တော်ရေ၊ အဖော်ယို၊ ထောပတ်၊ သကာ၊ ဆီထမင်း၊ မုန့်ဖြူ၊ မုန့်နီ၊ သက်သက်လွတ်ဆွမ်းပွဲများ ပါဝင်စေရမည်။

သူရဿတီဒေဝီနှင့် ဒေဝီပွဲများတို့၌. . .





"ဆေးကြိတ်စုတ်ရာ
ဖို့တန်ဆာ
စုံစွာတင်ပေကိုး"

ဟူသည့် ဆိုစကားနှင့်အညီ အမျိုးသမီးဝတ် အင်္ကျီသစ်၊ လုံချည်သစ်၊ ပုဝါသစ်၊ ထီးသစ်၊ ဖိနပ်သစ်များ၊ နားဋောင်း၊ ဆွဲကြိုး၊ လက်စွပ်၊ လက်ကောက်စသည့် လက်ဝတ်လက်စားများနှင့်တကွ၊ ဘီး၊ မှန်၊ ကျောက်ဖျဉ်၊ သနပ်ခါးတုံး၊ ဆံစုံ၊ ပန်းနီ၊ ပန်းဝါ၊ နံ့သာဖြူရေ၊ နံ့သာနီရေ၊ ရေမွှေး၊ ပေါင်ဒါ၊ နှုတ်ခမ်းနီ အစရှိသော မိန်းမတို့၏ အလှပြုပြင်သော ပစ္စည်းကိရိယာတန်ဆာအစုံ ပါဝင်စေရပါမည်။

ကန်တော့ပွဲထားပုံမှာ တောင်ဖက်အထက် ထိပ်ဆုံးနေရာ၌ ဘုရားပွဲ၊ ကပ်လျက် တစ်ဆင့်နိမ့်သောနေရာ၌ အထက်ဆရာတော်ပွဲ၊ အခြားပွဲမှန်သမျှ ဝင်း၏ ဝဲယာ၊ (သို့မဟုတ်) အရှေ့ဖက်နှင့် အနောက်ဖက်များတွင် ပို၍နိမ့်သောနေရာ၌မှပြီး ပြင်ဆင်ရပါမည်။

လာဘ်သပ်ပကာ အပွင့်အလန်းအတွက် "ရွှေမရှား ငွေမများ ဖြစ်ပါရန် ကျွန်ုပ်တို့က ရွှေပင်၊ ငွေပင် စိုက်လှူကြပါသည်" ဟုဆိုပြီး ကန်တော့ပွဲတစ်ပွဲလျှင် (ရှေးခေတ်က) ရွှေစင် တစ်မတ်သားနှင့် ငွေငါးကျပ်သားစီ ထည့်လှူကြပါသည်။ နှောင်းခေတ်များတွင် ကာလတန်ဖိုးငွေများကို ထည့်လှူကြပါသည်။

ဝင်းတစ်မျက်နှာလျှင် ဖယောင်းတိုင်(၇)တိုင်စီအဖြင့် ဝင်း၏ လေးမျက်နှာတွင် မီးထွန်းညှိ၍ ဆိုင်ရာဆိုင်ရာ ရည်

www.burmeseclassic.com



ဆောင်ရည်မှတ် ပြုသည်များကို ဦးစီးဆရာကိုယ်တိုင် ပသတင်မြှောက် ပူဇော်ပသမှု ပြုလိုက်သည့် မင်္ဂလာအချိန်မှာ အစီအရင် စတင်ပါသည်။

အစီအရင် မပြီးမြောက်မချင်း မီးကို မပြတ်အောင် ဖယောင်းတိုင် တစ်တိုင်ပြီးတစ်တိုင် အဆက်မပြတ် ထွန်းညှိထား ပေးရပါမည်။

ဆေးစီရင်သော ဆရာသည် ကန်တော့ပွဲ ပေးပြီးသည့်နောက် ဝင်း၏ဗဟို၌ ချထားအပ်သော ကျောက်ပျဉ်(၃)ချပ် ကျောက်လုံး(၃)လုံးတို့၏ အပေါ်၌ မြေဖြူဖြင့် သူရဿတီဒေဝီနှင့် ဒေဝီများ၏ ပီယတက်၊ လာဘတက်သည့် အင်းများကို ချထားရပါသည်။

ဆေးကြိတ်ရာတွင်"စုန်ရေဆန်ရေ"ကို သုံးရပါသည်။ စုန်ရေဆန်ရေ ရယူရာတွင်လည်း ဂရုပြုရပါမည်။

(၇)နေ့မွေး၊ (၇)ယောက်သော စေပိုင်ဆရာတို့သည် ရေစီးရေရှင်နေသောမြစ်၊ (သို့မဟုတ်)ချောင်း၏ အလယ်သို့ . တစ်ယောက်လျှင် ညောင်ရေအိုးတစ်လုံးစီယူပြီး သွားကြရပါမည်။

ရေလယ်တွင် ရေစုန်စီးသည့်အတိုင်း ညောင်ရေအိုးထဲသို့ ရေတစ်ဝက်ခန့်ဝင်အောင် ခပ်ယူပြီးနောက် အပြန်အားဖြင့် ရေကိုဆန်ပြီး ညောင်ရေအိုးကို ရေအပြည့်ဖြည့် ခပ်ကြရပါမည်။

ဤသို့သောရေကို "စုန်ရေဆန်ရေ"ဟူ၍ ခေါ်ပါသည်။ လျှပ်စစ်သဘောအရ မီးပေးသည့် ကိစ္စ၌ အောစီ၊ ဒီစီ





ဟုခေါ်သော ဆွဲအားနှင့် ကန်အားရှိသည့်နည်းတူ ဆေးအစီအရင်ကိစ္စ၌ "လိုလျှင်ဆွဲယူ မလိုလျှင် တွန်းကန်နိုင်သည့် စွမ်းအားသတ္တိ"ကို ရယူထားသည့် သဘောပင် ဖြစ်ပါသည်။

ဆေးကြိတ်ရာ၌ ဆေးများ ညက်လွယ်စေရန် ဆေးစုများကို စုန်ရေဆန်ရေဖြင့် ဝင်းထဲ၌ တစ်ညဥ့်တာမျှ စောပြီး စိမ်ထားရပါမည်။

ဆေးကြိတ်နည်းနှင့် ဆေးကြိတ်ရာတွင် ရွတ်ဆိုရသည့် ဂါထာ သစ္စာပြုနည်းများကို ဆက်လက်ဖော်ပြပါမည်။

"ဣမံသို့ ဝိဟာရေ စုတ်လေထောင်ပြည့်ဖြိုး"ဟူသည် စကားနှင့်အညီ တနင်္ဂနွေသားက အစပြု၍ ပဌမကျောက်ပြင်မှာ စတင်ဆေးကြိတ်သည့် အချိန်မှစပြီး. . .

"ဣမံသို့ ဝိဟာရေ
ဣမံ တေမာသံ
ဝဿဥပေမိ"

ဟူသော ဂါထာကို အဆက်မပြတ် ရွတ်ဆိုပြီး ဆေးကြိတ်ရပါမည်။

အဆိုပါ ဂါထာသည်ကား "ရဟန်းတော်များ ဝါဆိုသော ဂါထာ"ဖြစ်ပါသည်။

ပီယဆေးဖော်သည့်အခါ မယ်တော် သူရဿတီဒေဝီနှင့် ဆက်နွယ်မှု ပြုရပါသည်။

မယ်တော် သူရဿတီ ဖြည့်သော ပါရမီမှာ သာသနာ ငါးထောင် အတွင်းဝယ် ပိဋကတ်စာပေများ တိုးပွားစည်ပင်၍



www.burmeseclassic.com

www.burmeseclassic.com



ပိဋကတ်၏ အဆုံးအမအတိုင်း လိုက်နာကျင့်သုံးကြသူများ ပေါများစေရန် ဖြစ်ပါသည်။

ရဟန်းတော်များသည် ဝါတွင်းကာလ၌ . . မိမိတို့၏ ကျောင်းမှ မည်သည့်အရပ်သို့မှ မသွားဘဲ ဂန္ထဓူရ၊ ဝိပဿနာဓူရ အလုပ်ကို လုပ်နေကြမည်ဟူ၍ အထက်ပါဂါထာဖြင့် ဆောက်တည်သည့်သဘော ရှိပါသည်။

ဤကဲ့သို့ ဂန္ထဓူရ၊ ဝိပဿနာဓူရတို့ကို ဆောင်ရွက်သော ရဟန်းတော်များအတွက် ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးမှအစ စာအုပ်စာတမ်းများ ပြည့်စုံစေကြောင်း စေ့ဆော်ရန်မှာ မယ်တော်သူရဿတီဒေဝီနှင့် သက်ဆိုင်လေသည်။

ဤ ဝါဆိုသည့်ဂါထာကို ရွတ်တိုင်းရွတ်တိုင်း မယ်တော်သူရဿတီသည် ရဟန်းတော်များ အရေအတွက်ကို အသိအမှတ်ပြုရန် မိမိ၏တန်ခိုးဖြင့် သွားရောက်ကြည့်ရှုခဲ့ရသည်မှာ နှစ်ပေါင်း (၂၅၀၀)ပင် ကျော်ခဲ့လေပြီ။

သို့ဖြစ်၍ ဤဂါထာရွတ်ဆိုသံကြားလျှင် မယ်တော်ကိုယ်တိုင် ထိုနေရာသို့ သွားရောက်ကြည့်သည့် အကျင့်ရှိခဲ့သည့် အားလျော်စွာ မယ်တော်လာရောက်ပြီး အသိအမှတ်ပြုရန် သေချာသော ဂါထာအဖြစ်ဖြင့် သူရဿတီဒေဝီ ဆေးတော်များ ကြိတ်ရာ၊ နှီးရာ၌ ဤဝါဆိုဂါထာကို အသုံးပြုခြင်း ဖြစ်ပေသည်။

ဆေးကြိတ်သည့်အခါ တနင်္ဂနွေသားမှ အစပြု၍ (၇) နေ့သားတို့သည် အစဉ်အတိုင်း တစ်ဦးပြီးတစ်ဦး ဆေးကြိတ်နေစဉ်တွင် "ဝါဆိုဂါထာ"ကို တစ်ချိန်လုံး ဆိုနေရပါသည်။





(၇)နေ့သော စေပိုင်ဆရာတို့သည် တတိယကျောက်ပျဉ်၌ ဆေးကြိတ်၍ ပြီးလုနီးသည့်အချိန်၌ . . အောက်ပါ သစ္စာပြုဆုတောင်းခြင်း ပြုကြရပါသည်။

"ဘုရားတပည့်တော်သည် ပူဇော်ညွတ်တွား သုံးပါးသော သရဏဂုံကို ကြည်ယုံသဒ္ဓါ မကွာထက်ကြပ် ဆည်းကပ်တိုးကွယ်၊ ကိုယ်ဝယ်ဆောက်တည် မှန်သည့်စကား သစ္စာများကြောင့် မနှောင့်ဘေးဒဏ် ရန်မာန်ခပ်သိမ်း ကင်းငြိမ်းချမ်းသာ မင်္ဂလာတိုးတက် ကြက်သရေဘုန်းတန်း လွှန်ပွင့်လန်းလျက် သာဘ်နှင့်မကွာ၊ လိုရာဆန္ဒ(တ)တိုင်းရပြီး ဣဋ္ဌိပူရိသရာဇာ ဝိယမှာလည်း မျက်နှာမြင်တိုင်း ချစ်စေသား"

ဤသို့သော သစ္စာပြုသည့်ဆုတောင်းကို ဆေးကြိတ်သည့် ပုဂ္ဂိုလ်များ သံပြိုင်ဆို၍ ဆေးကြိတ်ခြင်းကို အပြီးသတ်ကြရပါမည်။

ဆေးကြိတ်ပြီးသောအခါ ဆေးပုခက်တင်ခြင်း ကိစ္စကို ဆက်လက်ဆောင်ရွက်ကြရပါသည်။

(၇)နေ့ (၇)ယောက်သော စေပိုင်ဆရာများ အစဉ်အတိုင်း အပြီးသတ်ကြိတ်၍ ဆေးညက်သောအခါ ဒေဝီတစ်ပါး ထက်လက်အိပ်နေသည့်အလား ပုံသဏ္ဌာန်ဖမ်းပြီး အင်္ဂါစုံလင်သောပုံကို ဆေးဖြင့်ထုလုပ်ကြရပါမည်။

ထိုဆေးရုပ်ကို မယ်တော်၏ပွဲ၌ပါသော ပိုးလက်ကိုင်ပဝါဖြင့် ရစ်ပတ်ပြီး မျက်ကွက်(၇)ကွက်ပါသော ပုခက်အိမ်မှာ သိပ်ရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



ပုခက်ကြီးကို မယ်တော်၏ ပွဲထဲ၌ပါသော ရွှေဆွဲကြိုးကို သုံးနိုင်ပါသည်။

မယ်တော်ပွဲ၌ပါသော ပဝါဖြင့် တနင်္လာသား စေပိုင်ဆရာ၏ မျက်စိအစုံကို ပိတ်စည်းထားစဉ် အင်္ဂါသား စေပိုင်ဆရာက မယ်တော်၏ ပွဲထဲမှ ရေမွှေးပုလင်းကို ဝင်းထဲ၌ ဝှက်ထားရပါမည်။

ထိုသို့ဝှက်ပြီးလျှင် တနင်္လာသား၏ မျက်စိ၌ စီးထားသောပုဝါကို ဖယ်ရှားကာ ရေမွှေးပုလင်းကို မတွေ့မချင်း ရှာဖေရပါမည်။

ရေမွှေးပုလင်းကို တွေ့လျှင်တွေ့ချင်း ဦးစီးဆရာထံ ပေးအပ်ရပါမည်။

ဆေးနှိုးခြင်းနှင့် အသက်သွင်းခြင်းတို့ပြုပုံကို ဖော်ပြ ဦးမည်။

အဆိုပါ ရေမွှေးပုလင်းကို ဖွင့်၍ ဦးစီးဆရာသည် တေ တော့ပွဲအစုံကိုသာမက ဆေးပုခက်နှင့် ဆေးပုံတော်ကိုပါ ပက်ဖျန်းခါဖြင့် သူရဿတီပင့်၊ မေတ္တာပို့၊ အမျှဝေ၊ ဆုတောင်း၊ ဂါထာမန္တာန်များကို ကျူးရင့်ရပါမည်။ ဤသို့ဖြင့် သူရဿတီမယ်တော်၏ ဟိတ်တန်ခိုးများကို ဆေးပုံတော်တွင်းသို့ သွင်းခြင်းကို ဆေးနှိုးခြင်း၊ အသက်သွင်းခြင်းဟု ခေါ်ပါသည်။

ဆေးပုခက်လွှဲခြင်းကို ဖော်ပြပါဦးမည်။

ဦးစီးဆရာသည် ဆေးတော်ကို သဒ္ဓိတင်ဂါထာများ သဒ္ဓိတင်မြှောက် ပြီးစီးသည့်နောက် ခေတ္တအနားယူနေခိုက်





ဝင်း၏ အပြင်ဖက်၌ ရှိနေကြသော (၇)နေ့ (၇)ယောက်သော အပျိုစင်တို့ကလည်း ကိုယ်တိုင်သီဆိုကြ၍ဖြစ်စေ၊ ဓာတ်စက်ကက်စက်များ ဖွင့်၍ဖြစ်စေ မင်္ဂလာရှိသော တေးဂီတများကို သီဆိုကြရမည်။

ဦးစီးဆရာက အချက်ပြသောအခါ အားလုံးသော ဂီတသံများ ရပ်နားရပါမည်။

အသံအားလုံး ဆိတ်ငြိမ်နေခိုက်တွင် ဦးစီးဆရာက "မယ်တော် သူရဿတီဒေဝီနှင့်တကွ၊ ဒေဝီ တစ်ကျိပ်နှစ်ပါးတို့သည် ဤသဇင်နီဆေးတော်၌ ပီယ၊ လာဘာသိဒ္ဓိ ပေါင်းစုံဖြင့် ပြီးပြည့်စုံပြီ ဖြစ်ကြောင်း ထင်ရှားစေခြင်း အကျိုးငှာ နတ်တို့၏ တန်ခိုးဖြင့် ဤဆေးပုခက်ကို ဒေဝီတစ်ပါးလျှင် တစ်ချက်ကျလွှဲ၍ လွှဲ၍ ပြတော်မူကြပါကုန်လော့"...

ဟူ၍ ပန်ကြားလိုက်သောအခါ ဝိုင်းဝင်အပေါင်းတို့သည် ဆေးပုခက်ဆီသို့ အာရုံစိုက်ပြီး ကြည့်နေကြရပါမည်။

ဆေးပုခက်ကို မည်သူကမှ လက်ဖြင့်မထိကြရပါ။

ကြည့်နေသူတို့သည် မျက်စေ့အောက်တွင် ဆေးပုခက်သည် (၁၂)ကြိမ်တိုင်တိုင် တကယ်လွှဲပြသည်ကို မြင်တွေ့ကြရပါမည်။

ဤသို့ (၁၂)ကြိမ်တိုင်တိုင် ဆေးပုခက်သည် အလိုလိုလွှဲပြသည်ကို မြင်ရလျှင်.. သဇင်နီဆေးတော်အစီရင် လုံးဝ အောင်မြင်ပြီဟု မှတ်ယူကြရပါမည်။

ထိုသို့ အောင်မြင်ပါက ဆေးတော်ကို ခွဲဝေယူနိုင်ကြ



www.burmeseclassic.com

www.burmeseclassic.com



ပါပြီ။

ဒေဝီအိပ်ပျော်နေသည့်ဟန် အနေအထား ထုထား
သော "သဇင်နီဆေးတော်" ခေါ် "မဟာမြိုင်ဆေးတော်ကြီး"ကို
အတုံးကြီး၊ အတုံးကလေး၊ အတောင့်ကြီး၊ အတောင့်သေး ေ
သည်အားဖြင့် ပြုပြင်၍ သူရဿတီမယ်တော်နှင့် ဒေဝီတစ်
ကျိပ်နှစ်ပါးတို့၏ပုံများ ထုထားရန် ဖယ်ထားရပါမည်။

ကျန်သော ဆေးတော်ကို ဝေစုမခွဲမီ ဦးစီး စီရင်သူ
ဆရာက "ဒုစာရိတ္တ၊ ပါပညစ်ကြူ၊ မကောင်းမှုတို့ကို မလိမ်းကျံ
စေရန် သိမ်းဆည်းစောင့်ရှောက်မှု၌ လေ့ကျင့်ကြကုန်"အစ
သော ဩဝါဒမိန့်ခွန်း ပြောကြားပြီးမှ အစီအရင်၌ ပါဝင်သူများ
ကို အချိုးကျအားဖြင့် ဝေစုခွဲ ဝေပေးပါသည်။

အထက်ပါ ဖော်ပြပေးခဲ့သော သဇင်နီဒေဝီဆေးတော်
သို့မဟုတ် မဟာမြိုင်ဆေးတော်မှာ ပီယသိဒ္ဓိအပါအ ဝိဇ္ဇာအ
တော်များများ ပြီးမြောက်စေနိုင်ပါသည်။ သဲ

စတုမဟာရာဇ် ဂန္ဓဗ္ဗနတ်ကညာများ ဖြစ်ကြသော
သူရဿတီဒေဝီနှင့်တကွ ဒေဝီ(၁၂)ပါးတို့ စောင့်ရှောက်ပေး
သော ဆေးတော်လည်း ဖြစ်ပေသည်။

သို့ကြောင့် ဆေးတော်စီရင်ပြီးပါက မိမိအကျိုးစီးပွားအ
တွက် မသင့်လျော်သော အသုံးပြုခြင်းများကို ရှောင်ကြဉ်ကြရ
သည်။







# အခန်း(၉)

# တောနက်ထဲမှ အမှတ်မထင်ကယ်တင်ရှင်

နွေရာသီရောက်ပြီး စပါးပေါ်ချိန်ရောက်ပြီးသောအခါ
ချုန်းတောရွာမှာ မင်္ဂလာပွဲတစ်ခုကျင်းပလေသည်။

မင်္ဂလာဆောင်ပြုလုပ်သောအိမ်မှာ ရွာလူကြီးဦးပန်းမြိုင်
၏ ခြံဝန်းအတွင်း၌ဖြစ်ပြီး မဏ္ဍာပ်ကြီးများ ထိုးထားလေသည်။

မင်္ဂလာဆောင်မည့်သတို့သားမှာ ရင်မောင်ဖြစ်သော်
လည်း သူနှင့်မင်္ဂလာဆောင်မည့် သတို့သမီးကတော့ သူနှင့်



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူဖြစ်နေသော မြလေးခင် မဟုတ်ပေ။

ရင်မောင်နှင့် မြလေးခင်တို့နှစ်ယောက် ချစ်ကြိုးသွ
နေသည်ကို သိသဖြင့် ဦးပန်းမြိုင်တို့ဘက်မှ မပျက်ပျက်အော
ဖျက်ပြီး အခြားရွာမှ မိန်းကလေးတစ်ယောက်နှင့် အတင်းအ
လက်ထပ်ပေးကြခြင်းဖြစ်သည်။

ရင်မောင်နှင့် လက်ထပ်မည့် အမျိုးသမီးမှာ မေခင်
သည်။ ရင်မောင်က မေခင်ကို သဘောမကျပေ။

သူနှစ်သက်သူက မြလေးခင်ပင်ဖြစ်ပေသည်။

သို့သော် မြလေးခင်က နောက်ပိုင်းတွင် ရင်မော
ပင် အတွေ့မခံတော့ပေ။

နောက်ဆုံးတော့ ရင်မောင်မှာ ဘယ်လိုမှ မတတ်
တော့ဘဲ မိဘများစီစဉ်သော ကိစ္စကိုပင် လက်ခံခဲ့ရလေသ

ယခုတော့ မင်္ဂလာပွဲကျင်းပသော အချိန်သို့ပင် ရော
လာကြလေသည်။

ရင်မောင်ဖခင် ဦးပန်းမြိုင်မှာ ကျွန်းတောရွာလူကြီ
သည်ကတစ်ကြောင်း၊ အပေါင်းအသင်းများသူဖြစ်သည်က
ကြောင်းကြောင့် မင်္ဂလာပွဲ ကျင်းပသောအခါ ရပ်ဝေးရပ်
ဧည့်ပရိသတ်တို့မှာ လှေတစ်တန်၊ လှည်းတစ်တန်ဖြင့်
တကရောက်လာကြသည်။

ရောက်လာသော ဧည့်သည်တို့ကိုလည်း ထမင်း
သားဟင်း၊ ငါးခြောက်ထောင်း၊ ငပြာရည်ချက်၊ သရက်ချဉ်
ဟင်းချိုတို့ဖြင့် ဧည့်ခံကျွေးမွေးလေသည်။





ရင်မောင်၏ အစ်မနှင့်နှမဖြစ်သော မယ်မြိုင်နှင့် မယ်
င်တို့ နှစ်ယောက်တို့မှာလည်း ရှိသမျှလက်ဝတ်ရတနာ၊ အ
အစားတို့ကို ဝတ်ဆင်လျက်၊ လာသမျှ ဧည့်သည်တို့ကို ကြို
ဧည့်ခံနေကြရလေသည်။

ဦးပန်းမြိုင်ကလည်း ရွာလူကြီးဖြစ်ရသောအချိန်မှာ. .
ဖြစ်သူ မင်္ဂလာဆောင်သည့်အတွက် လာဘ်သပွကာမြောက်
ရစိမ့်သော ရည်ရွယ်ချက်ဖြင့် ကျွန်းတောရွာနှင့် နီးစပ်
ရွာများမှ အသိမိတ်ဆွေတို့ကို သိမ်းကျုံးဖိတ်ကြားထားလေ
။ မောက္ကတော်ရွာ၊ ပိတ်ချင်းတောရွာ၊ ရွာတော်ရွာ၊ ရွာမရွာ
တောထဲမှာနေသော ရွာငယ်ကလေးများအထိပါ ဖိတ်
ထားလေသည်။

အချို့ဆင်းရဲသူများကလည်း. . တောထဲမှာ ထမင်း
ကောင်းဟင်းကောင်း မစားရ၊ မသောက်ကြရသည်မှာ ကြာပြီ
ဖြင့် ယခုကဲ့သို့ အစားကောင်း၊ အသောက်ကောင်းများ
ဧည့်ခံကျွေးမွေးသော မင်္ဂလာပွဲသို့ သင့်တော်သလောက်
ပွဲပစ္စည်း အနည်းငယ်ပေးကာ တဝတပြစားသောက်ရန်
စုလိုက် လာကြလေသည်။

သို့ကြောင့် လူများကြိတ်ကြိတ်တိုးမျှ ရောက်နေကြခြင်း
လေသည်။

ထိုမင်္ဂလာဆောင်သို့ ရွာမရွာမှ လူအချို့လည်း လာကြ
။ ထိုအထဲတွင်. . နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံး
တ်လည်း ပါဝင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးနှင့်တစ်ဦး သိကျွမ်းရုံသာရှိသော်လည်း တစ်ဦး
သုံး မှီသမျှ ဂျုတ်တိုက်သကဲ့သို့ ဖိတ်ကြားသောကြောင့် မ
မရှောင်သာ ရောက်လာကြခြင်းဖြစ်လေသည်။

နံနက်ပိုင်းအချိန် ရောက်သောအခါ ရွာတော်ရွာမှ လူ
များရောက်လာကြသည်။

ရွာများမှ လာသူများမှာ ကိုယ့်အစုနှင့်ကိုယ် အဖွဲ့လိုက်
လာကြခြင်းဖြစ်ရာ ယခုရွာတော်ရွာမှ ရောက်လာကြသောအ
မြလေးခင်လည်း ပါလာလေသည်။

မြလေးခင်းမှာ အခြားမိန်းမပျိုအဖော်များနှင့် ရော
ပါလာခြင်းဖြစ်သည်။

သို့သော်. . . ဦးပန်းမြိုင်တို့ မိသားစုများက သူ
ကောင်းစွာ မှတ်မိနေသောကြောင့် မျက်နှာပျက်သွားကြ
သည်။

ရင်မောင်ခဗျာမှာလည်း မျက်နှာအကြီးအကျယ်ပျ
ကာ ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ အယောင်ယောင် အ
မှားဖြစ်နေလေတော့သည်။

မြလေးခင်ကတော့ ဘာမှမထူးခြားသလို အမူအ
ဖြင့် တည်တည်ငြိမ်ငြိမ်နှင့်ပင်ရှိလေသည်။

ထိုအခိုက်မှာပင် ခေါင်းရင်းဘက်တွင် ထိုင်နေသေ
လူကြီးအဖွဲ့မှ ဆူဆူညံညံအသံများထွက်လာသည်။

အခြားမဟုတ်ပေ။

ဒေါ်လှရုံနှင့် အမျိုးသမီးကြီးထိုင်နေသော ဝိုင်းထဲ





မြွေတစ်ကောင်ဝင်လာသောကြောင့်ဖြစ်သည်။

မရွှေမနှောင်မှာပင် ကွမ်းစားရန်အတွက် ကွမ်းအစ်
အဖုံးဖွင့်လိုက်သူ တစ်ယောက်မှာလည်း ကွမ်းအစ်ထဲမှ မြွေ
တစ်ကောင်ထွက်လာသောကြောင့် ကြောက်လန့်တကြား ထခုန်
နေလေသည်။

"အောင်မလေး လုပ်ကြပါဦးဗျ ကွမ်းအစ်ထဲကို မြွေက
ဘယ်လိုဝင်နေတာလဲ"

"ဒီမှာလည်း ဖျာအောက်က မြွေတစ်ကောင် ထွက်လာ
သို့ လုပ်ကြပါဦး"

ဟု မဏ္ဍာပ်ထဲမှာ အော်ဟစ်သံများ ဆူညံနေတော့
သည်။ ထွက်လာသော မြွေများက လူတွေကိုအန္တရာယ်မပေးဘဲ
နှင့် သူဘာသာလွတ်ရာသို့ ထွက်သွားသောကြောင့်သာ တော်
ရာသည်။ ထိုအခါ လူကြီးတစ်ယောက်က အော်ပြောသည်။

"မြွေတွေကို မသတ်ကြနဲ့ သူ့ဘာသာလွတ်ရာသွားပါ
စေ၊ မြွေတွေကိုသတ်ရင် ဥပါဒ်ဖြစ်ကြလိမ့်မယ်"

ထိုသို့အော်ပြောနေစဉ်မှာ သတို့သမီးဖြစ်သူ မခေခင်၏
စူးစူးဝါးဝါးအော်သံ ပေါ်ထွက်လာသည်။

"ကယ်ကြပါဦးရှင်. . ကယ်ကြပါဦး၊ ကျွန်မလည်ပင်းမှာ
မြွေတစ်ကောင်ပတ်နေလို့ပါ၊ သေရပါတော့မယ်"

ထိုအော်သံကြောင့် ရင်မောင်က အရင်ပြေးသွားကာ
မခေခင်လည်ပင်းကိုကြည့်သည်။

သူမလည်ပင်းတွင် မင်္ဂလာပန်းကုံးအဖြစ် ဆွဲပေးထား



www.burmeseclassic.com

www.burmeseclassic.com



သော စံပယ်ပန်းကုံးသာရှိသည်။

မြွေတော့ မတွေ့ရပေ။

သူမအော်သံကြောင့် အခြားသူများပါ အနီးသို့ရောက်လာကြသည်။

"မြွေဘယ်မှာလဲ၊ မြွေဘယ်မှာလဲ"

"လည် . . လည်ပင်းမှာ . ."

"နင့်လည်ပင်းမှာ မြွေမရှိပါဘူး၊ ပန်းကုံးပဲရှိပါတယ် သေသေချာချာလည်း မျက်စိဖွင့်ကြည့်ပါဦး"

ထိုသို့ဝိုင်းပြောကြတော့မှ မေခင်ခဗျာ မရဲတရဲနှင့် မျက်စိဖွင့်ကြည့်လေသည်။

ထိုအခါ ယခင်ကပင် ဆွဲထားသော စံပယ်ကုံးသာရှိပြီး မြွေကတော့ မရှိတော့ပေ။

"မြွေဘယ်မှာလဲ"

"စောစောက ကျွန်မလည်ပင်းမှာ ပတ်နေတာ သေသေချာချာမြင်လိုက်ရတယ်၊ အခုဘယ်ရောက်သွားပြီလဲ၊ ထူးဆန်းလိုက်တာ . ."

ဟု မျက်စိပျက်၊ မျက်နှာပျက်နှင့် ပြောနေလေသည်။

ထိုအခြေအနေကို မြင်တော့ တစ်ယောက်ကဝင်ပြောလေသည်၊

"ဒါ သွေးရိုးသားရိုး ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး၊ အမှောင့်ပယောဂ နှောင့်ယှက်တာပဲဖြစ်ရမယ်"

"ဒါအမှန်ပဲ၊ ရိုးရိုးမြွေဆိုရင် သွားလာနေတာမြင်ရမှာ





ါ့ အခုမြင်လိုက် အခုပျောက်လိုက် ဖြစ်နေပုံထောက်ရင် တစ်ယောက်ယောက်က ဒီနေရာမှာလာပြီး တမင်အနှောင့်အယှက်ပေးနေတာ သေချာတယ်"

ထိုစကားကြောင့် မင်္ဂလာပွဲ ရောက်နေကြသူတို့မှာ စားသောက်လက်စအစားများကို မစားဘဲနှင့်၊ လုပ်လက်စအလုပ်များကို ဆက်မလုပ်ကြတော့ဘဲ ဟိုကြည့်ဒီကြည့် ကြည့်ကြလေသည်။

မင်္ဂလာပွဲသို့ ရပ်ဝေးမှလည်း လာကြသဖြင့် တစ်ယောက်နှင့်တစ်ယောက် မမြင်ဘူး၊ မတွေ့ဘူး သူများလည်း ပါလေရာ သူတကိုယ့်ကြည့်၊ ကိုယ်ကသူ့ကြည့်နှင့် မယုံသင်္ကာအကြည့်မျိုးများ ကြည့်နေကြသည်။

ထိုအချိန်မှာပင် ဦးပန်းမြိုင်တို့ မိသားစုများမှာ တစ်နေရာတွင် စုရုံးစုရုံး ဖြစ်နေကြသည်။

သူတို့အကြည့်များက . . မိန်းကလေးအဖော်များနှင့် ာပ်တစ်နေရာတွင် ထိုင်နေသော မြလေးခင်ရှိရာသို့ ရောက်ကြလေသည်။

မြလေးခင်ကတော့ ဘာမှမသိသော အမူအယာဖြင့် ော်များနှင့် စကားပြောနေလေသည်။

ထိုအခိုက်မှာပင် မြလေးခင် ထိုင်နေသော နေရာသို့ မောင်၏အစ်မကြီးဖြစ်သူ မယ်မြိုင်ရောက်လာလေသည်။ မြိုင်မှာ စောစောကနှင့် မတူတော့ဘဲ ယမ်းပုံမီးကျ ဒေါသဖြစ် ာန်ဖြင့် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . စုန်းမ၊ နင်ဘာကြောင့် သူများတွေမင်္ဂလာယူနေတဲ့အချိန်မှာလာပြီး အနှောင့်အယှက်ပေးနေတာလဲ"

ဟု အော်ဟစ်ပြောဆိုလေသည်။

ပထမတော့ မြလေးခင်က သူ့ကိုလာပြောနေမှန်းပင် မသိသဖြင့် ဟိုကြည့်ဒီကြည့်ဖြင့် ဖြစ်နေသေးသည်။

နောက်တော့မှာ မယ်မြိုင်က အနားရောက်လာပြီး မျက်နှာကို လက်ညှိုးထိုးပြီး အော်ပြောနေတော့မှ သူမကိုပြောနေမှန်း သိရလေတော့သည်။

"ကျွန်မ ဘာလုပ်လို့လဲ"

"နင်လုပ်တာ နင်မသိဘူးဘား၊ နင် ငါ့မောင် ရင်မောင်ကို မရတာနဲ့ ဒီလိုယုတ်မာတဲ့ အကြံမျိုးနဲ့ ရောက်လာပြီး ကြံစည်တာ ငါတို့မသိဘူးမှတ်နေသလား၊ ငါတို့က နင့်အကြောင်းတွေကို အားလုံးသိတယ် နင်က စုန်းမတစ်ယောက်ပဲ"

ထိုသို့ပြောနေသဖြင့် . . အားလုံးက ဝိုင်းကြည့်နေကြသည်။

ဦးပန်းမြိုင် ကျွေးမွေးစောင့်ရှောက်ထားသော တပည့်အလုပ်သမားကလည်း ဓားမြှောင်စသောလက်နက်များကို ကိုယ်၌ ဝှက်ယူလာကာ မယောင်မလည်နှင့် ရောက်လာကြသည်။ အကယ်၍ လူများရှုပ်ရှုပ်ထွေးထွေးဖြစ်ပြီး အခွင့်အရေးရပါက မြလေးခင်ကို ဓားဖြင့် ဝင်ရောက်ထိုးရန်ဖြင့် အဆင်သင့်စောင့်နေကြလေသည်။

ထိုအခြေအနေကို အကဲခတ်မိသော နီမောင်တို့ သုံး





ယောက်မှာ အရေးအကြောင်းရှိပါက မြလေးခင်ကို အကူအညီပေးရန် ထိုနေရာသို့လာကြသည်။

မယ်မြိုင်က ခုနှစ်သံချီဟစ်ပြီး လက်ညှိုးငေါက်ငေါက်ထိုးကာ ပြောဆိုသော အခါ မြလေးခင်ကလည်း သူမဘက်ကလည်း 'မဟုတ်ကြောင်း' ပြန်လည် ပြောပြနေလေသည်။

"ကျွန်မက မမတို့ထင်သလို မဟုတ်ပါဘူး မမရယ်၊ ဒီကိုလာတာလဲ ရိုးရိုးသားသား လာခဲ့တာပါ။ ကျွန်မက ဘာပညာမှ မတတ်ပါဘူး"

"နင်ဘာမှ ငြင်းမနေနဲ့၊ နင့်အကြောင်းကို တခြားလူတွေ မသိပေမယ့် ငါတို့သိတယ်၊ နင် ချက်ချင်းပြန်သွားရင် ပိုကောင်းမယ်"

ထိုသို့ပြောနေစဉ် ထိုနေရာသို့ ဦးပန်းမြိုင်နှင့် ဒေါ်လှရုံတို့ပါရောက်လာကြသည်။

"ဒီမှာ မိန်းကလေး၊ ငါတို့သားရဲ့ မင်္ဂလာပွဲကို အခုလိုလာပြီး အကူအညီပေးတာ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ဒီလောက်ထိ အခြေအနေဖြစ်ကြပြီဆိုမှတော့ အေးအေးဆေးဆေး ပြန်သွားတာ ပိုကောင်းမယ်ထင်တယ်"

ထိုအခါ ဒေါ်လှရုံကပါ ဝင်ပြောလေသည်။

"သူတစ်ပါးကို အနှောင့်အယှက်ပေးတယ်ဆိုတာ အင်မတန် အပြစ်ကြီးပါတယ်၊ အခုဘဝမှာလည်း မကောင်းဘူး၊ နောင်ဘဝမှာလည်း အပါယ်ဘုံကျနိုင်ပါတယ်၊ အရင်ကတော့ ရင်မောင်နဲ့ ပတ်သက်ခဲ့ဖူးပေမယ့်၊ အခုတော့ သူလည်း လွတ်



www.burmeseclassic.com

www.burmeseclassic.com



လပ်သူ မဟုတ်တော့ဘူး၊ သူများလင်သားကို စိတ်နဲ့ပစ်မှားရင် တောင် အတော်ကလေး အပြစ်ကြီးပါတယ်၊ ဒီတော့. . စိတ် လျှော့ပြီး ပြန်သွားတာ ပိုကောင်းပါတယ်"

"ဟုတ်ပါတယ် မိန်းကလေး၊ ငါတို့မှာ ဒီမင်္ဂလာပွဲအ တွက် ငွေကုန်ကြေးကျခံပြီး လုပ်ပေးရတာပါ တစ်နယ်လုံးက ဧည့်သည်တွေလည်း ရောက်နေကြတဲ့အချိန်ဆိုတော့. . "

"ကျွန်မ ပြန်ပါ့မယ်၊ ဒါပေမယ့် ဒီလိုဖြစ်တာတွေဟာ ကျွန်မ ပြုလုပ်တာ လုံးဝမဟုတ်ပါဘူး၊ ကျွန်မကြောင့်ဖြစ်တယ်လို့ ထင်နေကြရင်လည်း တောင်းပန်ပါတယ်"

ဟုပြောဆိုကာ မျက်နှာပေါ်သို့ စီးကျလာသော မျက် ရည်များကို သုပ်ဖယ်လျက် လူကြားထဲမှ ခတ်သုတ်သုတ် ထွက် သွားလေတော့သည်။

မနီးမဝေးမှ အခြေအနေကို ကြည့်နေသော နီမောင် တို့သုံးယောက်မှာ ထိုမြင်ကွင်းကို မြင်ရသောအခါ များစွာစိတ် မကောင်းဖြစ်သွားမိကြလေသည်။

မြလေးခင်မှာ မင်္ဂလာပွဲလာစဉ်က အဖော်များနှင့် အ တူတူလာခဲ့သော်လည်း ယခုပြန်သောအခါမှာတော့ အခြားအ ဖော် မပါတော့ပေ။

အခြားအဖော်များ ပြန်လိုက်ရန် အဆင်သင့်မဖြစ်ကြ သေးခင်မှာပင် ခပ်သုတ်သုတ် ထွက်လာခြင်းဖြစ်သဖြင့် တစ် ယောက်တည်းဖြစ်နေလေသည်။

တောလမ်းတလျှောက်မှာတော့ အသွားအလာ ရှင်း





နေလေသည်။ မင်္ဂလာဆောင်သွားသူများက မင်္ဂလာပွဲသို့ရောက် နေကြပြီဖြစ်သောကြောင့် လူသွားလူလာရှင်းနေကြခြင်း ဖြစ် ပေသည်။

တစ်နေရာရောက်တော့ လက်ထဲမှာ ဓားမြှောင်များ ကိုင်ထားသော လူသုံးယောက်ထွက်လာပြီး လမ်းပေါ်မှ ပိတ်ရပ် လိုက်သောကြောင့် ရှေ့ဆက်သွားမရတော့ပေ။

"အရင်တစ်ခေါက်က သာခင်တို့ကို ဒုက္ခပေးသွားတာ ဒီစုန်းမပဲ မဟုတ်လား"

"ဟုတ်ပါတယ် သာခင့်တော့သေပြီ၊ ဖိုးထင်နဲ့ မောင်ငွေ တို့နှစ်ယောက်လည်း တစ်ကိုယ်လုံး အရိုးတွေကျိုးနေလို့ အခုထိ အိပ်ယာက မထနိုင်သေးဘူး"

"အတော်ဒုက္ခပေးတာပဲ"

"ဒုက္ခပေးတာတော့ မပြောနဲ့၊ အခုလည်း. . သူများ မင်္ဂလာပွဲကို မပျက်ပျက်အောင် လာဖျက်တာ မမြင်ဘူးလား"

"ဒီတစ်ခါတော့ အလွတ်မပေးနဲ့တော့၊ နောက်ထပ် လူ တွေကို ဒုက္ခမပေးနိုင်အောင်လို့ တစ်ခါတည်းသာ သုတ်သင်ပစ် ကြမယ်"

ဟု ပြောကာ လူမိုက်သုံးယောက်တို့မှာ ဓားများကိုကိုင် ကာ ရှေ့သို့ ဝင်လာကြလေသည်။

လူများကြားမှာ အရှက်ကြီးရှက်ခဲ့ရသဖြင့် တစ်ယောက် တည်း ကသောကမျော်ထွက်လာခဲ့သော မြလေးခင်မှာ ယခုမှ ပင် အခက်ကြုံရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



လူသူကင်းမဲ့သော တောထဲမှာ ရှေ့သွားလို့လည်းမရ နောက်ပြန်ဆုတ်၍လည်း မရသော အခြေအနေမျိုးနှင့် ကြုံနေရခြင်းဖြစ်ပေသည်။

သို့သော်လည်း အသက်အန္တရာယ်နှင့် ကြုံနေရပြီဖြစ်သောကြောင့် ဘေးလွတ်ရာသို့ ထွက်ပြေးရပေတော့သည်။

ပြေးသော်လည်း မလွတ်နိုင်တော့ပေ။

တစ်နေရာရောက်တော့ သစ်ချုံများကြားသို့ ပစ်လဲကျသွားလေတော့သည်။

"အမယ်လေး. . ကယ်ကြပါဦး"

ထိုအခိုက်မှာပင် လူမိုက်သုံးယောက်တို့က သူမအနီးသို့ ရောက်လာကြလေတော့သည်။

သူမကိုရန်မူရန် ဟန်ပြင်နေကြစဉ်မှာ ထိုနေရာသို့ လူသုံးယောက် ထပ်ရောက်လာသည်။

အခြားသူများမဟုတ်ပေ။

နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက်ပင်ဖြစ် မြလေးခင် ထွက်သွားပြီး မရှေးမနှောင်းမှာပင် နောက်မှ လူမိုက် သုံးယောက်လိုက်သွားသည်ကို မြင်လိုက်သဖြင့် မရှေးမနှောင်း လိုက်လာကြခြင်းဖြစ်ပေသည်။

"မိန်းကလေးတစ်ယောက်ကို ယောကျ်ားသုံးယော က ဝိုင်းပြီးဒုက္ခပေးဖို့ ကြံတာတော့ အတော်ကလေး လွန်တ ပေါ့ကွာ. . "

နီမောင်က ပြောရင်းနှင့် ထိုနေရာသို့ လျှောက်သွား





ကျန်နှစ်ယောက်ကလည်း နောက်မှ လိုက်လာကြသည်။

သုံးယောက်စလုံး လက်ထဲမှာ နှစ်တောင်ကျော်လောက် ရှည်သော ဝါးရင်းတုတ်တစ်ချောင်းစီပါလာကြသည်။

"မင်းတို့က ဘယ်သူတွေလဲ၊ ကိုယ်နဲ့မဆိုင်ရင် ကိုယ့် သမ်းကိုယ်သွားကြ၊ မဟုတ်ရင် မင်းတို့ပါ သေသွားလိမ့်မယ်၊ ငါတို့ ဓားတွေက လူမရွေးဘူး"

"ငါတို့ ဘယ်သူတွေလည်း သိစရာမလိုဘူး၊ မင်းတို့သာ န်းကလေးကို အန္တရာယ်မပေးဘဲနဲ့ ဒီနေရာက ထွက်သွားရင် ကောင်းမယ်၊ ငါတို့ ဝါးရင်းတုတ်တွေကလည်း လူမရွေးဘူး"

ဟု ငမဲအောင်က ဝါးရင်းတုတ်ထောင်ပြရင်း ပြောသည်။

နောက်တော့ ဓားကိုယ်စီ ကိုင်ထားသော လူမိုက်သုံး ယောက်က သူတို့ရှိရာသို့ ပြေးလာပြီး တိုက်ခိုက်ကြလေသည်။

နီမောင်တို့ကလည်း အသင့်ပါလာသော ဝါးရင်းတုတ် များဖြင့် ပြန်လည်တိုက်ခိုက်ကြသည်။

ဝါးရင်းတုတ်မှာ ဓားရှည်တစ်လက်ကဲ့သို့ အားကိုးရသ ည်။ ဓားမြှောင်တို ကိုင်ထားသော လူမိုက်သုံးယောက်မှာ မရှုမလှ ကြရသည်။

လက်ကျိုးသူကျိုး၊ ခေါင်းကွဲသူကွဲကာ. . အခြေအနေ ဆိုးသွားသောအခါ နောက်ကြောင်း ပြန်လှည့်ပြေးကြလေသည်။

လူမိုက်သုံးယောက်မရှိတော့မှ နီမောင်က မြလေးခင်အနီးသို့ သွားကာ ဆွဲထူပေးလိုက်သည်။

"အခုလို ကျွန်မအသက်ကိုဝင်ပြီး အကူအညီပေးတာ



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်ပါတယ် အစ်ကိုရယ်၊ ဒါထက် အစ်ကိုက ဘယ်
လဲ”

“ကျွန်တော်နာမည်က နီမောင်လို့ ခေါ်ပါတယ်၊ ရွာ
မှာနေပါတယ်”

“မဝေးလှဘူးဘဲ၊ ကျွန်မနာမည်က မြလေးခင်လို့ ခေါ်
တယ်၊ ရွာတော်ရွာကပါ”

“ရွာတော်နဲ့ ရွာမက မဝေးလှပါဘူး၊ ဒီလိုလုပ်ပါလ
ခင်ဗျားလည်း တစ်ယောက်တည်း ပြန်ရမှာဆိုတော့ ကျွန်
တို့ လိုက်ပို့ပေးပါ့မယ်”

“ကျေးဇူးတင်ပါတယ် အစ်ကိုရယ်. .”

ထို့နောက်. . .

နီမောင်တို့ သုံးယောက်က မြလေးခင်အား ရွာ
ရွာပြန်ရောက်သည်အထိ လိုက်ပို့ပေးကြလေသည်။

သူတို့နှစ်ယောက်စလုံး၏ တွေ့ဆုံမှုမှာ သာမန်သာ
သော်လည်း စိတ်ထဲမှာတော့ အမှတ်ထင်ထင် ရှိသွားခဲ့ကြ







# အခန်း [၃၀]

# မြလေးခင်နှင့် ဝမ်းတွင်းစုန်းမညာ

မြလေးခင်တစ်ယောက် အိမ်ပြန်ရောက်သော်လည်း
အတွေးများက မပြတ်နိုင်အောင် ဖြစ်နေလေသည်။

အချိန်က ညအချိန်သို့ပင် ရောက်နေချေပြီ။

အခန်းထဲမှာ တစ်ယောက်တည်းရှိနေစဉ်မှာပင် အ
တွေးစများက တစ်ခုပြီးတစ်ခု ဝင်လာနေခြင်းဖြစ်ပေသည်။

ဦးစွာဝင်လာသောအတွေးက နီမောင်နှင့် ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



သည့်အတွေးပင် ဖြစ်လေသည်။

နီမောင်ကို တစ်ကြိမ်သာတွေ့ဖူးသော်လည်း ၄င်းမျက်နှာနှင့် ပုံသဏ္ဌာန်ကို စိတ်ထဲမှာ မမေ့နိုင်အောင်ဖြစ်နေသည်။ ထိုနေ့က နီမောင်မှာ မြလေးခင်ကို ရွာအထိသာမကဘဲ သူမအိမ်ရောက်သည်အထိ လိုက်ပို့ပေးကြသည်။

နီမောင်တို့ပါလာတာမြင်သောအခါ ဒေါ်မင်းဇာက မြေးဖြစ်သူကို တိုးတိုးမေးသေးသည်။

"သူက ဘယ်သူလဲ"

မြလေးခင်က အဖြစ်အပျက်အချို့လောက်သာ ပြန်ပြောပြလိုက်သည်။ ထိုအခါ ဒေါ်မင်းဇာက မှတ်ချက်ချသည်။

"သူက သာမန်မဟုတ်ဘူး"

"ဘယ်လို သာမန်မဟုတ်တာလဲ အဖွား"

"ညည်း နောက်တော့ တဖြည်းဖြည်း သိလာလိမ့်မယ်"

"သူ့ကြည့်ရတာ . . ရိုးရိုးအေးအေးပါပဲ"

"ဒါကိုပြောတာမဟုတ်ဘူး၊ သူက သာမန်ပေမယ့် သူ့နောက်မှာ အစောင့်အရှောက်တွေ ရှိကြတယ်"

ဟု ပြောပြတော့မှ အံ့သြသွားမိလေသည်။

မြင်မြင်ချင်း ဆိုသလို သူက နီမောင်အကြောင်းကို စိတ်ဝင်စားသလို . . နီမောင်ကလည်း သူမကို စိတ်ဝင်စားဟန်ရှိလေသည်။ နောက်တစ်ကြိမ်အလည်လာဖို့ ကြိုတင်ခွင့်တောင်းသွားသေးသည်။

"မြလေးခင်ဆီ နောက်တစ်ကြိမ် လာချင်ပါသေးတယ်





လာလည်လို့ ရမလား . . ."

"ရပါတယ် အစ်ကိုရယ် . . လာလည်ပေါ့၊ အစ်ကိုက ကျွန်မရဲ့ ကျေးဇူးရှင်ပဲ အဲဒီတစ်ခါလာတော့မှပဲ ထမင်းဟင်းနဲ့ ဧည့်ခံချင်ပါသေးတယ်"

ဟု လိုလိုလားလားပင် ပြန်ပြောလိုက်လေသည်။

ယခု နီမောင်တို့ပြန်သွားပြီးနောက်မှာလည်း သူ့အကြောင်းကိုပါ သတိရနေမိသည်။ ဒါက ပထမအချက်ဖြစ်သည်။

နောက်တစ်ချက်ကတော့ မနက်ပိုင်းက မင်္ဂလာပွဲတွင် ဖြစ်ပျက်ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များပင်ဖြစ်သည်။

မင်္ဂလာပွဲကျင်းပနေစဉ် နေရာအနှံ့တွင် မြွေများရောက်သာခြင်းမှာ သူမပြုလုပ်ခဲ့ခြင်းတော့ မဟုတ်ပေ။

မြလေးခင်မှာ ယခုအသက်အရွယ်ရောက်နေသည့် အချိန်ထိ မိမိကိုယ်မိမိ စုန်းကဝေပညာများ တတ်မြောက်သည်ဟု မယူဆခဲ့ပေ။

မည်သူထံမှလည်း တကူးတက သင်ယူထားခြင်းမျိုးမရှိပေ။ အခြားသူများက အဘွားဖြစ်သူ ဒေါ်မင်းဇာကို စုန်းကဝေပညာတတ်ကျွမ်းသည်ဟု ထင်မြင်ယူဆနေကြသည်။

အဘယ်ကြောင့်ဆိုသော် . . .

ဒေါ်မင်းဇာမှာ ရွာတော်ရှင်မဖြစ်နေသောကြောင့်ပင်။

ရှေးအခါက မြို့ပြများနှင့် အလှမ်းဝေးသော ရွာများတွင် နတ်ဆရာ ထားကြသည်။

နတ်ဆရာမရှိပါက ရွာတော်ရှင်မ ထားရသည်။



www.burmeseclassic.com

www.burmeseclassic.com



နတ်ဆရာအလုပ်ကို ယောကျ်ားများက ပြုလုပ်ကြပြီး ရွာတော်ရှင်မကတော့ မိန်းမများက ပြုလုပ်လေ့ရှိသည်။

နတ်ဆရာနှင့် ရွာတော်ရှင်မမှာ အခေါ်အဝေါ်ခြင်း မတူသော်လည်း ၎င်းတို့တာဝန်ယူလုပ်ကိုင်ပေးရသော တာဝန်များကတော့ အတော်ကလေး တူညီမှုရှိကြလေသည်။

နေရာဒေသမတူသဖြင့် ဓလေ့စရိုက်ချင်း မတူသော်လည်း သဘောသဘာဝကတော့ တူသည်။

ရွာသူရွာသားများ မကျန်းမမာဖြစ်လျှင် ဆေးကုပေးရသည်။ ပယောဂရှိလျှင် ပယောဂနှင့် သက်ဆိုင်သည့် အစီအရင်များကို ပြုလုပ်ပေးရသည်။

နတ်နှင့်သက်ဆိုင်သော အစီအရင်များ၊ တင်မြှောက်ပသမှုများ ပြုလုပ်ပေးရသည်။

သရဲ၊ သဘက်၊ ဖုတ်၊ တစ္ဆေတို့ ပူးကပ်နှောင့်ယှက်ပါက နှင်ထုတ်ပေးရသည်။

လိပ်ပြာခေါ်ခြင်း၊ အပင်းထုတ်ခြင်းများ ပြုလုပ်ပေးသည်။ အချို့ရောဂါများမှာတော့ တိရစ္ဆာန်တို့နှင့် ယဇ်ပူဇော်ခြင်းများကို ရွာသူရွာသားများအတွက် ကိုယ်တိုင်ကိုယ်ကျ ဦးဆောင်လုပ်ကိုင်ပေးရသည်။

ထို့ပြင် . . ရှေ့ဖြစ်ဖတ်ကြားခြင်း၊ ဗေဒင်ဟောပေးခြင်း သင့်လျော်သော ယတြာချေပေးခြင်းများကိုလည်း ပြုလုပ်ပေးသေးသည်။

ထိုကဲ့သို့သောကိစ္စများ ဆောင်ရွက်ပေးနိုင်သူများ





ယောကျ်ားဖြစ်ပါက နတ်ဆရာအဖြစ်ထားပြီး မိန်းမဖြစ်ပါက ရွာတော်ရှင်မအဖြစ် ထားကြသည်။

ရှေးအခါကတော့ ကျေးရွာများတွင် ရွာတော်ရှင်မအဖြစ် တာဝန်ယူဆောင်ရွက်ပေးကြသော မိန်းမများမှာ အသက်အရွယ်ကြီးသူများဖြစ်ပြီး အတော်များများ စုန်းကဝေပညာကို တတ်ကျွမ်းကြလေသည်။

ရွာတော်ရွာတွင် ဒေါ်မင်းဇာမှာ ရွာတော်ရှင်မအဖြစ် တာဝန်ယူလုပ်ကိုင်ပေးနေသော်လည်း စုန်းကဝေပညာတော့ မတတ်ပါချေ။

ထို့အတူ မြေးဖြစ်သူ မြလေးခင်မှာလည်း ထိုပညာများကို တတ်မြောက်ခြင်းမရှိပေ. . ။ သို့သော် တစ်ခုတော့ရှိသည်။

မနက်ပိုင်းက မင်္ဂလာပွဲမှာ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များကတော့ ထူးဆန်းသည်။

မြွေများရောက်လာခြင်းမှာ တန်ခိုးသိဒ္ဓိဖြင့် ဖန်ဆင်းထိုက်သောကြောင့် ရောက်လာခြင်းတော့ မဟုတ်ပါချေ။

စိတ်ထဲမှသာ အာရုံပေါ်လာခြင်းဖြစ်သည်။

လူငယ်ဖြစ်သောကြောင့် မိမိနှင့် ချစ်သူဘဝရောက်ခဲ့ကြပြီးမှ အခြားမိန်းကလေးတစ်ယောက်နှင့် မျက်စေ့ရှေ့မှောက်မှာ မင်္ဂလာဆောင်နေသည်ကိုတွေ့မြင်ရသောအခါ စိတ်ထဲမှာ ဒေါသမနပ်ဖြစ်လာမိသည်။

မိမိတို့အချင်းချင်း ဘာမှ ပြဿနာတစ်စုံတစ်ရာ မရှိကြပါဘဲ သစ္စာမဲ့ခြင်းမဟုတ်ကြပါဘဲ အခြားသူများ ဝင်ရောက်



www.burmeseclassic.com

www.burmeseclassic.com



နှောက်ယှက်သဖြင့် ပျက်စီးခဲ့ရခြင်းဖြစ်ပေရာ ယခုကဲ့သို့ မြင်တွေ့ရသောအခါ စိတ်ထဲမှ တစ်စုံတစ်ခုဖြစ်စေချင်သည့်ဆန္ဒ ဖြစ်ပေါ်လာခဲ့လေသည်။

မင်္ဂလာပွဲ မပျက်သော်မှ ပျော်ပျော်ရွှင်ရွှင်ဖြစ်နေသူများ စိတ်အနှောင့်အယှက်ဖြစ်ကာ ထိတ်လန့်ကြောက်ရွံ့မှုဖြစ်စေ လိုသည်။

စိတ်ထဲမှာ ထိုအတွေးတစ်ချက်ကလေး ဝင်လိုက်သည်နှင့် မရှေးမနှောင်းမှာ မင်္ဂလာပွဲသို့ မြွေများရောက်လာကြလေ တော့သည်။ ထိုသို့ရောက်လာခြင်းများမှာလည်း အကြောင်းမဲ့ တော့မဟုတ်ပေ။

မြလေးခင်၏ မိဘနှစ်ပါးမှာ ကိုဖူးညိုနှင့် မမြလေးတို့ ဖြစ်သည်။ မမြလေးက ဒေါ်မင်းဇာ သမီးဖြစ်သည်။

ကိုဖူးညိုနှင့် အိမ်ထောင်ကျပြီးတော့လည်း ဒေါ်မင်းဇာ နှင့်မခွဲဘဲ အတူနေကြလေသည်။

ကိုဖူးညိုရော မမြလေးပါ ရိုးသားကြသူများဖြစ်သည် တစ်ညမှာတော့ မမြလေးမှာ ထူးထူးခြားခြား အိပ်မက်တစ် မြင်မက်လေသည်။

အိပ်မက်ထဲတွင် ရှမ်းအမျိုးသမီးဝတ်စုံများကို ဝတ်ဆင် ထားသော လှပချောမောသည့် အမျိုးသမီးတစ်ဦး ရောက်လာ သည်။ သူမနှင့်အတူ မြွေများလည်း ပါလာလေသည်။

မြွေများကို မြင်တော့ မမြလေးမှာ များစွာကြောက် နေရာ ထိုအမျိုးသမီးကပြောလေသည်။





"ဘာမှမကြောက်ပါနဲ့၊ ငါနင့်ကို ဒုက္ခပေးမလို့ လာတာ မဟုတ်ပါဘူး၊ ပေးစရာရှိလို့ လာတာပါ"

"ဘာပေးမှာလဲဟင်၊ အစ်မကြီးကရော ဘယ်သူများလဲ"

"ငါနာမည်က စောနန်းမူလို့ခေါ်တယ်၊ ကြားဖူးသလား"

မမြလေးက ဦးခေါင်းခါပြသည်။

"ဒါဖြင့် အမေရေယဉ်ဆိုတာရော ကြားဖူးသလား"

"ကြားဖူးပါတယ်ရှင် ကျွန်မတို့ကို စောင့်ရှောက်ပေးနေတဲ့ မယ်တော်ကြီးပါပဲ"

"ငါက အမေရေယဉ်ပဲ၊ နင့်ကို ပေးစရာရှိလို့ လာခဲ့တာ"

မမြလေးကတော့ ကြောက်ရွံ့ထိတ်လန့်စွာဖြင့် မျက်လုံးအပြူးသားနှင့် ကြည့်နေလေသည်။

"ဒီကလေးကို နင့်ကိုပေးခဲ့မယ်၊ သူက သာမန်မဟုတ်ဘူး သိဒ္ဓိရှိတဲ့ မြွေဘဝကနေ လူ့ဘဝကို ကူးမယ့်သူပဲ၊ ဒီကလေးက လူ့ဘဝရောက်တဲ့အခါ မြွေဘဝကရှိတဲ့ သိဒ္ဓိတွေက သူ့ဝမ်းထဲမှာ အလိုလိုပါလာလိမ့်မယ်"

ဟုပြောကာ ကလေးတစ်ယောက်ကို ပေးသဖြင့်. . . ကြောက်ကြောက်ရွံ့ရွံ့နှင့် ယူထားလိုက်ရလေသည်။

"ဒီအစွမ်းသိဒ္ဓိတွေကြောင့် သူ့စိတ်ထဲက တမ်းတလိုက်တဲ့အရာတွေ ရရှိလာနိုင်တယ်၊ သူ့ကို ကောင်းမွန်စွာ ကျွေးမွေးစောင့်ရှောက်ပါ၊ တစ်နေ့ကျလျှင် အကျိုးရှိလာပါလိမ့်မယ်"

ဟုပြောဆိုပြီး ပျောက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မမြလေးလည်း အံ့သြထိတ်လန့်စွာဖြင့် ကျန်ခဲ့ေ
သည်။

နောက်တစ်နေ့ရောက်တော့ မိခင်ဖြစ်သူ ဒေါ်မင်း
အား ထိုအကြောင်းကို ပြန်ပြောပြလိုက်သည်။

ဒေါ်မင်းဇာက အတော်ကြာအောင် စဉ်းစားနေပြီးမှ

"မယ်တော်ကြီးကိုယ်တိုင် ရောက်လာပြီး ပေးသွား
ကလေးဆိုတော့ သာမန်တော့ ဟုတ်မယ်မထင်ဘူး"

ဟု မှတ်ချက်ချလေသည်။

နောက်လအနည်းငယ်ကြာသောအခါ မမြလေး
ကိုယ်ဝန်စွဲကပ်လာလေတော့သည်။

ထိုကဲ့သို့ ကိုယ်ဝန်ရှိပြီးသောနောက်ပိုင်းမှာလည်း
များ အိမ်ပေါ်သို့ မကြာခဏ တက်လာသည်ကို တွေ့ကြရသည
ပထမတော့ ကြောက်ရွံ့ထိတ်လန့်ကြရသည်။

နောက်ပိုင်း မြွေများက မည်သူ့ကိုမှ အန္တရာယ်မ
မှန်းသိသောအခါ ဘာသိဘာသာပင် နေကြလေသည်။

နောက်ပိုင်း လစေ့သောအခါ မြလေးခင်ကို မွေး
လေသည်။ သူမငယ်ရွယ်စဉ်ကလည်း မြွေများမကြာခဏ ရော
လာသော်လည်း သူမကိုတော့ အန္တရာယ်မပေးကြပေ။

သူမ (၉)နှစ်သမီးအရွယ်ခန့်တွင် အမှတ်တရအ
အပျက်တစ်ခု ဖြစ်ခဲ့ဖူးလေသည်။

အပြစ်တစ်ခုပြုလုပ်မိသဖြင့် မိခင်ဖြစ်သူက ရိုက်
ဆုံးမရန် တုတ်တစ်ချောင်းကိုင်လာရာ အနားရောက်လာ





အခါ မြလေးခင်က ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ထိုတုတ်ကို လှမ်း
ကြည့်လိုက်ရာ တုတ်အဖြစ်မှ မြွေတစ်ကောင်ဖြစ်သွားရာ. .
ကြောက်လန့်တကြားဖြင့် ပစ်ချလိုက်ရသဖြင့် အရိုက်မခံရတော့
ပေ။

ငယ်ရွယ်စဉ်က အခြားအဖော်များနှင့် ဆော့ကစားနေ
စဉ် သူမကို အနိုင်ကျင့်ပါက. . .

"ငါ့ကို အနိုင်ကျင့်ရင် လက်ကို မြွေပတ်ခံရပါစေ. ."

ဟု ကျိန်ဆဲလိုက်သည်နှင့် ဘယ်နေရာမှ ရောက်လာ
မှန်းမသိသော မြွေတစ်ကောင်က အနိုင်ကျင့်သူ၏ လက်မောင်း
ကို ကြိုးဖြင့်ပတ်သကဲ့သို့ ပတ်ထားရာ အော်ဟစ်ထွက်ပြေးရလေ
သည်။

နောက်ပိုင်း မြလေးခင်အကြောင်းကို သိလာကြသော
အခါ အခြားကစားဖော်များက သူနှင့်အတူတူ မကစားဝံ့ကြ
တော့ပေ။ သို့ကြောင့် မြလေးခင်မှာ ငယ်ရွယ်စဉ်အချိန်ကတည်း
က တစ်ယောက်တည်း အထီးကျန်စွာ နေခဲ့ရလေသည်။

သူမအရွယ်ရသောအချိန်တွင် ရုပ်ရည်ချောမောလှပ
သဖြင့် လိုချင်သော ကာလသားများက ရှိကြလေသည်။

အချို့ကတော့ မြလေးခင်၏ အကြောင်းကို သိကြသ
ဖြင့် ချစ်ရေးဆိုဖို့ မဆိုထားနှင့် အနားပင် မကပ်ဝံ့ကြပေ. .။

အချို့ရပ်ဝေးမှာ နေကြသူများကတော့ လှပချောမော
ခြင်းကိုပင် တွေ့ပြီး. . အခြားဘာမှ မသိကြသဖြင့် အရဲစွန့်ပြီး
ချဉ်းကပ်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါကလည်း သူမ မနှစ်သက်သည့် လူတစ်ယောက် အတင်းလာပြီး ချစ်ရေးဆိုနေရာ နောက်ဆုံး မတတ်သာတော့သဖြင့် ဥပါယ်တမျဉ်နှင့် အနားမှခွာသွားစေရန် ပြုလုပ်ရလေသည်။

"ရှင် ကျွန်မကို တကယ်မေတ္တာရှိတယ်ဆိုရင် တောထဲက အင်ကြင်းပန်းသုံးခိုင် ခူးယူလာပေးပါ။ အဲဒီလို ခူးယူလာပေးရင် စဉ်းစားပေးမယ်"

"မင်း တကယ်ပြောတာလား၊ တောထဲမှာ အင်ကြင်းပန်းသုံးခိုင်ကရဖို့ မခက်ပါဘူး၊ ရလာရင်သာ မင့်ကတိတည်ပါစေ"

ဟုပြောကာ တောထဲဝင်သွားလေသည်။

သို့သော်လည်း မြလေးခင်ရှိရာသို့ နောက်တစ်ခေါက် ပြန်ရောက်မလာဝံ့တော့ပေ။

၎င်းအဖြစ်အပျက်က ဤသို့ဖြစ်သည်။

မဟာမြိုင်တောထဲတွင် အင်ကြင်းပင်ကြီးများ ပေါလှပေရာ အင်ကြင်းပန်းခိုင်းများကလည်း ပေါများလှပေသည်။

အလှဆုံး အင်ကြင်းပန်းခိုင်များကို ခူးရန် ပြင်သည်နှင့် ခူး၍မရဘဲ ဖြစ်နေလေသည်။ အခြားတော့ မဟုတ်ပေ။

သူခူးရန် ပြင်သော အင်ကြင်းခိုင်မှာ မြွေတစ်ကောင် ကပတ်ထားသောကြောင့်ဖြစ်သည်။

ဒီတစ်ခိုင်မှာ မြွေရှိနေသဖြင့် နောက်တစ်ခိုင်ပြောင်းခူးပြန်တော့လည်း နောက်တစ်ခိုင်မှာလည်း မြွေတစ်ကောင်ထတော့ ရှိနေလေသည်။





အချို့ပန်းခိုင်များတွင် အနားရောက်သည်အထိ ဘာမှမတွေ့ရသဖြင့် ဝမ်းသာအားရနှင့် အနားကပ်သွားရာ ပန်းခိုင်အနီးရောက်မှ ဦးခေါင်းပြူထွက်လာသော မြွေကို တွေ့ရသဖြင့် နောက်ဆုတ်ရလေသည်။

ဤသို့ဖြင့် အချိန်သာကုန်သွားသည်။

ပန်းခိုင်တစ်ခိုင်မှ ခူးခွင့်မရသဖြင့် နောက်ဆုံး စိတ်ပျက်လက်ပျက်နှင့် လက်လျှော့ကာ ပြန်သွားရလေသည်။

ရွာပြန်ရောက်တော့ ထိုအကြောင်းကိုသိသော မိတ်ဆွေသူငယ်ချင်းအချို့ကပြောသည်။

"မင်းမို့ မြလေးခင်ဆိုတဲ့ မိန်းကလေးကို ချစ်ရေးဆိုဝံ့တယ်၊ သူကတခြားမဟုတ်ဘူး . . ဝမ်းတွင်းစုန်းတစ်ယောက်ပဲ"

"ဝမ်းတွင်းစုန်း ဆိုတာဘာလဲ"

"ဝမ်းတွင်းစုန်းဆိုတာ မသင်ရဘဲ မွေးကတည်းက ဝမ်းထဲမှာ စုန်းကဝေပညာတွေ အလိုလိုတတ်လာတဲ့သူကို ခေါ်တာ၊ ...င်းကိုတစ်ခါတည်း မသတ်ဘဲ ဒီလောက် ပညာပေးလိုက်တာပဲ ...ကော်လှပြီ. . . "

ထိုသို့ပြောသဖြင့် ထိုကာလသားလည်း စိတ်ပျက်လက်ပျက်ဖြစ်ကာ လက်လျှော့သွားလေတော့သည်။

သို့သော်လည်း နောက်ထပ် လက်မလျှော့ချင်သူတွေ ...တော့ ဆက်ပြီးကြိုးစားကြပြန်သည်။

ပိတ်ချင်းတောရွာမှ မောင်ပန်းသာဆိုသူနှင့် ရွာမရွာမှ ...င်ကျော်ဆိုသူတို့မှာ မြလေးခင်နှင့် ချစ်သူဘဝရောက်ခဲ့ကြရုံ



www.burmeseclassic.com

www.burmeseclassic.com



မကဘဲ လက်ထပ်ဖို့အထိ ရည်ရွယ်ထားကြသူများ ဖြစ်ကြလေသည်။

သို့သော် နှစ်ယောက်စလုံးအတွက်တော့ ကံမကောင်းခဲ့ကြပေ။ ရွာမရွာမှ မောင်ကျော်ဆိုသူမှာ လက်ထပ်ကာနီးရောက်တော့မှ မောင်ကျော်ဘက်မှ မိဘဆွေမျိုးများ ဖျက်သဖြင့်ပျက်ကြရသည်။

ထိုသို့ပျက်ပြီး မကြာခင်မှာပင် မောင်ကျော်တို့ မိသားစုမှာ ဝမ်းရောဂါများဖြစ်ကာ တစ်ယောက်ပြီးတစ်ယောက် သေဆုံးခဲ့ကြလေသည်။

နောက်ထပ်နှစ်အနည်းငယ်ကြာသောအခါ ပိတ်ချောင်တောရွာမှ မောင်ပန်းသာနှင့် ချစ်သူဖြစ်ကြကာ လက်ထပ်ကြမည် ပြောဆိုတိုင်ပင်ထားကြပြီးမှ မောင်ပန်းသာက သူမအကြောင်းကို တစွန်းတစသိသွားပြီးနောက် သစ္စာဖောက်သွားခဲ့သည်။

မောင်ပန်းသာမှ အခြားမိန်းကလေး တစ်ဦးနှင့် လက်ထပ်ပြီးနောက် ချင်းတွင်းမြစ်အရှေ့ဘက်ကမ်း၌ရှိသော ဆွေမျိုးများထံသို့ လှေဖြင့်ကူးသွားကြစဉ် မြစ်လယ်ရောက်မှ လှေမှောက်ပြီး နှစ်ယောက်စလုံး အသက်သေဆုံးသွားကြလေသည်။

မြလေးခင်နှင့် နောက်ဆုံးချစ်သူဖြစ်သူမှာ ကျွန်းတောရွာမှ ရင်မောင်ပင်ဖြစ်သည်။

ရင်မောင်နှင့်လည်း အဆင်မပြေဖြစ်ခဲ့ရပြီး ရင်မောင်က မိဘများပေးစားသော မေခင်ဆိုသောမိန်းကလေးနှင့်ပင် မင်္ဂလာဆောင်ပြီးသွားခဲ့ပေပြီ။





မြလေးခင်ကတော့ ဘဝတလျှောက်လုံး အချစ်ရေးနှင့် ပတ်သက်လာလျှင် ကံမကောင်းခဲ့သော သူမ၏ ဘဝကံကို စိတ်အနာကြီး နာနေလေတော့သည်။

ထိုအခြေအနေများကတော့ မြလေးခင်နှင့်ပတ်သက်သော ဘဝအစိတ်အပိုင်းအချို့ပင်ဖြစ်ပေသည်။

ထိုအကြောင်းများနှင့်ပတ်သက်ပြီး အဘွားဖြစ်သူ ဒေါ်မင်းဇာကို ပြောပြဘူးသည်။

"အဘွားရယ် ကျွန်မမှာ ဘာပညာမှမတတ်ဘဲနဲ့ လူတွေက စုန်းမတစ်ယောက်လို့ ထင်နေကြတယ်၊ အဲဒါဘာဖြစ်လို့လဲဟင်"

ထိုအခါ ဒေါ်မင်းဇာက ပြောင်းဖူးဖက်ဆေးပေါလိပ်ကို ဖွာရင်းနှင့် စိတ်မသက်သာသော အမူအယာဖြင့် သက်ပြင်းတစ်ချက်ချလိုက်သည်။

"ညည်းကတော့ ကိုယ့်ကိုယ်ကိုယ် ဘာပညာမှမတတ်ဘူးလို့ ထင်နေပေမယ့် ဒါတွေက သာမန်ဖြစ်နေတာတွေ မဟုတ်ဘူး"

"ဒါဖြင့် ဘယ်လိုဖြစ်တာလဲဟင်"

"ညည်းအဖေအမေတွေရှိကြတုန်းက သူတို့ကပြောပြသွားခဲ့ဖူးတယ် မဟုတ်လား၊ ညည်းက တခြားမဟုတ်ဘူး. . အမေရေယဉ် လာပေးသွားတဲ့ကလေးပဲ"

"အဲဒါတော့ အမေပြောပြသွားလို့ သိပါတယ်၊ ဒါပေမယ့် လူဝင်စားတစ်ယောက်ဖြစ်တယ်ဆိုပေမယ့် စိတ်ထဲက



www.burmeseclassic.com

www.burmeseclassic.com



ပြိုပြင်လိုက်တာနဲ့ အပြင်မှာ ဘာကြောင့်ဖြစ်တာလဲဟင်"

"ညည်းကိုပေးသွားတဲ့ မယ်တော်ကြီးက ဒီနေရာတစ်ဝိုက်၊ ဒီနယ်တစ်ဝိုက်မှာ နယ်နယ်ရရမှ မဟုတ်တာ၊ စုန်းကဝေပညာရှင်တွေကို ဦးစီးချုပ်ကိုင်ထားနိုင်တဲ့သူပဲ၊ သူကိုယ်တိုင်က လည်း လူ့ဘဝတုန်းက ဝမ်းတွင်းစုန်းတစ်ယောက်ပဲလေ"

"ဝမ်းတွင်းစုန်းဆိုတာ ဘယ်လိုမျိုးလဲ"

"ဝမ်းတွင်းစုန်းဆိုတာ စုန်းကဝေပညာတွေကို ဘယ်သူ့ဆီကမှ သင်ယူစရာမလိုပဲ မွေးရာပါ ဝမ်းထဲမှာပါလာတဲ့ အတတ်ပညာမျိုးကိုခေါ်တာ၊ မယ်တော်ကြီးကိုယ်တိုင် လူ့ဘဝတုန်းက ဝမ်းတွင်းစုန်းပညာရှင်တစ်ယောက် ဖြစ်ခဲ့တယ်"

ဒေါ်မင်းဇာစကားကြောင့် မြလေးခင်က တအံ့တသြနှ နားထောင်နေလေသည်။

"ဝမ်းတွင်းမှာ မွေးကတည်းက ပညာတတ်နေသူတွေက သူတို့ဘာသာ ပညာတတ်မှန်းမသိတာများတယ်၊ အကြောင်းကြီ ငယ်ဖြစ်လာတော့မှသာ သူ့အလိုလို ပေါ်လာလေ့ရှိတယ်၊ မယ်တော်ကြီး အမေရေယဉ်ကိုယ်တိုင် မွေးရာပါဝမ်းတွင်းစုန်းပညာရှင်တစ်ယောက်ပဲ၊ ဒါပေမယ့် သူ့ကိုယ်သူ ပညာတတ်မှန်း မသိဘူး"

"ဟုတ်ကဲ့"

"ဘုရင့်နန်းတော်ထဲရောက်သွားပြီး ပန်တော်ကျဘ သူ့ကိုဝိုင်းပြီး နှိပ်စက်ကြတော့မှ မွေးရာပါ ဝမ်းတွင်းမှာ ပါလာတ ပညာတွေက ပေါ်လာခဲ့တာ၊ နောက်ဆုံးမှာတော့ သူ့ပညာတွေ





နန်းတော်တစ်ခုလုံးမှာရှိတဲ့ လူတွေကို ကလဲ့စားချေဖို့ လုပ်နေတော့မှ သိကြားမင်းဆင်းလာပြီး တားမှရတော့တယ်၊ သူ့ဝမ်းထဲက ပညာတွေကို သိကြားမင်းက အလှူခံတော့ လှူလိုက်တယ်၊ ဒီတော့မှ သာမန်ဘဝ ရောက်သွားခဲ့ရတာ"

ဒေါ်မင်းဇာက မီးသေစပြုနေသော ပြောင်းဖူးဖက်ဆေးပေါ့လိပ်ကို မီးမပြတ်စေရန် တစ်ဖွာနှစ်ဖွာ ဆက်ဖွာလိုက်သည်။

"ဒါဖြင့် တကယ်လို့ ကျွန်မဝမ်းထဲမှာ ဝမ်းတွင်းစုန်းပညာတွေပါလာခဲ့လို့ အလှူခံမယ့်သူနဲ့တွေ့လို့ လှူလိုက်ရင် သာမန်ဘဝရောက်နိုင်တာပေါ့နော်"

"ရောက်နိုင်ပါတယ်၊ ဒါပေမယ့် အလှူခံမယ်ပုဂ္ဂိုလ်ကလည်း မြင့်မြတ်တည်ကြည်တဲ့သူမျိုးတော့ ဖြစ်ရမယ်၊ မသမာတဲ့စိတ်ရှိတဲ့သူတွေ လက်ထဲရောက်သွားရင်တော့ မကောင်းဘူး"

"အဘွား ကျွန်မကို အမေရေယဉ်အကြောင်း ပြောပြပါလား"

"မယ်တော်ကြီးအမေရေယဉ်က ညည်းကိုစောင့်ရှောက်ပေးနေတဲ့သူပဲ၊ သင့်သလောက်တော့ ပြောပြထားရမှာပေါ့"

ဟု အောက်ပါအကြောင်းအရာများကို ပြောပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၁)

# အမေရေယဉ်၏ အဝရှုပ်ပုံလွှာ

အမေရေယဉ်မယ်တော်ကြီး စိုးပိုင်သောနယ်မြေမှာ ကျယ်ဝန်းလှပေသည်။

ပုံတောင်ပုံညာအရှေ့ဘက်နှင့် ချင်းတွင်းမြစ်အကြား ယမားနယ်မြေအထိ ပိုင်ဆိုင်ခွင့်ရလေသည်။

မင်းကင်း၊ ဗန့်ကျို၊ ကနီ၊ ပန်း စသော အထက်အညာ အရပ်ဒေသများအထိ ပြန့်နှံ့သက်ရောက်မှုရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နယ်လုံးက ယုံကြည်ကိုးစားကြသဖြင့် မယ်တော် ကြီးပွဲတော် ကျင်းပသောရက်ရောက်လျှင် တစ်နယ်လုံးမှ ပေါင်းသိန်းချီကာ လာရောက်၍ ပူဇော်ပသကြလေသည်။

လာရောက်ပူဇော်ပသသူ များလှသောကြောင့် သူန နှင့်သူ ရက်ခွဲပြီး ကျင်းပကြရလေသည်။

နှစ်စဉ် တပေါင်းလပြည့်ကျော် (၅)ရက်၊ (၆)ရက်တွင် ပုလဲ၊ မြိုင်၊ ယော၊ ပခန်း နယ်သားများတို့၏ ပူဇော်ပွဲ၊ တပေါင်း လပြည့်ကျော် (၇)ရက်၊ (၈)ရက်နေ့တွင် ကနီနှင့် ယင်းမာပင် သူများ၏ ပူဇော်ပွဲ . .၊

ထိုကဲ့သို့ ရက်ခွဲပြီး ကျင်းပကြရခြင်းမှာ နတ်ကနားပွဲသို့ လာရောက်သူ များသောကြောင့်ဖြစ်သည်။

ပျိုရွယ်စဉ်ကာလတွင် လှပချောမောပြီး သဘောဖြူ လှသော ရှမ်းအမျိုးအနွယ်ဝင် စောနန်းမူမှာ ပဒေသရာဇ်ဘုရင် တို့၏ သိမ်းပိုက်ခြင်းခံရပြီးနောက် မလိုသူများ၏ ကုန်းချောစကား ကြောင့် ပန်တော်ကျဘဝရောက်ကာ လူအများ၏ အထင်အမြင် သေးခြင်းကို ခံခဲ့ရရှာသည်။

ထိုအခါ သူမကိုယ်တိုင်မသိသေးသော ဝမ်းတွင်း၌ ရှေ ရာပါ ပါလာသည့် ဝမ်းတွင်းစုန်းပညာများ နိုးကြားပေါ်ပေါ် ခဲ့ရပုံများမှာ စိတ်ဝင်စားဖွယ်ရာပင်ဖြစ်ပေသည်။

အမေရေယဉ်၏ ဘဝဇာတ်ကြောင်းကို ပြန်လည်ဖေါ် ပြရပါမူ အမေ့ဘဝ၊ အမေ့ရုပ်ပုံလွှာသည် ကြေကွဲလွမ်းမောဖွယ် ရာများဖြင့် လွှမ်းခြုံထုံမွမ်းနေသည်။





အမေ့ဘဝကို ရှုမြင်ရသည်မှာ မှုန်ရီဝိုးဝါးနိုင်လှသည်။ သမိုင်းအထောက်အထား ခိုင်ခိုင်မာမာ မတွေ့ရပေ။

အမေ့ဘဝ အမေ့ဇာတ်ကြောင်းကို ဗန့်ကျိုနယ်သားတို့ သက်ကြီးစကား သက်ငယ်ကြားပြောကြသော ပါးစပ်ရာဇဝင် များတွင်သာ တွေ့ရသည်။

စာနှင့်ပေနှင့် သမိုင်းမော်ကွန်းမထိုးနိုင်ဘဲ လက်ဆင့် ကမ်းပြောကြားကြသော အမေ့ဖြစ်စဉ်သည် သွင်ပြင်အမျိုးမျိုး ဖြစ်လျက်ရှိသည်။

အမေရေယဉ် ဖြစ်ထွန်းပေါ်ပေါက်ရာကာလ အဦးအစ သည် ပုဂံခေတ်ကဖြစ်သည်ဟု ဆိုပါသည်။

ဖခင်မှာ ရှမ်းစော်ဘွားကြီးတစ်ဦးဖြစ်ကာ သူပုန်သူကန် တို့၏ ပုန်ကန်ခြားနားခြင်းကို ခံခဲ့ရခြင်းကြောင့် စော်ဘွားအရာ ပြီး အကျဉ်းချခြင်းကို ခံခဲ့ရသည်။

ဖခင်စော်ဘွားကြီးနှင့် ဟော်နန်းတစ်ခုလုံး ရန်သူ့လက် သို့ ကျရောက်ပြီဆိုသောအခါ အမေရေယဉ်နှင့် အစ်ကိုတော် မောင်ဦးမင်းတို့မှာ အသက်ဘေးမှဝေးရာ ရှမ်းတောင်တန်းမှ ရာဝတီနယ်၊ ထိုမှ . . ချင်းတွင်းမြစ်ကို ဖြတ်၍ ပုံတောင်ပုံညာ ယ်မြေအထိ ထွက်ပြေးခဲ့ရသည်။

အမေတို့ မောင်နှမနှစ်ယောက်သည် ထိုနေရာမှတဆင့် တို့ ဘဝပိုမို လုံခြုံစိတ်ချစေရန်အတွက် မြောက်ယမားချောင်း မြောက်ဘက်၊ ယခု လပို့ရွာအနီးတွင် ယခင်က တည်ရှိခဲ့ သော သံတောင်မြို့တွင် ဆင်းရဲသားအသွင်ယူပြီး မထင်မရှား



www.burmeseclassic.com

www.burmeseclassic.com



ခိုလှုံနေထိုင်ခဲ့ရရှာသည်။

ထိုသို့ သူပုန်သူကန်ဘေးမှ ကင်းဝေးလျက် စိတ်အေး ချမ်းသာစွာ လပေါင်းများစွာ နေထိုင်လာခဲ့ကြရာမှ တစ်ညတွင် ပုံတောင်ပုံညာတောင်တန်းဆီမှ အဆက်မပြတ် မိုးရွာသွန်း ခြင်းကြောင့် ယမားချောင်းရေသည် အင်အားကောင်းစွာ တဖြိုး ထိုး ဝါးလုံးထိုးစီးဆင်းခဲ့ရာ သံတောင်မြို့ အပါအဝင် အနီးအနား ကျေးရွာများသည် ရေအောက်ရောက်ကာ ရွာသူရွာသားအား လုံးလိုလိုပင် အသက်ပျောက်ခဲ့ရသည်။

အမေတို့မောင်နှမမှာလည်း . လှိုင်းလေထန်သည့် ချောင်းရေလှိုင်း လှိုင်းဘောင်ဘင်ကြားတွင် တောင်မင်းမြောက်မင်း မကယ်နိုင်။ ကယ်ပါယူပါ တစာစာအော်ရင်းဟစ်ရင်း၊ အား အညှီတောင်းရင်းဖြင့် တွယ်ရာမဲ့ လွင့်မျောကာ အသက်ပျော ခဲ့ရသည်။

လှိုင်းလေများ ငြိမ်သက်ကာ ချောင်းရေများကျသွား ချိန်မှာ အာရုဏ်တက်ချိန် ရောက်လေပြီ။

မကြာမီ အာရုဏ်ကျင်း၍ အလင်းရောက်သဖြင့် ချောင်းကမ်းစပ်တစ်ခွင်လုံးကို သဲကွဲထင်ရှားစွာ မြင်ရပြီး သောင်ပြင်ချောင်းရေစပ်တွင် အခြားသောအလောင်းများ အတူ အမေတို့မောင်နှမနှစ်ယောက်၏ အလောင်းများကို မြ တွေ့နိုင်ပေသည်။

နှမဖြစ်သူ အမေရေယဉ်သည် ယမားချောင်းတော ဘက်ကမ်းသဲသောင်စပ်တွင်လည်းကောင်း၊ အစ်ကိုတော





တောင်ဦးမင်းမှာ ယမားချောင်းမြောက်ဘက် သဲသောင်ပြင်တွင် လည်းကောင်း အသက်ပျောက်လျက်ရှိပေသည်။

မောင်နှမနှစ်ယောက်သည် ဟော်နန်းမှာမွေး၊ ဟော်နန်း သွေးမကင်းသည့် မင်းမျိုးမင်းနွယ်များ ဖြစ်ခြင်းကြောင့် ဇနီကျိ နယ်သားလူအများတို့မှာ သူတို့အသက်ထင်ရှားရှိခဲ့စဉ်က ရိုသေ ခန့်ညားခဲ့ကြသကဲ့သို့ ယခုအခါ ယမားချောင်းရေကြောတွင် မျောပါသေဆုံးပြီးနောက်လည်း ဒေသကိုစွဲ၍ နတ်ဖြစ်ကြပေ လိမ့်မည်ဟု ယုံကြည်ကြလျက် ယမားနယ်၊ ပြန်လှည့် ဒေသသား တို့က သူတို့ရွာသူတို့အရပ်တွင် တောင်ဦးမင်းကို တောင်ဦးရှင် နတ်အဖြစ် သတ်မှတ်ကာ ယနေ့တိုင် ကိုးကွယ်လျက် ရှိပေ သည်။

နှမတော်မှမူ သေဆုံးရာဒေသတွင် မကျွတ်လွတ်ဘဲ အယူတိမ်းကာ နတ်စိမ်းဖြစ်နေပြီး နတ်ကွန်းနန်းမဲ့ နေထိုင်ခဲ့ရာမှ ခံပြည့်ရှင် ဘုရင်နရပတိစည်သူမင်းကြီး တိုင်းခန်းလှည့်လည် သည်နှင့်ကြုံ၍ နတ်ကွန်းနတ်နန်းများ တောင်းလေသောကြောင့် မောင်တုံအရပ်မှာ ကွန်းနန်းဆောက်လုပ်စေလျက် ဇနီကျိနယ် သားတို့ ကိုးကွယ်ရန် ခွင့်ပြုပေးခဲ့ပြီး နယ်စားပယ်စားပေးခြင်း ဖြင့် ထိုဒေသသားတို့ စတင်ကိုးကွယ်လာကြရာ မျက်မှောက် ခေတ်သို့တိုင်ခဲ့ပေပြီ။

ဤသည်မှာ အမေ့ဘဝ၊ အမေ့အကြောင်းကို ဒေသသ သားတို့၏ ရှင်းလင်းပြောပြမှု တစ်မျိုးဖြစ်သည်။

အထက်ပါအကြောင်းအရာနှင့် ကွဲလွဲချက်ရှိသော



www.burmeseclassic.com

www.burmeseclassic.com



အမေ့ဘဝရုပ်ပုံလွှာကိုလည်း ဖော်ပြပါဦးမည်။

အမေ၏ ဇာတိချက်ကြွေ မွေးရပ်မြေမှာ ချင်းတွင်းမြစ်ညာပိုင်းရှိ ရှမ်းတိုင်းရင်းသားများ စုပေါင်းနေထိုင်ကြသော တင်းမထိုးမဲအိုး ခေါ်သည့် ရှမ်းရွာကြီးတစ်ရွာဖြစ်သည်။

"အမေရေယဉ်" ဟု နှောင်းလူတို့က ခေါ်ကြသော်လည်း အမေ့နာမည်ရင်းမှာ "စောနန်းမူ" ဖြစ်ပါသည်။

သူမ၏ မိဘနှစ်ပါးမှာ ရှမ်းတိုင်းရင်းသားများဖြစ်ခြင်းကြောင့် စောနန်းမူ၏ ရုပ်ရည်အဆင်းမှာ စိုပြည်ဝင်းပ လှပချောမောသည်။

စောနန်းမူ၏ ချောမောလှပသည့် ဂုဏ်သတင်းကြောင်း ရပ်တခွင် နယ်တစ်ခွင်တွင် ကျော်ကြားမှုရှိလာရာမှ ဘုရင့်ရွှေနန်းတော်ထိ ပေါက်ကြားလေသောကြောင့် ရွှေနန်းရှင်ဘုရင်က သိမ်းပိုက်တော်ကောက် မိဖုရားမြှောက်ကာ တောင်ညာစံဒေဝီ အဂ္ဂမဟေသီအဖြစ် ချီးမြှင့်မြှောက်စားခဲ့လေသည်။

ထိုသို့ ချီးမြှင့်မြှောက်စားခြင်းခံရသည်ကို မနာလို မနာ စိတ်ဖြစ်ကြသော မိဖုရားငယ်များနှင့် ကိုယ်လုပ်မောင်းမများက အကောက်ဉာဏ်ဖြင့် လီဆယ်၍ ကုန်းချောကြသည်ကို ဘုရင်က ယုံကြည်တော်မူလေရာ စောနန်းမူကို မိဖုရားကြီးအရာမှချ၍ ဆီတော်ဆက်ရာထူးဖြင့် အမှုတော်ထမ်းစေဟု အမိန့်တော်မြွက် ချမှတ်လေသည်။

မိဖုရားခေါင်ကြီးဘဝတွင် ကြောက်ရွံ့ခန့်ညားရိုသေကြသော ကိုယ်လုပ်မောင်းမများသည် မိဖုရားကြီးအရာကျသည်





စောနန်းမူကို မလေးမစား မချေမငံ ဆက်ဆံပြောဆိုလာကြသည်။

စောနန်းမူသည် ရွှေနန်းတော်ကြီး အတွင်းသို့ ဆီအိုးကို ရွက်ပြီး ဆီတော်ဆက်သွင်းနေရသည့် ဆီတော်ဆက်မှန်း သိပါလျက်. . .

"ဟော့ ဆီတော်ဆက်မ၊ နင့်ခေါင်းပေါ်က အိုးထဲမှာ ဘာတွေပါလဲ"

ဟု သရော်လှောင်ပြောင်၍ မေးတတ်ကြသည်။

တစ်ကြိမ်မက တွေ့တိုင်းပင် ဤသို့လှောင်ပြောင်၍မေးကြသဖြင့် တစ်ကြိမ်တွင်မူ မိဖုရားအရာကျ စောနန်းမူက ဒေါသထွက်ကာ. . .

"နင်တို့ကို ကိုက်သတ်မယ့် မြွေတွေ ငါထည့်ယူလာတောဟ့"

ဟု ပြောဆိုပြီး ခေါင်းပေါ်က ဆီအိုးကိုချ၍ ဖွင့်ပြလေရာ မမျှော်လင့်ဘဲ မြွေအစစ်များ ဖြစ်နေသောကြောင့် စောနန်းမူ ကိုယ်တိုင်ပင် အံ့အားသင့်သွားရသည်။

နောက်ပြောင်ပြောဆို မေးမြန်းကြသော ကိုယ်လုပ်မောင်းမများသည် မမျှော်လင့်သော မြင်ကွင်းကို တွေ့မြင်လိုက်ရသဖြင့် ကြောက်လန့်တုန်လှုပ်ချောက်ချားသွားကာ ထွက်ပြေးကြလေသော် ထိုပြေးသူများနောက်သို့ ဆီအိုးထဲမှ မြွေများက လိုက်ကိုက်ကြလေသည်။

စောနန်းမူသည် ထိုသို့ ပြေးလွှားနေကြသော နန်းတွင်း



www.burmeseclassic.com

www.burmeseclassic.com



သူ ကိုယ်လုပ်မောင်းမများထံသို့ တွေ့ရာထင်းချောင်း၊ တုတ်ချောင်းများဖြင့်. . .

"ဟောဒီမှာဟေ့၊ နင်တို့ကို ကိုက်သတ်မဲ့မြွေတွေလာပြီ"

ဟုပြောဆိုကာ ကိုင်တွယ်ပစ်ပေါက်လေလျှင် စောနန်းမူ လက်နှင့်ထိသမျှ၊ နှုတ်နှင့် မြွက်ဆိုသမျှ ထင်းချောင်း၊ တုတ်ချောင်းတို့သည် အကုန်လုံး မြွေဖြစ်ကာ လိုက်ကိုက်ကြသဖြင့် သူမကို လှောင်ပြောင်ပြောဆိုကြသူ ကိုယ်လုပ်မောင်းမ အားလုံး လိုလိုပင် မြွေကိုက်၍ သေဆုံးကုန်ကြလေသည်။

မိဖုရား အရာကျ၊ ဆီတော်ဆက်မ စောနန်းမူသည် သူ ပြောသလိုဖြစ်နေသည်ကို အံ့ဖွယ်သရဲ ထူးကဲစွာမြင်တွေ့ရလေ သောအခါ စွမ်းအားထက်မြက်သည့် သူ၏ဝမ်းတွင်းပညာကို ယုံကြည်အားကိုမိလေသည်။

"အပျိုစင် ငါ့ဘဝကို ဖျက်ဆီးရုံမျှမက ဆီတော်ဆက် ဘဝရောက်အောင် အဆင့်ချခဲ့သည့် ပုဂံပြည်ရှင်ဘုရင်နှင့် နေပြည်တော်တစ်ခုလုံးကို ငါ့မွေးရာပါ ဝမ်းတွင်းပညာဖြင့် မှုန်မှုန် ညက်ညက် ဖျက်ဆီးပစ်မယ်"

ဤသို့ ရွတ်ဆိုကြိမ်းမောင်းကာ ဒေါသအမျက် ခြောင်း ခြောင်းထွက်သည်အထိ စောနန်းမူ စိတ်နာကြည်းကာ လက် တုန့်ပြန်ရန် ဆုံးဖြတ်လိုက်သည်။

စောနန်းမူ၏ ပြစ်တင်မောင်းမဲ ကြိမ်းမောင်းသံသည် အထက်ဘဝဂ်အထိ လျှံကာတက်ပြီး သိကြားမင်း၏ ဝဋ္ဋ ကမ္ဗလာ မြေကျောက်ဖျာမှာ ထိုင်၍မရအောင် တင်းသည်အထိ





ဖြစ်ခဲ့ရသည်။

ထိုသောအခါ သိကြားမင်းသည် အတာရေပွဲ ပျော်ရွှင် နွှဲပြီး လူ့ပြည်လူ့ရွာမှ ပြန်လာခဲ့သည်မှာ မကြာလှသေးသော် လည်း အရေးပေါ် လူ့ပြည်ဆင်းပြီးလျှင် စောနန်းမူနှင့်တွေ့ကာ အောက်ပါအတိုင်း သတိပေးစကား ပြောကြားရတော့သည်။

"ချစ်သမီး စောနန်းမူ၊ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး နေအရှိန် လအရောင်လို ထွန်းလင်း ထိန်ပြောင်သည့် ပြည် ပေါ်က အရိမဒ္ဒနာကို အမှုန့်ခြေ အရည်ဖျော်ပစ်ချင်သည့် သင့် ဆန္ဒ သင့်အကြံသည် မမှန်ကန်ပေ၊ ရန်ကိုရန်ချင်း တုန့်ပြန်ခြင်း သည် သူတော်စင်တို့ စက်ဆုပ်ရွံရှာသည့် ကောင်းကျိုးမပြီး အ ချည်းနှီးဖြစ်သော အပါယ်သို့လားရာ အပြုအမူသာလျှင်ဖြစ်ချေ သည်။ သို့ကြောင့် ချစ်သမီး စိတ်လျှော့သည်းခံပြီး သင့်ရဲ့ဝမ်း တွင်းပညာကို ငါ့အားလှူလော့. ."

စောနန်းမူသည် သဘောတူညီမှုမပြု ခေါင်းမညိတ်ပါ။

"သင့်ပညာ ငါ့ထံလှူလိုက်ရခြင်းအတွက် သင့်မှာ အ ကျိုးမဆုတ်ယုတ်စေရပါ၊ သင်ဖနောင့်ပေါက်တိုင်း မဆိုင်းမတွ သုံးမကုန်၊ သောက်မကုန်သည့် စိမ့်ရေစမ်းရေကြည်များသည် သင့်ဖနောင့်အောက်တွင် ရောက်ရစေအံ့"

သူမ၏ဘဝဖြစ်စဉ်ကို စိတ်နာကြည်းနေသော စောနန်း မူသည် သူမ၏ဝမ်းတွင်းပညာကို လှူရန် သဘောတူညီမှု မပြု သေးပါ။

"ချစ်သမီး စောနန်းမူ၊ သင့်ဖနောင့်တစ်ချက် ပေါက်



www.burmeseclassic.com

www.burmeseclassic.com



တိုင်း ရွှေမရောက်ဘဲ. . ရေရောက်လာလို့ ဝမ်းနည်းစိတ်ပျက် မနေနဲ့၊ လူစတဲ့ သက်ရှိသတ္တဝါနှင့် သစ်ပင်တောတောင်တို့ ဖြစ်ထွန်းမှီတည်နေသော လောကသုံးပါးတွင် ရေသာလျှင် ပဓာန၊ ရေသာလျှင် အဓိကဖြစ်၏။ သင်သည် နောင်သောအခါ ရွှေထက် ရေကတန်ဖိုးကြီးမားကြောင်း သင်ကိုယ်တိုင် သိလာရလိမ့်မယ်. . ချစ်သမီး"

စောနန်းမူ ဒေါသမပြေသေး။

သိကြားမင်းက စောနန်းမူ ဒေါသပြေရန် ဆုလာဘ်တစ်ခု ထပ်တိုးရပြန်သည်။

"ချစ်သမီး စောနန်းမူ၊ သင့်စိတ်ထဲမှ အကုသိုလ်များကို ဖယ်ရှားပစ်လိုက်ပါ၊ သူတော်ကောင်းစိတ်ကို ပွားများပါ ယခုမှစ၍ ချစ်သမီး၏ လက်နှင့်ကိုင်တွယ် ထိမိသည့် သစ်ပင် သစ်ရွက်၊ သစ်ဥ၊ သစ်သီး၊ သစ်ခေါက် မှန်သမျှ သတ္တဝါများ၏ အသက်တစ်ချောင်းကို ကယ်တင်နိုင်စွမ်းသည့် ဒေဝဩသဓေမည်တွင် ဆေးဖက်ဝင်အပင်တွေချည်း ဖြစ်စေသတည်း"

ဤတွင်မှ စောနန်းမူ ဒေါသပြေကာ ခေါင်းညိတ်သည်။

သိကြားမင်း ဦးမာယနှင့် စောနန်းမူတို့သည် စိတ်ထူကိုယ်တူ သဘောချင်းညှိနှိုင်းကာ အပြန်အလှန် အပေးအယူပြုလုပ်ပြီးသော် စောနန်းမူသည် သိကြားမင်း ချီးမြှင့်ခဲ့သည့် သိဒ္ဓိတန်ခိုးများဖြင့် ဗန့်ကျီနယ်နှင့် ပုံတောင်ပုံညာတစ်ရိုးတွင် စိမ့်ချောင်းရေ၊ ရေယဉ်စမ်းများ. . အံ့မခန်းပေါ်များစေရန်လည်းကောင်း၊ ဆေးပင်ဆေးမြစ်များ အလျှံပယ် ပေါ်ကြွယ်ဝစေခြင်း





လည်းကောင်း စီမံဆောင်ရွက်ကာ လူများ၏အကျိုးကို သယ်ပိုးဆောင်ရွက်လျက် နေထိုင်လာခဲ့ရာ ယနေ့တိုင်ဖြစ်ပေသည်။

အမေရေယဉ်သည် မောင်နှမငါးဦးရှိကြောင်းလည်း ရွာသူရွာသားများက ပြောကြားခဲ့ကြသည်။

- တောင်ဦးဘုရင် (တောင်ဦးရှင်နတ်)
- ယောကတော် (ငါးစီးရှင်မ /ယောရှင်မ)
- အနောက်မိဖုရား (အနောက်ခန်းပိုင်/သားပိုက်မယ်တော်)
- မြောက်ဘက်ရှင်မ
- အမေရေယဉ် (စောနန်းမူ/ရေယဉ်ကတော်/အနောက်မယ်ရေယဉ်/ အမေကြီးနတ်)

အမေရေယဉ်၏ ဘဝအကြောင်းကို ဖော်ပြလျှင်. . "အမေ့ အသက်ဗူး" အကြောင်းပါမှ ပြည့်စုံပေမည်။

မောင်းတုံရွာ နန်းရင်းတွင်ထားရှိသော အမေ့ရုပ်တု၏ ရင်ခွင်ထဲတွင် အမေ့အသက်ဗူးရှိသည်။

အမေရေယဉ်၏ ကိုယ်ပေါ်တွင် ဝတ်ရုံလွှာအနက် လွှမ်းခြုံထားခြင်းကြောင့် အမေ့အသက်ဗူးကို အလွယ်တကူ မတွေ့ရမမြင်နိုင်ခြင်းဖြစ်သည်။

အမေရေယဉ်သည် အသေထွက် ထွက်သွားသူဖြစ်သည်။

အမေ အသေထွက်စဉ်က အမေ့ရုပ်ခန္ဓာမှာ ပျက်စီးသွားသော်လည်း အသက်ဝိညာဉ်မှာမူ သေဆုံးပျက်စီးခြင်းအလျှင်းမရှိဘဲ ရွှေးစေ့ခန့်အရွယ် ကျန်ရစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအသက် ဝိညာဉ်လုံးကို အမေ့အားကြည်ညိုကိုးကွယ်သူများက အိနေအောင် ရွှေအထပ်ထပ်ချ၊ ငွမ်းအထပ်ထပ်ခံလျက် ဗူးတမ်ခုအတွင်းထည့်သွင်းပြီး အမေ့ရုပ်တုရင်ခွင်ထဲတွင် ထည့်ပေးထားခဲ့ကြသည်။

ဗန့်ကျီနယ်သား အဘိုးအဘွားများသည် အမေရေယဉ်၏ အသက်ဗူး၏ စွမ်းအားထက်မြက်မှု အဖုံဖုံကို ပြောမဆုံးအောင် ရှိခဲ့ကြပေသည်။

"အမေ့ အသက်ဗူးက စုန်းတိုက်၊ နတ်တိုက်၊ တစ္ဆေမှင်စာ၊ အမှောင့်ပယောဂတွေကို နိုင်မှနိုင်။ မောက်လုံး မောက်ပြား၊ ဆယ့်နှစ်ကြိုး ကဝေ၊ ယောကတော်၊ နှောကတော်၊ မျက်လှည့်ဝိုင်းက ဆေးနဲ့အဆောင်ရုပ်လက်ဖွဲ့ ညာရောင်းနေတဲ့ ယောပြန်ဆရာကြီးများ အမေ့အနား ယောင်လို့တောင် မသီလေနဲ့၊ အမေကထက်မြက်လှတယ်"

ဤသို့ ဆိုကြသူများရှိသည်။

"အမေရေယဉ်ကို ယုံကြည်အားကိုးလို့ကတော့ ကူညီစောင့်ရှောက်ဖို့ အမေကအသင့်၊ အမေ့အသက်ဗူးနဲ့ တို့ထိထားတဲ့ ဝါဂွမ်းစလေးသာ လက်ကိုင်ပုဝါထောင့်မှာထုပ်၊ ဒါမှမဟုတ် ပင်နင်စလင်ပုလင်းသေးသေးလေးထဲ ထည့်ထား၊ သွားလေရာ ဆောင်ပြီး နာမည်ကြီးတဲ့ ယောနယ်တစ်ခွင် ပြုပြုစင်အောင် သွားပေရော့၊ တို့ဆေး၊ ခတ်ဆေး၊ ကပ်ဆေး စတဲ့ လောကီပညာ မှန်သမျှ အားလုံး အမေတာဝန်ယူတယ်၊ စိတ်ချ. . ဘာမှမဖြစ်စေရဘူး"





ဤသို့ ယုံကြည်သူများလည်း ရှိကြသည်။

"စုန်း၊ ဖုတ်၊ ကဝေ၊ တစ္ဆေ၊ မှင်စာနဲ့ အောက်လမ်းပညာကို အမေမကြောက်ဘူး၊ ဒါပေမယ့် အမေရေယဉ်ကြောက်တာ နှစ်ခုရှိသဗျာ၊ အဲဒီနှစ်ခုက ရေနဲ့လှေ၊ အမေ့ တန်ခိုးနဲ့ အမေ့ပွဲလာသမျှလူတွေ. . ချိုးချင်သလောက်ချိုး၊ သုံးချင်သလောက်သုံးတာတောင် မကုန်နိုင်တဲ့ရေ၊ အဲဒီရေတွေကို အမေက ကြောက်တာဗျာ၊ ကြောက်တာလည်း မပြောနဲ့လေ၊ ယခုလို အမေရေယဉ်ဘဝနဲ့ အကျော်ဒေးယျနတ်မဖြစ်ခင် လူ့ဘဝမှာ လှေမှောက်ခဲ့ဖူးတယ်၊ နောက်ဆုံး ရေကြောင့် သေခဲ့ရတယ်၊ ဒါကြောင့် အမေ့ပွဲရက်မှာ အမေ့နယ်သားတွေ ဘယ်သူမှ လှေမစီးဝံ့ကြဘူး၊ လှေနဲ့တူတာဆိုလို့ နွားကိုအစာထည့်ကျွေးတဲ့ နွားစာခွက် ရေချတာမျိုးတောင် အမေကမကြိုက်ဘူး ခင်ဗျာ"

ဗန့်ကျီနယ်သား အဘိုးအဘွားအချို့၏ စေတနာပါသော သတိပေးစကားဖြစ်သည်။

အမေရေယဉ် ပျော်စံမြန်းသည့် ပုလဲမြို့နယ် မောင်းတုံရွာသည် အမေ့နတ်ကွန်းရှိသော အတွင်းနန်း(နန်းရင်း)ဖြစ်သည်။

အမေ၏ အပြင်နန်း(တောနန်း)မှာ ယင်းမာပင်မြို့နယ် ဒီးတောရွာတွင်ရှိသည်။

အမေရေယဉ်၏ပွဲကို တပေါင်းလပြည့်နေ့မှ လပြည့်ကျော် (၈)ရက်နေ့ထိ ကျင်းပသည်။

ပွဲတော်ရက်များအတွင်း နန်းရင်း(အတွင်းနန်း)တွင်



www.burmeseclassic.com

www.burmeseclassic.com



တပေင်းလပြည့်မှ လပြည့်ကျော်သုံးရက်ထိ ပွဲတော်ကျင်းပပြီး ကျန်ရက်များတွင် တောနန်း၌ ပွဲတော်ပြီးသည်အထိ ဆက်လက်ကျင်းပသည်။

တောနန်းရှိရာ ဇီးတောရွာတွင် အမေ့ဈေးရှိသဖြင့် ဒေသထွက်ကုန် အမှတ်တရပစ္စည်းများကို ပွဲတော်ရက်များအတွင်း ဝယ်ယူနိုင်ပေသည်။

ပွဲတော်လာကြသူများသည် အမေရေယဉ်ကို ယုံကြည်ကြသူများဖြစ်ကြသည်။

- စုန်းတိုက်၊ နန်းတိုက်၊ ပုဏ္ဏကတိုက်သည်များကို ကြိုတင် သိနိုင်ရန်။
- တစ်ပါးသူမှ မကောင်းကြံသည်ကို ကြိုတင်သိနိုင်ရန်။
- ရေဘေး၊ မီးဘေး စသည့် သဘာဝအန္တရာယ်များ ကျရောက်မည်ကို ကြိုတင်သိနိုင်ရန်။
- လက်ရှိဆောင်ရွက်လုပ်ကိုင်ဆဲ အလုပ်အကိုင် အကြံအစည်များ ဖြစ်ထွန်းအောင်မြင်မှုရှိ၊မရှိ ကြိုတင်သိနိုင်ရန်. . .

စသည်တို့အတွက် အမေရေယဉ်က ကူညီနိုင်သည့်အပြင် အိမ်ထောင်ရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးများကောင်းမွန်စေရန် အတွက်လည်း အမေရေယဉ်က စောင့်ရှောက်မ,စ နိုင်သည်ဟု အမေရေယဉ်၏ စွမ်းရည်ကို ယုံကြည်သူများက ဆိုကြသည်။

ဒေါ်မင်းဇာက ပြောင်းဖူးဖက် ဆေးပေါလိပ်ကို မီး





ပြတ်စေရန် ဖွာရင်းမှ ပြောပြလေရာ အနားမှာရှိနေသော မြလေးခင်ကလည်း များစွာစိတ်ဝင်စားမှုရှိလေသည်။

"ရှေးကအတိတ်ကဝင့်ကြွေးပါလာတော့ မယ်တော်ကြီးတောင် ဒီဘဝမျိုးတွေနဲ့ ကြုံခဲ့ရသေးတာ၊ ညည်းက သူနဲ့သက်ဆိုင်နေတဲ့သူပဲ၊ သူလာပေးထားတဲ့သူပဲ၊ ဒီလိုဖြစ်တာ ဘာများဆန်းတော့မလဲ"

ဟု ဖြောင်းဖျပြောဆိုလေသည်။

"ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ ဒီလိုလူတွေ ဒုက္ခရောက်စေတဲ့ ပညာမျိုးတွေကို ကိုယ်ထဲမှာ မရှိစေချင်ဘူး၊ မယ်တော်ကြီးလိုပဲ သိကြားမင်းဆင်းလာပြီး အလှူခံသွားရင် ကောင်းမှာပဲ"

"ဒီလောက်လည်း စိတ်ပူမနေပါနဲ့အေ၊ အတိတ်ဘဝကဝင့်ကြွေးကုန်ရင်တော့ ညည်းဖြစ်ချင်သလို ဖြစ်ခွင့်ရမှာပါ၊ ဝင့်ကြွေးရှိနေသေးရင်တော့ ညည်းရဲ့ဘကြီး ဦးနက်ကျော်လိုပဲ ခံနေရမှာပါ"

ဒေါ်မင်းဇာက မောင်ဖြစ်သူ ဦးနက်ကျော် အကြောင်းကိုပြောသောအခါ မြလေးခင်ကလည်း ဘကြီးဖြစ်သူအတွက် စိတ်မကောင်းဖြစ်သွားလေသည်။

မြလေးခင် ငယ်ရွယ်စဉ်ကပင် မိဘနှစ်ပါး မရှိတော့သည့်နောက်ပိုင်းတွင် ဒေါ်မင်းဇာနှင့် ဦးနက်ကျော်တို့ မောင်နှမနှစ်ယောက်က သားသမီးအရင်းကဲ့သို့ ပြုစုစောင့်ရှောက်ပေးခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု . . မြလေးခင် အရွယ်ရလာသောအချိန်မှာတော့ ဦးနက်ကျော်တစ်ယောက် ထိုကဲ့သို့ အနားမှာလာပြီး စောင့်ရှောက်ပေးနိုင်ခြင်း မရှိတော့ပေ . . .။

ဦးနက်ကျော်၏ ဘဝကား သနားစရာလည်းကောင်း စိတ်ဝင်စားစရာလည်းကောင်း၊ ထို့ထက် သံဝေဂယူစရာလည်း ကောင်းလှပေတော့သည်။







# အခန်း(၁၂)

## တောစိုးနတ်ကြောင့် တစ်ပွဲစားဘဝရောက်ရသူ

ဦးနက်ကျော်မှာ ယခုအချိန်တွင် အသက်(၅၀)ကျော် အရွယ်ခန့်သာရှိပေသေးသည်။

သူသည် ဒေါ်မင်းဇာ၏ မောင်အငယ် တော်စပ်သည်။

မိဘများရှိစဉ်ကပင် ရှမ်းပြည်နယ်ဘက်တွင် စီးပွားရေး ပြည့်စုံစွာ နေခဲ့ရသူဖြစ်သည်။

မိဘများ ကွယ်လွန်သွားပြီး မောင်နှမနှစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



ကျန်ခဲ့သောအခါ မောင်နှမနှစ်ယောက်တို့မှာ ရေကြည်ရာ မြက်နုရာ ရှာဖွေရင်းမှ ယခုနေသောနေရာသို့ ရောက်လာကြပြီး အခြေတကျနေထိုင်ခဲ့ကြသည်။

ထိုနေရာရောက်တော့ မမင်းဇာမှာ ဒေသခံတစ်ဦးနှင့် အိမ်ထောင်ကျလေသည်။

သမီးဖြစ်သူ မမြလေးမွေးပြီး ယောကျ်ားဖြစ်သူ သေဆုံးသွားပြီးနောက်တွင် နောက်ထပ်အပူမရှာတော့ဘဲ မောင်ဖြစ်သူ ကိုနက်ကျော်နှင့်အတူ နေထိုင်ကာ သမီးဖြစ်သူ မမြလေးအား အရွယ်ရောက်သည်အထိ ပြုစုစောင့်ရှောက်ခဲ့ကြသည်။

မမြလေးမှာ ငယ်ရွယ်စဉ်ကပင် မယ်တော်ကြီး အမေ ရေယဉ်စောင့်ရှောက်သူဖြစ်မှန်း ဒေါ်မင်းဇာ သိခဲ့ရသည်။

မမြလေးအရွယ်ရောက်လာတော့ ကိုဖူးညိုဆိုသူနှင့် အိမ်ထောင်ကျလေသည်။

ဒေါ်မင်းဇာနှင့် မမြလေးတို့မှာ အကြောင်းတိုက်ဆိုင်မှု ရှိကြသူများဖြစ်သည်။

ကောင်းသောတိုက်ဆိုင်မှုမျိုးတော့ မဟုတ်ပေ။

ဒေါ်မင်းဇာတုန်းကလည်း အိမ်ထောင်ကျပြီး သမီးတစ်ယောက်မွေးပြီးသည်နှင့် ယောကျ်ားဖြစ်သူ သေဆုံးသွားသည်။

မမြလေးကျတော့လည်း သမီးဖြစ်သူ မြလေးခင်မွေးပြီးနောက် ယောကျ်ားဖြစ်သူ သေဆုံးသွားလေသည်။

မြလေးခင် (၁၀)နှစ်ကျော်အရွယ် ရောက်သောအခါမှတော့ မမြလေးပါ သေဆုံးသွားပြီးနောက်တွင် မိဘမဲ့ရှာသော





မြလေးခင်ကို ဒေါ်မင်းဇာတို့ မောင်နှမနှစ်ယောက်ကပင် သားသမီးအရင်းကဲ့သို့ ရင်အုပ်မကွာစောင့်ရှောက်ကာ . . ကြီးပြင်းအောင် ကျွေးမွေးခဲ့ကြရလေသည်။

ဒေါ်မင်းဇာတို့ မောင်နှမနှစ်ယောက်မှာ ရွာတော်ရွာသို့ ရောက်ကြပြီး အိမ်ကြီးတစ်ဆောင် ဆောက်ကာ အေးအေးချမ်းချမ်းနှင့်ပင် နေခဲ့ကြလေသည်။

ဒေါ်မင်းဇာက ဖခင်ဖြစ်သူထံမှ သင်ယူထားခဲ့သော ဆေးပညာ၊ ဓာတ်ပညာတို့ဖြင့် ရွာသူရွာသားများကို ဆေးကုပေးရာမှ ဆေးဆရာဖြစ်လာခဲ့သည်။

ရွာသူရွာသားများနှင့် သက်ဆိုင်သော ရိုးရာဓလေ့များ၊ ဓာတ်နှင့်သက်ဆိုင်သော ကိစ္စများ၊ စုန်း၊ နတ်၊ ကဝေ၊ တစ္ဆေ၊ သရဲ ပယောဂနှင့်သက်ဆိုင်သော ကိစ္စများကို ကုသပေးခဲ့သဖြင့် တဖြည်းဖြည်းနှင့် ရွာတော်ရှင်မအဖြစ်သို့ ရောက်လာခဲ့ခြင်းဖြစ်လေသည်။ အများကတော့ ဒေါ်မင်းဇာအား စုန်းကဝေပညာ ဓာတ်ကျွမ်းသည်ဟု ထင်မြင်ယူဆထားကြပေသည်။

ဒေါ်မင်းဇာက မိန်းမသားဖြစ်သော်လည်း ထိုကဲ့သို့သော လျှို့ဝှက်ဆန်းကြယ်ပညာရပ်များကို စိတ်ဝင်စားလေသည်။

ဂမ္ဘီရနှင့်သက်ဆိုင်သော အစီအရင်များကိုလည်း နှစ်သက်သဘောကျသောကြောင့် လေ့လာလိုက်စားမှုများလေသည်။ ဦးနက်ကျော်ကတော့ ထိုသို့မဟုတ်ပေ. . ။

သူဝါသနာပါသည်က ဒေါ်မင်းဇာနှင့် တခြားစီဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူက တောထဲဝင်ပြီး အမဲလိုက်ရသည်ကို များစွာနှ
သက်သဘောကျလေသည်။

ရှမ်းပြည်ဘက်မှာ နေစဉ်ကပင် ထိုကဲ့သို့ ဝါသနာပါ
သော ဦးနက်ကျော်မှာ အမဲကောင်မျိုးစုံပေါလှသော မဟာမြို
တောတွင်းသို့ ရောက်သောအခါ စိတ်ကြိုက်ဖြစ်ကာ တောထဲ
ပင် ပြန်သည်မရှိတော့ပေ။

ဦးနက်ကျော်၏ ပုံသဏ္ဌာန်ကလည်း တကယ့်မိုး
တစ်ယောက်နှင့် လိုက်ဖက်သော ပုံပန်းသဏ္ဌာန်မျိုးဖြစ်ပေသည်

အရပ်အမောင်းက (၆)ပေခန့်မြင့်ပြီး ခန္ဓာကိုယ်က ကြ
မားတုတ်ခိုင်သည်။

ရှမ်းပြည်နယ်မှာ မွေး၊ ရှမ်းသွေးပါသူ ဖြစ်သော်လည်
အသားအရေက မဖြူပေ။

တစ်ကိုယ်လုံး မဲနေသောကြောင့် ငယ်စဉ်ကပင် "နေ
ကျော်" ဟု ပြောင်လှောင်ခေါ်ကြသည်။

တောထဲသွားသောအခါမှာ. . သူမွေးထားသော အ
လိုက် ခွေးကြီးနှစ်ကောင်ကို ခေါ်သွားလေ့ရှိသည်။

ဓား၊ လှံလက်နက်တို့အပြင် ကိုင်းသန်လှသော လေး
မြားတို့လည်း ပါသည်။

တောထဲမှာအိပ်၊ တောထဲမှာစား၊ တောထဲမှာနေ
သည်ကို နှစ်ခြိုက်သူဖြစ်သဖြင့် တောထဲသို့ ဝင်သွားလျှင် 
လေးရက် ကြာချင်ကြာတတ်သည်။

ပြန်လာလျှင်တော့ အမဲသားငါးများ မနိုင်မနင်း





လောက်အောင်ပင် များပြားစွာ ပါလာတတ်ပေသည်။ ထို့အပြင်
ထူးဆန်းသော အချက်များလည်းရှိသေးသည်။

ဦးနက်ကျော်က စရိုက်ကြမ်းလှပြီး၊ အမြဲတစေ သွေးသံ
ရဲရဲနှင့် ဖြစ်နေတတ်သူမို့ မဟာမြိုင်မှာရှိကြသော တောစိုးနတ်
ကြမ်းများက သူ့ကိုနှစ်သက် သဘောကျကြလေသည်။

တောတွင်းမှာ ရောက်နေသည့်အခါ တောစိုးနတ်ကြမ်း
များနှင့် တွေ့ရသည်။

တစ်ညမှာတော့ တောထဲ၌ တစ်ယောက်တည်းရှိနေ
ချိန် ဘီလူးတစ်ကောင်ကဲ့သို့ ကြောက်မက်ဖွယ်ရာ ပုံပန်းသဏ္ဌာန်
ရှိသော လူကြီးတစ်ယောက် ရောက်လာသည်။

ဦးနက်ကျော်က အမဲသားများကို ကျပ်တင်နေရာမှ တစ်
ချက်ကြည့်သည်။

မျက်လုံးမှာနီနေပြီး၊ ရုပ်ကလည်း လူနှင့် သိပ်မတူသဖြင့်
သာမန်မဟုတ်မှန်းတော့ ရိပ်မိသည်။

သူသည် တောတွင်းမှာ တစ်ယောက်တည်း လှည့်လည်
သွားလာနေကျဖြစ်သဖြင့် သရဲတစ္ဆေ၊ ပြိတ္တာများ၊ မိစ္ဆာများကို
ကြောက်ရွံ့လှပေ. . .။

"အခုလာတာဘာလဲ၊ ဘီလူးလား. . သရဲလား"

"ဘီလူးလည်း မဟုတ်. . သရဲလည်း မဟုတ်ဘူး၊ ငါက
တောစိုးနတ်ပဲ"

တောစိုးနတ်ဆိုသဖြင့် တစ်ချက်ကြည့်ပြန်သည်။

"ဘာအတွက်လာတာလဲ အမဲကင် စားမလား"



www.burmeseclassic.com

www.burmeseclassic.com



"ငါက မီးကင်ထားတဲ့အသားတွေ မကြိုက်ဘူး၊ အသား စိမ်းကိုပဲကြိုက်တယ်"

ထိုသို့ပြောသဖြင့် တွေတွေထူးထူး တွေးမနေတော့ဘဲ မီးမကင်ရသေးသော အသားအချို့ကို ယူပေးလိုက်ရာ. . ပလုပ် ပလောင်းနှင့် ထိုင်စားနေလေသည်။

"မင်းက ငါတို့နဲ့ စရိုက်တူတယ်၊ ဒါကြောင့်. . ငါတို့က သဘောကျတယ်၊ မင်းကို အမဲသားငါးများများရအောင် အကူ အညီပေးတာ သိသလား"

"ဘာပဲဖြစ်ဖြစ်ပေါ့၊ အခုလိုအကူအညီပေးတာတော့ ကျေးဇူးတင်ပါတယ်"

"မင်း ဒီထက်အမဲသားငါးများများ မလိုချင်ဘူးလား"

"ဘယ်လိုလုပ်ရမလဲ"

"အမဲရှိတဲ့နေရာကိုသိရင် ပိုရတာပေါ့"

ထိုစကားကိုတော့ ဦးနက်ကျော်က စိတ်ဝင်စားသွား လေသည်။

"ဒီလို သိနိုင်တဲ့နည်းများရှိရင် ပြောပြပေးခဲ့ပါဦး"

"မင်း. . ငါတို့နဲ့ ဘဝတူသွားရင် အမဲရှိတဲ့နေရာကို လာနိုင်လိမ့်မယ်၊ ဒါကြောင့် နောက်ပိုင်းမှာ အမဲသားငါးတွေ စားရင် အစိမ်းလိုက်သာစားပါ၊ ဒီလိုစားသောက်တဲ့အခါ အကြားအမြင် ရလာလိမ့်မယ်"

"ဒါကမခက်ပါဘူး. .၊ ကျုပ်ကလည်း ချက်ပြုတ် သောက်နေရတာကို သိပ်ပြီးစိတ်မရှည်ပါဘူး၊ အလုပ်ရှုပ်





လို့တောင် ထင်နေတာ"

"ကောင်းပြီ၊ ဒီလိုလုပ်ရင် မင်းကိုအမဲကောင်တွေ ဘယ် နေရာမှာရှိတယ်ဆိုတာကို ငါတို့ကပြောပြပေးမယ်၊ မင်းကလည်း အမဲရလာရင် ငါတို့ကိုကျွေးပေါ့"

"ရလာရင် ကျွေးပါ့မယ်"

"နောက်ပိုင်းမှာတော့ မင်းကတစ်ပွဲစားဘဝကိုရောက်ရ လိမ့်မယ်၊ တစ်ပွဲစားရောက်ရင် ငါတို့နဲ့ဘဝတူဖြစ်လာပြီး အမဲ ကောင်တွေ ဘယ်နေရာမှာရှိတယ်ဆိုတာ မင်းဘာသာ သိလာ မြင်လာလိမ့်မယ်"

ဟုပြောကာ တောစိုးနတ်မိစ္ဆာက ပြန်သွားလေတော့ သည်။ နောက်ပိုင်းမှာတော့ ဦးနက်ကျော်မှာ တောထဲရောက်နေ သည့်အခါ အမဲရလာလျှင် ခွေးနှစ်ကောင်ကိုလည်း အသားစိမ်း များကျွေးပြီး၊ သူကိုယ်တိုင်ကလည်း ချက်ပြုတ်မနေတော့ဘဲ. . ဒီအတိုင်းသာ စားသောက်လေသည်။

ပထမတော့ အဆင်မပြေလှပေ။

ရက်ကြာလာတော့လည်း အဆင်ပြေသွားပြီး တောစိုး နတ်မိစ္ဆာပြောသွားသကဲ့သို့ အသားကိုအစိမ်းလိုက်စားသောက် ရသည်ကပင် ပိုကောင်းလာသကဲ့သို့ ထင်မိလေသည်။

နောက်ပိုင်းတော့ အသားစိမ်းများ စားသောက်ပါများ လာသောအခါ စိတ်ကပြောင်းလာသလို လူ၏ပုံပန်းသဏ္ဌာန် ကလည်း ယခင်ကနှင့်မတူတော့ဘဲ ပြောင်းလဲစပြုလာလေသည်။

ထိုအခြေအနေကို မြင်တော့ ဒေါ်မင်းဇာက ရိပ်မိသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တွေ့သောအခါ မေးသည်။

"ငနက်ကျော်၊ နင်ဘယ်လိုဖြစ်နေတာလဲ ငါ့ကိုပြော စမ်း"

"ဘာမှ မဖြစ်ပါဘူး အစ်မရဲ့၊ ကျုပ်က ခါတိုင်းလိုပါပဲ"

"နင်ပါးစပ်ကဘာပဲပြောနေနေ နင့်ရဲ့ပုံပန်းသဏ္ဌာန် ကြည့်တာနဲ့ ငါသိတယ်. . ၊ နင်တစ်ပွဲစားဖြစ်နေပြီ မဟုတ်လား"

ထိုစကားကြောင့် ဦးနက်ကျော်ပင် မျက်လုံးပြူးသွားလေ သည်။

"အစ်မက ဘယ်လိုသိတာလဲ"

"မသိဘဲနေပါ့မလား၊ ငါကသရဲသဘက်တွေကို တွေ့ဖူး မြင်ဖူးနေတာပဲ၊ ငါ့ကိုအမှန်အတိုင်းပြောစမ်း"

ဟု အတင်းမေးတော့မှ ဦးနက်ကျော်မှာ မဖုံးကွယ်သာ တော့ပဲ အမှန်အတိုင်း ပြောပြရလေတော့သည်။ ဦးနက်ကျော် ပြောပြသော အကြောင်းများကို နားထောင်ပြီးသောအခါ. . ဒေါ်မင်းဇာက စိတ်မသက်မသာဖြစ်သွားဟန်ဖြင့် သက်ပြင်းတစ် ချက် ချလိုက်လေသည်။

"ဘယ်တတ်နိုင်ပါ့တော့မလဲ၊ တကယ်တော့ ဒီဘဝမျိုး ရောက်တယ်ဆိုတာ ကောင်းတာတော့မဟုတ်ဘူး၊ ဘဝမပြောင်း ဘဲနဲ့ ပြိတ္တာဘုံဘဝရောက်တာနဲ့ အတူတူပဲ"

"ကျုပ်လည်း ဘယ်တတ်နိုင်ပါ့မလဲ၊ ဒါပေမယ့် ကျုပ်က တော့ ဒီဘဝမျိုးနဲ့ နေရတာကို သဘောကျတယ်"

"ဒါကတော့ ကိုယ့်အကြောင်းနဲ့ကိုယ်ပေါ့လေ၊ ဒါ





မယ့် ဒီပုံအတိုင်းဆိုရင်တော့. . နင် ငါတို့နဲ့ နေလို့မဖြစ်တော့ဘူး"

ထိုစကားကြားသောအခါ မျက်လုံးပြူးသွားသူက ဦးနက် ကျော်ပင်ဖြစ်သည်။

"ကျုပ်က ဘယ်မှာသွားနေရမှာလဲ'

"ငါပြောတာက နင့်ကို တခြားနှင်ထုတ်နေတာ မဟုတ် ပါဘူး၊ ငါပြောတဲ့သဘောက ဒီအိမ်ပေါ်မှာ မနေဘဲ နောက်ဖက် မှာ သီးခြားအိမ်တစ်လုံးနဲ့နေဖို့ ပြောတာပါ"

"ဘာဖြစ်လို့လဲ"

"ငါက ရွာတော်ရှင်မတစ်ယောက်လေ၊ ငါ့ဆီကို လူတွေ က အမြဲဝင်ထွက်သွားလာနေကြတော့ နင့်ကိုမြင်သွားလို့ မဖြစ် ဘူး၊ တော်ကြာ. . အထင်အမြင်သေးကုန်ကြမှာပေါ့၊ ဒီတော့. . နောက်ဘက်တောထဲမှာ ငါနင့်အတွက် အိမ်တစ်လုံးဆောက် ပေးမယ်၊ အဲဒီမှာပဲ လွတ်လွတ်လပ်လပ်နေပေါ့"

ဦးနက်ကျော်က သဘောပေါက်သော အမူအယာဖြင့် ခေါင်းညိတ်ပြသည်။

ဒေါ်မင်းဇာက ဆက်ပြောသည်။

"တစ်ပွဲစားဖြစ်လာပြီဆိုရင် လူတွေနဲ့ နေရတာထက် သရဲသဘက်တွေနဲ့ နေရတာပိုပြီး သဘောကျကြတယ်၊ နောက် ပြီး အသားစိမ်းတွေစားသောက်ပြီး သတ်ချင်ဖြတ်ချင်စိတ်တွေ များလာတတ်တယ်၊ အဲဒါကို ထိမ်းမှဖြစ်မယ်"

ခေါင်းညိတ်ပြသည်။

"လွန်ခဲ့တဲ့ နှစ်လသုံးလလောက်က နင့်တူမလေး. .



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းတောရွာက ပြန်လာတော့ လူသုံးယောက်က နှောင့်ယှက်ကြတယ်၊ သာခင်ဆိုတဲ့သူသေပြီး ကျန်တဲ့နှစ်ယောက်ကတော့ တစ်ကိုယ်လုံး အရိုးတွေကျိုးကြေကုန်တယ်၊ နင့်လက်ချက်မဟုတ်လား"

"ဟုတ်တယ်၊ ကျုပ်တူမကို စိတ်မချလို့ နောက်ကလိုက်ကြည့်နေရင်းနဲ့ တွေ့လို့ဆုံးမပေးလိုက်တာ၊ လက်လွန်သွားလို့ပါ၊ နောက်တစ်ခါမှာတော့ ကျုပ်နဲ့မတွေ့လို့ ဒင်းတို့ သက်သာသွားတယ်"

ဟု မကျေမနပ်ပြောနေသည်။

"ဒါပေမယ့် လူတွေကိုသတ်တာတော့ မကောင်းဘူး"

"ကျုပ်မသတ်ရပါဘူး၊ ကျုပ်နောက်ကပါတဲ့ . တပည့်လက်သားတွေ သတ်တာနဲ့ သေကြရတာပါ"

"နင့်တပည့်တွေဆိုတာ သရဲသဘက်တွေကို ပြောတာမဟုတ်လား"

"ဟုတ်တယ်. . ."

"ဒီမှာ ငါနင့်ကို တစ်ခုပြောမယ်၊ နင် ဒီဘဝရောက်နေပေမယ့် လူတွေကို အကူအညီပေးလို့ရတယ်၊ အဲဒီလို အကူအညီပေးရင် တဖြည်းဖြည်းနဲ့ ယုံကြည်လာကြလိမ့်မယ်"

"ဘယ်လို လုပ်ရမလဲ"

ဒေါ်မင်းဇာက ပြုလုပ်ပေးရမည့် အစီအစဉ်များကို ပြောပြပေးရာ ဦးနက်ကျော်ကလည်း သဘောကျလက်ခံသည်။





နောက်ပိုင်းမှာတော့ ဒေါ်မင်းဇာက အိမ်အနောက်ဘက်တောထဲတွင် နောက်ထပ်အိမ်တစ်လုံး ဆောက်ကာ ဦးနက်ကျော်တစ်ယောက်တည်း ထိုအိမ်မှာနေသည်။

ရွာမှအမဲလိုက်သော မုဆိုးများက အမဲသားငါးရနိုင်မည့်နေရာများကို လာရောက်မေးမြန်းပါက ပြောပြပေးလေ့ရှိသည်။

လာမေးသူများက အိမ်အောက်ဘက်မှမေးပြီး သူက အိမ်ပေါ်မှ မဆင်းဘဲနှင့် ပြောပြပေးရခြင်းဖြစ်သည်။

သူပြောသည့်အတိုင်းလည်း အမဲသားငါးရလာကြသဖြင့် သူ့အပေါ်၌ ယုံကြည်မှုရှိလာကြသည်။

ရွာတော်ရွာသာမကပဲ နောက်ပိုင်းတွင်း အခြားရွာမှ မုဆိုးများကပင် တကူးတက လာရောက်မေးမြန်းကြသည်အထိ နာမည်ထွက်လာလေသည်။

လာမေးသူများကလည်း သူပြောသည့်အတိုင်း အမဲသားငါးရလာပါက သူ့အတွက် စားသောက်ရန် လာပို့ပေးကြသည်။

သို့ကြောင့်နောက်ပိုင်းတွင် ဦးနက်ကျော်မှာ တောထဲသွားပြီး အမဲလိုက်စရာမလိုတော့ဘဲ စားသောက်စရာများ အလျှံအပယ်ရနေလေသည်။

ထိုအစားအသောက်များကိုတော့ သူတစ်ယောက်တည်း စားသောက်ရသည်တော့မဟုတ်ပေ. . .။

သူမွေးထားသော သရဲသဘက်များကို ကျွေးမွေးရသေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူသည် တောထဲသွားရင်. . . အစိမ်းသေသေသော အလောင်းတွေ့လျှင် ဖုတ်သွင်းပြီး ခေါ်လာလေ့ရှိသည်။

(ဒရှုးအခန်းများတွင် မြွေပတ်ခံရသဖြင့် သေသော မှတ်ကြီးအလောင်းကို ပြန်ဖော်ပြီး ဖုတ်သွင်းခေါ်လာသူမှာ ဦးနက်ကျော်ပင်ဖြစ်၏။)

သူမွေးထားသော ဖုတ်၊ သရဲ၊ သဘက်တို့ကိုလည်း အကြောင်းရှိလျှင် စေခိုင်းလေ့ရှိသည်။

ရွာတော်ရွာမှာတော့ အစ်မဖြစ်သူက ရွာတော်ရှင်မ မောင်ဖြစ်သူက တစ်ပွဲစား၊ တူမဖြစ်သူက ဝမ်းတွင်းစုန်း ဟူသော ဂုဏ်ပုဒ်များဖြင့် လူသိများ ကျော်ကြားမှုရှိကြလေသည်။







# အခန်း(၁၃)

# ဝဋ်ကြွေးရှိသောဒဏ် ပြန်ခံရခြင်း

သည်နေရာတွင် ရင်မောင်တို့ မိသားစုအကြောင်းကိုလည်း ဖော်ပြပေးရန် ရှိပေသေးသည်။

ရင်မောင်မှာ မြလေးခင်နှင့် ချစ်သူဘဝရောက်ခဲ့ကြပြီးမှ မိဘဆွေမျိုးများက ဖျက်သဖြင့် ပျက်ခဲ့ရကာ. . မေခင်ဆိုသော မိန်းကလေးနှင့် မင်္ဂလာဆောင်လိုက်ရလေသည်။

ထိုသို့ မင်္ဂလာဆောင်ပြီးနောက်ပိုင်းမှာ သူတို့မိသားစု



www.burmeseclassic.com

www.burmeseclassic.com



များသည် ကြောက်စရာကောင်းသော အန္တရာယ်များနှင့် တစ်ခု ပြီးတစ်ခု၊ တစ်မျိုးပြီးတစ်မျိုး ကြုံတွေ့ခဲ့ကြရလေသည်။

အလုပ်လုပ်သည့်အခါ မကြာခဏ မြွေများတွေ့ကြရ သည်။

ဆန်အိုးထဲနှိုက်၊ ဆန်အိုးထဲ မြွေကရောက်နေသည်။

ထင်းပုံသွားပြန်တော့ ထင်းပုံထဲမှ မြွေကခေါင်းထွက်နေ သည်။ နောက်ဆုံး အိပ်ရာထဲအထိ မြွေကရောက်နေသော ကြောင့် ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ကောင်းစွာမအိပ်ဝံ့ကြဘဲ ရှိလေသည်။

"ကိုပန်းမြိုင် ဘယ်လိုလုပ်ကြမလဲ၊ ဒီလိုသာ တစ်အိမ်လုံး မြွေတွေရောက်နေရင်တော့ ကျုပ်တို့ ဒီရွာမှ ဆက်နေလို့မဖြစ် တော့ဘူးထင်တယ်"

ဒေါ်လှရှုံက မျက်စိပျက်၊ မျက်နှာပျက်နှင့်ပြောသည်။

"တခြားပြောင်းရွှေ့ဖို့ဆိုတာ လွယ်တာမှ မဟုတ်တာ. . ဒီမှာရှိတဲ့ လယ်တွေ၊ ခြံတွေ၊ အိမ်တွေကို ဘယ်လိုထားခဲ့မလဲ၊ နောက်တစ်နေရာရောက်တော့ကော ဘာလုပ်စားမလဲ"

"မရှိရင် တောင်းစားတာကမှ စိတ်ချမ်းသာဦးမယ်၊ အခု တော့ ဘယ်နေ့မြွေထိလို့သေမလဲ. . ဘယ်ညသရဲလာသတ်လို့ သေမလဲနဲ့ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနဲ့ နေကြရတယ်"

ဒေါ်လှရှုံက မျက်ရည်စမ်းစမ်းဖြင့် ပြောသည်။

"ဒီလောက်လည်း စိတ်သောကရောက်မနေပါနဲ့ကွာ တခြားနေရာ ပြောင်းချင်တယ်ဆိုရင်လည်း သေသေချာချာ စေ





မြန်းစုံစမ်းကြည့်ပါဦးမယ်"

ဟု နှစ်သိမ့်ထားရလေသည်။

ဒေါ်လှရှုံ ကြောက်မည်ဆိုက ကြောက်စရာပေ။

နေ့အချိန်ရော ညအချိန်ပါ နေရာမရွေး မြွေပါတွေ့ရရုံ တဲ ညအချိန်ရောက်လာသည်နှင့် သရဲတစ္ဆေများရောက်လာ ပြီး ခြောက်လှန့်ကြရာ များစွာကြောက်ရွံ့ထိတ်လန့်မှု ဖြစ်ကြရ လေသည်။

တစ်ခုတော့ရှိသည်။ မြွေများကိုတွေ့သော်လည်း လူကို အန္တရာယ်ပေးခြင်းမျိုးတော့ မရှိပေ. . .။

မြွေကို ရိုက်ခြင်း၊ သတ်ခြင်းပြုလျှင်တော့ ထိုသူမှာ မြွေ ကိုက်ခံရတော့သည်။

မကြာသေးမီအချိန်ကပင် စပါးကျီထဲမှာ မြွေတွေ့သ ဖြင့် ရိုက်သတ်မိသော အလုပ်သမားမှာ နောက်ထပ်မြွေတစ် ကောင်က ကိုက်သဖြင့် အသက်သေဆုံးသွားလေသည်။

အိမ်၌ လာရောက်ခြောက်လှန့်နေသော သရဲ သဘက် တို့မှာလည်း အခြားနေရာများမှ လာရောက်ခြောက်လှန့်ကြ သည်မဟုတ်ဘဲ အလုပ်သမားများထဲမှ သေဆုံးသွားကြသူများ ၏ သဘက်ဘဝရောက်ကာ လာရောက်ခြောက်လှန့်နေကြ ခြင်းပင်ဖြစ်ကြလေသည်။

တစ်ညမှာတော့ မယ်မြိုင်နှင့်မယ်ကြိုင်တို့ ညီအစ်မ နှစ်ယောက် အိပ်သောအိပ်ရာပေါ်သို့ မြွေတစ်ကောင်ရောက် နေသည်ကိုတွေ့ရသဖြင့် မယ်မြိုင်က တုတ်ဖြင့်ရိုက်သတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"မမ မြွေတွေရင် မသတ်ရဘူးလေ၊ သတ်ရင် မြွေကိုယ် တာခံရလိမ့်မယ်"

"သူ့ကို မသတ်ရင် သူကကိုက်မှာပေါ့၊ ကိုက်ရင်သေမှာ ပဲ၊ ဒီတော့ ကိုယ်တော့ အသေမခံနိုင်ဘူး၊ သူ့အရင်သတ်ရမှာ"

"ငါတော့နင်နဲ့ မအိပ်ဝံ့တော့ဘူး၊ နင်က မြွေသတ်တဲ့ သူဆိုတော့ တော်ကြာမြွေထပ်ရောက်လာရင် ငါပါအကိုက် ရလိမ့်မယ်၊ အမေနဲ့သွားအိပ်တော့မယ်"

ဟုပြောကာ ညီမဖြစ်သူ မယ်ကြိုင်က နေရာရွှေ့သွား လေရာ ထိုအခန်းထဲမှာ မယ်မြိုင်တစ်ယောက်တည်းသာ ကျန် တော့သည်။ မယ်မြိုင်က မကြောက်တတ်သဖြင့် အခန်းထဲမှာ တစ်ယောက်တည်း နေလေသည်။

ညအချိန်ရောက်တော့ မှေးခနဲအိပ်ပျော်သွားစဉ် သူ အခန်းထဲသို့ မြွေတစ်ကောင် ရောက်လာသည်ကို တွေ့ရသဖြင့် လန့်နိုးသွားလေသည်။

ကြည့်လိုက်တော့ တစ်ကိုယ်လုံးအရိုးများ ကျိုးကြေ သဖြင့် မြွေတစ်ကောင်ကဲ့သို့ ပျော့ခွေနေသည့် လူတစ်ယော ကို တွေ့လိုက်ရသဖြင့် မျက်လုံးပြူးသွားလေသည်။

ပါးစပ်မှ အော်ဟစ်ရန် ကြိုးစားသော်လည်း ကြော လွန်းသဖြင့် အသံမထွက်တော့ပေ။

ထိုသူက ကြောက်စရာကောင်းသော မျက်နှာဖြင့် သူမအနီးသို့ တဖြည်းဖြည်း တိုးကပ်လာသည်။





"မကြောက်ပါနဲ့. . . ငါက မြွေမဟုတ်ပါဘူး လူတစ် ယောက်ပါ၊ တစ်ကိုယ်လုံး မြွေပတ်ခံရပြီး အရိုးတွေ ကျိုးကြေနေ လို့ အခုလိုဖြစ်နေတာပါ"

ထိုသူက လူတစ်ယောက်ပါဟု ပြောနေသော်လည်း လူနှင့်မတူတော့ပေ။ တစ်ကိုယ်လုံး အရိုးများ ကြေမွနေသဖြင့် သွားလာပုံက တွန့်လိမ်တွန့်လိမ် ဖြစ်နေလေသည်။

"မကြောက်ပါနဲ့၊ ငါ့ကနင့်ကို မသတ်ပါဘူး၊ မြွေတွေက ဘယ်လောက်ချစ်ဖို့ကောင်းတယ်ဆိုတာ နင်သိအောင် လက် တွေ့ပြမလို့ပါ"

ဟုပြောကာ အနားသို့ ကပ်လာပြီးနောက် မယ်မြိုင်တစ် ကိုယ်လုံးကို ပျော့ခွေနေသော လက်များဖြင့် ရစ်ပတ်လိုက်လေ သည်။ ထိုလက်များက လူတစ်ယောက်လက်မျိုးနှင့် မတူဘဲ ကြိုးတစ်ချောင်းကဲ့သို့ ရှည်လျားစွာ ထွက်လာသောကြောင့် သူမတစ်ကိုယ်လုံးကို ရစ်ပတ်လိုက်ရာ မလှုပ်သာတော့ပေ။ မယ် မြိုင်လည်း ကြောက်လွန်းသဖြင့် သတိမေ့သွားလေတော့သည်။

နောက်တစ်နေ့ နံနက်ပိုင်းအချိန်ရောက်သော်လည်း အခန်းထဲမှ ထွက်မလာသဖြင့် မယ်ကြိုင်က အခန်းထဲဝင်ကြည့် သောအခါ အိပ်ရာပေါ်မှာ ဖရိုဖရဲဖြစ်ပြီး သတိမေ့မျောနေသော မယ်မြိုင်ကို တွေ့ကြရသည်။

ထို့နောက် လူကြီးများပါ ရောက်လာပြီး ကြည့်သော အခါ သူမတစ်ကိုယ်လုံးမှ မြွေပတ်ခံထားရသကဲ့သို့ အရွဲ့အကြို များ ကပ်နေသည်ကို တွေ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါမြွေပတ်ခံရတာပဲ၊ အရိုးအဆစ်တွေတော့ ကျိုး... နေပုံမရဘူး၊ အသက်လည်း ရှိနေသေးတယ်. . မြွေဆရာ... ယောက်ကို အမြန်ခေါ်ကုမှဖြစ်မယ်"

ဟုပြောကာ ရွာထဲမှာရှိသော ဆေးဆရာနှင့်ခေါ်ပြီး... သော်လည်း သတိပြန်ရရုံသာရှိပြီး ပုံမှန်အခြေအနေတော့... ရောက်မလာပေ။

"လုပ်ကြပါဦး. . ကယ်ကြပါဦး၊ ဟိုမှာ လူမျက်နှာ... ကြီး တက်လာပြီး ကျွန်မတစ်ကိုယ်လုံး ပတ်ထားလို့ပါ၊ သေ... တော့မယ်. . ကယ်ကြပါဦး"

ဟု ငယ်သံပါအောင် လန့်အော်နေလေသည်။

ထိုအခါ ဆေးကုပေးသော ဆေးဆရာကပြောသ...

"သူ့မှာ အမှောင့်ပယောဂတွေ ဝင်ပူးနေတယ်၊ ... တော့ မနိုင်ဘူး"

"ဒါဖြင့် ဘယ်လိုလုပ်ရမလဲ"

"ရွာတော်ရှင်မကို ခေါ်ပြီးကုရင်တော့ ပျောက်...

ဟု ပြောပြီး ပြန်သွားလေသည်။

ဦးပန်းမြိုင်တို့မှာ အခက်ကြုံရတော့သည်။

ရွာတော်ရှင်မမှာ သူတို့နှင့် ပြဿနာဖြစ်ခဲ့သော မြ... ခင်၏အဖွား ဖြစ်နေသောကြောင့် မသွားဝံ့ပဲရှိကြလေသ...

"သူ့ကိုခေါ်ပြီး ကုရင် သတ်ပစ်လိုက်မှာပေါ့၊ သူ... ဖြစ်တာတွေကို သူကအခဲကြေမယ် မထင်ဘူး၊ တခြားနည်း... သာ စဉ်းစားကြပါ"





ထိုသို့ပြောသောအခါ သတင်းလာမေးသောလူတစ်ယောက်က ပြောပြသည်။

"ရွာမရွာမှာတော့ ဆေးဖော်ဖို့ ဆရာကြီးနှစ်ယောက် ရောက်နေတယ်လို့ သတင်းကြားမိတယ်၊ သူတို့ဆီသွားပြီး အကူအညီတောင်းကြည့်ပါလား"

ဟုအကြံပေးသဖြင့် ဦးပန်းမြိုင်ကိုယ်တိုင် လူနှစ်ယောက်ခေါ်ပြီး ရွာမရွာသို့ လှေဖြင့်သွားကြလေသည်။

ထိုရွာရောက်ကြပြီး သတင်းစုံစမ်းကြည့်သောအခါ. . ဆရာကြီးနှစ်ယောက်မှာ နီမောင်တို့နေအိမ်မှာပင် တည်းခိုနေကြောင်း သိရသဖြင့် ထိုအိမ်သို့သွားကြလေသည်။

ထိုအိမ်ရောက်သောအခါ နီမောင်နှင့်တွေ့သည်။

"ဘာကိစ္စရှိလို့ပါလဲဗျာ. ."

"ဒီမှာ ဆရာကြီးနှစ်ယောက် ရောက်နေတယ် သတင်းကြားလို့ လာတာပါ၊ တွေ့ပါရစေ. ."

"အိမ်ထဲမှာရှိပါတယ်. . ကြွပါခင်ဗျာ. ."

ဟု အိမ်ထဲသို့ ခေါ်သွားလေသည်။

ဆရာကြီးတို့နှင့် တွေ့သောအခါ. . အကျိုးအကြောင်းမေးသောအခါ ဦးပန်းမြိုင်က ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်သည်။ ဆရာကြီးက အတန်ကြာအောင် မျက်စိမှိတ်ကာ စဉ်းစားပြီးမှ ပြန်ပြောလေသည်။

"ကျုပ်တို့ ဆေးဆရာတွေမှာ သူ့စည်းကိုယ်စည်းခိုတာထားရပါတယ်၊ ကျုပ်တို့က ဧည့်သည်တွေပါ၊ ဒီနယ်မှာ သက်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ဆေးဆရာတစ်ယောက်ရှိနေရင် ကြားထဲက ဝင်ကုပေး
မရပါဘူး"

"ဆရာကြီးပြောတာမှန်ပါတယ်၊ ဒီနယ်မှာတော့ နယ်သူ
နယ်သား၊ ရွာသူရွာသားတွေ ရောဂါတစ်ခုခုဖြစ်ရင် ဆေးကုပေး
တဲ့ ရွာတော်ရှင်မကြီးရှိပါတယ်၊ ဒါပေမယ့်. . "

ဦးပန်းမြိုင်က ရှေ့ဆက်ပြီး အပြောရခက်နေသောအခါ
နီမောင်ကပင် ကြားထဲမှဝင်ပြီး အကျိုးအကြောင်း ပြောပြလိုက်
လေသည်။

ထိုအခါမှ ဆရာကြီးက သဘောပေါက်သွားပြီး. . .

"ဒီလိုဖြင့် ခင်ဗျားတို့အိမ်ကို ပြန်နှင့်ကြပါ၊ ကျုပ်တို့ သက်
ဆိုင်သူတွေနဲ့ဝင်တွေ့ပြီး အကူအညီတောင်းကြည့်ပါ့မယ်"

ဟုပြောလိုက်တော့မှ ဦးပန်းမြိုင်တို့လည်း ပြန်သွားကြ
လေသည်။

ထို့နောက် ဆရာကြီးက နီမောင်နှင့် ဦးဗန်ကောင်းကိုပါ
ခေါ်ပြီး ရွာတော်ရွာသို့ သွားကြလေသည်။

နေ့လည်ဘက်အချိန်လောက်တွင် ကျွန်းတောရွာရှိ ဦး
ပန်းမြိုင်တို့နေအိမ်သို့. . လူလေးယောက် ရောက်လာကြလေ
သည်။

ဆရာကြီးသူရဇ္ဇ၊ ဦးဗန်ကောင်း၊ နီမောင်နှင့် မြလေးခင်
တို့ပင် ဖြစ်ကြလေသည်။

ဦးပန်းမြိုင်တို့ မိသားစုမှာ ဆရာကြီးတို့ရောက်လာသ
ဖြင့် ဝမ်းသာသွားသော်လည်း မြလေးခင်ကိုမြင်သောအခါ စိတ်





ထဲတွင် စိုးရိမ်သောကရောက်သွားကြလေသည်။

ထိုအိမ်သို့ ရောက်သောအခါ မြလေးခင်က ဆရာကြီး
သူရဇ္ဇအနီးသို့ကပ်ကာ တိုးတိုးပြောသည်။

"ကျွန်မဖြင့် ဆရာကြီး ခေါ်လို့သာလိုက်ခဲ့ရတာပါ၊ ဆေး
လည်း မကုတတ်ပါဘူး၊ ဖြစ်နိုင်ရင် ဆရာကြီးပဲ ဆေးကုပေးပါ"

"မင်းဘာမှ မတတ်ဘူးဆိုတာ ငါသိပါတယ်၊ ဒါကြောင့်
ဘမင်ခေါ်လာတာပါ၊ လူနာကို မင်းပဲကြည့်ပြီး မင်းကိုယ်တိုင်
ဆေးကုပေးမှ ရမှာမို့ပါ"

"ဘယ်လိုကုပေးရမလဲဟင်"

"စိတ်ထဲကနေ သူ့အပေါ်မှာ မေတ္တာထားပြီးတော့. .
ရောဂါတွေ ပျောက်ပါစေလို့သာ အာရုံပြုပေးလိုက်ပါ သက်သာ
သွားပါလိမ့်မယ်"

"သူရောဂါဖြစ်နေတာ ကျွန်မလုပ်ထားတာ မဟုတ်ပါ
ဘူး"

"ဒါလည်း မှန်ပါတယ်၊ သူ့ပယောဂကြောင့် သူဖြစ်နေ
တာပါ. .၊ ဒါပေမယ့် မင်းကုပေးရင် ပျောက်ပါတယ်၊ ရဲရဲတင်း
တင်းသာ ကုပေးလိုက်ပါ. .၊ လူတစ်ယောက်ရဲ့ အသက်တစ်
ချောင်းကိုကယ်တာ ကုသိုလ်ရပါတယ်"

ဟုပြောတော့မှ ခေါင်းညိတ်ပြလေသည်။

ထို့နောက် သတိမရသေးသော မယ်မြိုင်အနီးသို့ သွား
လေသည်။ မယ်မြိုင်သတိလစ်နေသည့် သတင်းကြားသဖြင့်
တစ်ရွာလုံးက လာကြည့်ကြရာ တစ်အိမ်လုံးပြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ထက် ရင်မောင်၏ ရည်းစားဟောင်းဖြစ်သူ မြလေးခင်ကိုယ်တိုင် ဆေးကုပေးမည်ဆိုသောအခါ ပိုပြီး စိတ်ဝင်စားနေကြသည်။

ရင်မောင်တို့ လင်မယားလည်း ထိုအိမ်သို့ရောက်နေကြသည်။ တကယ်တော့ မြလေးခင်မှာ မည်သည့် ဆေးပညာမှ မတတ်ပေ။ ဆရာကြီးနှင့် နီမောင်တို့က အကျိုးအကြောင်းပြောပြီး ခေါ်လာသောကြောင့်သာ လိုက်လာခဲ့ခြင်းဖြစ်သည်။

ယခုတော့ သတိမေ့နေသော လူနာကို ဆေးကုပေးရပေတော့မည်။

သို့သော်လည်း သတိမေ့နေသော မယ်မြိုင်အနီးသို့ ရောက်သောအခါ ဘယ်ပုံဘယ်နည်းပြုလုပ်ပေးပါက သက်သာနိုင်မည်ကို စိတ်ထဲမှ အလိုလိုသိလာလေသည်။

မယ်မြိုင်တစ်ကိုယ်လုံးမှ မြွေဆိပ်များ လွှမ်းနေသဖြင့် ပုံမှန်အသားအရေမရှိတော့ဘဲ ပြာနှမ်းနေသည်။

မြလေးခင်က မယ်မြိုင်အနီးမှာထိုင်ပြီး စိတ်ထဲမှ ရေရွတ်ပြောဆိုလိုက်သည်။

"မယ်မြိုင်. . နင်နဲ့ငါနဲ့က ရန်သူတွေ မဟုတ်ကြဘူး. . ဒါကြောင့် နင်လည်း ငါ့အပေါ် မေတ္တာမပျက်နဲ့၊ ငါလည်း နင့်အပေါ်မှာ မေတ္တာမပျက်ပါဘူး၊ တကယ်လို့ ငါ့ရဲ့မသိစိတ်ထဲမှာ နင့်အပေါ်မှာ ရန်ငြိုးရန်စတွေ ထားရှိခဲ့တယ်ဆိုရင် အခုအချိန်မှာ ငါဖြေဖျောက်ပေးလိုက်ပါ့မယ်၊ ဒါကြောင့် နင့်ကိုယ်ပေါ်မှာ ငါ့ရဲ့ အာဃာတရန်ငြိုးတွေ မရှိတော့သလို နင့်ခန္ဓာကိုယ်က





ဆိပ်ဟူသမျှတို့သည်လည်း ကင်းစင်ပပျောက်ပြီး **အသက်** မ်းသာရာရပါစေ"

ဟု ရွတ်ဆိုလိုက်သောအခါ တစ်ကိုယ်လုံး ပြာနှမ်းနေရာမှ တဖြည်းဖြည်းနှင့် မူလအသားအရေသို့ ပြန်ပြောင်းလဲလာလေသည်။ ပါးစပ်မှာလည်း တအင်းအင်း တအဲအဲနှင့် ညည်းညူသံများ ပေါ်ထွက်လာသည်။

ခဏကြာတော့ ပါးစပ်မှ အမည်းရောင်၊ အပြာရောင် ရောနေသောအဆိပ်များ အန်ချလေသည်။

နှစ်ခါသုံးခါ အန်ချပြီးရပ်သွားသော်လည်း သတိပြန်မရသေးပေ။ ထိုအခါ ဆရာကြီးက တိုးတိုးပြောသည်။

"သူ့လိပ်ပြာ အပြင်ရောက်နေတယ်၊ ပြန်ခေါ်ပေးလိုက်ဦး"

"ဘယ်လိုခေါ်ရမလဲ ဆရာကြီး"

"စိတ်ထဲကနေ သက်ဆိုင်ရာကိုရှာကြည့်ပါ၊ တွေ့တာနဲ့ ဝိညာဉ်လိပ်ပြာကို ပြန်ခေါ်ပေးလိုက်ပါ"

ဟု ပြောသည်။

မြလေးခင်ကလည်း ဆရာကြီးပြောသည့်အတိုင်း ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ မျက်လုံးမှိတ်ကာ အာရုံခံကြည့်လိုက်သည်။ ပထမတော့ ဘာမှမတွေ့ရပေ။

စိတ်အာရုံကို စုစည်းပြီး ထပ်ကြည့်တော့မှ မျက်စိအာရုံထဲမှာ မြင်ကွင်းအချို့မြင်လာလေသည်။

မြွေလိုလို၊ လူလိုလို လူတစ်ယောက်၏ လက်ထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



မယ်မြိုင်၏ လိပ်ပြာဝိညာဉ်ကို တွေ့ရသည်။

သူမက လာစေလိုသဖြင့် ခေါ်လိုက်သောအခါ သူမထံသို့ ရောက်လာလေသည်။

ထို့နောက်မှာတော့ သတိမေ့နေသော မယ်မြိုင်ကိုယ်ထဲသို့ ပြန်သွင်းပေးလိုက်ရာ တအင်းအင်း၊ တအဲအဲနှင့် ညီးညူကာ သတိပြန်ရလာသည်။

သတိရလာလာချင်း မျက်စိဖွင့်ကြည့်သောအခါ သူမအနီးတွင် ထိုင်နေသော မြလေးခင်ကို တွေ့ရသည်နှင့် ပထမတော့ အံ့သြသွားသည်။

နောက်တော့ ကြောက်ရွံ့ထိတ်လန့်သော အမူအယာဖြင့် တောင်းပန်ပြောဆိုလေသည်။

"နင်. . နင်. . ငါ. . ငါ့ကို မသတ်ပါနဲ့"

ထိုအခါ မြလေးခင်က ပြုံးပြီး. . .

"ငါ နင်ကို သတ်ဖို့လာတာမဟုတ်ပါဘူး၊ ဆေးကုပေးဖို့ ရောက်နေတာပါ။ နင်အခု ဘာမှမဖြစ်တော့ဘူး မဟုတ်လား"

ဟုမေးရာ အယောင်ယောင်အမှားမှားဖြင့် ခေါင်းညိတ်ပြလေသည်။

ဦးပန်းမြိုင်နှင့် ဒေါ်လှရုံတို့ လင်မယားနှစ်ယောက်တို့ကလည်း ထိုကဲ့သို့ သတိပြန်ရလာသည်ကို မြင်သောအခါ ဆရာကြီးအနီးသို့သွားကာ ကျေးဇူးတင်ကြောင်း ပြောဆိုနေကြလေသည်။

"ကျုပ်ကို ကျေးဇူးတင်ဖို့ မလိုပါဘူး၊ ကျုပ်ကအကူပေးရုံသက်သက်ပါပဲ၊ ခင်ဗျားသမီး အသက်ချမ်းသာရာရအောင်





ဆေးကုပေးတာက ဟောဒီ မိန်းကလေးပါပဲ"

ဟုပြောတော့မှ မြလေးခင်အနီးသို့ သွားကာ ကျေးဇူးတင်ကြောင်း ပြောကြသည်။

သူတို့ပြုလုပ်ခဲ့သော အပြစ်များကိုလည်း တောင်းပန်ကြသည်။

မြလေးခင်ကတော့ မည်သူ့ကိုမှ အပြစ်မယူသော အမူအယာဖြင့် ပြုံးနေလေသည်။

ထိုအခါရင်မောင်ကပါ အနားရောက်လာပြီး ကျေးဇူးတင်ကြောင်း ပြောနေလေသည်။

ပြန်ကာနီးတော့ ဆရာကြီးက ဦးပန်းမြိုင်တို့ မိသားစုအား စကားတစ်ခွန်းပြောခဲ့လေသည်။

"ဒီမိန်းကလေးက ခင်ဗျားတို့ထင်ထားသလို ဝမ်းတွင်းဒုန်းမဟုတ်ပါဘူး၊ စုန်းကဝေပညာလည်း ဘာမှမတတ်ပါဘူး၊ တစ်ခုတော့ရှိတယ် သူကစိတ်ထားဖြူပြီး မနောစိတ်စွမ်းအားကောင်းတယ်၊ သူက ဘာမှမတတ်ဘူးလို့ သူ့ကိုယ်သူထင်နေပေမယ့် မမြင်နိုင်တဲ့ သိဒ္ဓိတန်ခိုးရှိတဲ့သူတွေရဲ့ စောင့်ရှောက်ပေးနေတာတော့ရှိပါတယ်"

ဟုပြောဆိုပြီး လေးယောက်သား ကျွန်တောရွာမှ ပြန်ထွက်လာခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၁၄)

# ကဝေကိုးဆော်ဆိုသည်များမှာ

ရွာတော်ရွာသို့ ပြန်ရောက်သောအခါ မြလေးခင်ကို ပို့ပေးရင်းနှင့် ဒေါ်မင်းဇာအိမ်သို့ ဝင်ကြသည်။

ဒေါ်မင်းဇာက. .

"ကျွန်မလည်း ဆရာကြီးတို့ရောက်နေတယ်ဆိုတာ. . တင်းကြားမိပါတယ်၊ အခုလို တွေ့ရတဲ့အတွက် ဝမ်းသာမိပါ ယ်၊ အခွင့်သာတုန်း ဆရာကြီးတို့နဲ့ တိုင်ပင်ဆွေးနွေးစရာလေး ရှိနေလို့ ဒီမှာတစ်ညလောက် ဧည့်ဝတ်ပြုပါရစေ. ."



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေသည်။

ဆရာကြီးကလည်း အရိပ်ပြလျှင် အကောင်ထင်သူဖြစ်သဖြင့် ဒေါ်မင်းဇာ ဒီလိုပြောလာခြင်းမှာ အကြောင်းတစ်ခုခု ရှိရမည်ဟု ချက်ချင်းသိသောကြောင့် လက်ခံလိုက်လေသည်။

"ကောင်းပါပြီ၊ ကျုပ်တို့ကလည်း ဒေါ်မင်းဇာရဲ့ သတင်းကို ကြားသိသင့်သလောက်သိထားပြီး ဖြစ်တာမို့ အေးအေးဆေးဆေး စကားပြောချင်နေတာနဲ့ အတော်ပါပဲ"

ဆရာကြီးက ထိုသို့ပြောသောအခါ မြလေးခင်က ဆရာကြီးတို့ တည်းခိုနေထိုင်ရန် နေရာထိုင်ခင်းများ ပြုလုပ်ပေးလေသည်။

မြလေးခင်တို့ နေအိမ်မှာ တစ်ညအိပ်ကြတော့မည်ကို သိသောအခါ နီမောင်မှာ စိတ်ထဲမှာ ကြိတ်ပြီးဝမ်းသာနေလေသည်။ အဘယ်ကြောင့် ထိုကဲ့သို့ ဝမ်းသာနေသည်ကို သူ့ကိုယ်တိုင်ပင် သဘောမပေါက်နိုင်ဘဲ ဖြစ်နေမိသည်။

ညနေပိုင်းအချိန်ရောက်တော့ မြလေးခင်ကိုယ်တိုင် စီမံချက်ပြုတ်ထားသော ထမင်းဟင်းများ စားသောက်ကြရသည်။ ညဉ့်ဦးပိုင်းအချိန် ရောက်သောအခါ ဧည့်ခန်းတစ်နေရာမှာ အားလုံးစုထိုင်ပြီးနောက် ဒေါ်မင်းဇာက စတင်ပြောသည်။

"ကျွန်မပြောချင်တာကတော့ တခြားမဟုတ်ပါဘူး . . ကျွန်မမြေးမလေးနဲ့ ပတ်သက်တဲ့ကိစ္စပါပဲ"

"သူနဲ့ပတ်သက်တဲ့အကြောင်းတွေကို အစအဆုံး ပြောပြရင် ပိုကောင်းမယ်ထင်တယ်"





ဆရာကြီးက ကွမ်းအစ်ထဲမှ ကွမ်းတစ်ယာကို ယာနေရင်းမှ မေးလိုက်လေသည်။

ထိုအခါ ဒေါ်မင်းဇာက မြလေးခင်ကို ကိုယ်ဝန်မရှိခင် အချိန်မှစပြီး ကိုယ်ဝန်ရှိလာပြီး ယခုအရွယ်ရောက်သည်အထိ ဖြစ်ပျက်ခဲ့သောအကြောင်းများကို မှတ်မိသမျှ ပြောပြလိုက်သည်။

ဆရာကြီးက ကွမ်းယာကို တမြုံ့မြုံ့ဝါးရင်းနှင့် သေချာစွာ နားထောင်နေသည်။

စကားဆုံးတော့မှ မှတ်ချက်ချသည်။

"မိန်းကလေးက သာမန်မှမဟုတ်ဘဲ . . မယ်တော်ကြီး အမေရေယဉ်နဲ့ အဆက်အသွယ်ရှိသူကိုး၊ ဒါကြောင့် ဒီလိုပညာတွေ တတ်နေတာပါ"

"မှန်ပါတယ် ဆရာကြီးရယ်၊ ဒီပညာမျိုးတွေကို ငယ်စဉ်ကတည်းက တစ်ခါမှမသင်ခဲ့ဖူးပါဘူး၊ ဒါပေမယ့် သူနဲ့ပတ်သက်ပြီး တစ်ခုခုဖြစ်လာလို့ စိတ်အာရုံပြုလိုက်ရင် ဖြစ်တာပါပဲ၊ ဒါကြောင့် သူ့ကိုဝမ်းတွင်းစုန်းလို့ ထင်နေကြတယ်"

"ဒါကတော့ ဒီလိုဖြစ်မှတော့ သာမန်လူတွေက ဒီလိုပဲ ထင်ကြမှာပါပဲ၊ သိပ်တော့ မဆန်းကြယ်လှပါဘူး . . ဘဝပေးတသိုလ်ကံလို့ပဲ ဆိုရတော့မှာပဲ"

ဟု ပြောလေသည်။

"တကယ်တော့ အမှန်အတိုင်း ပြောရရင် ကျွန်မအနေနဲ့ သူ့ကိုဒီလို ဘဝမျိုးနဲ့ မနေစေချင်ပါဘူး၊ ဒီလိုဝမ်းတွင်းပါပညာတွေပတ်သက်ပြီး ဆရာကြီးသိသမျှ ကျွန်မကိုပြောပြပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟုတောင်းပန်သဖြင့် ဆရာကြီးသူရဇ္ဇက ဝမ်းတွင်းပါ ပညာများနှင့် ပတ်သက်သည့် အကြောင်းများကို အတိုချုပ် ပြောပြပေးလေသည်။

ဝမ်းတွင်းပါ ပညာရှင်တို့မှာ. . .

ပဋိသန္ဓေအစ ပထမကာလ လရေကြည်. . .၊

ဒုတိယ ရေပျစ်ရေချွဲ အမြှုပ်ခဲ၊ တတိယ နူဖပ်ကဲ့ သားတစ်ခဲ၊

စတုတ္ထ ကြက်ဥပြုတ်အခွံနှင့်တူစွာ မာမာလုံးလုံး သား တုံးခဲ၊

ပဉ္စမ ခြေနှစ်ဖြာနှင့် လက်နှစ်ချောင်း၊ ဦးခေါင်းဖြစ် ခက်မငါးဖြား. .၊

ဆဋ္ဌမ ဆံပင် မွေးညှင်း ခြေသည်း လက်သည်း. .

သတ္တမ ခုနှစ်ကြိမ်မြောက် ထတ္တာဟမှစပြီး. . သောတ ဃာန၊ ဇိဝှါ၊ ကာယ၊ မန ဟုဆိုအပ်သော ဝိညာ ခြောက်ပါးတို့သည် သတ္တာဟအစဉ်အတိုင်း ဖြစ်ပေါ်လာခိုက် (တစ်နည်း) ဖြစ်ပေါ်သည့်အခါ၌ မိစ္ဆာဒိဋ္ဌိဖြစ်ကြသော ဂန္ဓဗ္ဗ တို့၏ တန်ခိုးအရှိန်အစော် အာနုဘော်ကိုမှီပြီး ၎င်းတို့ပေး ပညာကို အမိဝမ်း၌ ရှိစဉ်ကပင် ရရှိခဲ့ကြသည်။

(မြလေးခင်မှာ မယ်တော်ကြီး အမေရေယဉ်ထည့် သော ပညာရပ်များမှာ အမိဝမ်း၌ သန္ဓေတည်စဉ်ကပင် ပါ ခဲ့ခြင်းဖြစ်လေသည်။)

ထိုကဲ့သို့ မွေးရာပါ ပညာပါလာသူတို့မှာ ၎င်းတို့





တိုင်ပင် ပညာတတ်မှုန်း မသိကြပေ။

အကြောင်းတိုက်ဆိုင်မှသာ ပေါ်ပေါက်လာလေ့ရှိကြ သည်။ ထိုပညာရှင်တို့သည် အရွယ်ရောက်လာသောအခါ. . . ဒေဝဇော်ဂနီ၊ ယက္ခဇော်ဂနီ၊ နာဂဇော်ဂနီ၊ ယက္ခကာကနီ၊ နာဂ ကာကနီ ဟူ၍ ပညာရှင်များ ဘဝရောက်ကြရလေသည်။

၎င်းတို့ အထက်၌ဖော်ပြခဲ့သော. . ပဋိသန္ဓေ၏အစ ပထမ သတ္တာဟမှ ခုနှစ်ခုမြောက် သတ္တ သတ္တာဟလျှင် အစပြု ၍ သတ္တဝါဖြစ်မည့် ခန္ဓာအိမ်အတွင်း၌ ဗိမာန်နှင့်တကွ ဖြစ်တည် မှီခွဲလာလျှင်၊ မွေးဖွားကြီးပြင်းလာသောအခါ. . ထိုသတ္တဝါမှာ ဆိုခဲ့သော ကာကနီ၊ ဇော်ဂနီ တန်ခိုး ကမ္မဇိတ္တိနှင့်တကွ ဖြစ်ခြင်း ကြောင့်လည်းကောင်း၊ အလားတူ တန်ခိုး သတ္တိ ကမ္မဇိတ္တိ တန်ခိုး ရှိခြင်း၊ လူဇာတ်အစစ်ဖြစ်ခြင်း စွဲတည်ခဲ့သော ကာကနီ၊ ဇော်ဂနီ တို့၏ နာမပညတ် မပြတ်ခြင်းကြောင့် မနုဿကာကနီ၊ မနုဿ ဇော်ဂနီဘဝသို့ ဖြစ်ကြ၊ ရောက်ကြရလေသည်။

ထိုကဲ့သို့ ဖြစ်လာသူတို့သည် ၎င်းကို စောင့်ရှောက်သော ဂန္ဓဗ္ဗနတ်တို့၏ တန်ခိုးအာနုဘော်တို့ကြောင့် မိမိတို့ စိတ်အကြံ ဖြစ်ပေါ်သည်နှင့် ဖြစ်ပေါ်သည့်အရာအတိုင်း ဖြစ်ကြရသည်။

ဥပမာ စိတ်ထဲမှ 'မြွေပတ်ခံရပါစေ' ဟု စိတ်ညွတ်လိုက် သည်နှင့် တစ်ဘက်လူမှာ ချက်ခြင်း မြွေပတ်ခံရမည် ဖြစ်လေ သည်။

မျက်ရိပ် မျက်စောင်းဖြင့်သော်လည်းကောင်း. . .၊

နှုတ်စောင်းဖြင့်သော်လည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



ဝစီဒွါ မြွတ်ဟရုံမျှ ဖြစ်သော်လည်းကောင်း၊

တစ်ဘက်သူအား ဖမ်းစားနှိပ်စက်နိုင်သော အစွမ်းရှိကြသည်။ ထိုကဲ့သို့သော မနုဿကာကနီ၊ ဇော်ဂနီတို့သည် ဆရာအစရှိသော အခြားသူမှ သင်ကြားပြသပေးခြင်း မရှိသော်လည်း ပဋိသန္ဓေနေစဉ်ကပင် ပညာသတ္တိတို့ ကိန်းဝပ်လာခဲ့ရ မွေးရာပါ ပညာရှင် သို့မဟုတ် ဝမ်းတွင်းစုန်းများ ဖြစ်လာခဲ့ကြလေသည်။

အခြားသူများကလည်း အလွယ်တကူ ဝမ်းတွင်းစုန်းဟုပင် အသိအမှတ်ပြုကာ ခေါ်ဝေါ်ကြလေသည်။

သည်နေရာတွင် စာဖတ်ပရိသတ်များ ဗဟုသုတရကြစေရန် ကာကနီလေးဖော်၊ ရက္ခန္တကာကနီလေးဖော်၊ ဇော်ဂနီလေးဖော်နှင့် ကဝေဟု ခေါ်ဆိုထိုက်သူများအား ခွဲခြားဖော်ပြပေးပါမည်။

### ကာကနီလေးဖော် ဆိုသည်မှာ

(၁) ဒေဝစိတ္တ ကာကနီ ထမင်းသုံးဆုပ်စား၏။
အိပ်မက်၌ မိန်းမမြင်မက်၏။

(၂) ယက္ခစိတ္တကာကနီ ကြက်ရိုးစား၏။
အိပ်မက်၌ မြွေ၊ မျှော့တို့ကို
မြင်မက်၏။

(၃) စတ္တသဟကာကနီ ဝက်သားစား၏။
အိပ်မက်၌ အမဲသားကို မြင်မက်၏





(၄) ဟတ္ထိတာလကာကနီ တဘူးမြေတမြက်စား၏။
အိပ်မက်တွင် ငိုကြွေးရသည်ဟု
မြင်မက်တတ်၏။

ငင်းတို့မှာ ကာနီလေးဖော်တို့ပင်ဖြစ်၏။

### ရက္ခန္တကာကနီလေးဖော်ဆိုသည်မှာ

(၁) သန္တရက္ခ ကာကနီ မုန့်ဝါးနှင့် လူရုပ်စား၏။
အိပ်မက်၌ ရွာခြား၊ နယ်ခြားလူမျိုးကို
မြင်မက်၏။

(၂) ဗဟုဗိတ္တကာကနီ မုန့်ငါးရုပ်စား၏။
အိမ်မက်၌ ငါးကြော်ကို မြင်မက်၏။

(၃) စိတ္တဝေဒကာကနီ ဂဠုန်ရုပ်ကိုစား၏။
အိပ်မက်၌ ရွာခြားမှ ဆင်မြင်ကျွဲနွား
မြင်မက်၏။

(၄) မဟိသကာကကီ မုန့်ဖြူကျွဲရုပ်စား၏။
အိပ်မက်၌ ရွာခြားကျွဲကို မြင်မက်၏။

ငင်းတို့မှာ ရက္ခန္တကာကနီလေးဖော်တို့ပင် ဖြစ်သည်။

### ဇော်ဂနီလေးဖော်တို့မှာ

(၁) ကာကဇော်ဂနီ မုန့်ဖြူရုပ်စား၏၊ အိပ်မက်တွင် ကျီး
မြင်မက်၏။

(၂) ဒေဝဇော်ဂနီ မုန့်နီရုပ်စား၏၊ အိပ်မက်၌ ကဘုံးကို



www.burmeseclassic.com

www.burmeseclassic.com



မြင်မက်၏။

(၃) ယက္ခဇော်ဂနီ — မုန့်ဝါလူရုပ်ကိုစား၏၊ အိပ်မက်၌ ဆံပင်တို့ကို မြင်မက်၏။

(၄) လောမဇောဂနီ — မုန့်နက်နွားရုပ်စားသည်၊ အိပ်မက်၌ ခွေး၊ နွား မြင်မက်၏။

ငင်းတို့မှာ ဇော်ဂနီလေးဖော်တို့ပင်ဖြစ်၏။

ကဝေဟူ၍ အခေါ်ဝေါ်တွင် (၉) ပါးရှိသည်။

ငင်းတို့မှာ- (၁)ယောကတော်၊ (၂)အနောက်ကတော်၊ (၃)ရေယဉ်ကတော်၊ (၄)မြောက်ဘက်ရှင်မ၊ ငင်းကတော်လေးပါးနှင့် ဇော်ဂနီ၊ ဇော်ဂနက်၊ ကာကနီ၊ ကာကနက်နှင့် သူယုတ်သဒ္ဒီ ပေါင်း(၅)ပါးကို ပေါင်းသော် ကဝေကိုးဖော် ရလေတော့သည်။

ဆရာကြီးသူရဋ္ဌက ဝမ်းတွင်းပညာ ပါလာသူများအကြောင်းကို ပြောပြရာ နားထောင်နေသူများမှာ စိတ်ဝင်စားမှုဖြစ်ကြလေသည်။

"ဆရာကြီး ပြောပြတဲ့အထဲမှာ ဂန္ဓဗ္ဗနတ်တွေ၊ ကဝေမယ်တော်တွေက ဝမ်းတွင်းမှာ သန္ဓေတည်စကတည်းက ပညာတွေ ထည့်သွင်းပေးလိုက်တာဆိုတော့လည်း ဘယ်တတ်နိုင်ပါ့တော့မလဲ ဆရာကြီးရယ်၊ ဘဝပေးကုသိုလ်ကံအကြောင်း တရားလို့ပဲ သဘောထားရတော့မှာပေါ့"

ဒေါ်မင်းဇာက စိတ်ပျက်နေသောအသံဖြင့် ပြောလိုက်လေသည်။





"ဒီလောက်လည်း စိတ်ပျက်မနေပါနဲ့ဗျာ၊ အကျိုးအကြောင်းတရားတွေက ဆက်စပ်မှုရှိနေကြပါတယ်၊ ဒီမိန်းကလေးကို ပဋိသန္ဓေယူကာနီးတော့ အမေရေယဉ်နဲ့ မြွေတွေကို အိပ်မက်မက်တယ်ဆိုတော့ သူက ကာယစိတ္တကာကနီထဲမှာ ပါဝင်နေပုံရတယ်"

ထိုအခါ မျက်စိမျက်နှာပျက်နေသော မြလေးခင်ကဝင်ပြောလေသည်။

"ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မကတော့ ဒီပညာတွေပါလာတာကို မနှစ်သက်ပါဘူး၊ ပြန်ပြီး ဖယ်ခွာထုတ်လို့ရရင် ထုတ်ချင်ပါတယ်"

"မင်းအနေနဲ့ မလိုချင်လို့ ပြန်ဖယ်ချင်ရင်တော့ ဆရာကြီးတို့က အကူအညီပေးလို့ရပါတယ်၊ ဒါပေမယ့် မင်းသဘောနဲ့မင်းတော့ လုပ်လို့မရဘူး၊ သက်ဆိုင်သူတွေထံမှာ ခွင့်တောင်းပြီး သူတို့ရဲ့ ခွင့်ပြုချက်ရရင်တော့ ကူညီပေးပါ့မယ်"

ထိုစကားကြားသောအခါ စောစောက ငိုမဲ့မဲ့ဖြစ်နေသော မျက်နှာလေးမှာ အနည်းငယ် ပြန်လည်ကြည်လင်လာသည်။

"ဒီစကားကြားရတာ ကျွန်မဖြင့် စိတ်ထဲမှာ ဝမ်းသာသွားသလိုပါပဲ၊ ဘယ်သူတွေဆီမှာ ခွင့်တောင်းရမှာလဲဟင်"

"ပထမတော့ မင်းအဘွားဆီမှာ ခွင့်တောင်းရမယ်"

ထိုစကားကြားတော့ ဒေါ်မင်းဇာက မဆိုင်းမတွပင် ဝင်ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မအတွက်တော့ ထည့်မတွက်ပါနဲ့ဆရာကြီးရယ် ကျွန်မက ကျွန်မမြေးမလေးကို ဖြူဖြူစင်စင်ဘဝနဲ့ နေစေချင်ပါ တယ်၊ ဆရာကြီး အကူအညီပေးမယ်ဆိုရင် ကျွန်မကတော့ ခွင့် ပြုပေးပါတယ်"

ဆရာကြီးက အနည်းငယ်စဉ်းစားနေပြီးမှ မေးသည်။

"ဒီအိမ်မှာ နောက်ထပ် သက်ဆိုင်တဲ့ အကြီးအကဲတ ယောက် ရှိသေးတယ်မဟုတ်လား"

"ဟုတ်. . ဟုတ်ကဲ့ ရှိပါသေးတယ်"

"သူ့ဆီမှာလည်း ခွင့်တောင်းရမယ်၊ ဒေါ်မင်းဇာနဲ့ ဘယ် လိုတော်သလဲ"

"မောင် တော်ပါတယ်"

"သူက ဘယ်မှာနေသလဲ"

အိမ်အနောက်ဘက်သို့ လက်ညှိုးထိုးပြလေသည်။

"သူက ဘဝတစ်ခုပြောင်းနေပြီဆိုတော့ ဒေါ်မင်းဇာက တာဝန်ယူပြီး ပြောပြပေးရရင် ရမယ်ထင်ပါတယ် "

ဒေါ်မင်းဇာက ခေါင်းညိတ်ပြသည်။

"မိန်းကလေးရဲ့ အုပ်ထိန်းသူတွေက ခွင့်ပြုပေးပြီ တော့ သက်ဆိုင်ရာပုဂ္ဂိုလ်ကို ပင့်ဖိတ်ပြီး ခွင့်တောင်းရပါမယ်"

"ဒီကိစ္စလည်း ဆရာကြီးကပဲ ဆောင်ရွက်ပေးဖို့ တော ပန်ပါရစေ. ."

ဆရာကြီး သူရဇ္ဇက ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။ ညဦးပိုင်းအချိန်ရောက်သောအခါ အိမ်ရှေ့ဘက်တွင် နီမောင်





နှင့် မြလေးခင်တို့နှစ်ယောက် ထိုင်ပြီး စကားပြောကြလေသည်။

ဆရာကြီး၊ ဦးဗန်ကောင်းနှင့် ဒေါ်မင်းဇာတို့သုံးယောက် က ဘုရားဝတ်ပြုး ပုတီးစိပ်နေကြပြီဖြစ်သဖြင့်. . နီမောင်နှင့် မြလေးခင်တို့ နှစ်ယောက်သာ ကျန်လေသည်။

တောထဲတွင် ရန်သူသုံးယောက်တို့က နှောင့်ယှက်ကြ စဉ် နီမောင်တို့ ရောက်လာပြီး အကူအညီပေးကတည်းက သိနေ ပြီး ယခုတစ်ကြိမ်မှာလည်း ဆရာကြီးတို့နှင့်အတူ ရောက်လာ ပြန်သဖြင့် စိတ်ထဲမှာ ဝမ်းသာနေမိလေသည်။

"အရင်တစ်ခါတုန်းက အေးအေးဆေးဆေး မပြော လိုက်ရလို့ပါ၊ ကျွန်မကို အန္တရာယ်တွေကြားက ကယ်တင်လာ ပေးတဲ့အတွက် အစ်ကိုတို့ကို ကျေးဇူးတင်ပါတယ်"

"ရပါတယ်ဗျာ၊ ဒီလောက်လည်း မလိုပါဘူး၊ ခရီးသွား ဟန်လွှဲ ကြုံကြိုက်လို့ ဝင်ပြီးအကူအညီပေးရတာပဲ"

"ဒီတစ်ခါလည်း ကျွန်မအတွက်ဝမ်းသာစရာကောင်းတဲ့ ကိစ္စ ဖြစ်လာရတော့မယ်၊ ဆရာကြီးတို့နဲ့တွေ့ရတာ ကံကောင်း တယ်လို့ ခေါ်ရမှာပဲ၊ ဆရာကြီးတို့နဲ့သာမတွေ့ရင် ဒီဘဝမျိုးနဲ့ တစ်သက်လုံး နေရတော့မှာပါပဲ"

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

"ဒါလည်း အစ်ကိုတို့ အကူအညီပေးလို့ တွေ့ခွင့်ရတာ ပဲ မဟုတ်လား၊ ဒါကြောင့် ထပ်ပြီးကျေးဇူးတင်ရပြန်ပြီ"

ဒီတစ်ခါတော့ နီမောင်က သဘောကျစွာဖြင့် တစ်ချက် ပြုံးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို တင်တဲ့ကျေးဇူးတွေ သိပ်များနေပြီ"

"ဟုတ်ပါရဲ့"

ဟုပြောကာ နှစ်ယောက်သား ပြုံးတူရယ်လိုက်ကြ သည်။

"ဒါထက် မြလေးခင်ကို မေးချင်တာရှိတယ်"

"မေးလေ အစ်ကို"

"ဝမ်းတွင်းပါပညာတွေကို တကယ်မလိုချင်လို့ စွန့်လွှတ် ပစ်ချင်တာလား"

"ဟုတ်ပါတယ်"

"တခြားလူတွေဆိုရင် ဒီလိုအစွမ်းထက်တဲ့ ပညာမျိုး တွေ လိုချင်ကြလို့ တကူးတကနဲ့တောင် သင်ယူကြရတယ်. . မြလေးခင်ကတော့ မွေးရာပါလာတယ်ဆိုတာတောင်မှ မလိုချင် ဘူးဆိုတော့. . ."

"ကျွန်မစိတ်ထဲမှာ တကယ်ကို မနှစ်သက်လို့ မလိုချင် တာပါ၊ တကယ်တော့ ဒီပညာမျိုးတွေက ကျွန်မတို့နဲ့ မအော စပ်ပါဘူး၊ ကောင်းတယ်ထင်ပြီး တစ်သက်လုံး သိမ်းထားရမယ့် ပညာမျိုးလည်း မဟုတ်ဘူး"

"မှန်ပါတယ်. . လူတွေကို အကျိုးပြုဖို့ထက်၊ မကောင်း တဲ့နေရာတွေမှာ သုံးရင်သာ ပိုပြီးအစွမ်းထက်တဲ့ ပညာမျိုးတွေ ဆိုတော့ သာမန်လူတွေနဲ့တော့ တကယ်ပဲ မသင့်လျော်ပါဘူး"

နီမောင်က ပြောသောအခါ မြလေးခင်က အမှော နေသော အပြင်ဘက်သို့ လှမ်းကြည့်နေပြီးမှ သူမဘဝ အခိ





အပိုင်းချို့ကို ပြောပြလေသည်။

"ကျွန်မဘဝမှာ မွေးကတည်းက ဒီပညာကြီးပါလာခဲ့လို့ ငယ်ငယ်ကတည်းက မကောင်းခဲ့ပါဘူး၊ ကလေးဘဝ အရွယ်မှာ ကျွန်မနဲ့ပေါင်းသင်းရမှာ ကြောက်ကြလို့ အဖော်ကင်းမဲ့ခဲ့ရတယ်"

နီမောင်က ခေါင်းညိတ်ပြသည်။

"အရွယ်ရလာတော့လည်း ချစ်သူတွေနဲ့ အကြိမ်ကြိမ် တွေ့ခဲ့ရဘူးပါတယ်၊ ဒါပေမယ့် ကျွန်မနဲ့ ချစ်သူဖြစ်ခဲ့သူတွေမှန် သမျှ ကံဆိုးခဲ့ကြရတယ်"

မြလေးခင်က သူမဖြစ်ပျက် ကြုံတွေ့ခဲ့ရသော အဖြစ် အပျက်တို့ကို နီမောင်အား ပြောပြလိုက်လေသည်။

"နောက်ဆုံး ဟိုတလောကမှ မင်္ဂလာဆောင်သွားတဲ့ ကိုရင်မောင်အထိ ဆိုပါတော့၊ ကျွန်မဘက်က သစ္စာပျက်တာ ချို့ယွင်းခဲ့တာ တစ်ခုမှ မရှိပါဘဲနဲ့ သူတို့နဲ့ လမ်းခွဲခဲ့ရတယ်၊ သူတို့ တတွေ ဒုက္ခတွေနဲ့ တွေ့ကြုံခဲ့ရပါတယ်"

ထိုစကားကြားတော့ နီမောင်က ဖြောင်းဖျပြောဆို လိုက်လေသည်။

"ဒီလိုဖြစ်ခဲ့ရတာတွေကလည်း မြလေးခင်မှာ အပြစ် မရှိပါဘူး၊ သူတို့ဘက်က သစ္စာပျက်ခဲ့လို့ ခံကြရတယ်လို့ပဲ ပြော လို့ရပါတယ်"

"အစ်ကိုကရော ဘယ်လိုယူဆသလဲ"

"ကျွန်တော် ယူဆတာကို ပြောရရင်တော့ ချစ်သူဘဝ ရောက်ကြပြီဆိုရင် တစ်ယောက်နဲ့တစ်ယောက် သစ္စာရှိကြရ

www.burmeseclassic.com



တယ်၊ နားလည်ခွင့်လွှတ်ပေးကြရတယ်၊ ဒီလိုသာဆိုရင်တော့ ဘာမှ ကွဲကွာစရာ အကြောင်းမရှိဘူးလို့တော့ ထင်တာပဲ”

“ကျွန်မဘက်က အခုလို စဉ်းစားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်”

“အမှန်အတိုင်းပြောရရင် မြလေးခင်နဲ့ တွေ့ပြီးကတည်းက မြလေးခင်အကြောင်းတွေကို စုံစမ်းကြည့်လို့ သိသင့်သလောက် သိထားပြီးပါပြီ၊ လူတွေရဲ့ သဘောက မြေနိမ့်ရာ လှံစိုက်ချင်ကြတယ်၊ ဘဝမှာ အမည်းစက်ရှိတဲ့ လူတွေဆိုရင် ဖိနှိပ်ချင်ကြတယ်၊

ဒါကြောင့် မြလေးခင်နဲ့ ပတ်သက်ခဲ့တဲ့သူတွေ သစ္စာပျက်တာ မပေါ်တော့ဘဲ၊ မြလေးခင်ရဲ့ ဝမ်းတွင်းစုန်းပညာသာ ပေါ်လာပြီး. . အားလုံးအပြစ်တွေက မြလေးခင်ဆီ ရောက်နေရတာပါ။ ဒါပေမယ့် ဘာမှ စိတ်ဆင်းရဲစရာတော့ မရှိပါဘူး၊ ဘဝတစ်လျှောက်လုံးလည်း ဒီလိုနေသွားရမှာ မဟုတ်ပါဘူး၊

ယခုအချိန်ထိ ဘဝတလျှောက်မှာ အမှောင်ထဲမှာ နေခဲ့ရတယ်ဆိုပေမယ့် မကြာခင်မှာတော့ ဘဝရဲ့အလင်းရောင်တွေ တွေ့လာရတော့မယ်လို့ မျှော်လင့်လို့ ရပါတယ်. . ”

ထိုသို့ပြောလိုက်သောအခါ စောစောက ညှိုးနွမ်းနေသော မျက်နှာလေးမှာ ကြည်ကြည်လင်လင်နှင့် ပြန်ဖြစ်လာလေသည်။ နီမောင့်ကိုလည်း အားကိုးသောအကြည့်မျိုးဖြင့် ကြည့်နေသည်။

“အစ်ကို့စကားကြားရတာ ရင်ထဲမှာ အားရှိလာသလို





ကျွန်မရဲ့ ဘဝတလျှောက်လုံး ဒီလိုအားပေးစကားပြောမယ့်သူမျိုး တစ်ခါမှ မတွေ့ခဲ့ရသေးဘူး၊ ဒီလိုစကားမျိုးလည်း အခုမှပဲ ကြားခွင့်ရတော့တယ်၊ ဒီအတွက် ထပ်ပြီး ကျေးဇူးတင်ရတော့မှာပဲ”

“ကျေးဇူးတင်တာတွေများနေပါပြီ၊ ဒီလောက်ပြောနေတာကြည့်ပြီး စိတ်ထဲမှာ ဘယ်လောက်ဝမ်းသာ ကျေးဇူးတင်နေတယ်ဆိုတာ သိနိုင်ပါတယ်”

မြလေးခင်က ရှက်ပြုံးကလေး တစ်ချက်ပြုံးရင်း ပြန်မေးလေသည်။

“အစ်ကိုက ကျွန်မအကြောင်းတွေ စုံစမ်းကြည့်တယ်ဆိုတော့ တခြားဘာတွေများ သိထားသေးသလဲ”

“အတော်များများတော့ သိရပါတယ်၊ မြလေးခင်က ဘဝကုသိုလ်ကံကြောင့်သာ ဝမ်းတွင်းစုန်းပညာကြီးရှိနေပေမယ့်၊ စိတ်ထားဖြူစင်တာရော ချစ်သူတွေအပေါ်မှာ သစ္စာရှိခဲ့တာတွေပါ သိခဲ့ရပါတယ်”

“ဒီလိုသိရတော့. . . ကျွန်မကို မျက်နှာများတဲ့သူတစ်ယောက်လို့ မထင်မိဘူးလား”

“ဒီလိုတော့ မထင်မိပါဘူး၊ ဒါကြောင့် စိတ်ကူးတစ်ခုတောင်ရှိနေမိတယ်”

“ဘယ်လို စိတ်ကူးမျိုးလဲ”

“အခုအချိန်မှာ မြလေးခင်မှာ ချစ်သူမရှိဘူးဆိုတော့ ချစ်သူအဖြစ်ရောက်အောင် ကြိုးစားရရင်. . ကောင်းမလားလို့ စဉ်းစားနေတာ. . . ”



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောက် ရှက်သွေးဖြာသော အမူအယာဖြင့် ခေါင်းငုံ့သွားလေသည်။

"ခုကြိုးစားနေတာ မဟုတ်သေးဘူးလား"

"ကာယကံရှင်ရဲ့သဘော ၁မသိရသေးတော့ ကြိုးစားတဲ့ အဆင့်တော့ မရောက်သေးပါဘူး၊ ကာယကံရှင်က ခွင့်ပြုပေး ရင်တော့ ကြိုးစားမှာပါ"

"အစ်ကိုက စကားပြောတာ အတော်လည်တယ်"

"ဘာဖြစ်လို့လဲ. ."

"ကျွန်မကို ရည်းစားစကားပြောနေတာ၊ ပြောနေမှန်း မသိရဘဲနဲ့ ပြောပြီးသွားပြီ. ."

ထိုအခါ နီမောင်က ရှက်ကိုးရှက်ကန်းဖြင့် တစ်ချက်ပြုံး လိုက်သည်။

"ဒီတော့ ဘယ်လိုသဘောရသလဲ ပြောပါဦး"

ထိုအခါ မြလေးခင်က တည်တည်ငြိမ်ငြိမ်အမူအယာ နှင့်ပင် ပြန်ပြောလေသည်။

"အစ်ကိုနဲ့တွေ့တာ သိပ်မကြာသေးပေမယ့်. . ကျွန်မ အစ်ကို့သဘောထားကို သိတန်သလောက် သိထားပါတယ်. . အစ်ကို့ဘက်က ကျွန်မအပေါ်မှာ သစ္စာရှိတဲ့အချစ်မျိုးနဲ့ ချစ်သွား မယ်ဆိုရင်တော့ ကျွန်မဘက်က စဉ်းစားပေးပါမယ်၊ ဒါပေမယ့် တစ်ခုတော့ ရှိပါတယ်"

"ဘာများလဲ. ."

"တခြားတော့ မဟုတ်ပါဘူး၊ ကျွန်မဘဝတလျှောက်လုံး





မှာအချစ်ရေးနဲ့ ပတ်သက်လာရင် ကျွန်မနဲ့ပတ်သက်တဲ့သူ မှန် သမျှ ကံဆိုးခဲ့ကြတာဆိုတော့ အစ်ကို့ကိုတော့ ဒီလိုမဖြစ်စေချင် ပါဘူး"

"ကျွန်တော့်ဘက်ကတော့ သစ္စာပျက်တာမျိုး မရှိစေရ ပါဘူး၊ နောက်ပြီး မြလေးခင်က ကျွန်တော်မေတ္တာကို လက်ခံပေး ပြီးရင် ဖြစ်လာသမျှ၊ တွေ့ကြုံသမျှ အခက်အခဲတွေ အန္တရာယ် တွေကိုလည်း ရင်ဆိုင်သွားပါ့မယ်"

"အစ်ကို့ဘက်က ဒီလိုရဲရဲတင်းတင်းနဲ့ ဆုံးဖြတ်ထားပြီး သားဆိုရင်တော့ ကျွန်မဘက်ကလည်း အစ်ကိုမေတ္တာကို လက်ခံ ပေးဖို့ ဝန်မလေးပါဘူး"

"ဒီစကားကြားရတာ တကယ်ပဲ ဝမ်းသာပါတယ်"

ဟုပြောဆိုကာ မနီးမဝေးမှာထိုင်နေသော မြလေးခင် လက်ကလေးနှစ်ဘက်ကို ဆုပ်ကိုင်ထားလိုက်ရာ သူမကလည်း မရုန်းမဖယ်တော့ဘဲ နီမောင့်လက်ကို ပြန်လည်ဆုပ်ကိုင်ထား လေသည်။ ယခုတော့ သူတို့နှစ်ဦးအတွက် မျှော်လင့်ချက်များဖြင့် ရည်ရွက်ထားခဲ့သော ဘဝခရီးလမ်းတစ်ခုကို စတင်နိုင်ခဲ့ကြပြီ ဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၁၅)

# နေရာမဲ့နေကြသော ပြိတ္တာလောကသားများ

ညအချိန်ရောက်သောအခါ ဆရာကြီး သူရဇ္ဇကပင် ဦးနှဆောင်ပြီး အမေရေယဉ်ပင့်ဖိတ်ရန် ပြင်ဆင်လေသည်။

ကျန်လေးယောက်က အနီးဝန်းကျင်မှ အကူအညီပေးရသည်။ ပင့်ဖိတ်သော အစီအရင်များကို အိမ်အနောက်ဘက်တောစပ်မှာပင် ပြုလုပ်ကြသည်။

ထိုအခါ တောစပ်မှာ ဆောက်ထားသော အိမ်တစ်လုံး



www.burmeseclassic.com

www.burmeseclassic.com



ကို မြင်သဖြင့် ဆရာကြီးကမေးသည်။

"ဒါက ဘယ်သူနေတဲ့အိမ်လဲ"

"ကျွန်မရဲ့ မောင် နေတဲ့အိမ်ပါပဲ"

ထိုစကားကြားသောအခါ ဆရာကြီး အနည်းငယ်စဉ်းစားနေပြီးမှ . . .

"သူက သာမန်ဘဝမျိုး မဟုတ်တော့လို့ ဒီနေရာမှ သီးခြားနေတာလား"

ဟုမေးသောအခါ ဒေါ်မင်းဇာကလည်း မဆိုင်းမတွပ် ဟုတ်မှန်ကြောင်း ခေါင်းညိတ်ပြလေသည်။

"ဟုတ်ပါတယ်"

"ဒီလိုဆိုရင်တော့ ကျုပ်တို့လုပ်နေတာတွေကို သူက သဘောကျမှာမဟုတ်ဘူး၊ အခုလည်း မယ်တော်ကြီးကြွလာကာ နီးရင် သူဝေးရာသွားနေရမှာပဲ"

ဟုပြောရာ ဒေါ်မင်းဇာလည်း ထွေထွေထူးထူး ဘာမှ ပြန်မပြောတော့ပဲ စိတ်မကောင်းသော အမူအယာဖြင့် တဲဘက် သို့ လှမ်းကြည့်နေလေသည်။

ထို့နောက်မှာတော့ မယ်တော်ကြီးပင့်ရန် အစီအစဉ် များကို ပြုလုပ်ကြလေသည်။

ထိုအချိန်တွင် တဲအိမ်အနောက်ဘက်မှ ဦးနက်ကျော် ထွက်လာသည်။ အမှောင်ရိပ်မှာကွယ်ပြီး ရပ်နေသောကြောင့် သူ့ကို အခြားသူများက သတိမမူမိကြပေ. . ။

ဦးနက်ကျော်ကတော့ မကျေမနပ်နှင့် ဒေါသထွက်နေ





သော အမူအယာဖြင့် သူတို့ရှိရာဘက်သို့ မျက်ထောက်နီကြီးဖြင့် လှမ်းကြည့်နေသည်။

ပြီးမှ တောထဲသို့ ခြေလှမ်းကျဲကျဲနှင့် တိုးဝင်သွားလေတော့သည်။ ဆရာကြီး သူရဇ္ဇသည် မယ်တော်ကြီး ပင့်ဖိတ်ရာတွင် ပြုလုပ်ရသော အစီအမံတို့ကို ပြည့်စုံအောင် ပြင်ဆင်ပြီးနောက် စတင်ပင့်ဖိတ်လေသည်။ (ပွဲပြင်ပုံနှင့် အစီအရင်ပြုလုပ်ပုံများကိုတော့ မဖော်ပြတော့ပေ)

အချိန်ကလည်း ညဥ့်ဦးပိုင်းအချိန်ရောက်လာချေပြီ။ ကောင်းကင်ပေါ်၌ အလင်းရောင်ရှိသော်လည်း တောထဲ၌ သစ်ရိပ်များကြောင့် မှောင်နေသည်။

ဆရာကြီးက ပွဲပြင်ထားသောနေရာတွင် ဆီမီးတိုင်ထွန်းထားသောကြောင့် ပတ်ဝန်းကျင်တစ်ဝိုက်သို့ အတော်အသင့် မြင်ရလေသည်။

နီမောင်ကတော့ ဆရာကြီးအနားတွင် လိုအပ်သော ပစ္စည်းများကို ဆောင်ရွက်ပေးရင်း ပတ်ဝန်းကျင်ကိုလည်း အကဲခတ်ပြီး ကြည့်ရှုနေလေသည်။

အတန်ကြာတော့ ထိုနေရာနှင့် မနီးမဝေးနေရာမှာရှိသော သစ်ပင်များနောက်ကွယ်မှ လှုပ်ရှားသွားလာနေကြသော ညေးမည်းသဏ္ဍာန်များကို မသဲမကွဲလှမ်းမြင်ရသည်။ ပုံပန်းသဏ္ဍာန်အမျိုးမျိုးရှိကြသော ထိုသဏ္ဍာန်များမှာ ထိုနေရာတစ်ဝိုက်တွင် ရှိနေကြသော သရဲ၊ သဘက်၊ ကျတ်၊ မှင်စာ စသည်တို့ ပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမေရေယဉ်ရောက်လာတော့မည်မို့ . . ထိုနေရာမှ ရှောင်တိမ်းပေးနေကြခြင်းဖြစ်သည်။

ပရလောကသားများဘဝမှာ သနားစရာပင်ဖြစ်သည်။

၎င်းတို့အောက်တွင် ဘုန်းတန်ခိုး နိမ့်ပါးသူမရှိတော့ဘဲ သူတို့သာလျှင် ဘုန်းကံပါရမီ အနည်းဆုံးဖြစ်ကြလေသည်။

သို့ကြောင့် ၎င်းတို့နေသောနေရာသို့ ဘုန်းတန်ခိုးကြီးမားသော လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်၊ နတ်၊ ဝိဇ္ဇာ၊ ဇော်ဂျီ တပသီတို့ ရောက်လာပါက နေရာဖယ်ပေးရသည်။ လွတ်ရာသို့ လမ်းဖယ်ပေးကြရသည်။

ပရလောကသို့ ရောက်နေသူတို့မှာ များပြားလှသည်။ လူတို့၏ အရေအတွက်က အကန့်အသတ်ရှိသောကြောင့် ရေတွက်၍ရသေးသည်။

လူဦးရေ တိုးပွားလာသော်လည်း သေခြင်းတရားဖြင့် အဆုံးသတ်ပေးနေသောကြောင့် ထူးထူးခြားခြားများပြားလာခြင်းမျိုးတော့ မဟုတ်ပေ။

လူဦးရေ များလာသောအခါ ကပ်ဘေးတစ်ခုခုတို့ဖြင့် ကြုံတွေ့လိုက်လျှင် လူဦးရေ သိန်းသောင်းနှင့်ချီပြီ သေဆုံးကြရသည်။

'ကပ်ဘေး' ဟုခေါ်သော သဘာဝဘေးအန္တရာယ်ဆိုးတို့မှာ များပြားလှသည်။

ရေကြီးခြင်း၊ မီးလောင်ခြင်း၊ မြေပြိုခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ငလျင်လှုပ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း စသော ဘေး





အန္တရာယ်များနှင့် ကြုံတွေ့ရသောအခါ လူအများ သေကြေပျက်စီးကြရသည်။

ယခုအခါ သဘာဝဘေးအန္တရာယ်များက မကြာခဏ ကျရောက်နေရာ လူဦးရေတိုးပွားမှုမှာ ထင်သလောက်မရှိတော့၊ မများတော့ပေ။

ထိုကဲ့သို့ ဘေးအန္တရာယ်ဆိုးများနှင့် ကြုံတွေ့ပြီး သေကြရသူတို့မှာ ဝိညာဉ်လောကသို့ ရောက်ကြရသည်။

ကောင်းရာသုဂတိဘုံသို့ ရောက်သူက အနည်းငယ်သာရှိပြီး ပြိတ္တာလောကသို့ ရောက်ရသူက ပိုမိုများပြားလှသည်။ အသေဆိုးနှင့် သေကြရသူတို့မှာ ကောင်းရာဘုံဘဝသို့ ရောက်နိုင်ရန် အခွင့်အလမ်းအတော်နည်းလှပေသည်။ သာမန်အခြေအနေဖြင့် သေရသူများပင် သေကာနီးတွင် ဖြစ်ပေါ်လာသော ဇောကြောင့် ပြိတ္တာလောကသို့ ရောက်နိုင်ကြပေရာ ကြောက်စရာကောင်းသော အန္တရာယ်ဆိုးများဖြင့် တွေ့ပြီး သေရလျှင်တော့ ဆိုဖွယ်ရာမရှိတော့ပေ . . ။

သို့ကြောင့် လူ့ဘဝမှ သေပြီး လျော့သွားသော်လည်း ပြိတ္တာဘုံဘဝမှာတော့ အရေအတွက်က ပိုမိုများပြားလာလေသည်။ (အခြားစာအုပ်များတွင် ပြိတ္တာလောကသားများ အကြောင်းကို မကြာခဏဖော်ပြပေးခဲ့ပြီး ဖြစ်သဖြင့် အသေးစိပ် မဖော်ပြတော့ပါပေ . . )

ဘယ်လောက်များသလဲဆိုလျှင် . . .

သာမန်မျက်စိဖြင့် မြင်တွေ့ခွင့်ရမည်ဆိုပါက . . ဂူ၊



www.burmeseclassic.com

www.burmeseclassic.com



တွင်း၊ တောင်ပို့များထဲမှာသော်လည်းကောင်း၊ သစ်ပင်သစ်ကိုင်းများပေါ်မှာ နေရာလပ် မရှိအောင်သော်လည်းကောင်း၊

မြေပြင်မှာလည်း ခြေချစရာနေရာလပ် မရှိအောင် ပြည့်ကျပ်နေသည်အထိ များပြားနေပေရာ တန်ခိုးသိဒ္ဓိရှိသူများလာလျှင် မထိမိစေရန် လမ်းဖယ်ပေးကြရသည်။

ထိုသို့လမ်းပေးကြရာတွင် တိုးဝှေ့ပြီး စဖယ်ပေးကြရပေရာ ဥပမာ ရေးပြရလျှင် မြေပေါ်မှာ ပြည့်နေသော ခြကောင်များကို တုတ်ဖြင့် ဘေးသို့ ယက်ဖယ်လိုက်သောအခါ အလယ်မှာ လမ်းကြောင်းပေါ်လာသော်လည်း ဘေးတစ်ဖက် တစ်ချက်မှာ အပုံလိုက်၊ အထပ်လိုက်ဖြစ်သွား သကဲ့သို့ပင်ရှိကြလေသည်။

သို့ကြောင့် မြတ်စွာဘုရားက သံဃာတော်များ လမ်းပေါ်ကြွသောအခါ သင်္ကန်းကို သေသေသပ်သပ်ဖြစ်စေရန် လိပ်ထိုးကြွရန် ဝိနည်းထားခဲ့ခြင်းဖြစ်ပေသည်။

သင်္ကန်းကို လိပ်ထိုးပြီးကြွလျှင်ပင် အတော်ဝေးဝေးရောက်သည်အထိ လမ်းဖယ်ပေးကြရပေရာ ဒီအတိုင်း သင်္ကန်းလိပ်မထိုးဘဲ သွားလာနေသောအခါ. . . မမြင်ရသော ပြိတ္တာလောကသားတို့ ဘယ်လောက်ဒုက္ခကြီးမားမည်ကို တွေးကြည့်ရုံနှင့်ပင် သိနိုင်ကြပေတော့သည်။

ယခုလည်း ဆရာကြီးသူရဇ္ဇက မယ်တော်ကြီးအမေရေယဉ်ကို ပင့်ဖိတ်နေစဉ်မှာပင် မယ်တော်ကြီးကြွလာသောအခါ မမြင်မတွေ့ရစေရန် ဝေးရာသို့ ရှောင်တိမ်းနေကြခြင်းဖြစ်ပေသည်။





ညဥ့်နက်ပိုင်းအချိန်ရောက်သောအခါ စောစောက လှမ်းမြင်နေရသော မည်းမည်းသဏ္ဍာန်များ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားကြသည်။

ဆူဆူညံညံအသံတို့မှာလည်း မီးကိုရေဖြင့် ဖြန်းလိုက်သကဲ့သို့ တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

ခဏကြာတော့ တောတွင်းမှာ အမျိုးသမီးတစ်ယောက်ထွက်လာလေသည်။

ဟော်နန်းအတွင်းမှာ ရှမ်းအမျိုးသမီးများ ဝတ်ဆင်သော အဝတ်အစားများကို ဝတ်ဆင်လာသည်။

အသက်အရွယ်က (၃၀)ဝန်းကျင်သာရှိသေးပြီး ရုပ်ရည်က ချောမောလှပလေသည်။

မနီးမဝေးရောက်တော့ ရပ်လိုက်သည်။

"အမေရေယဉ် မဟုတ်လား"

"ဟုတ်ပါတယ်. . "

"သက်ဆိုင်ရာ စားပွဲများကို သိမ်းပိုက်တော်မူပါ"

ဦးခေါင်းညိတ်ပြပြီး ပြင်ဆင်ထားသော စားပွဲများရှိရာသို့ တစ်ချက်ကြည့်လေသည်။

ပြီးမှ မေးသည်။

"ဘယ်အကြောင်းကိစ္စရှိလို့ ပင့်ဖိတ်တာလဲ"

"မယ်တော်ကြီး ကူညီစောင့်ရှောက်ပေးလို့ သဇင်နီရဲ့ ဆေးတော်ကြီးလည်း အောင်အောင်မြင်မြင်နဲ့ ဖော်စပ်ပြီးပြီ။ ဒီအတွက် ကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးခေါင်းညိတ်ပြသည်။

ရုတ်တရက်ကြည့်လျှင်တော့ အသက်အရွယ်ကြီးလှပြီ ဖြစ်သော ဆရာကြီးက အသက်အရွယ်ငယ်သေးသော အမျိုး သမီးတစ်ယောက် ရှိုရှိုသေသေ ဆက်ဆံနေသည်ဟု ထင်စရာ ရှိပေသည်။

သို့သော် တကယ်တမ်းဆိုမူ မယ်တော်ကြီး သက်တမ်း က ဆရာကြီးထက် များစွာကြီးလေသည်။

"နောက်တစ်ခုကတော့ မယ်တော်ကြီးကို ကတိပေး ထားခဲ့တဲ့အတိုင်း တောထဲက ပလ္လင်ပျောက်ဘုရားကို ပြုပြင် စတင်ပါတော့မယ်"

"ကောင်းလှပေတယ်"

ဟုကျေနပ်သော အသံမျိုးဖြင့် ပြန်ပြောလေသည်။

ဆရာကြီးက ဆက်ပြောလေသည်. . .

"အခုပင့်ဖိတ်ရတဲ့ ကိစ္စကတော့ ဒီမိန်းကလေးနဲ့ သက် ဆိုင်တဲ့ ကိစ္စပါပဲ"

ထိုသို့ပြောလိုက်သောအခါ မယ်တော်ကြီးက မြလေးခင် ကို တစ်ချက်ကြည့်လိုက်ရာ မြလေးခင်မှာ ကျင်စက်ဖြင့် အထိုး လိုက်ရသူပမာ တွန့်ခနဲ ဖြစ်သွားလေသည်။

သူမသည် အမေရေယဉ်မယ်တော်နှင့် ပတ်သက်သည် ဟုသာ ပြောသံကြားရသော်လည်း ယခုကဲ့သို့ မမြင်ဖူး၊ မတွေ့ဖူး သောကြောင့် များစွာကြောက်ရွံ့ ထိတ်လန့်နေသည်။

"ဒီမိန်းကလေးက မယ်တော်ကြီးနဲ့ သက်ဆိုင်သူ





ပါသလား"

"ဟုတ်ပါတယ်၊ မြွေသိုက်က လူ့ဘဝကိုကူးပြောင်းခွင့် ရသူပါပဲ"

ထိုစကားကြားသောအခါ များစွာအံ့ဩသွားကြလေ သည်။

"တခြားတော့မဟုတ်ပါဘူး၊ မိန်းကလေးလည်း အချိန် တန်အရွယ်ရောက်ပြီဆိုတော့ ဘဝခရီးလမ်းကို လျှောက်လှမ်းရ ပါတော့မယ်၊ ဒီတော့ သူ့ရဲ့ဝမ်းတွင်းပါ ပညာတွေကို မယ်တော် ကြီး ပြန်လည်သိမ်းယူတော်မူပါ"

"ကာယကံရှင်ကိုယ်တိုင် အလိုမရှိတော့ရင် ပြန်သိမ်း ပေးပါ့မယ်"

ထိုအခါ ဆရာကြီးကပင် မြလေးခင်အား ရှေ့သို့ခေါ် ပြီး သုံးကြိမ်သုံးခါမေးရာ မြလေးခင်က ကြောက်ရွံ့ထိတ်လန့်စွာ ဖြင့် 'အလိုမရှိကြောင်း' ပြန်ပြောလေသည်။

ထိုအခါ မယ်တော်ကြီးက ကန်တော့ပွဲမှာ စိုက်ထား သော ပန်းတစ်ခက်ကိုယူပြီး ဆရာကြီးကို ပြန်ပေးသည်။

"ဒီပန်းခက်နဲ့ သူ့ခေါင်းကို သုံးချက်ရိုက်ပါ၊ စားပွဲထဲက ထမင်းဖြူသုံးဆုပ်ကို ကျွေးပါ၊ သတိမေ့သွားပါလိမ့်မယ်၊ သတိပြန် ရလာလို့ ထမင်းသုံးဆုပ်ပြန်အန်ထုတ်လိုက်ရင် သူ့ဝမ်းတွင်းမှာ ပါလာတဲ့ပညာတွေ ပြေပျောက်သွားပါလိမ့်မယ်"

"ကောင်းပါပြီ ဘုရားပြုပြင်ပြီးရင် အမျှအတန်းဝေပေး ပါ့မယ် သာဓုခေါ်နိုင်ပါစေ. . ."



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောရာ ခေါင်းတစ်ချက်ညိတ်ပြပြီး တောတွင်း ပြန်ဝင်သွားလေသည်။

တောတွင်းမှာတော့ တိတ်ဆိတ်ငြိမ်သက်လျှက်ပင်ရှိနေသေးသည်။

"မယ်တော်ကြီးရဲ့ ခွင့်ပြုချက်လည်းရပြီ၊ အဘွားဖြစ်တဲ့ ဒေါ်မင်းဇာရဲ့ ခွင့်ပြုချက်လည်းရပြီဆိုတော့ တစ်ယောက်ပဲ ကျန်တော့တယ်"

ဟု ဆရာကြီးကပြောသည်။

"ကျွန်မရဲ့မောင် ငနက်ကျော် ကျန်သေးတယ်၊ ဒါပေမယ့် သူက ဒီနေရာမှာ မရှိသေးဘူး၊ မယ်တော်ကြီးရောက်လာလို့ တောထဲမှာသွားနေရတယ်၊ ဒါပေမယ့် စိတ်မပူပါနဲ့ ဆရာကြီး သူ့အတွက် ကျွန်မတာဝန်ယူဆောင်ရွက်ပေးပါ့မယ်၊ ဆရာကြီး ဆောင်ရွက်စရာရှိတာကိုသာ ဆောင်ရွက်ပေးပါ"

ဟုပြောလေသည်။

"ကောင်းပြီလေ. . ခင်ဗျားတာဝန်ယူရင် ပြီးတာပါပဲ တခြား အနှောင့်အယှက်တွေ ဝင်ရောက်မလာခင် လုပ်စရာရှိတာတွေ လုပ်ရင်တော့ ပိုကောင်းမယ်"

ဟုပြောဆိုကာ စားပွဲ၊ ကန်တော့ပွဲများကိုပါ တစ်ခါတည်းသိမ်းပြီး အိမ်ထဲသို့ ပြန်ဝင်လာကြသည်။

အိမ်ထဲရောက်သောအခါ ဆရာကြီးက မြလေးခင်တို့ ဘုရားကို အာရုံပြုထားခိုင်းပြီး မယ်တော်ကြီးပေးထားခဲ့သော ပန်းခက်ဖြင့် သုံးချက်ရိုက်ရာ မြလေးခင်မှာ တစ်ကိုယ်လုံးတုန်





လှုပ်သွားလေသည်။

ထိုသို့ရိုက်ပြီး မယ်တော်ကြီးစားပွဲမှ ထမင်းဖြူ သုံးဆုပ် ယူကျွေးသောအခါ စားသည်။

ထမင်းသုံးဆုပ် ဝမ်းတွင်းရောက်သွားသောအခါ အဆိပ်တွေ ဝမ်းတွင်းရောက်သွားသကဲ့သို့ တွန့်လိမ်လာပြီး မကြာမီ အရုပ်ကြိုးပြတ် လဲကျသွားလေတော့သည်။

ကြည့်လိုက်တော့ သတိမေ့နေလေပြီ။

သို့ကြောင့် အိပ်ရာပေါ် ရွှေ့တင်ပြီး စောင်ဖြင့် ဖုံးပေးထားလိုက်သည်။

ဒေါ်မင်းဇာမှာ မြေးဖြစ်သူ သတိမေ့နေချိန်တွင် ဦးနက်ကျော်နှင့်တွေ့ရန် သူနေသောတဲသို့ သွားသည်။ သို့သော် ဦးနက်ကျော်က ပြန်ရောက်မလာတော့ပေ။ ထိုညတစ်ညလုံးစောင့်သော်လည်း ပြန်ရောက်မလာသောအခါ မျက်စိမျက်နှာပျက်စွာဖြင့် ပြန်လာကာ အကျိုးအကြောင်း ပြောပြလေသည်။

"ကျုပ်ကို အမှန်အတိုင်းပြောပြပါ၊ သူက ဘယ်လိုဘဝမျိုးရောက်နေတာလဲ"

ဟုမေးသည်။

ဒေါ်မင်းဇာက အမှန်အတိုင်းပင် ပြောပြရလေသည်။

"တစ်ပွဲစား ဘဝရောက်နေတာပါ. . "

"ဒီဘဝမျိုးရောက်နေတဲ့ သူတွေက စုန်းကဝေပညာတွေကို နှစ်သက်သဘောကျကြတယ်၊ သူလွယ်လွယ်နဲ့ သဘောတူမယ်မထင်ဘူး၊ သူ့သဘောမတူရင် ဝမ်းထဲကပညာတွေ ထုတ်



www.burmeseclassic.com

www.burmeseclassic.com



ဖို့ မလွယ်ဘူး"

ဟုပြောသောအခါ ဒေါ်မင်းဇာမှာ မျက်စိမျက်နှာပျက်သွားလေသည်။

"ဒီလူမိုက်ကြောင့် ကျုပ်မြေးကလေးတော့ ဒုက္ခရောက်ရတော့မယ်ထင်ပါရဲ့"

"စိတ်မပူပါနဲ့ သူပြန်ရောက်မလာလည်း သူ့ကိုတွေ့အောင်ရှာပြီး အကျိုးအကြောင်း ပြောပြရင် ရနိုင်ပါတယ်"

"ဒီလိုဖြင့် ဆရာကြီးတို့က အသက်အရွယ်ကြီးပြီမို့ နေခဲ့ကြပါ၊ နီမောင်ကိုခေါ်ပြီး ကျုပ်ပဲတာဝန်ယူပြီး လိုက်ရှာပေးပါ့မယ်'

ဟု ဦးဗန်ကောင်းက ဝင်ပြောလေသည်။

ထိုသို့ပြောဆိုပြီး နီမောင်နှင့် ဦးဗန်ကောင်းတို့ တောထဲသွားရန်ပြင်သောအခါ ဆရာကြီးက လိုအပ်သော ဆေးဝါးအချို့ပါ ပေးလိုက်ခလေသည်။

"သူက လူစိတ်ပျောက်နေပြီဆိုတော့ သတိထားကြပါ"

ဟု ဒေါ်မင်းဇာက မှာလိုက်သေးသည်။

နီမောင်ခမျာမှာတော့ ချစ်သူဘဝသို့ ရောက်ရသည်မှာ တစ်ရက်ပင် မရှိသေးခင်မှာပင် အဖြစ်ဆိုးနှင့် ကြုံတွေ့နေရသော ချစ်သူအတွက် စိတ်အပူကြီး ပူနေရပေတော့သည်။







# အခန်း(၁၆)

# တစ်ပွဲအားပေါ် နောင်တတရား

အချိန်က သန်းခေါင်ယံကျော်ရုံသာ ရှိသေးသည်။

ထို့ကြောင့် အမှောင်ရိပ်များက နေရာမလပ် ဖုံးအုပ်ထားသေးသည်။ ကောင်းကင်မှာရှိသော ကြယ်ရောင်လရောင်အချို့ကြောင့် အချို့နေရာများတွင် အလင်းရောင် ကွက်ကျားနိုးနေသော်လည်း နေရာအတော်များများမှာတော့ အမှောင်ရိပ်များ ဖုံးလွှမ်းထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုအချိန်မျိုးတွင် တောထဲသို့ လာရသည်မှာ များစွာ အန္တရာယ်များလှပေသည်။

မဟာမြိုင်တောမှာ အထိကရတောကြီးဖြစ်သည်။

တောကောင်မျိုးစုံတို့ရှိကြသည်။

ညဥ့်အခါရောက်မှ အစာရှာထွက်လာကြသော သားရဲ တိရစ္ဆာန်တို့နှင့် တွေ့နိုင်သည်။

ကျတ်အစရှိသော ပရလောကသားတို့၏ လှည့်စားခြင်း ကိုခံရနိုင်သည်။

ဘီလူး၊ သရဲ၊ သဘက် စသော ပရလောကသားတို့ ခြောက်လှန့်ခြင်းကို ခံရနိုင်သည်။

ထို့ထက် တောစိုးနတ်မိစ္ဆာတို့ ဖမ်းစားခြင်းကြောင့် အသက်သေဆုံးနိုင်သည်။

နေ့အချိန်မှာပင် သတိဝိရိယထားပြီး သွားလာနေကြ သော တောနက်ထဲသို့ ညအချိန်မှာပင် နှစ်ယောက်တည်းဝင်လာ ကြသူနှစ်ဦး၏ သတ္တိကတော့ ချီးကျူးရမည်သာဖြစ်ပေသည်။

မသွားလို့ကလည်း မဖြစ်ပေ။

နေ့အချိန်ဆိုပါက ဦးနက်ကျော်ကို တွေ့ဖို့ရန် လွယ်မည် မဟုတ်ပေ။

အမှောင်ထဲမှာ ကျက်စားသော ဦးနက်ကျော်ကိုယ်ခုလို အချိန်မျိုးရှာရတာက တွေ့ရန်ပိုမိုနီးစပ်သည်။

ထို့ပြင် အခြေအနေက နေ့အချိန်၊ ညအချိန် ရွေးနေ စရာ အချိန်မရတော့ပေ။





ထို့ကြောင့် ချက်ချင်းထွက်လာကြခြင်းဖြစ်သည်။

သူတို့ထင်ထားသည်ကား ဦးနက်ကျော်မှာ ထိုအနီးတစ် ဝိုက်မှာပင် ပုန်းအောင်းနေသည်ဟု ထင်သဖြင့် ထိုနေရာပတ် ဝန်းကျင်တစ်ဝိုက်သို့ လိုက်လံရှာဖွေကြလေသည်။

ဦးဗန်ကောင်းထံမှာ ဆရာကြီးပေးလိုက်သော ဆေးဝါး ပစ္စည်းများပါပြီး၊ နီမောင်ထံမှာတော့ သားရဲတိရစ္ဆာန်များနှင့် တွေ့လျှင် အသုံးချရန် လက်နက်အချို့ပါလာလေသည်။

ထို့ပြင် ဓာတ်ခဲဖြင့်အသုံးပြုရသော လက်နှိပ်မီးတစ် လက်နှင့်၊ ကညင်ဆီမီးတိုင်လည်း ပါလာသေးသည်။

“သူ ဒီနေရာတစ်ဝိုက်မှာပဲရှိနေမယ် ထင်တယ်”

“ကျွန်တော်တို့ကို အတွေ့ခံပါ့မလား”

“သူက အတွေ့မခံလည်း တွေ့အောင်ရှာဖွေရမှာပဲ၊ သူ့ ကိုမတွေ့လို့မှ မဖြစ်တာ. .”

“ဒါဖြင့် ဘယ်လိုလုပ်မလဲ”

“သူတွေ့ချင်လာအောင် လုပ်ရမှာပေါ့”

ဟုပြောကာ ဦးဗန်ကောင်းက အသံကျယ်ကျယ်ဖြင့် ခေါ်လေတော့သည်။

“ဦးနက်ကျော်ရေ. . ဦးနက်ကျော်”

ဦးဗန်ကောင်းခေါ်သံက တိတ်ဆိတ်နေသော တောထဲ တွင် ပဲ့တင်သံများပေါ်ထွက်လာလေသည်။

မရှေးမနှောင်းမှာပင် နေရာအနှံ့အပြားမှ. . .

“ဦးနက်ကျော်ရေ. . ဦးနက်ကျော်”



www.burmeseclassic.com

www.burmeseclassic.com



ဟူသော ခေါ်သံများ ပေါ်ထွက်လာသည်။

ယခုကဲ့သို့ ညအချိန်မဆိုထားနှင့် နေ့အချိန်များမှာပင် တောထဲတွင် တစ်ဦးနှင့်တစ်ဦး ခေါ်လိုက နာမည်မခေါ်ရပေ။

နာမည်ခေါ်ပါက ကျတ်များကကြားသောအခါ ထိုနာမည်ကိုမှတ်ထားပြီး ခေါ်သဖြင့် ကျတ်ဖမ်းစားခြင်း ခံကြရသည်။ တစ်ဦးနှင့်တစ်ဦး အဆက်အသွယ်ပြုလိုပါက 'အူ' သံပေးပြီး အဆက်အသွယ်ပြုကြရလေသည်။

ယခု အချိန်မတော်ကြီး ဦးဇန်ကောင်းက နာမည်အော်ခေါ်လိုက်ရာ အနီးပတ်ဝန်းကျင်မှာရှိနေကြသော ကျတ်များက အရင်လိုက်ခေါ်သည်။

သူတို့ခေါ်သံကြားသောအခါ အခြားကျတ်များကပါ လိုက်ခေါ်သဖြင့် တောတစ်တောလုံး ဦးနက်ကျော်ဟူသော ခေါ်သံများက ပြန့်နှံ့သွားလေတော့သည်။

"အဘ ဘယ်လိုလုပ်လိုက်တာလဲ"

နီမောင်က တိုးတိုးမေးလိုက်သည်။

"ဒီလိုခေါ်မှ သူဘယ်နေရာမှာရှိတယ်ဆိုတာ သိရမှာပေါ့၊ မင်းနားစွင့်ကြည့်နေ၊ ကျတ်တွေက သူ့နာမည်ခေါ်ရင်းနဲ့ သူရှိတဲ့နေရာ သွားကြလိမ့်မယ်"

ဟု ပြန်ပြောပြသည်။

ဦးဇန်ကောင်းပြောသကဲ့သို့ပင်. . .၊

ဦးနက်ကျော်နာမည်ကို တတွတ်တွတ်ခေါ်သံများက တစ်နေရာသို့ စုသွားသည်ကို သတိပြုမိလိုက်သည်။





"အသံတွေတဖြည်းဖြည်း စုသွားတဲ့နေရာမှာ သူရှိလိမ့်မယ်၊ ငါတို့ အဲဒီနေရာဘက် သွားရမယ်"

ဟုပြောကာ နှစ်ယောက်သား ထိုနေရာဘက်သို့ ဦးတည်သွားကြလေသည်။

လမ်းတလျှောက်လုံးမှာလည်း ခေါ်သံများက အဆက်မပြတ် ကြားနေရသည်။

တစ်နေရာရောက်တော့ သစ်ပင်တစ်ပင်အောက်မှာ မားမားကြီးရပ်နေသော သဏ္ဌာန်တစ်ခုကို တွေ့ရလေသည်။ ထိုအခါ နှစ်ယောက်သား မနီးမဝေး နေရာမှာ ရပ်လိုက်ကြသည်။

"ဦးနက်ကျော် မဟုတ်လား"

ဦးဇန်ကောင်းက လှမ်းမေးလိုက်သည်။

"ဟုတ်တယ်၊ ဘာကြောင့် အချိန်မတော်ကြီး ငါ့နာမည်ခေါ်နေရတာလဲ"

"ကျုပ်တို့က ခင်ဗျားနဲ့တွေ့ဖို့ လာကြတာပါ"

"ငါကလည်း မင်းတို့ကို သတ်မလို့ စောင့်နေတာ. . လာကြ"

ဟု ပြောပြီး ရှေ့သို့ ထွက်လာသည်။

အမှောင်ထဲမှာဖြစ်သောကြောင့် သဲသဲကွဲကွဲ မမြင်ရသော်လည်း အရပ်မြင့်မြင့်၊ ကိုယ်လုံးကြီးကြီး၊ တစ်ကိုယ်လုံး အမွေးအမျှင်များဖြင့် ပုံပျက်ပန်းပျက်ဖြစ်နေသော လူကြီးတစ်ယောက်ဖြစ်မှန်းတော့ မြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးခေါင်းမှ ဆံပင်ရှည်များက မျက်နှာပေါ်အုပ်ကျနေ သဖြင့် မျက်နှာကိုတော့ သဲသဲကွဲကွဲ မမြင်ရပေ။

သူလာတာမြင်တော့လည်း နီမောင်တို့ နှစ်ယောက်က နေရာ၌ရပ်မြဲရပ်နေကြသည်။

၎င်းတို့က နေရာမရွှေ့သောအခါ ဦးနက်ကျော်က နှစ်လံကွာလောက်မှာ ရပ်လိုက်သည်။

သူရပ်လိုက်သည်နှင့် အမှောင်ရိပ်ထဲမှ ထွက်လာကြ သော သရဲသဘက်များက တစ်ကောင်ပြီးတစ်ကောင်ထွက်လာ ကြသည်။ ဝမ်းဗိုက်ဟောင်းလောင်းဖြစ်နေသောသရဲ၊ တစ်ကိုယ် လုံး အရိုးများကျိုးကြေနေသောသရဲ စသည်ဖြင့် ပုံပန်းသဏ္ဌာန် မျိုးစုံတို့ကို တွေ့ရသည်။

"ကျုပ်တို့လာတာ တခြားမဟုတ်ဘူး၊ ခင်ဗျားတူမလေး မြလေးခင်ရဲ့ အသက်ကိုကယ်ဖို့ လာတာပဲ၊ သူ့ဝမ်းထဲက မွေးရာ ပါလာတဲ့ ပညာတွေကို နှုတ်ယူခွင့်ပေးပါ"

"မပေးနိုင်ဘူး၊ ဘယ်နည်းနဲ့မှ မပေးနိုင်ဘူး၊ ဒီပညာတ သာမန်မရနိုင်ဘူး၊ နောက်ပြီး ဒီပညာမျိုးက ငါတို့လို တစ်ပွဲစား တွေအတွက် အားကိုးရတဲ့ပညာမျိုးပဲ၊ သူ့ဆီမှာ ဒီပညာရှိနေ သမျှ တစ်နယ်လုံးက ဘယ်သူကမှ မော့မကြည့်ဝံ့တော့ဘူး၊ ဒ ကြောင့်. . ဒီပညာကို နှုတ်ဖယ်ပစ်ဖို့ ငါ့အနေနဲ့ ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး"

ဟု ခါးခါးသီးသီး ငြင်းဆန်လေသည်။

ထိုအခါ နီမောင်က ရှေ့သို့တိုးသွားလေသည်။





"ကျွန်တော်က မြလေးခင်ရဲ့ ချစ်သူပဲ၊ မကြာခင် လက် ထပ်တော့မယ့်သူပဲ"

"ဘာကွ၊ ငါ့တူမကို ဘယ်သူမှ ယူလို့မရဘူးဆိုတာ မင်း မသိဘူးလား၊ အရင် သူနဲ့ယူမယ့်သူတွေကို မပျက်ပျက်အောင် ဖျက်ခဲ့တာ၊ ငါ့တပည့်သရဲသဘက်တွေကိုခိုင်းပြီး မသေသေ အောင်သတ်ခဲ့တာ မကြားမိဘူးလား"

ဟု အသံနက်ကြီးဖြင့် အော်ပြောလေသည်။

"ကြားပါတယ်၊ ကျွန်တော်ကတော့ နည်းနည်းလေးမှ မကြောက်ပါဘူး၊ မြလေးခင် အသက်ရှင်ခွင့်ရမယ်ဆိုရင် ကျွန် တော အသက်သေဝံ့ပါတယ်"

ဟုပြောရာ ဦးနက်ကျော်ကလည်း ဒေါသတကြီးဖြင့် ရှေ့တိုးလာပြီး နီမောင်လည်ပင်းကို လက်ဖြင့် ညှစ်လိုက်ရာ ခြေ ဘားရား လက်ကားရားဖြင့် ပါသွားလေသည်။

ထိုသို့ပြုလုပ်သည်ကို မြင်သောအခါ သူ့နောက်ဘက်မှာ ရှိနေသော သရဲသဘက်တို့မှာ ဝမ်းသာအားရဖြင့် သတ်ဖြတ် ပစ်ရန် ဝိုင်းဝန်းပြောဆိုနေကြဟန်ရှိလေသည်။

ဦးဇန်ကောင်းမှာလည်း မမျှော်လင့်သော အခြေအနေ ကြောင့် ဘာလုပ်ရမှန်း မသိဘဲ ရှိနေလေသည်။

နီမောင်ကတော့ ဘာမှမတတ်နိုင်တော့သော အခြေ အနေကြောင့် ဘုရား တရား သံဃာ ရတနာသုံးပါးဂုဏ်ကိုသာ အာရုံပြုထားလိုက်လေသည်။

တဖြည်းဖြည်းနှင့် အသက်ရှူကျပ်သွားပြီး သတိမေ့ကာ



www.burmeseclassic.com

www.burmeseclassic.com



နီးအချိန်ရောက်တော့မှ လည်ပင်းကို ညှစ်ထားသော လက်က တဖြ ြးဖြည်း ပြန်လျော့သွားသည်။

ထိုအခါမှ အသက်ဝအောင်ရှူနိုင်လေတော့သည်။

ဦးနက်ကျော်က နီမောင်ကို အောက်သို့ပြန်ချပေးရင်းမှ မေးသည်။

"ငါ့တူမလေးကို တစ်သက်လုံး စောင့်ရှောက်ပေးနိုင်မလား"

နီမောင်မှာ ပါးစပ်ကပြန်မပြောနိုင်သောကြောင့် ခေါင်းညိတ်ပြလိုက်သည်။

"ဒီလိုဆိုရင်. . ငါ့အစ်မနဲ့ ငါ့တူမလေးကိုသာ စောင့်ရှောက်ပေးလိုက်ပါ၊ ငါကတော့ ဒီဘဝနဲ့ ပြန်လာလို့မရတော့ဘူး"

"စိတ်ချပါ. ."

"ကဲ. . ပြန်ကြပေတော့ ငါ့နောက်မှာရှိနေတဲ့ ကောင်တွေက မင်းတို့နောက်လိုက်ပြီး. . အနှောင့်အယှက်မပေးနိုင်အောင် ငါတားထားပေးမယ်၊ သွားကြတော့"

"ဟို. . ဟို မြလေးခင် ဆီမှာရှိတဲ့ ပညာတွေ ပြန်နုတ်ခြင်ဖျား ခွင့်ပြုပေးပြီလား"

"ငါခွင့်ပြုပေးလိုက်ပါပြီ. . . ဒီဘဝဆိုးမှာ ငါ့ဘဝနဲ့ငါ နေပါတော့မယ်၊ သူတို့နှစ်ယောက်ကို မပါစေချင်တော့ပါဘူး မင်းကသာ သူတို့ကို စောင့်ရှောက်ပေးလိုက်ပါ"

"ကောင်းပါပြီ"





ထို့နောက် နီမောင်နှင့် ဦးပန်ကောင်းတို့နှစ်ယောက်မှာ ထိုနေရာမှ ပြန်ထွက်လာကြလေသည်။

နောက်ဘက်မှာတော့ အော်ဟစ်သံ၊ ရိုက်ပုတ်သံများဖြင့် ဆူညံစွာ ကျန်ခဲ့လေတော့သည်။

လမ်းမှာတွေ့သော အနှောင့်အယှက်တို့ကိုလည်း ဆရာကြီးပေးလိုက်သော ဆေးဝါးအစီအရင်တို့ဖြင့် ဖယ်ရှားနိုင်ကြသဖြင့် အာရုံတက်ချိန်လောက်တွင် နေအိမ်သို့ ပြန်ရောက်ကြလေသည်။

သူတို့ပြန်ရောက်ပြီး မရှေးမနှောင်းမှာပင် မြလေးခင်မှာ သတိပြန်ရလာပြီး အန်ချရာ ဝမ်းထဲမှ ရောင်စုံထမင်းစေ့များ ကျလာသည်ကို တွေ့ရလေသည်။

အတော်များများ အန်ချပြီး ရပ်သွားတော့မှ ထိုထမင်းများကို အဝတ်ဖြင့်ထုတ်ယူသွားပြီး မီးရှို့လိုက်လေတော့သည်။ ထိုသို့ မီးရှို့လိုက်သောအခါ ကောင်းကင်သို့ ရောင်စုံအခိုးအငွေ့များ ပျံတက်သွားသည်ကိုလည်း တွေ့မြင်ကြရလေသည်။

ထိုအခြေအနေများ ပြီးသောအခါ မြလေးခင်မှာ သာမန်မိန်းမပျိုဘဝသို့ ပြန်ရောက်သွားလေတော့သည်။

ထိုအဖြစ်အပျက်များပြီးတော့မှ ဆရာကြီးသူရဋ္ဌကပင် ဦးဆောင်ပြီး ပလ္လင်ပျောက်ပျောက်ဘုရားရှိရာသို့ သွားကြပြီး ကတိပေးထားသည့်အတိုင်း ပြုပြင်မွမ်းမံမှုများ ပြုလုပ်ကြလေသည်။

ဘုရားပြုပြင်ခြင်းကိစ္စပြီးသောအခါ ဆရာကြီးကပင်



www.burmeseclassic.com

www.burmeseclassic.com



ကမကထပြုလုပ်ပြီး နီမောင်နှင့် မြလေးခင်ကို လက်ထပ်ထိမ်းမြားပေးလိုက်လေသည်။

မြလေးခင်မှာလည်း ယခုမှပင် ချစ်သူနှင့် လက်ထပ်ခွင့်ရသဖြင့် ပျော်ရွှင်နေလေတော့သည်။

ကိစ္စများပြီးသောအခါ. . ဆရာကြီးသူရဋ္ဌနှင့် ဦးဗန်ကောင်းတို့လည်း နေရပ်သို့ ပြန်သွားကြလေတော့သည်။

မြလေးခင် လက်ထပ်ပြီးနောက်မှာတော့ ဦးနက်ကျော်ကို မတွေ့ရတော့ပေ။

တောထဲမှာသာနေပြီး ၄င်းအတွက် ဆောက်ပေးထားသောအိမ်သို့ ပြန်မလာတော့ပေ။

ဒေါ်မင်းဇာကတော့ ဘဝကံဆိုးလှသော မောင်ဖြစ်သူအတွက် စိတ်မကောင်းဖြစ်ရုံမှလွဲပြီး အခြားဘာမှ မတတ်နိုင်တော့ပါချေ။

သူထိုက်နှင့် သူ့ကံအတိုင်းသာ ရှိပေသည်။

သတ္တဝါတို့အတွက် ရရှိလာသောဘဝတွင် ကိုယ်ပြုခဲ့သော ကံအကြောင်းအတိုင်းပင် စံစရာရှိလျှင်စံရပြီး. . ခံစရာရှိလျှင်လည်း ခံရမည်သာဖြစ်ပေတော့သည်။

မြလေးခင်မှာတော့ မွေးရာပါ ဝမ်းတွင်းစုန်းပညာ ပါလာသော်လည်း "ရွာတော်ရှင်မ" မဖြစ်ခဲ့ရပေ။

သူမအနေဖြင့် ရွာတော်ရှင်မတစ်ဦး အဖြစ်မရောက်ခဲ့ရသော်လည်း နီမောင်အတွက် အိမ်ထောင်ရှင်မတစ်ဦးအဖြစ်ရောက်ခဲ့ရသည်ကတော့ သူတို့နှစ်ဦးစလုံးအတွက် ကျေနပ်ဖွယ်





ရွှင်စရာပင် ဖြစ်ပေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (ရွာတော်ရှင်မ) အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးတမွတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။ ။

အနိစ္စာဟောတု သုခိအတ္တာနံ ပရိဟရန္တု

ပြီးချိန်။ ။ ၂၀၁၄ခုနှစ်၊ဧပြီလ(၁၇)ရက်၊ကြာသပတေးနေ့(နှစ်သစ်ကူးနေ့) ညနေ၅နာရီအချိန်။



www.burmeseclassic.com